www.burmeseclassic.com

# ရှင်မိုး

(ဆေးတက္ကသိုလ်)

## အတူတူဆုံစည်းရစေ



BURMESE CLASSIC .com

www.burmeseclassic.com

Design L ဏင်း

www.burmeseclassic.com

# ရှင်မိုး (ဆေးတက္ကသိုလ်)

## အတူတူ ဆုံဆည်းပါရစေ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၆၄၀၁၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၉၆၀၂၁၂
၂၀၁၂ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၁၇)စေတနာစာပေ
အမှတ်(၅၉)၊၁၉-ဂ မီးလသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset
အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာလမ်း၊ ဒဂုံမြို့နယ်။

ရှင်မိုး (ဆေးတက္ကသိုလ်) ၈၉၅. ၈၃
အတူတူ ဆုံဆည်းပါရစေ၊ ရှင်မိုး (ဆေးတက္ကသိုလ်)၊ ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁
၂၈၀-စာ၊ ၁၂×၁၈ စင်တီ
(၁) အတူတူ ဆုံဆည်းပါရစေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







ရှင်မိုး
(ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



ရန်ကုန် လေဆိပ်၏ အပြည်ပြည်ဆိုင်ရာ ခရီးသည်များ ဆိုက်ရောက်ရာ Arrival အရိုက်ဗယ်လ်ဘက်ခြမ်းတွင် ကုမ္ပဏီပိုင် တောင်းအေ့(စ်)ကားကို ရပ်ပေးလိုက်လျှင်ပဲ ဒီရေသည် လွယ်နေကျသားရေအိတ်ကြီး ကောက်လွယ်ကာ ဆင်းဖို့ပြင်လိုက်ပါသည်။

"ဟဲ့ ... ကောင်မလေး၊ ကတ်ပြားမေ့ကျန်ခဲ့ပြီ"

ဒရိုင်ဘာဦးကျော်ကြီးက လှမ်းသတိပေးတော့မှ အဖြူရောင်စက္ကူထူကတ်ကို ပြန်လှည့်ယူရသည်။

"ဧည့်သည်တွေ့ရင် ဖုန်းလှမ်းဆက်လိုက်နော်၊ ငါ ကားပါကင်မှာ သွားစောင့်နေမယ်"

ဒီရေ ခေါင်းအသာညိတ်ပြလိုက်ကာ လေဆိပ်အဆောက်အအုံထဲ ဝင်လာလိုက်ပါသည်။ ကုမ္ပဏီဝန်ထမ်းဝတ်စုံ ဝတ်ထားသော ဒီရေတို့လို ဝန်ထမ်းတွေဟာ ဧည့်သည်တွေကို



www.burmeseclassic.com

www.burmeseclassic.com



တာမှန်း သိသဖြင့် အလွယ်တကူပင် လေဆိပ်အဆောက်အအုံထဲ ဝင်ခွင့်ရသည်။

ဒီရေ့ဝတ်စုံက အတွင်းက နု့သာရောင် ရင်စေ့လက်ရှည် မြန်မာအင်္ကျီဖြစ်ကာ အပြင်က နီညိုရောင်ရင့်ရင့် ကုတ်အင်္ကျီ ထပ်ဝတ်ရသည်။ လုံချည်ကတော့ အနက်ရောင်အောက်ခံမှာ နု့သာရောင် ချိတ်ဆင်များပါသော လုံချည်ဖြစ်ပါသည်။ ဖိနပ်ကတော့ ကြိုက်တာဝတ်ရသဖြင့် တစ်ခါတလေ လေဒီရှူး(စ်)ဝတ်လိုက်၊ တစ်ခါတလေကျ ရိုးရိုးဒေါက်မြင့်လေးတွေဝတ်လိုက်၊ တစ်ခါတလေကျတော့ ပုံတော်ဖိနပ်ဝတ်လိုက် စသဖြင့် အဆင်ပြေသလိုလည်း ဝတ်တတ်ပါသည်။

လေယာဉ်ဆိုက်နေပြီမို့ လာကြိုကြသောသူတွေ လှုပ်လှုပ်ရှားရှား စောင့်နေကြသည့်အထဲတွင် ဒီရေသည် လက်ထဲမှာ ပါလာသော ကတ်ထူပြားကို ထောင်လိုက်ကာ ရပ်စောင့်လိုက်ပါသည်။

"Mrs. Marion Belluchi"

မစ္စ(စ်)မာရီယွန်ဘယ်လူးချီ ဟူသော အမည်ကို မင်အနက်ဖြင့် သေချာစွာရေးထားသည့်ကတ်ကို ထောင်ကိုင်ရင်း ဒီရေ သောဘီကို တစ်ချက်ငဲ့ကြည့်လိုက်ပါသည်။





အမှတ်မထင် ငဲ့ကြည့်လိုက်တာပေမယ့် ဒီရေ့မျက်ဝန်းတွေမှာ လူတစ်ဦးထံတွင် ငေးခနဲ ဖြစ်သွားခဲ့သည်။

ထိုသူကား လူတွေအများကြီးကြားထဲမှာ ရောနှောနေတာတောင် ရောမနေဘဲ သူတစ်ဦးတစ်ယောက်တည်း ထင်းနေပေါ်လွင်နေပါသည်။ အရပ်မြင့်မြင့်မှာ အသားအရေက ဖြူတာမဟုတ်ဘဲ ဝါဝင်းနေတဲ့ အသားအရေမျိုး ဖြစ်နေသလို ဆံပင်တိုတို၊ မျက်ခုံးနက်နက်တွေကလည်း နက်လွန်းလှသဖြင့် စိမ်းမှောင်သလိုဖြစ်နေသည်။ မျက်တောင်တွေမှာ ထူထူစိပ်စိပ်ဖြစ်လျက် အတွင်းမျက်လုံးနက်နက်တို့ကို ဝန်းရံထားပုံကြောင့် သူ့မျက်လုံးအကြည့်တွေက စူးရှသလို ဖြစ်နေသည်။

ရိုးရိုးရှပ်အဖြူလက်ရှည်ကို လက်ကြယ်သီးအပြည့်တပ်ဝတ်လျက် ဆိပ်ခွန်ပုဆိုးခရမ်းရင့်ရောင် မှောင်မှောင်တို့ကိုသာ ရိုးသားစွာ ဝတ်ဆင်ထားလေသည်။ အဝတ်အစားလွတ်နေသော အသားအရေတိုင်းဟာ ဝင်းဝါလှသဖြင့် အရောင်အဝါတစ်မျိုးထွက်နေသလိုတောင် ထင်ရပါသည်။ ယုတ်စွအဆုံး ကတ္တီပါကြိုးအနီရောင်ပါသောဖိနပ်ကို စီးထားသည့်ခြေဖမိုး၊ ခြေခုံ၊ ခြေဖနောင့်တို့မှာ ဝင်းဝါလှလျက် မြေကြီးနှင့်တောင် မထိဖူးသလို ပုံစံမျိုးဖြစ်နေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ ရပ်ရည်ချောမောတာအပြင် ဘယ်အရာက သူ့အသွင်အပြင်ကို ထူးခြားနေစေမှန်း မသိအောင် အများထဲမှာ ထူးထူးခြားခြား ထင်ရှားနေသူတည်း။ လေဆိပ်အတွင်းမှ အပြင်ကိုထွက်လာမည့်သူတွေဆီ အာရုံစိုက်စူးစိုက်ကြည့်လျက် လက်နှစ်ဖက်အသာပိုက်ထားသော အသွင်သဏ္ဌာန်ကို ဒီရေ တကယ်ပင်ငေးသွားပါသည်။

တကယ်ဆို ဒီရေဟာ အပြင်ကို စတင်ထွက်လာနေကြပြီဖြစ်သော နိုင်ငံခြားသားတိုးရစ်တွေကို ကိုယ့်လူဟုတ်၊ မဟုတ် လိုက်ငေးကြည့် စောင့်မျှော်ရမှာပင်။ သို့သော် ဒီရေ့မျက်လုံးတွေဟာ ထိုလူပုဂ္ဂိုလ်ချောဆီမှ မခွာနိုင်ဖြစ်နေမိတော့သည်။

"ဟဲလို"

ဒီရေမှာ ကိုယ့်ရှေ့မှာလာရပ်ပြီး နှုတ်ဆက်လိုက်သော အသံရှင်ကြောင့် အနည်းငယ်တုန်သွားပါသည်။

ခပ်ပြုံးပြုံးရပ်နေသော ဆံပင်ဝါကျင်ကျင် အသားနီစပ်စပ်နှင့် အသက်လေးဆယ်နဲ့ ငါးဆယ်ကြားအရွယ် နိုင်ငံခြားသူအမျိုးသမီးကား ဒီရေ စောင့်နေသော ဧည့်သည်ပင်ဖြစ်ပါလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ ဒီရေက အမျိုးသမီးအမည်နာမတစ်ခုကို ရေးထားသော ဆိုင်းဘုတ်ကတ်ထူပြားကို ကိုင်ထားတာကြောင့် သူ့နာမည်တွေ့ပြီး ဒီရေ့ဆီ ရောက်လာတာဖြစ်သည်။





"Are you Mrs. Marion Belluchi ? "

"Yes. I am"

"Bourjois (ဘွန်ရှွား(စ်))

ပြင်သစ်သူ အမျိုးသမီးကို ဒီရေက သူတို့ဘာသာ နှုတ်ဆက်စကားဖြင့် စတင်နှုတ်ဆက်လိုက်တော့မှ ထိုအမျိုးသမီးလည်း ဝမ်းသာအားရ "မင်း ... ပြင်သစ်လို ပြောတတ်ပါသလား" ဟူသော မေးခွန်းကို မေးလေသည်။ ဒီရေက ပြင်သစ်လိုပြောတတ်ပါကြောင်း၊ ရှင့်ရဲ့မြန်မာပြည်ခရီးကို အစအဆုံး ပြီးစီးအောင် ကူညီရမည့်သူမှာ ဒီရေဖြစ်ပါကြောင်း၊ ဒီရေတို့ Tour Company တိုး(ရ်)ကုမ္ပဏီမှ တာဝန်ပေးထားပါကြောင်းတွေ ပြင်သစ်ဘာသာဖြင့် သွက်သွက်လက်လက် ပြန်ဖြေလိုက်ပါသည်။

ဒီရေ စကားသာပြောနေရပေမယ့် ဒီရေ့မျက်ဝန်းတွေကတော့ အဲဒီလူထံ မကြာခဏ တရစ်ဝဲဝဲ လှမ်းလှမ်းကြည့်မိသည်။ ဒီရေနှင့်အသက်ချင်း မတိမ်းမယိမ်း ရှိပုံရမယ့် ထိုယောကျ်ားမျိုးကို ဒီရေ တကယ်ပင်နှစ်ခြိုက်သွားမိသည်။ ဘယ်က ဘယ်သူ ဘယ်ဝါမှန်း ဒီရေ မသိပေမယ့် တဒင်္ဂနှစ်ခြိုက်သဘောကျသွားမိသောအဖြစ်မို့ ဘာမျှော်လင့်ချက်မှလဲ မပါ။ ဘယ်လို လိုလားတောင့်တမှုမှမပါဘဲ စိတ်ထဲမှာ ထိုသူ့ကို တစိမ့်စိမ့် မြင်ယောင်သတိရကာ နှစ်ခြိုက်သွားမိတာမျိုး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ... ကိုယ်ကြည့်မိတဲ့ ရုပ်ရှင်ကားတစ်ကားကို သိဝ်နှစ်ခြိုက်သွားခဲ့ရင် အဲဒီရုပ်ရှင်ကားလေးအကြောင်း တစိမ့်စိမ့်တွေးပြီး သဘောကျနှစ်ခြိုက်နေတဲ့ ပုံစံမျိုးနဲ့တောင် တူရင်တူပါမည်။

ဒီရေရဲ့ ထိုသူကတော့ အပြင်ကိုထွက်လာကြသော ခရီးသည်တွေထဲမှ လူတစ်ဦးတစ်ယောက်ကို မြင်တာနဲ့ လက်ပြနှုတ်ဆက်ကာ ပြုံးရယ်သွားတော့တာမို့ ဒီရေ လိုက်လံရှာဖွေကြည့်မိပါသည်။ ခေတ်မီသောဆံပင်မတိုမရှည် အကောက်ပုံစံကို သေချာစွာ ကလစ်ဖြင့် ထုံးဖွဲ့ထားကာ ရယ်ဒီမိတ်ဘလောက်အကျႌ၊ စတိုင်ပင်န်အနက်ပွပွ၊ လေဒီရှူး(စ)နှင့် CHANEL ရှယ်နှယ်လ်အိတ်အကြီးကြီးကို ကိုင်ထားသော အမျိုးသမီးကြီးတစ်ယောက်ကို ထိုသူ လာကြိုတာ။ အမျိုးသမီးကြီး၏ရုပ်ရည်မှာ မဟာဆန်လှပြီး မြင်လိုက်တာနဲ့တင် သူဌေးရုပ်ထွက်နေသောပုံစံ ဖြစ်လေသည်။ ထိုသူနဲ့ ရုပ်ဆင်လှသဖြင့် ဒါ သူ့အမေလား၊ အဒေါ်လား စသဖြင့် ဒီရေ တွေးရင်း ဒီရေရဲ့အာရုံတွေကို ဖြတ်ပစ်လိုက်ရပါသည်။

ဘာကြောင့်လဲဆိုတော့ ဒီရေ့ရဲ့ဧည့်သည်ကို သူမ တည်းခိုမည့်ဟိုတယ်အရောက် လိုက်ပို့ဖို့ လိုသေးသည့်ဖြစ်ရာ ကားပါကင်မှာ ရုပ်စောင့်နေမည့် ဦးကျော်ကြီးကို ဖုန်းဖြင့်လှမ်းခေါ်ပြီးနေပြီ။ ဒီတော့ ဒီရေတို့ အပြင်ထွက်စောင့်ရုံပဲ ရှိတော့သည်။





"အိုး ... ပူလိုက်တာနော်"

"ဒါ နွေရာသီ မဟုတ်သေးဘူး"

"ပူတယ် ... နေ့တိုင်း(၃၈)ဒီဂရီရှိတတ်တယ်၊ အပူဆုံးနေ့တွေဆို (၄၄)နဲ့ (၄၅)ဒီဂရီပေါ့"

ပြင်သစ်မကြီးက ဘုရားတသွားပါသည်။ ပြီးတော့...

"မင်းရဲ့ပြင်သစ်သံက အရမ်းကောင်းတာပဲ၊ ကိုယ် မင်းလိုဂိုက်(ဒ်)ကိုရတာ ပျော်လိုက်တာ"

ဟု ဒီရေ့ကို ချီးကျူးနေစဉ် ဦးကျော်ကြီးကားက ရောက်လာသဖြင့် ဒီရေတို့ ကားပေါ်တက်လိုက်ကြပါသည်။

ဒီရေတို့ကုမ္ပဏီကား စပြီးထွက်ချိန်မှာတော့ ဒီရေ့ရဲ့စိတ်အာရုံတွေကို တဒင်္ဂစိုးမိုးသွားနိုင်ခဲ့တဲ့ မင်းသားချောတို့ ထွက်လာတာကို တွေ့လိုက်ရသည်။ ဒီရေ လည်ပင်းလေးလိမ်ကြည့်လိုက်ရင်း သူ့ကို နောက်တစ်ကြိမ်လောက် ပြန်ဆုံခွင့်ရရင် ဆုံချင်ပါတယ်ဟု စိတ်ထဲမှာ အမှတ်မထင် တောင့်တမိလိုက်လေသည်။

သူကတော့ သူ့တို့ကိုလာကြိုသော ပရာဒိုငွေမင်ရောင်ကြီးအပေါ် ခရီးဆောင်သေတ္တာတွေ သယ်မ,တင်ရင်း အပြုံးတွေဝေကာ အစ်မဖြစ်ဟန်တူသူ အမျိုးသမီးကြီးနှင့် စကားဖောင်ဖွဲ့နေသည်။ သူတို့သားအမိရဲ့ ကိုယ်ရောင်ကိုယ်ဝါဟာ လူတွေအများ



www.burmeseclassic.com

www.burmeseclassic.com




ကြီးထဲမှာ ထင်းနေအောင် ပေါ်လွင်နေသလိုဖြစ်ကာ ပတ်ဝန်းကျင်ရှိလူတိုင်းက သတိထားကြည့်မိရစေကြောင်း ဒီရေ သတိပြုမိရပြန်သည်။

အထူးသဖြင့် သူ့ကိုပေါ့။ ခပ်ရှိုးရှိုးရှင်းရှင်း ဝတ်ဆင်ထားတဲ့ သူ့ပုံစံကိုပင် မိန်းကလေးတော်တော်များများငေးကာကြည့်နေကြတာ။ ဒီရေသည် ဒီညနေခင်းလေးကိုတော့ တကယ်ပင် အမှတ်တရ ဖြစ်သွားခဲ့ရပါသည်။

○❤○








www.burmeseclassic.com

www.burmeseclassic.com



## ၁

"ဦးကုဋ္ဌေအမေ ဆေးသွားစစ်ပြီးပြန်လာတာ ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်၊ မေ့မေ့မှာ ဘာရောဂါမှတော့ ကြီးကြီးကျယ်ကျယ် မရှိပါဘူး။ အသက်ရလာတော့ သွေးတိုးလေး နှလုံးလေး ရှိချင်ပေမယ့် သိပ်အဆိုးကြီးတော့ မဟုတ်သေးပါဘူး။ အခု ဆေးသွားစစ်တယ် ဆိုတာကလည်း တကူးတက သီးသန့်ကြီးသွားတာ မဟုတ်ဘူးလေ။ ဗန်ကောက်ဆေးရုံမှာ အလုပ်ဝင်နေတဲ့ အစ်မက လာလည်ပါဦးဆိုတာနဲ့ သွားလည်ရင်း ဆေးပါတစ်ခါတည်း စစ်လိုက်တဲ့သဘောပါ"





"အေးဗျ … ကျွန်တော့် အဒေါ်လည်း သွားစစ်ချင်တယ်။ ကုန်ကျစရိတ်က ဒီမှာပုဂ္ဂလိကဆေးရုံတွေမှာစစ်ရင် ကုန်ကျသလောက်နဲ့ အတူတူပဲလို့ကြားတယ်၊ ဟိုမှာက ဆက်ဆံရေးပိုကောင်းတယ်ဆိုတော့ သွားချင်ကြတယ်"

"ဆန္ဒရှိရင် သွားစစ်ပေါ့၊ ဒီမှာ ဝန်ဆောင်မှုလုပ်ငန်းတွေ ဖွင့်ထားတယ်လို့ကြားတယ်။ သူတို့ရဲ့အေးဂျင့်တွေဆီက တစ်ဆင့်သွားရင် လေဆိပ်မှာ လာကြိုတာကအစ တာဝန်ယူတယ်ဆိုပဲ"

"ဦးကုဋ္ဌေတို့လည်း အစ်မတစ်ယောက်လုံး ဗန်ကောက်ရဲ့ ဆေးရုံတစ်ရုံမှာ အလုပ်လုပ်နေတာပဲ။ အဲဒီလိုဝန်ဆောင်မှုပေးတဲ့ အေဂျင်စီ လုပ်ပါလား"

"ဟာဗျာ … နေပါစေတော့၊ အခုလုပ်နေရတဲ့ ဟိုတယ်လုပ်ငန်းနဲ့တင် အချိန်မလောက်သလို ဖြစ်နေတာ"

မြတ်ဘုန်းခေါင်ကုဋ္ဌေသည် သူ့ဘာသာ ရယ်မောရင်း သူ့ရှေ့ရှိ Mocha မွှန်ခါကော်ဖီခါးကို တစ်ချက်ငုံသောက်လိုက်ပါသည်။

သူ အခုမှ အသစ်စဖွင့်လိုက်သော Golden Castle ဝိုးဒင်းကာဆယ် အမည်ရှိ ဟိုတယ်မှာ အားလုံး၏အမှတ်ပေးချက်အရ ရန်ကုန်မြို့မှာ အကြီးဆုံးဟိုတယ်တစ်ခု ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်အပြင် သီးသန့်စားသောက်ဆိုင်၊ သီးသန့်ကော်ဖီဆိုင်၊ သီးသန့်အလှပြင်ခန်းမ၊ အားကစားခန်းမတွေ ခွဲခြားထားသေးရာ ဟိုတယ်ဝန်းကြီးထဲကိုဝင်သည့် မုခ်ဝကကျော်လျှင် အထဲမှာ မြို့နယ်အသေးလေးတစ်ခုအလား ထင်ရစေသည်။ သူ့လမ်းနဲ့သူ၊ သူ့နေရာနဲ့သူ၊ သူ့ကားပါ်ကနဲ့သူ စသဖြင့် သီးသန့်ဒီဇိုင်းဆွဲဆောက်ထားသော ဟိုတယ်ဖြစ်သည်။

တရုတ်ဗိသုကာပညာရှင်တွေရဲ့ဒီဇိုင်းကိုကြိုက်ကာ တရုတ်ပညာရှင်နဲ့ မြန်မာဗိသုကာတွေပေါင်းပြီး ဆောက်ထားသော သူ့ဟိုတယ်မှာ ဖွင့်ပွဲတောင် မလုပ်ရသေးပါ။ ဖွင့်ပွဲမလုပ်ရသေးခင်ကတည်းကပင် ဘွတ်ကင်တွေပြည့်နေတာမို့ သူ တော်တော်ကျေနပ်ဝမ်းသာနေရသည်။

"ဦးကုဋေတို့မိသားစုက ဟိုတယ်၊ မိုတယ်၊ Inn အင်းက အစ ရှီးရှီးတည်းခိုခန်းလေးတွေတောင် မြန်မာတစ်ပြည်လုံး အနှံ့ ဖွင့်ထားတာပေမယ့် မောင်နှမထဲမှာ ဦးကုဋေ တစ်ယောက်ပဲ ဒါကိုဦးဆောင်လုပ်ကြတယ်နော်၊ အစ်မကလည်း ဆရာဝန်လုပ်ရတာ ပျော်နေတယ်၊ ညီကလည်း အမေရိကားမှာ ကျောင်းသွားနေတာ ပြန်ကိုမလာသလောက်ပဲ"

သူ့မိတ်ဆွေလုပ်ငန်းရှင်က ဝေဖန်တာကို သူ လက်ခံပြီး ခေါင်းအသာညိတ်လိုက်ကာ ...



"ဖေဖေ မေမေတို့က ဒါဟာ မျိုးရိုးစဉ်ဆက် လုပ်ကိုင်လာတဲ့အလုပ်မို့ တန်ဖိုးထားတယ်ဆိုပေမယ့် သားသမီးတွေ လက်ထက်မှာ ကြိုက်တာရွေးချယ်ခွင့် ပေးပါတယ်၊ သူတို့လုပ်နိုင်သရွေ့တော့ ဒါကိုလုပ်သွားမယ်၊ သားသမီးတွေ တစ်ယောက်မှ အမွေဆက်ခံချင်စိတ် မရှိရင်လည်း သူတို့ မျက်ကွယ်သွားရင် လုပ်ချင်တာလုပ်ကြပါလို့ ပြောထားပြီးသား၊ ကျွန်တော်ကိုက ဒီအလုပ်ကို စိတ်ဝင်စားလို့ ဝင်ယူလိုက်တာပါ။ ကျွန်တော် အလယ်တန်းအောင်ပြီးကတည်းက စိတ်ဝင်စားနေတော့ ပညာကို ဘွဲ့တစ်ခုရရုံလေးသင်ပြီး ဒီဟိုတယ်စီးပွားရေးလုပ်ငန်းကို ခေါက်ချလုပ်လိုက်တာပဲ၊ မိဘမျိုးရိုးစဉ်ဆက်က လုပ်ခဲ့တဲ့အလုပ်ကို မပျောက်ပျက်စေချင်ဘူးဗျ၊ Golden Castle ဆိုတာ ကြားလိုက်တာနဲ့ ဒါ မြတ်ဘုန်းခေါင်မိသားစု အပိုင်ဆိုတာ လူတွေအလိုလိုသိနေကြတာမျိုးကို ကြိုက်တာ။ ခင်ဗျားကြားဖူးမှာပေါ့ Hilton ဟောလ်တန်ဆိုတဲ့ နာမည်ကို ကြားလိုက်တာနဲ့ ဟိုတယ်လုပ်ငန်းမိသားစုဆိုတာ သိနေကြသလိုမျိုးလေ"

မြတ်ဘုန်းခေါင်မိသားစု ဆိုတာနဲ့ လူကုံထံအသိုင်းအဝိုင်းမှာတော့ တော်တော်လူသိများပါသည်။ မြတ်ဘုန်းခေါင်မိသားစုဟု ဘာကြောင့် ခေါ်ကြသလဲဆိုတော့ မိသားစုဝင်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရဲ့အမည်တွေရှေ့မှာ "မြတ်ဘုန်းခေါင်"နဲ့ စပြီးမှည့်ကြတာကြောင့်လည်းပါသည်။ ဒါ့အပြင် ဟိုးအရင် ဘုရင်လက်ထက်ကတည်းက နန်းတွင်းခစားခွင့်ရ၊ ဘုရင့်ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှောက်ခံရသော သူဌေးသူကြွယ်မျိုးရိုး စစ်စစ်ကြီး ဖြစ်နေတာကြောင့်လည်းပါသည်။ "မြတ်ဘုန်းခေါင်"ဆိုသော အမည်ဟာ ဘုရင်ကိုယ်တိုင် "ဘွဲ့ထူး"အနေနဲ့ မှည့်ပေးခဲ့သောနာမည်ဖြစ်ပြီး နောက်ပိုင်းမျိုးဆက်တွေဟာ အမြတ်တနိုး ဂုဏ်ယူနှစ်ခြိုက်စွာနဲ့ ထိုအမည်ကို ဆက်လက်သုံးစွဲခဲ့ကြတာဖြစ်ကြောင်း ပါးစပ်ရာဇဝင်လို ကြားဖူးခဲ့ပါသည်။ သူတို့ရဲ့ဘေးတော်၊ ဘိုးတော်တွေရဲ့အမည်ရှေ့မှာ မြတ်ဘုန်းခေါင် ပါခဲ့တာကို သိပေမယ့် အဲဒီရဲ့အရှေ့ပိုင်းမျိုးဆက်တွေမှာ ပါ၊မပါမသိပါ။ ဘုရင်ချီးမြှောက်သော ထိုဘွဲ့ရပြီးသည့်နောက်ပိုင်းမှာမှ မြတ်ဘုန်းခေါင် ဖြစ်လာကြလေရာ အဲဒီဘွဲ့ထူးမတိုင်ခင်ကာလရဲ့ မျိုးရိုးအမည်အစစ်ကိုတော့ သိသူနည်းပါသည်။

မြန်မာလူမျိုးတွေမှာက မျိုးရိုးနာမည် Sur name ဆိုတာမျိုး စနစ်တကျ အမည်မှည့်ခဲ့ကြတဲ့ ထုံးတမ်းစဉ်လာမရှိခဲ့ခြင်းကြောင့် ကိုယ့်မျိုးဆက်အစ ဘယ်သူဘယ်ဝါဆိုတာ သိချင်လျှင် ရှာရအတော်ခက်ပါသည်။ ပါးစပ်ပြောနဲ့သာ လက်လှမ်းမီသလောက် ကြားရသိရတာတွေနဲ့သာ ပါးစပ်ရာဇဝင်ဖြစ်လျက် ဒီ "မြတ်ဘုန်းခေါင်"ဟာ တကယ်ပဲ ဘုရင်ပေးခဲ့တဲ့ ဘွဲ့ထူးလား၊





ဘုရင်မဟုတ်သော တစ်စုံတစ်ယောက်သော မင်းမျိုးမင်းနွယ်ထဲကပဲ ပေးခဲ့သလား ဘယ်သူမှ ရေရေရာရာ မသိကြချေ။

သို့သော် ကုဋေတို့ တစ်မျိုးလုံးကတော့ ဒီ"မြတ်ဘုန်းခေါင်"ဆိုတာကြီးကို အထူးတလည်ပင် ဂုဏ်ယူစရာ၊ ဂုဏ်မောက်စရာကြီးတစ်ခုအဖြစ် အထွဋ်အမြတ် ထားကြပါသည်။

"ဒီဇင်ဘာ၊ ဇန်နဝါရီလထဲမှာ နိုင်ငံခြားဧည့်သည်တွေ အပြည့်ပဲဆိုတော့ အသစ်ဖွင့်တဲ့ဟိုတယ်တစ်လုံးအနေနဲ့ ဒါ အောင်မြင်မှုပဲပေါ့"

"ကြော်ငြာအားလည်း သုံးရပါတယ်၊ website ဝက်ဘ်ဆိုဒ် သီးသန့်ထားပြီး တင်ရတယ်၊ လေဆိပ်တွေမှာ ပန်းဖလက်ထ်တွေဝေရတယ်၊ ပြီးတော့ တိုးကုမ္ပဏီတွေနဲ့လည်း အဆက်အသွယ်မပြတ် လုပ်ရတယ်ပေါ့။ သူတို့နဲ့အပေးအယူပေါ့ဗျာ။ ဧည့်သည်တစ်ယောက်ဝင်ရင် သူတို့ကို ဘယ်နှရာခိုင်နှုန်း သဘောမျိုး offer အော်ဖာပေးရတဲ့နည်းတွေလည်း သုံးရတယ်။ ဟိုတယ်လူဝင်များနေလို့ အောင်မြင်တယ်ထင်ရပေမယ့် ငွေတွေဖုံပေါလအော ဝင်နေလောက်အောင်တော့ မကိုက်သေးပါဘူး၊ ကျွန်တော်တို့က မိဘအမွေအနှစ်တွေကို ဆက်လုပ်တာဆိုတော့ အရှိန်သွားနေတဲ့ သဘောပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ဦးကုဋေကို သိပ်အားကျတယ်ဗျ၊ ဒါ အမှန်အတိုင်း ထုတ်ပြောပြီး ဝန်ခံတာပါ။ ကျွန်တော်တို့ အရွယ်ချင်း မတိမ်းမယိမ်းတွေပေမယ့် ဦးကုဋေကတော့ ဘာလုပ်လုပ် အောင်မြင်နေတဲ့ လုပ်ငန်းရှင်ဖြစ်နေတယ်လေ"

မြတ်ဘုန်းခေါင်ကုဋေက သူ့ကိုထုတ်ဖော်ချီးကျူးသည့်အတွက် မနေတတ်သလို ဖြစ်ဟန်ဖြင့် အသံထွက် ရယ်ပါသည်။ သို့သော် သူလည်း လူသားတစ်ယောက်ပီပီ သူ့ကိုအားကျပါတယ်တွေ၊ ဘာတွေပြောပြီး မြှောက်ပင့်ခံရတော့လဲ ကျေနပ်မိတာပင်။ ပြီးတော့ ပိုပြီးတော့လည်း မာန်မာနတက်မိသေးသည်။

ဒါကလည်း မျိုးရိုးနဲ့ဆိုင်သည်။ မြတ်ဘုန်းခေါင် တစ်မိသားစုလုံးက တော်တော်လေး မာန်မာနကြီးတတ်ကြပြီး အဆင့်အတန်းလည်း ခွဲခြားတတ်သည်။ တစ်ဖက်သားဟာ ကိုယ့်အဆင့်လောက်မှ မရှိရင် အရေးလုပ်ပြီး စကားတောင်မပြောကြ။ မောက်မောက်မာမာ ဆက်ဆံတတ်တာမျိုးမရှိပေမယ့် ကိုယ်နဲ့ အဆင့်မတူဘူးဆိုရင် စကားတောင် ဟက်ဟက်ပက်ပက် မပြောတာ၊ ဂရုတစိုက် သိပ်မရှိတာ၊ အရောမဝင်တာမျိုးတွေနဲ့ အဆင့်ခြင်းခြားပစ်တတ်လေသည်။ ငယ်ငယ်လေးတည်းက ကလေးတွေကို ...





"မင်းတို့ဟာ တကယ့်ဆွေကြီးမျိုးကြီး သူဌေးသူကြွယ်မျိုး နော်။ ဘုရင်ကတောင် ချမ်းသာလွန်းလို့ ဘွဲ့ထူးဂုဏ်ထူးနဲ့ သူကောင်းပြုခံထားရတာ။ "မြတ်ဘုန်းခေါင်"ဘွဲ့ပေးထားတာ၊ ဒါဟာ အဆင့်အတန်းတစ်ခုပဲ။ မင်းတို့ဟာ ဘယ်လိုသာမန်လူနဲ့မှမတူတဲ့ လူတန်းစားတစ်ရပ်ပဲ။ ဒါကို တန်ဖိုးထားရမယ်၊ ဂုဏ်ယူရမယ်"

စသဖြင့် နေ့စဉ်နဲ့အမျှ ပြောဆိုဆုံးမသွန်သင်ကာ ဘယ်သူ့ကိုဘယ်လိုဆက်ဆံ၊ ဘယ်လိုလူမျိုးကို ဘယ်နေရာပေးရမယ်၊ ဘယ်နေရာထားရမယ်၊ ဘယ်သူ့ကို ဘယ်လိုစကားပြောရမယ် စသဖြင့် သွန်သင်ဆုံးမခံထားရလေရာ ကလေးတွေမှာလည်း ကိုယ့်ကိုယ်ကိုယ် စိတ်ကြီးဝင်ပြီး ဒီနာမည်ကို ဂုဏ်မောက်ရမှန်းသိနေကြလေသည်။

မြတ်ဘုန်းခေါင်ကုဋေကို ဆိုရင်တော့ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေကာ သူနဲ့လက်ထပ်ခွင့်ရဖို့အရေး မျှော်လင့်နေကြသော မိန်းကလေးတွေ ဆယ်ယောက်ထက်မနည်း ရှိပါသည်။ အားလုံးကလည်း ဆွေဂုဏ်မျိုးဂုဏ်ရှိလျက် ပညာအရည်အချင်း၊ ရုပ်ရည်ဘာမှပြောစရာမရှိသောသူတွေဖြစ်ကာ အိမ်ရှေ့စံမင်းသားလေးလို ဖြစ်နေသော ကုဋေနဲ့လက်တွဲခွင့်ရချင်တာကတော့ ကျော်ကြားမှုဂုဏ်သိက္ခာတစ်ခုကြောင့်ပင် ဖြစ်ပါသည်။ မြတ်ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုသော မျိုးရိုးထဲ ဝင်ခွင့်ရ၊ ဆွေမျိုးတော်ခွင့်ရဖို့ကို ပိုပြီးလို ချင်ကြတာကြောင့် ကုဋေ့ကို လက်တွဲချင်ကြတာလည်းပါသည်။ ကုဋေကလည်း ဒါတွေကိုမြင်၊ ကြိုခန့်မှန်းနိုင်ကာ ဘယ်မိန်းက လေးကိုမှ လေးလေးနက်နက် မထားဘဲ ကစားစရာအရုပ်တစ်ရုပ် လောက်ပဲ သဘောထားပြီး ဆက်ဆံတတ်ပါသည်။

အများကကြည့်လိုက်ရင်တော့ ကုဋေ့မှာ တွဲနေတဲ့ ရည်းစားတွေ အများကြီး၊ အားလုံးကလည်း ထိတ်ထိတ်ကြဲတွေ မို့ တစ်နေ့ကျရင် ကုဋေ ဘယ်သူ့ကို တကယ်ရွေးသွားမလဲဆို တာ စိတ်ဝင်တစား စောင့်ကြည့်နေကြပါသည်။ ကုဋေနဲ့တွဲနေ သော မိန်းကလေးတွေကလည်း ကုဋေ့မှာ တွဲနေတာတွေ အများ ကြီးရှိမှန်း သိပေမယ့် တစ်နေ့ကျရင် သူ ငါ့ကိုပဲရွေးမလားဆို သော မျှော်လင့်ချက်နဲ့ တွဲနေကြတာလည်း ဖြစ်ပါသည်။

မြတ်ဘုန်းခေါင်ကုဋေသည် သူ့ဘဝသူ ကျေနပ် ဂုဏ်မောက်နေလျက် သူ့နှလုံးသားကို သိမ်းပိုက်နိုင်တဲ့သူ ဘယ် သူမှမရှိသေးဟု စိတ်ထဲမှာ ကြွေးကြော်လို့ ကောင်းနေသေးလေ သည်။

○❤○





၂

ညနေစောင်းမှ ရန်ကုန် ပြန်ရောက်သဖြင့် ကုမ္ပဏီမှာ သတင်းပို့စရာရှိတာပို့ ပြီးလျှင် အိမ်ကို တက္ကစီဖြင့် ပြန်လာခဲ့လိုက် သည်။ ခရီးမကြာခဏ ထွက်နေကျမို့ ဘာပစ္စည်းမှ ထူးထူးထွေ ထွေ ဝယ်မလာသဖြင့် ခရီးဆောင်လက်ဆွဲဘီးပါသေတ္တာအပြင် ဒီရေ့လက်ထဲတွင် ဘာမှအပိုမပါပါ။ ဒါကြောင့် တတိယထပ်မှာ ရှိသော အခန်းကို ဘယ်သူ့အကူအညီမှ မခေါ်ဘဲ ဒီတိုင်းသေတ္တာ ကို တထစ်ချင်း ဘီးဖြင့်လိမ့်ဆွဲကာ တက်လာလိုက်ပါသည်။

အိမ်တံခါးဝရပ်လိုက်တော့ အထဲမှရယ်သံများ စကား ပြောသံများကို မျှော်လင့်ထားတဲ့အတိုင်း ကြားရသည်ဖြစ်ရာ ဒီရေ တံခါးမခေါက်တော့ပါ။ အိတ်ထဲပါလာသော သော့ဖြင့်သော့ အဆင့်ဆင့်ဖွင့်ဝင်လိုက်ပါသည်။ အပြင် သံပန်းတံခါးသော့၊ အတွင်းသစ်သားတံခါးသော့တို့ကို ဖွင့်ဝင်လာတာတောင် ရောက်


www.burmeseclassic.com

www.burmeseclassic.com

ဖေးကလူအုပ်စုကတော့ သတိပြုမိပုံမရ။ ရယ်သံများ၊ ငြင်းခုံသံများ၊ စကားပြောသံများ၊ စီးကရက်နံ့များက ဒီရေ၏အိမ်အပြန်ခရီးကို ဆီးကြိုပါသည်။

"ဟော"

ဒီရေ အိမ်နောက်ဖေးခန်းအဝမှာ ရပ်လိုက်တော့မှ အဝဘက် မျက်နှာမူထိုင်နေသော အန်တီပြုံးက "ဟော"ဟုအသံပြုလေသည်။ အဝဘက် ကျောခိုင်းထိုင်နေကြသော အမျိုးသမီးအုပ်စုက ဒီဘက် ဖြိုင်တူလှည့်ကြည့်ကြသည်။

"သမီး ပြန်လာပြီ"

အမေက မထူးဆန်းဟန်ဖြင့် တစ်ချက်လှမ်းပြောကာ သူ့ဖဲချပ်တွေဆီသာ အာရုံပြန်ရောက်သွားလေသည်။

"ဒီတစ်ခေါက် ပုဂံလား ဒီရေ"

အန်တီမာက သိပ်စိတ်မဝင်စားဟန်ဖြင့် ဖဲချပ်တွေဖွင့်ရင်း လှမ်းမေးသည်။ ဒီရေ မဖြေချင့် ဖြေချင်ဖြင့် "ဟုတ်"ဟု ခပ်တိုးတိုးဖြေကာ ဖဲဝိုင်းအုပ်စုကို ဖြတ်ကျော်ပြီး ရေချိုးခန်းထဲ ဝင်လိုက်ပါသည်။ ရေချိုးခန်းထဲမှ ရေတွေကို ဆယ်ချိုးရင်း လမ်းမှာ တစ်ခုခုဝင်ဝယ်ခဲ့ရင် ကောင်းသားဟု တွေးနေမိသည်။ ဒီပုံအတိုင်းဆို အမေဟာ ထမင်းဟင်းချက်ထားမယ့်ပုံ မပေါ်။ ဝိုင်းက ဘယ်အချိန်တည်းက စနေသည်မသိ။ ဒီရေ ပြန်လာတာကို





တောင် အရေးလုပ် စကားလှမ်းမပြောနိုင်လောက်အောင် မဲနေတာမို့ ပွဲက တော်တော်အရှိန်မြင့်နေပုံရသည်။ ခါတိုင်းလည်း ဒီရေ တစ်နေရာရာက ပြန်လာရင် အမေက ဘယ်တော့မှ ဟက်ဟက်ပက်ပက် မေးတာ မြန်းတာ သိပ်မရှိလှပါ။

"ဘာမေးစရာလိုလဲ၊ အသက်လည်း နှစ်ဆယ့်သုံးလေးရှိပြီ။ မြန်မာပြည်အနှံ့ပတ်ပြီး နိုင်ငံခြားသားတွေကို အလည်လိုက်ပို့တဲ့အလုပ်လည်း လုပ်နေပြီ။ ဘာမှမေးစရာမလိုဘူး။ ဘာမှ ထိန်းကျောင်းစရာလည်း မလိုဘူး။ သူ့လမ်းသူလျှောက်နိုင်နေတဲ့ သဘောပဲ။ ကျွန်မက သားသမီးကို ထိန်းချုပ်မနေချင်ဘူး။ သူကြိုက်တာ သူလုပ်၊ သူ့လမ်းသူသွားပဲလေ"

ဟူ၍ အပြင်လူတွေကို မကြာခဏ ပြောတတ်သော အမေဟာ ဒီရေ့အလုပ်ကိစ္စ၊ ကိုယ်ရေးကိုယ်တာ၊ လူမှုရေးတွေလည်း မမေးသလို သူ့ကိုမေးတာလည်း မကြိုက်လှပါ။ အမေက တစ်သက်လုံး သူကြိုက်တာ သူလုပ်လာတာဟု အမြဲကြွေးကြော်တတ်လေသည်။

သားအမိနှစ်ယောက်တည်း တိုက်ခန်းတစ်ခန်းမှာ အတူနေသည်ဆိုပေမယ့် အဝေးကြီးဝေးသလို ဖြစ်နေသည်။ အမေက ဒီရေ့ကိုမချစ်တာတော့ မဟုတ်။ ချစ်တော့ ချစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမေက သူ့ကိုယ်သူပို၍ချစ်သော အမေမျိုးဖြစ်လေသည်။ သူပျော်ရဖို့၊ သူစိတ်ချမ်းသာရဖို့၊ သူလုပ်ချင်တာတွေ လုပ်ရဖို့သာ ဦးစားပေးသောကြောင့် အဖေနဲ့ စောစောစီးစီး လမ်းခွဲတာလို့လည်း ထင်သည်။

ဒီရေ ရေချိုးပြီး ထွက်လာ၊ ညလိမ်းခရင်(မ)ကို မျက်နှာပေါ် ပွတ်လိမ်းပြီး အဝတ်ဗီရိုဖွင့်နေစဉ် ...

"သမီး ... ဒီရေ"

"အမယ်လေး"

အမေ့အသံ ရုတ်တရက် အနောက်ကပေါ်လာသဖြင့် ဒီရေ တုန်သွားပါသည်။

"ဟဲ့ ... လန့်သွားတာလား ဖြစ်ရလေ၊ ဘာတွေများ အတွေးလွန်နေတာလဲ"

"အမေ ဝင်လာမယ် ဘယ်ထင်မလဲ"

"သမီးမှာ ပိုက်ဆံဘယ်လောက်ရှိလဲ"

ဒီရေ ရုတ်ခြည်း စိတ်ညစ်ညူးသွားသည်။ အမေ ဖဲဝိုင်းမှာ တော်တော်ရှုံးနေပြီထင်သည်။

"အမေ့ကို တစ်သိန်းလောက် လှည့်စမ်းပါ"

"တစ်သိန်းတောင်"

"ငါ ပြန်ပေးမှာပါ"





"မဟုတ်ဘူး၊ တစ်သိန်းတောင် အမေတောင်းလို့။ ဒီရေ့မှာ အဲဒီလောက် မရှိဘူး"

"အခု ခရီးသွားတဲ့ ကုမ္ပဏီက ဘာမှမပေးဘူးလား"

"လကုန်မှ စုပေးမှာအမေရဲ့။ ခရီးစရိတ်ပဲရတာ။ အမေ သိပြီးသားပဲ"

"စုထားတာ မရှိဘူးလား"

"သုံးသောင်းပဲရှိတယ် အမေ၊ ဒီရေ ... အဲဒါ"

"အဲဒီသုံးသောင်းပဲပေး"

ဒီရေ အဲဒါစုပြီး နာရီဝယ်မလို့။ လက်ပတ်နာရီ တစ်သိန်းတန်လောက် ကောင်းကောင်းလေး ဝယ်ပတ်မလို့ဟု ဆက်ပြောချိန်တောင် မရလိုက်။ အမေက ဒီရေ့အဝတ်ဗီရိုကို လိုက်မွှေနှောက်နေသည်။

"အမေ တော်တော်ရှုံးနေရင်လည်း ..."

"ဘာရှုံးတာလဲ၊ ရှုံးတယ်လို့ မပြောနဲ့ လာဘ်တိတ်တယ်။ ပြန်နိုင်ရမှာပေါ့"

"အမေ ဟိုတလောက ခြံတစ်ခြံ အရောင်းအဝယ်ဖြစ်လို့ ဆယ်သိန်းတောင် ပွဲခရထားတယ်ဆို၊ အဲဒါရော"

"အံမယ်လေးဟဲ့ ... မိဒီရေရဲ့ အမေကိုများ စစ်လိုက်ဆေးလိုက်တာ။ သူ့လုပ်စာလည်း တစ်ပြားမှ မစားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒီပိုက်ဆံလည်း အလကားမယူပါဘူး။ ခဏချေးတာပါ။ တကတဲ အမေက ကျွေးမွေးပညာသင်ပေးထားလာတဲ့ ကျေးဇူးကိုတောင် မထောက်ဘူး လေသံက"

"အမေ ပိုက်ဆံတွေ အလကားဖြုန်းသလို ဖြစ်နေမှာစိုးလို့ပါ"

"ငါ ဆယ်သိန်းရတုန်းက ညည်းကို လက်ကိုင်အိတ်တစ်လုံး ဝယ်ပေးပါတယ် ဒီရေရယ်၊ ငါတစ်ယောက်တည်း အကုန်မသုံးခဲ့ပါဘူး"

"အမေ ... အမေ ... ကဲ ... တော်ပါတော့၊ ဒီရေ့မှာ ရှိသလောက်သာ ယူသွား။ ဟိုပြော ဒီပြော ပြောမနေပါနဲ့။ ဒီနေ့ ခရီးပန်းပြီး ပြန်လာတာ နားချင်နေပြီ"

"ငါ့ကို နှင်သလိုမပြောနဲ့"

"မပြောချင်ပါဘူး၊ မပြောပါဘူး၊ ဒီရေ ပင်ပန်းနေလို့ပါ"

ပိုက်ဆံယူပြီး အမေ ပြန်ထွက်သွားပါသည်။ သူ အပြင်ကပွဲကို မဲနေလို့ ဒီလောက်နဲ့ ပြီးတာဖြစ်သည်။ နောက်မို့ ဗျစ်တောက် ဗျစ်တောက်လုပ်ကာ စိတ်ကောက်လို့မဆုံး ဖြစ်နေတတ်သည်။ အမေနဲ့ ဒီရေ နှစ်ယောက်တည်း နေပေမယ့် ဘယ်တော့မှ တည့်သည်လဲမရှိ။ စကားလက်ဆုံကျတာမျိုးလည်း သိပ်မရှိတတ်ပါ။ အမေကလည်း သူ့အလုပ်ကိစ္စတွေ အပေါင်းအသင်း





ကိစ္စတွေ၊ ဘယ်အိမ်မှာ ဖဲသွားရိုက်ရမလဲ ဆိုတာတွေပဲ ခေါင်းထဲ တွေးကာ ဒီရေ့ကို အရေးမစိုက်အားပါ။

ဒီရေကလည်း လောကကြီးကို အလိုမကျတာတွေ၊ မကျေနပ်တာတွေ၊ စိတ်တိုင်းမကျတာတွေများပြီး ကိုယ့်အတွေးနဲ့ ကိုယ် ငြိမ်နေတတ်သူ ဖြစ်လေသည်။ များသောအားဖြင့် ဒီရေ အလုပ်ကလည်း ခရီးထွက်ရတာများလေရာ အိမ်မှာ တစ်လနေလို့ တစ်ပတ်ပင်ပြည့်အောင် မနေရတာကြာပြီ။

ဒါကြောင့် အမေ ဘာတွေဘယ်လိုလုပ်ပြီး ဘယ်ပွဲတွေမှာ ဘယ်လောက် ရှုံးတယ် နိုင်တယ်တောင် မသိပါ။ ဒီရေ့ အမေထံမှာ လောင်းကစားခြင်း အထူးသဖြင့် ပိုကာဝိုင်းထိုင်ရခြင်းတည်းဟူသော ဝါသနာက ကြီးလှလေရာ ဒီအစွဲကို ဘယ်လိုမှ ချွတ်လို့မရနိုင်ခဲ့တော့ပါ။

အဖေနဲ့တုန်းက အဖေ့ အထိန်းအကွပ်ကြောင့် ဒီလောက်မလုပ်ရဲခဲ့ပေမယ့် အဖေနဲ့လည်းကွဲရော အမေထင်တိုင်းကြဲတော့တာဖြစ်သည်။ အဖေနဲ့ အမေလမ်းခွဲတော့ ပစ္စည်းခန်းခွဲလေရာ အမေနဲ့ ဒီရေတို့ကို အဖေပိုင်တိုက်ခန်းတစ်ခန်း ပေးလေသည်။ တိုက်ခန်းမှာ ပရိဘောဂအစုံ၊ အိမ်သုံးပစ္စည်း၊ ဖုန်းစသဖြင့် အားလုံးအသင့်ပါပြီးသားမို့ အဆင့်အတန်းမီမီ နေနိုင်ခဲ့သလို အဖေက ဒီရေ့အတွက် ငွေစုဘဏ်မှာ လစဉ်ငွေစုပေးထား


www.burmeseclassic.com

ပြီး ဒီရေ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်လျှင် ထုတ်ယူခွင့်ပေးထားပါသည်။ လစဉ်လည်း ဒီရေ့အတွက် စရိတ်ထောက်ပါသည်။ ဒီရေ ငယ်ငယ်ကတော့ ကလေးစရိတ်ပေါ့။ အဲဒီတုန်းကတော့ အမေက ဒီရေ့ကျောင်းစရိတ် ဘာညာသုံးပေးပါသည်။ အခု ဒီရေ အလုပ်အကိုင်နဲ့ ဖြစ်လာတော့ အဲဒီပိုက်ဆံတွေ အမေပဲ ဒိုင်ခံသုံးလေတော့သည်။

ဒီရေ့မှာ မောင်နှမဆို၍ အစ်ကိုတစ်ယောက်ရှိသော်လည်း အစ်ကိုကလည်း အဖေနဲ့အမေ လမ်းခွဲကတည်းက အဖေ့နောက်လိုက်သွားပြီး အဖေနဲ့အတူ နေလေရာ မောင်နှမချင်း အနေဝေးနေပါသည်။ ဒီရေ့ထက် နှစ်နှစ်သာကြီးသော အစ်ကိုသည် လူကောင်းလို့လည်း ပြော၍မရ။ လူဆိုးတစ်ယောက်လည်း မဟုတ်။ သို့သော် အဖေ၊ အမေအတွက် သားလိမ္မာမဟုတ်သလို ဒီရေ့အတွက်လည်း အစ်ကိုကောင်းတစ်ယောက် မဟုတ်ပြန်ပေ။

ဒီရေသည် ကိုယ့်ဘဝကိုယ် သုံးသပ်ရင်း ဘဝမှာ ရေရေရာရာ ဘာဖြစ်ချင်မှန်းလဲ မသိ၊ ဘာလုပ်ချင်မှန်းလဲ မသိဖြစ်ကာ ရည်မှန်းချက်ပျောက်နေသူတစ်ဦး ဖြစ်တာတော့ သေချာလေသည်။

○❤○

# ၂

"Golden Castle ကို ဘယ်သူညွှန်လို့ တည်းချင်တာပါလဲ"

"On line အွန်လိုင်းပေါ်မှာ လိုက်ရှာတွေ့တာပါ။ သူ့ကို ရေးထားတဲ့ Comments ကွန်မန့်(စ)တွေကလည်း တော်တော်ကောင်းနေတော့ ရွေးဖို့ဆုံးဖြတ်လိုက်တာ"

"ငါလည်း ကြားဖူးနေတာတော့ ကြာပါပြီ၊ ဒါပေမဲ့ လာတဲ့ဧည့်သည်အများစုက ငါတို့ Tour ကုမ္ပဏီက စီစဉ်တဲ့ ဟိုတယ်တွေ ကားတွေကို သဘောကျပြီး ရွေးကြတာမို့ အဲဒီဟိုတယ်ကိုတော့ ငါ တစ်ခါမှ မပို့ပေးရသေးဘူး"

ဒီတစ်ခါ ကြုံလာသော ပြင်သစ်လူမျိုးလင်မယားကတော့ ဒီရေတို့ တိုးရ်ကုမ္ပဏီက ချိတ်ဆက်စီစဉ်ပေးတဲ့ ဟိုတယ်၊ ကား အပါအဝင် Package (ပက်ကေ့ချ်)ကို ယူကြသူတွေမဟုတ်ဘဲ ဒီရေ့ကိုသာ တိုးဂိုက်(ဒ်)အဖြစ်ငှားပြီး ဟိုတယ်နှင့်ကားတို့

www.burmeseclassic.com

ကိုတော့ Golden Castle အုပ်စုနှင့် လုပ်ထားသည်ဟု သိရလေသည်။ Golden Castle ဂိုးဒင်းကာဆယ်လ်ဂရု(ပ်)ဟု ကုမ္ပဏီမှတ်ပုံတင်ထားသော ထိုဟိုတယ်တွေကလည်း မြန်မာပြည်အနှံ့ မိုတယ်၊ ဟိုတယ်၊ အင်း(Inn)စသဖြင့် ဖွင့်ထားသလို ကုမ္ပဏီကားတွေလည်း အငှားထားကာ နိုင်ငံခြားသားတွေကို အဓိက ငှားရမ်းသည်ဟု ဒီရေ သိထားပါသည်။

တစ်ဖန် သိထားတာ တစ်ခုကတော့ မြန်မာပြည်မှာ လူသိထင်ရှားရှိလှတဲ့ "မြတ်ဘုန်းခေါင်"မိသားစုဝင်တွေ ပိုင်ဆိုင်ကြောင်းလည်း အကြမ်းဖျင်းတော့ ဒီရေ သိထားပါသည်။

ဟိုတယ်ဝန်းကြီးထဲ ကားဝင်လာတော့ စိမ်းလန်းကျယ်ပြောသော မြက်ခင်းကျယ်ကြီးများ၊ ပန်းခြံများ၊ ရေပန်းများဖြင့် အလှဆင်ထားသော မြေကွက်ကျယ်ကြီးကို အရင်ဖြတ်မောင်းရသည်။ ကားမောင်းဝင်ရသောလမ်းမှာ ကွန်ကရစ်လမ်းမဟုတ်ဘဲ အုတ်စီလမ်းကျယ်ဖြစ်ပါသည်။ ငါးထပ်အမြင့်ရှိသော ဟိုတယ်မှာ သစ်လွင်ပြီး အဓိကဦးစားပေးအရောင်မှာ ရွှေရောင်ဖြစ်လေသည်။ Golden Castle ဂိုးဒင်းကာဆယ်လ်အမည်နဲ့လိုက်အောင် ရွှေရောင်များများသုတ်ထားသော အဆောက်အအုံကြီးဖြစ်သည်။ ပြင်သစ်လူမျိုးလင်မယားကတော့ လှပသစ်လွင်သော ဟိုတယ်ကြီးကိုကြည့်ရင်း "သိပ်လှတယ်"ဟု ချီးကျူးနေကြလေသည်။





ဒီရေအပါအဝင် လူသုံးယောက် ဟိုတယ်ရှေ့မှာ ရပ်လိုက်တာနဲ့ ဟိုတယ်၏မှန်တံခါးဝတွင် တူညီဝတ်စုံဖြင့်ရပ်နေသော လူငယ်လေးနှစ်ယောက်တို့က မှန်တံခါး၏ ရွှေရောင်လက်ကိုင်တို့ကို တစ်ဖက်တစ်ချက်စီ ဆွဲဖွင့်လိုက်သည်။ အတွင်းကိုမမြင်ရသော မှန်တံခါးမျိုးဖြစ်ရာ သူတို့တံခါးကို တစ်ဖက်တစ်ချက် ဆွဲဖွင့်လိုက်သောအခါမှ ...

"မင်္ဂလာပါရှင်"

ဟု မြန်မာလို နှုတ်ဆက်ဦးညွှတ်သံနှင့်အတူ ရွှေရောင်လင်ပန်းလေးတွေ အသီးသီးကိုင်ထားသော မြန်မာဝတ်စုံဝတ် မိန်းမလှလေး သုံးယောက်တို့ အပြင်ထွက်ကြိုတာ တွေ့ရသည်။ ဗန်းထဲမှာတော့ စံပယ်ပန်းကုံးကြီး တစ်ကုံးစီရယ်၊ ကြည်လင်လှသော ဖန်ခွက်ရှည်ရှည်လေးထဲမှာ ရေခဲငွေ့တွေ သီးနေသော ရေသန့်တစ်ခွက်ရယ် ထည့်လာတာ တွေ့ရသည်။

ထိုမိန်းမလှလေး သုံးယောက်တို့က ဒီရေတို့ရှေ့မှာ ရပ်ကာ ...

"ရေ သုံးဆောင်ပါ"

ဟူသော စကားကိုတော့ အင်္ဂလိပ်လို ပီသစွာပြောလေသည်။ ဒီရေအပါအဝင် ပြင်သစ်စုံတွဲက ရေတစ်ခွက်စီကို ယူသောက်နေစဉ် စံပယ်ပန်းကုံးတွေကို ခေါင်းငုံ့ပေါ်မှတစ်ဆင့် အသာစွပ်ချခြင်းဖြင့် ကြိုဆိုနှုတ်ဆက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မညွှေ့သည်တွေပါ။ ဒီဟိုတယ်မှာ အခန်းယူထားတယ်ဆိုလို့ ကျွန်မ လိုက်ပို့ပေးတာပါ"

ဒီရေက မိန်းကလေးတွေကို မြန်မာလိုပြောလိုက်ပါသည်။

"ရီဆက်ရှင်းကို သွားလိုက်ပါရှင်"

ဒီရေက ဧည့်သည်နှစ်ယောက်တို့ကို ဦးဆောင်လျက် ဟိုတယ်ရီဆက်ရှင်းဆီ ဝင်လာခဲ့သည်။ လှပသောကြွေပြားတွေမှာ ပြောင်လက်လွန်းလှသဖြင့် ချော်လဲမှာတောင် စိုးရသည်။

ဒီရေသည် ဖြောင့်ဖြောင့်စင်းစင်း ကျောလယ်မရောက် တရောက်ရှိတတ်သော ဆံပင်ရှည်တို့ကို ခေါင်းစည်းကလစ်ဖြင့် ခပ်မြင့်မြင့်လေး ချည်နှောင်ထားပြီး ရိုးရိုးမြန်မာဝတ်စုံလေးနဲ့ ကိုယ်ဟန်ကြွကြွလေး လမ်းလျှောက်တတ်လေရာ ဟိုတယ် lobby (လော်ဘီ)မှာ ထိုင်နေကြသော လူတော်တော်များများက သတိပြုလိုက်ကြည့်မိကြသည်။ ဒီရေ့ ရုပ်ရည်က ထူးထူးခြားခြား ပိုလှနေတာမျိုးမဟုတ်ပေမယ့် ဒီရေ နေပုံထိုင်ပုံ၊ သွားလာလှုပ်ရှားပုံ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နဲ့ စကားပြောပုံတို့ကြောင့် Personality ပါဆင်နယ်လ်တီဟုခေါ်သော ကိုယ်ရည်ကိုယ်သွေးကောင်းမွန်နေတာမျိုးဖြစ်သည်။ ဘယ်နေရာသွားသွား လူတိုင်း သတိပြုမိစေသော အရှိန်အဝါမျိုး ဒီရေ့မှာ ရှိလေသည်။

အခုလည်း ဒီရေ ဝင်လာတော့ လူတိုင်းလိုက်ကြည့်ကြသူတွေထဲတွင် မြတ်ဘုန်းခေါင်ကုဋေနဲ့ တွေ့ဖို့ထိုင်စောင့်နေသော လူတစ်ဦးလည်းပါသည်။ ထိုသူက မိန်းမဆိုလျှင် ကြီးကြီးငယ်ငယ် နည်းနည်းလေး အရသာခံကြည့်လိုက်ရမှဟူသော ဝါသနာမျိုး ရှိလေရာ ဒီရေ့ကို မလွှတ်တမ်း လိုက်ကြည့်နေတော့သည်။

ဒီရေကတော့ ပတ်ဝန်းကျင်ကို သတိမထားမိဘဲ သူမ၏ဧည့်သည်ပြင်သစ်စုံတွဲနှင့်သာ အပြန်အလှန် ပြောဆိုရင်း အလုပ်များနေပါသည်။

"ကိုလွင်မင်း ... ဟော့လူ၊ ကျွန်တော် တစ်ယောက်လုံး အနားရောက်နေတာတောင် မမြင်ပါလားဗျာ"

မြတ်ဘုန်းခေါင်ကုဋေက သူ့မိတ်ဆွေပခုံးကို ပုတ်လိုက်ရင်း စကားပြောလိုက်တော့ ထိုသူလန့်ပြီး တုန်တောင်တုန်သွားလေသည်။

"ဟောဗျာ ... ဘာဖြစ်တာလဲ၊ လန့်သွားတာလား၊ ဟုတ်လား"

"စိတ်ဝင်စားစရာ တွေ့နေတုန်း ကိုကုဋေက ရုတ်တရက်ကြီး အနားရောက်လာပြီး ခေါ်လိုက်တာကိုး"

"ဘာစိတ်ဝင်စားနေတာလဲ"

www.burmeseclassic.com



ကိုလွှင်မင်းက မေးထိုးမျက်စပစ်ပြလေသည်။ ဒီရေ့ကို သူ ငေးနေတာဖြစ်ကြောင်း ကုဋေ သိသွားပါသည်။ ကုဋေသည် Burgundy Colour ဘာဂန်ဒီကာလာဟုခေါ်သော အညိုနဲ့ ဝိုင်နီရောင်တွေ ရောရောထွေးထွေး ဘာရောင်ရယ်လို့ တိတိကျကျ ခွဲခြားပြောရခက်သောအရောင် ရင်ဖုံးလည်ပင်းပိတ် အကျီလက်စက နှင့် ထိုအကျီနှင့် အရောင်တူလုံချည်ပေါ်တွင် အဖြူရောင်ပန်းပွင့်လေးတွေ ဖော်ထားသော ချည်သားလုံချည်တို့ကို ဝတ်ဆင်ထားသည့် ဒီရေ့ကို တစ်ချက်သာ ကြည့်ဖြစ်ပါသည်။ ကြော့ကြော့ရှင်းရှင်းပုံစံဖြင့် ဆံပင်မြင့်မြင့်လေး စည်းထားသော တိုးရစ်ဂိုက်ဒ်မိန်းကလေးကို ကိုလွှင်မင်း ဘာတွေစိတ်ဝင်စားပြန်ပြီလဲဟု တွေးနေမိသည်။

"စိတ်ဝင်စားစရာလေးနော်"

"တိုးရစ်(စ)ဂိုက် မဟုတ်လား"

"သူ့ပြင်သစ်သံက တော်တော်ကောင်းတာဗျ"

ခပ်သဲ့သဲ့ကြားနေရသော ပြင်သစ်စကားပြောသံမှာ တကယ်လည်း ကောင်းပါသည်။ သို့သော် ဒီလိုဟိုတယ်မှာ မကြာခဏ ရောက်လာကြသော တိုးဂိုက်တော်တော်များများတို့ဟာလည်း ဘယ်သူမဆို စကားကောင်းကောင်း ပြောတတ်ကြတာပဲမို့ ကုဋေ့အတွက်တော့ ထူးထူးခြားခြား စိတ်ဝင်စားစရာ





မရှိလှ။ အထင်ကြီးစရာလည်း မရှိလှ။ မြတ်ဘုန်းခေါင်မိသားစုတွေဟာ လူတစ်ယောက်က တော်ရုံနဲ့လည်း အထင်မကြီးကြတာမို့ ဒါဟာ အထင်ကြီးစရာ မဟုတ်ဟု ထင်သည်။

"ပုံစံလေးက တစ်မျိုးလေး၊ လှသလိုလို မလှသလိုလိုလေးနဲ့ကို ကြည့်ကောင်းနေတာ"

"ဟော့လူ ... ကိုလွှင်မင်း၊ ခင်ဗျားအကြောင်း မသိရင်ခက်မယ်ဗျာ၊ ဒီလောက်ပြောနေရင် ခင်ဗျားမှာ တစ်စုံတစ်ခုသော အကြံအစည် ရှိနေပြီဆိုတာ သိပါပြီ"

ကိုလွှင့်မင်းက ခပ်တိုးတိုးရယ်သည်။ လူပုံခပ်ဖြောင့်ဖြောင့်နဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အမြဲသ,နေကာ မိန်းမကိစ္စမှာ နာမည်ကြီးလှသော ကိုလွှင်မင်းအတွက် ဒီမိန်းကလေးဟာ ပစ်မှတ်အသစ် ဖြစ်တော့မှာ သေချာလေသည်။ မိန်းမကိစ္စတွင် နာမည်ကြီးလှသော ကိုလွှင်မင်းဟာ ဘယ်သူ့ကိုမှ အတည်တကျမယူဘဲ စပွန်ဆာပေးနေသူအဖြစ်လည်း ယောကျ်ားအသိုင်းအဝိုင်းမှာသတင်းမွှေးပါသည်။ ဟိုမော်ဒယ်လ်ကို၊ ဟိုမင်းသမီးငယ်ကို၊ ဟိုအဆိုတော်မလေးကို စသဖြင့် ပါးစပ်ထဲထည့်ပြောကာ သူ စပွန်ဆာပေးထားပါသည်ဟု ကြေညာရတာကို ဂုဏ်ယူတတ်သူ ဖြစ်လေသည်။

ကုဋေကကျတော့ ကိုလွှင်မင်းလို စပွန်ဆာပေးပြီး ဟိုမှာ ဒီမှာထားတာ မဟုတ်ဘဲ သူ့ကို တမင်လာဓာတ်လမ်းစ



www.burmeseclassic.com

www.burmeseclassic.com

သော မိန်းကလေးတိုင်းကို ဟိုလူ့ကြိုက်မလိုလို၊ ဒီလူ့ကြိုက်မလိုလို ပြန်ဆက်ဆံတတ်ပြီး ဘယ်သူ့အပေါ်မှ အလေးအနက် မထားတာ ဝင်။ ရှုပ်တာ ပွေတာလည်း မဟုတ်။ သူ့အနားကို ကပ်လာသော မိန်းကလေးတွေကို အိစီကလီသဘောမျိုး ပြန်ဆက်ဆံတာမျိုး လောက်ပဲရှိသည်။ ကိုလွင်မင်း ပုံစံကျတော့ လိုက်ရှုပ်နေ ပွေနေ သလို အမျိုးအစားထဲမှာပါသည်။

"ကျွန်တော် ရအောင်လိုက်လိုက်ဦးမယ်ဗျ"

"လုပ်ပါဗျာ ... လုပ်ပါ။ ခင်ဗျားအစွမ်းအစကို သိပါတယ်"

သူတို့ရယ်လိုက်သံကြောင့် သူတို့နားကဖြတ်ပြီး အပေါက်ဝကို ပြန်လျှောက်နေပြီဖြစ်သော အဲဒီမိန်းကလေး တစ်ချက်ပြန်လှည့်ကြည့်လိုက်ပါသည်။ ထိုမိန်းကလေး၏ မျက်ဝန်းများ ကုဋေ့ထံရောက်သောအခါ အံ့သြသလိုဖြစ်သွားသော အမူအရာကို အမိအရ ဖမ်းလိုက်နိုင်ပါသည်။ တစ်ချက် တွေတွေလေး ပြန်ငဲ့ကြည့်ပြီးမှ ပြန်လှည့်ထွက်သွားကာ ဟိုတယ်တံခါးပေါင်သို့ ကျော်ခိုင်း ထွက်သွားခဲ့ပါသည်။

"ခင်ဗျားကို သေသေချာချာ ကြည့်သွားတယ် ကိုကုဋေ"

ကိုလွင်မင်း ဆိုတဲ့လူကလည်း မိန်းကလေးတွေရဲ့ အမူအရာနဲ့ ပတ်သက်ရင် အကဲခတ် မခေလှတာမို့ ချက်ချင်း သတိထားမိသည်။





"ဟုတ်လို့လား ခင်ဗျား စိတ်ထင်လို့ပါ"

ကုဋေ တမင်လိမ်လိုက်ပေမယ့် စိတ်ထဲမှာတော့ ဝန်ခံမိသည်။ ငါ့ကို ဘာကြောင့် မှတ်မိသလိုလို အံ့သြသလိုလို ကြည့်သွားတာလဲ။ ငါနဲ့သူ တစ်ခါမှလည်းမဆုံဖူးဘူး။ ဒါမှမဟုတ် ငါဟာ မြတ်ဘုန်းခေါင်မိသားစုဝင်ထဲက တစ်ယောက်ဆိုတာကို တစ်နေရာရာမှာ သိဖူး၊ မြင်ဖူးထားတာပဲလား။ အဲဒါကတော့ အဖြစ်နိုင်ဆုံးပဲဖြစ်မည်။ မြတ်ဘုန်းခေါင်မိသားစုဟာ အလိုလိုနေ ရင်း နာမည်ကြီးလူသိများနေတတ်သလို မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ လည်း မကြာခဏ ဓာတ်ပုံပါတတ်သည်။ စီးပွားရေးလုပ်ငန်းရှင်၊ ဟိုတယ်လုပ်ငန်းစုများပိုင်ရှင်ဟူသော ခေါင်းစဉ်အောက်မှာ မြတ် ဘုန်းခေါင်ကို လူသိများလေသည်။

"ခင်ဗျား လိုက်ရင်တောင် ရမယ်"

"ကျွန်တော့်ရာဇဝင်မှာ မရှိဘူးလေ"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ကုဋေကစပြီး မိန်းက လေးတစ်ယောက်ကို လိုက်တာမရှိပါဘူး၊ မိန်းကလေးတွေ ကသာ အရင်သဘောကျပြီး ကုဋေ့နောက် လိုက်ကြတာ"

"ကျွန်တော်က ကျွန်တော်တကယ်ချစ်တဲ့ မိန်းကလေးတွေ့ ရင်တောင် သူ့ကိုရအောင် လိုက်မှာမဟုတ်ဘူး။ သူ့ဘာသာ အလိုလို ကျွန်တော့်ရှေ့ရောက်လာတာပဲ လိုချင်တယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် ခင်ဗျား တကယ်ချစ်တဲ့ မိန်းကလေးက ခင်ဗျား သူ့ကိုချစ်နေတာ မသိဘဲ တခြားတစ်ယောက်ကို ရွေးသွားတာမျိုး ဖြစ်သွားနိုင်တယ်"

"အဲဒါလည်း ကိစ္စမရှိပါဘူးဗျာ။ ဘဝမှာ အချစ်ဟာ တစ်ခါပဲမွေးဖွားတယ်လို့ ဘယ်သူတွေက ဆိုမိန့်ခဲ့တာလဲ၊ အချစ်ဟာ တစ်ခါဆုံးရှုံးသွားပြီးရင် နောက်ထပ် အချစ်တစ်ခု ပြန်ရှင်သန်လာတတ်တာပါပဲဗျာ၊ ကျွန်တော့်အနေနဲ့တော့ အချစ်ကို သိပ်အယုံအကြည် မရှိလှပါဘူး"

"ကျွန်တော်လည်း အယုံအကြည် မရှိပါဘူးဗျာ။ ကျွန်တော့်မှာဆို အချစ်တွေမှအများကြီး။ များလွန်းလို့ ခက်နေတာ။ အချစ်က များများမွေးဖွားလေလေ ပိုက်ဆံပိုကုန်လေလေပဲ ဖြစ်နေပြီ"

တိုးရစ်(စ)ဂိုက်ကောင်မလေးကတော့ ဟိုတယ်ရှေ့မှာ ရပ်စောင့်နေသည့် တိုးကုမ္ပဏီကားပေါ်တက်ခါ ထွက်ခွာသွားပါသည်။

ကိုလွှင်မင်းက ကားကို အသေအချာကြည့်ရင်း ...

"Earth အော့(ဖ်)တဲ့။ ကမ္ဘာမြေတိုးကုမ္ပဏီတဲ့ဗျ၊ မှတ်ထားလိုက်ဦးမယ်"





ဟု အသေအချာပင် ကြွေးကြော်နေသည်။ ကုဋေကတော့ ပွဲကြည့်ပရိသတ်အဖြစ်နဲ့ ပါရရင်တောင် သိပ်ပြီးစိတ်အားထက်သန်စွာ စောင့်ကြည့်မည့် ပရိသတ်မျိုးတော့ မဟုတ်ချေ။

○❤○


www.burmeseclassic.com

www.burmeseclassic.com



## ၄

ရန်ကုန်တစ်မြို့လုံးကို တစ်ရက်တည်းလာဖို့ အချိန်ပေးသောကြောင့် ဒီရေလည်း ဧည့်သည်စုံတွဲကို စီစဉ်ထားတဲ့လမ်းကြောင်းအတိုင်း တစ်နေရာပြီး တစ်နေရာ လိုက်ပို့ရပါသည်။ ပထမဦးဆုံး သူတို့သွားလိုသောနေရာက အမျိုးသားပြတိုက်ဖြစ်သည်။

သူတို့ကြည့်ချင်တာက မြန်မာဘုရင်တွေ ထိုင်ခဲ့သော သလွန်ဆိုတာကို ကြည့်ချင်သတဲ့။ ပြင်သစ်လူမျိုးတွေပေမယ့် အင်္ဂလိပ်တွေ မြန်မာ့ကို သိမ်းပိုက်နယ်ချဲ့ခဲ့ရသောအခါ နောက်ဆုံးဘုရင်မင်းဆက်ကို ဖမ်းဆီးခေါ်ဆောင်သွားကြသည်ဆိုသော သမိုင်းကို အသော်လေး စိတ်ဝင်စားတာ တွေ့ရသည်။

သူတို့က သီပေါမင်းထိုင်ခဲ့သော သလွန်ကိုကြည့်ရင်း ...





"သူ့ရဲ့မျိုးဆက်တွေ အခုရှိသေးလား။ ဘယ်မှာနေကြသလဲ"

ဆိုသော မေးခွန်းကို မေးသောအခါ ဒီရေ သိထားသလောက်သာ ပြောနိုင်ခဲ့သည်။ ဒီရေ့စိတ်ထဲမှာတော့ ရှင်တို့တည်းနေတဲ့ ဟိုတယ်ကြီးဟာ အဲဒီ ရှင်ဘုရင်တွေခေတ်က သူဌေးသူကြွယ်ဘွဲ့ပေးခဲ့တဲ့ မျိုးရိုးက ဆင်းသက်လာတဲ့ မြတ်ဘုန်းခေါင်မိသားစုက ပိုင်တာလေဟုတော့ ဆက်ပြောပြနေမိလေသည်။ ဒါပေမဲ့ ဒါဟာလည်း သိပ်ရေရေရာရာ သတင်းမျိုးမဟုတ်ဘဲ လူတွေက အကြားနဲ့သာ အဲဒီမိသားစုကို စွတ်အထင်ကြီးနေတာလို့လည်း ဒီရေ ထင်လေသည်။ ဒီရေသည် အဲဒီဟိုတယ်မှာ အမှတ်မထင်တွေ့ရသော လေဆိပ်မှာတုန်းက အမှတ်တရ ရှိခဲ့ဖူးသူကို သတိရသွားပါသည်။ သူက ဘယ်သူလဲ ဘာလာလုပ်တာလဲ၊ ဘာကြောင့် အဲဒီဟိုတယ်ရဲ့ Lobby မှာ ရှိနေရတာလဲဆိုသော မေးခွန်းတွေ ဒီရေ့ရင်ထဲမှာ ရှိနေသည်။

တစ်ဖန် ဒီရေ့ကို မှတ်မှတ်ရရ လိုက်ကြည့်သောသူနဲ့ သူ့မိတ်ဆွေတို့ကြားမှာ ဒီရေ့အကြောင်း တစ်ခုခုပြောကြသည်ဟု ဒီရေ ထင်မိသည်။ သူဟာ ဒီရေ့ကို ဘယ်လိုနည်းနဲ့မှ သိနေစရာ အကြောင်းမရှိပေမယ့် သူ ဒီရေ့ကို သိများသိနေခဲ့သလားလို့ ဒီရေ စိတ်ကူးဖြင့် ကြည်နူးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားပြတိုက် ပြီးသောအခါ ကရဝိက်နန်းတော်၊ ကန်တော်ကြီး၊ ပြည်သူ့ရင်ပြင်နှင့် ရွှေတိဂုံဘုရား။ အဲဒီလမ်းကြောင်းပြီးတော့ ဗိုလ်ချုပ်ဈေးကတော့ ထုံးစံအတိုင်း တစ်ခေါက်ဝင်လို့ရပြန်သည်။ ဗိုလ်ချုပ်ဈေးပြီးတော့ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးဘုရားများ ပို့ရပြန်သည်။ နေရာတစ်နေရာကို အလွန်ဆုံးနာရီဝက်၊ လေးဆယ့်ငါးမိနစ်နှုန်း ဝင်ကြည့်ကြ။ ကားနဲ့သွားကြ။ ကားတွေက လမ်းတွေပိတ်လို့ ကြန့်ကြာကြနင့်မို့ ညရှစ်နာရီလောက်မှသာ ဟိုတယ်ပြန်ပို့ပေးနိုင်တော့လေသည်။ အရင်ကဆို ဒီရေတို့ ကုမ္ပဏီကားကိုသုံးကျတဲ့ တိုးရစ်များသဖြင့် သူတို့ကို ဟိုတယ်ပြန်ပို့ပြီးတိုင်း ကုမ္ပဏီကကားနဲ့ ဒီရေ့ကို အိမ်ပြန်ပို့ပေးခွင့်ပြုသဖြင့် ဒီရေ့အိမ်အပြန်မှာ စိတ်ပူစရာမရှိ။ သို့သော် ဒီစုံတွဲကတော့ Golden Castle ဟိုတယ်ပိုင်ကားကိုသာ ငှားထားလေရာ ဒီရေ့ရဲ့လမ်းကြောင်းကလည်း ဒီဟိုတယ်မှာပင် ဆုံးရသလိုဖြစ်လေသည်။ ဒီရေ့အဖို့ ဒီကနေ့ တက္ကစီငှားပြန်ရမှာပင်။

"မနက်ဖြန်မနက် လေးနာရီထွက်မယ်၊ ငါ လေးနာရီမထိုး
ခင် ဟိုတယ်ကို ရောက်လာခဲ့မယ်"

ဟု ဒီရေ ကတိပေးပြီး ထိုစုံတွဲကို နှုတ်ဆက်ပါသည်။ မနက်ဖြန်မှာ ဒီစုံတွဲနဲ့အတူ မန္တလေးနဲ့ ပြင်ဦးလွင်ဘက်





ထွက်ရမှာဖြစ်သည်။ အဲဒီကတစ်ဆင့် တောင်ကြီး၊ အင်းလေးဘက် ဆက်ရမှာဖြစ်ပြီး လည်ချိန်ကလည်း လေးရက်သာရသဖြင့် တက်သုတ်ရိုက်သွားရမယ့်သဘောဖြစ်သည်။ ဒီရေ့အတွက်ကတော့ ခရီးသွားတွေလာတိုင်း ဒီလိုပဲ ခရီးထွက်နေကြမို့ ပင်ပန်းရတာ ရိုးနေပေပြီ။

ဒီရေသည် ဟိုတယ်အဝမှာရပ်ရင်း ဒီလမ်းမမှာရပ်ပြီး တက္ကစီငှားရင် ကောင်းပါ့မလားလို့ တစ်ချက်စဉ်းစားနေမိသည်။

ညဘက် မိန်းကလေးတစ်ယောက်တည်း လမ်းမမှာရပ်ပြီး ကားငှားဖို့မသင့်မှန်း သိပေမယ့် ဒီရေ့တွင် ရွေးစရာလမ်းမရှိ။ ဒီနေရာတစ်ဝိုက်မှာ ဘတ်စ်ကားလည်း မရှိနိုင်။

ဒီရေ လှေကားထစ်တွေကိုနင်းကာ ဆင်းလာစဉ်တွင် ဟိုတယ်ရှေ့သို့ ကားတစ်စီး ငြိမ့်ခနဲရပ်လာသည်။ ဟိုတယ်အဝင်တံခါးဝတွင် ရပ်နေကြသော ဝန်ထမ်းတွေက ပျာပျာသလဲ လှေကားထစ်တွေမှတစ်ဆင့် ပြေးဆင်းလာကာ ကားတံခါးကိုဖွင့်ရန် ပြင်ပေမယ့် ကားတံခါးကတော့ အတွင်းမှ မောင်းလာသူက သူ့ဘာသာဖွင့်ပြီး ဖြစ်နေသည်။

"ဟင်"


www.burmeseclassic.com

www.burmeseclassic.com



ဒီရေ တအံ့တသြဖြင့် မျက်လုံးတွေ ကြောင်ငေးသွားပါသည်။ တွေ့ပြန်ပြီ။ သူ ...။ ဒီရေ ရုတ်တရက် သတိမေ့သလိုဖြစ်ပြီး ခြေလှမ်းတွေ တုံ့ခနဲရပ်သွားမိသည်။ သူကတော့ ဒီရေ့ကို တစ်ချက် အကဲခတ်ရုံကြည့်ပြီး ...

"ကားကို နေရာမရွှေ့နဲ့။ ငါ ချက်ချင်းပြန်ထွက်မှာ"

ဟူ၍ သူ့နားပြေးလာကြသော ဝန်ထမ်းနှစ်ယောက်ကို လှမ်းပြောလေသည်။

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာတဲ့။ သူ ဘယ်သူပါလိမ့်။ ဒီဟိုတယ်ကိုလာတဲ့ နှစ်ခေါက်စလုံး သူနဲ့ဆုံရတယ်။ သူ ဒီဟိုတယ်ရဲ့တာဝန်ရှိသူလား။ မန်နေဂျာလား။ ဒီရေ တစ်ကိုယ်တည်း မေးခွန်းတွေမေးရင်း လှေကားထစ်များကို ဆက်ဆင်းလာခဲ့သည်။ ဟိုတယ်အဝင်ဝမုခ်ဦးကိုရောက်ဖို့ တော်တော်လေး လျှောက်ရပြီးမှ လမ်းမကျယ်ကို ထွက်နိုင်ခဲ့သည်။

လမ်းမကျယ်မှာ လူသိပ်အသွားအလာမပြတ်သေးသဖြင့် တော်သေးသည်။ ဒီရေ တက္ကစီအငှားကားကို စောင့်ငှားရင်း တိုးကုမ္ပဏီကကားကို သတိရနေမိသည်။ ဒီစုံတွဲကျမှ Golden Castle ကကားကို ငှားဖို့သုံးလေရာ ဒီရေ့အတွက် သွားရလာရတာ တော်တော်ခက်ခဲသွားလေသည်။ အရင်ကဆိုကုမ္ပဏီကားလေးနဲ့ သက်သောင့်သက်သာ အိမ်ပြန်ရတာဖြစ်သည်။





ဒီရေ အငှားကားတစ်စီးကို လက်တားနေစဉ်မှာတော့ ဟိုတယ်ရှေ့မှာရပ်ထားခဲ့သောကားက ဝေါခနဲ ပြန်မောင်းထွက်လာသည်။ ကားငှားနေသော ဒီရေ့ကို တစ်ချက်မှတောင် ငဲ့မကြည့်ဘဲ ဖြတ်မောင်းသွားသော မာစီဒီး(စ်)အဖြူရောင်ကားကြီးနဲ့ သူ့ကို ဒီရေ အသာလေးငေးမောလျက် တက္ကစီကားစုတ်လေးပေါ်တက်လိုက်တော့သည်။

ဒီရေစီးသော တက္ကစီကားက ထိုမာစီဒီး(စ်)၏နောက်မှ လိုက်မောင်းသလို ဖြစ်နေလေရာ ဒီရေဟာ ကားဘရိတ်မီးတန်းလေးကိုကြည့်လျက် သူ့အကြောင်း ခေါင်းထဲမှာ အတွေးနယ်ချဲ့လို့ ကောင်းနေသည်။

လေဆိပ်မှာ တစ်ခေါက်ဆုံခဲ့တုန်းကသာ မြန်မာဝတ်စုံ ပုဆိုးနဲ့ရှပ်အဖြူလက်ရှည် ဝတ်ထားပေမယ့် အခုနောက်ထပ် နှစ်ခေါက်ပြန်ဆုံသောအခါမှာတော့ သူက လွတ်လပ်ပေါ့ပါးစွာပင် ဘောင်းဘီရှည်နဲ့ ကော်လံပါသော စပို့ရှပ်နဲ့ ဝတ်ထားတတ်တာ တွေ့ရသည်။ ဘယ်အဝတ်အစားပဲဝတ်ဝတ် သူ့ရဲ့ချောမောတည်ကြည်သော၊ ထူးခြားနေသော ရုပ်ရည်ဟာ ပျောက်မသွားပေမယ့် ဒီရေ့အတွက်ကတော့ ပထမဦးဆုံးတွေ့ခဲ့ရသော ရှပ်အဖြူလက်ရှည်နဲ့ ဆိပ်ခွန်ပုဆိုး ဝတ်ထားတာလောက် ကြည့်မကောင်းဘူးဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေးကွေးပြီး ဖွတ်ချက် ဖွတ်ချက်နိုင်သော ဒီရေ့ရဲ့ တက္ကစီကားက သစ်လွင်ပြီး စက်သံညက်နေတဲ့ မာစီဒီး(စ်)ကားကြီးကို မမီနိုင်တော့ဘဲ အဝေးကြီးမှာ ပြတ်ကျန်ခဲ့သောကြောင့် ဒီရေ သူ့ရဲ့ကားမီးတန်းလေးကို မြင်ခွင့်မရတော့ချေ။ ဒီရေသည် ဘာပဲဖြစ်ဖြစ် ထပ်ဆုံရဦးမလားလို့တော့ မျှော်လင့်လို့ကောင်းနေမိသည်။ စိတ်ကူးယဉ်ရတာဟာ သိပ်ကိုစိတ်ချမ်းသာစရာကောင်းတဲ့ ဇိမ်ခံနည်းပဲ မဟုတ်လား။ ဒါကြောင့် ဒီရေလည်း စိတ်ကူးယဉ်ပါရစေ။

○❤○





၅

"အဖေက စင်ကာပူမှာ နောက်အိမ်ထောင်နဲ့တဲ့။ အစ်ကိုတစ်ယောက်ရှိတယ်။ ကားပွဲစားလိုလို ဘာလိုလိုပဲ။ သူ ဘာသာနေတယ်။ သူကတော့ အမေနဲ့ နေတယ်တဲ့ဗျ။ အမေကတော့ တော်တော်လည်တယ်။ အိမ်ခြံမြေပွဲစားလုပ်တဲ့ အလုပ်နဲ့ တော်တော်လေး ဟုတ်ဟုတ်ဟက်ဟက် သုံးစွဲနိုင်တာဗျ၊ ဒါပေမဲ့ သတင်းကတော့ ရတာပဲ။ ဖဲသိပ်ရိုက်သဗျ"

ကိုလွင်မင်းက သူသိလာသော တိုးရစ်ဂိုက်ကောင်လေးမိသားစု အခြေအနေကို အားပါးတရ ပြောနေသည်။ ဒုရှေသည် ဒီလောက် ရက်ပိုင်းလေးအတွင်းမှာ သတင်းတွေစုံအောင် ရလာသော ကိုလွင်မင်း၏ အစွမ်းအစကို မချီးကျူးဘဲ မနေနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရက် သုံးရက်အတွင်း ဒီလောက်စုံအောင် သတင်းရလာတာ ချီးကျူးတယ်ဗျာ"

"ကျွန်တော်က လိုချင်တာရှိရင် ဒီလိုပဲဗျ"

"အခုတော့ အဲဒီကောင်မလေး ရန်ကုန်မှာရှိမယ် မထင်ဘူး။ သူ့ညီသည် ပြင်သစ်စုံတွဲ မန္တလေးဘက်သွားတယ်ဆိုတော့ သူလည်းပါသွားမှာပဲ"

"ခင်ဗျား ဘယ်လိုထင်လဲ ကိုကုဋေ"

"ဘာကိုလဲ"

"ကောင်မလေး ... အဲ ... သူ့နာမည်က ခင်ဒီရေတဲ့၊ ခင်ဒီရေကို ဘယ်လိုမြင်လဲ"

"မသိဘူးလေ။ ဘယ်လိုမြင်ရမှာလဲ"

"ခင်ဗျားနဲ့ နောက်တစ်ခါတောင် ဆုံလိုက်သေးတယ်မဟုတ်လား"

"တစ်မိနစ်တောင် မပြည့်ဘူး၊ တကယ်လို့ အချိန်ကြာကြာဆုံလိုက်ရလည်း ကျွန်တော့်အတွက် ဘာမှထင်မြင်စရာမရှိဘူး၊ ကျွန်တော်က သူ့ကို စိတ်မှမဝင်စားတာ"

"ဒီလိုအခြေအနေနဲ့ မိန်းကလေးတွေဟာ ချဉ်းကပ်ရင်ရဖို့အလွယ်ဆုံးပဲ။ မိဘကလည်း Broken Family ဘ၀တွက်ကင်း





ဖင်မလိ။ သူလုပ်တဲ့အလုပ်ကလည်း မကြာခဏ ခရီးထွက်နေရတဲ့ ဂိုက်အလုပ်ဆိုတော့ စိတ်ကြိုက်လွှင့်ချင်ရာလွှင့်လို့ရတယ်လေ"

"အလုပ်အကိုင်ကိုတော့ အထင်သေးပြီး လျှော့မတွက်ပါနဲ့ဗျာ။ ခင်ဗျားပြောလိုက်ပုံကြောင့် တိုးရစ်ဂိုက်လုပ်နေတဲ့ မိန်းကလေးတွေ အကုန်သိက္ခာမရှိဖြစ်ကုန်ပါပြီ။ အဲဒီလိုမပြောပါနဲ့ သူလုပ်တဲ့အလုပ်က ပညာရှင်အလုပ်ပါ။ ကိုယ့်မြန်မာစကားမဟုတ်တဲ့ နိုင်ငံခြားဘာသာတစ်ခုကို မှတ်နေအောင်ပြောပြီး အလုပ်လုပ်ရတာ တော်ရုံတန်ရုံ အရည်အချင်းမျိုးနဲ့တော့ ဘယ်သူမှ ဒီလိုဖြစ်မှာမဟုတ်ဘူး"

ကုဋေက ကိုလွင်မင်း စကားကို မထောက်ခံဘဲ ဝေဖန်ပြောဆိုမိလိုက်ပါသည်။ ကိုလွင်မင်း အကျင့်က အဲဒီလိုပဲ။ ငွေကြေးပြည့်စုံ ပေါလျှံနေသူမို့ သူ့လောက်မရှိတဲ့သူဆိုရင် အမြဲတမ်း နှိမ်ချကြည့်တတ်ကာ ဘာမဆို ငွေနဲ့ပေါက်ရင်ရမယ်။ ငွေနဲ့မျှားရင်ရမယ်လို့ သိမ်းကျုံးထင်တတ်သူပင်။

"မိဘကလည်း အုပ်ထိန်းမှုသိပ်မပြည့်စုံဘူးဆိုတော့ ပျက်စီးချင်ရင် အလွယ်တကူ ပျက်စီးလို့ရတယ်လို့ ပြောချင်တာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျားက ဘာလဲ၊ တကယ်ကို လိုက်တော့မှာလား"

"မလိုက်ဘဲနဲ့ လိုက်စုံစမ်းနေစရာ အကြောင်းမရှိဘူး ကိုကုဋေ"

ကုဋေသည် စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ဒီကိစ္စကို တားချင်နေသည်။ ကုဋေ့အတွက်ကတော့ ကိုလွင်မင်းကို ဒီကောင်မလေး ပြန်လက်ခံတာ၊ လက်မခံတာဟာ ပြဿနာမဟုတ်ပေမယ့် အဲဒီလို အခြေအနေတွေ ဖြစ်မလာဖို့အတွက် မစခဲ့ရင်ကောင်းမယ်ဆိုတာမျိုး စိတ်ထဲမှာ ဖြစ်နေသည်။

သူ့ကိုဆုံတိုင်း ကြည့်သွားတတ်သော မျက်လုံးအစုံကို အမှတ်မထင် သူ့သတိရသွားသည်။ အဲဒီကောင်မလေးရဲ့ မျက်လုံးတွေကို မကြိုက်ဘူးဟု သူ့စိတ်ထဲမှာ ရေရွတ်မိပြန်သည်။ ဘာကြောင့် သူ့ကိုကြည့်ရသလဲ။ သူနဲ့ ဘယ်မှာသိဖူးလို့ ကြည့်တာလဲဆိုသော မေးခွန်းကို ခဏ ခဏ သူ့ကိုယ်သူ မေးကြည့်ပေမယ့် အဖြေမရခဲ့ပေ။

ထိုအချိန်တွင် ကုဋေ၏ဟန်းဖုန်းမှ ခေါ်သံတီးလုံး ထွက်လာပါသည်။ ကုဋေ ဖုန်းကိုလက်ခံနားထောင်လိုက်သော အခါ ...

"ပြော ... မေမေ၊ ဘာလဲ"

"သား ညနေစောစောပြန်ခဲ့ဖို့ သတိပေးတာနော်"





"စိတ်ချပါ ပြန်ခဲ့မှာပါ"

"ရှောင်နေမှာစိုးလို့ သတိပေးရတာပေါ့"

"မရှောင်ပါဘူး။ သား လုပ်နိုင်ရင် ကတိပေးတယ်။ မလုပ်နိုင်ရင် ကတိမပေးဘူး မေမေ၊ သား သူနဲ့ဆုံမယ်ဆိုရင် ဆုံဖြစ်အောင် လုပ်ပါ့မယ်"

"အေး ... ဒါဖြင့်လည်း စောစောသာ ပြန်ခဲ့တော့"

မေမေ ဖုန်းကို ဖျတ်ခနဲ ချသွားသံကို နားထောင်ရင်း ကုဋေ သူ့ဖုန်းကို ပြန်ပိတ်လိုက်သည်။

"ကျွန်တော် ညနေ အိမ်စောစောပြန်မှဖြစ်မယ် ကိုလွင်မင်း။ ဒီတော့ အခုပြောနေတဲ့ အလုပ်ကိစ္စလေး ဖြတ်လိုက်ကြရအောင်"

"အိုခေ ... ရပါတယ်"

ကိုလွင်မင်းနဲ့ ကုဋေတို့က အစုစပ်ရှယ်ယာလုပ်ပြီး မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ ပန်းပု၊ ပန်းချီ စသည်များကို အရောင်းပြခန်းကြီး ဖွင့်လှစ်ကာ ရောင်းချရန် စီစဉ်နေကြခြင်း ဖြစ်ပါသည်။ ဒါကြောင့်လည်း မကြာခဏ ဆုံဖြစ်နေခြင်းပင်။ အရင်တည်းကလည်း ဟိုလူဒီလူ မိတ်ဆက်ပေးကြရင်း သိကျွမ်းပြီး ဖြစ်ပေမယ့် အခုတော့ လုပ်ငန်းတစ်ခုအတူတည်ထောင်ကြမည်ဖြစ်သဖြင့် ပိုရင်းနှီးလာတဲ့သဘော ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ကိုလွင်မင်းနဲ့ကိစ္စ ဖြတ်ပြီးသောအခါ ရုံးခန်းထဲက မထွက်ခင်မှာ မှာစရာရှိတာမှာပြီး အိမ်ပြန်လာလိုက်ပါသည်။ ကုရွှေ့ရဲ့ကုမ္ပဏီရုံးခန်းမှာ ကွန်ဒိုအဆောက်အအုံမှာ သီးသန့်ဖွင့်ထားခြင်း ဖြစ်ပါသည်။ ဟိုတယ်အတွက် လိုအပ်တာတွေ သိရဖို့တော့ တစ်ရက်တစ်ခါ သွားစစ်ပါသည်။ နယ်မြို့တွေမှာရှိသော ဟိုတယ်တွေအတွက်တော့ မန်နေဂျာကိုသာ တာဝန်ပေးထားသလို သူကိုယ်တိုင်လည်း တစ်လတစ်ခါတော့ လျှပ်တစ်ပြက်အကြောင်းမကြားဘဲ သွားရောက်စစ်ဆေးတာမျိုး လုပ်တတ်သည်။

ညနေ အိမ်ပြန်ရောက်သောအခါ အခန်းထဲတန်းဝင်ခဲ့ပြီး ရေမိုးချိုး အဝတ်လဲလိုက်သည်။ ဒီနေ့ သူ ဘယ်သူနဲ့ဆုံရမယ်ဆိုတာကို ကုရွှေ သိထားပြီးဖြစ်ပေမယ့် လုံးဝစိတ်လှုပ်ရှားတာမျိုးမရှိပါ။ တစ်နေ့ကျရင် ဒါမျိုးကြုံရမယ်ဆိုတာ သိထားပြီးဖြစ်လေရာ သူ့အတွက် ထူးထူးခြားခြား စိတ်လှုပ်ရှားမိတာမျိုး ရှိမနေချေ။

အဝတ်လဲပြီး အခန်းထဲရှိ အိပ်ရာပေါ် လှဲကာ အိပ်ရာခြေရင်းတွင်ရှိသော တီဗီကိုခလုတ်ဖွင့်ရင်း ခဏကြည့်နေစဉ် ...

"ဒေါက် ... ဒေါက်"

ဟူသော အခန်းတံခါးခေါက်သံ ကြားရသည်။

"ဝင်ခဲ့ ... ရတယ်"



အခန်းတံခါးဘုလှည့်တာတွေရပြီး တံခါးဟစေ့ဖြစ်သွားတာ ခေါင်းတစ်လုံး ပေါ်လာသည်။ အိမ်အကူကောင်မလေး ဘုတ်ဆုံဖြစ်နေသည်။

"အန်တီက ဦးကုရွှေ ပြီးရင် ဆင်းလာခဲ့ပါဆိုလို့"

"ဧည့်သည်တွေ ရောက်ပြီလား"

"ရောက်ပါပြီ"

"ဒါဆို ငါ ဆင်းခဲ့မယ်"

"ဟုတ်"

ဘုတ်ဆုံခေါင်း လစ်ခနဲပျောက်သွားပါသည်။ ကုရွှေလည်း တီဗီကို ရီမုဒ်ဖြင့် ခလုတ်ပြန်ပိတ်လိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့ပါသည်။ ကုရွှေ့အိပ်ခန်းက အပေါ်ထပ်မှာ ဖြစ်သဖြင့် အောက်ထပ်ကို ဆင်းလာခဲ့ပါသည်။

ဧည့်ခန်းက သီးသန့်လိုဖြစ်နေတာကြောင့် ဧည့်ခန်းကိုသာ ဝင်သွားလိုက်သည်။ ကုရွှေ ဝင်သွားတော့ အထဲမှာရှိနေပြီးသား လူလေးယောက်တို့၏ မျက်ဝန်းတွေ ကုရွှေ့ဆီရောက်လာကြသည်။ မေမေ ဦးမြတ်ဘုန်းခေါင်သီဟနှင့် မေမေ ဒေါ်မိုးမြတ်တို့ကတော့ ကုရွှေ့ကို သာမန်မျှသာ လှမ်းကြည့်ပေမယ့် ကျန်တဲ့လူနှစ်ဦးဖြစ်သော ဦးရဲကျော်သူနှင့် သမီး သိရိစန္ဒာသူတို့ကတော့ ကရွှေ့ကို သေသေချာချာ အကဲခတ်ကြည့်လိုက်ကြတာမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"သား ... လာထိုင်"

ကုဧှေသည် မိအနှစ်ပါးအနီးရှိ တစ်ယောက်ထိုင်ဆိုဖာမှာ ဝင်ထိုင်လိုက်ပါသည်။

မာနကြီးသော၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးဟန်အမြဲလွှမ်းနေသော သီရိစန္ဒာသူ၏ မျက်ဝန်းတွေကတော့ အရင်ကအတိုင်း မပြောင်းလဲဘဲ ကုဧှေ့ကို အထက်စီးကပုံစံဖြင့် ကြည့်နေသည်။

"မတွေ့တာ နှစ်နှစ်လောက်ရှိသွားပြီ ထင်တယ်နော်"

မေမေက စကားစပေးလိုက်ပါသည်။

"ဟုတ်တယ် မမိုးမြတ်။ ကျွန်တော်နဲ့ ကိုသီဟတို့ကတော့ သုံးလေးငါးလတစ်ခါ အလုပ်ကိစ္စတွေနဲ့ ဆုံဖြစ်ကြပေမယ့် မိသားစုနဲ့က အခုလိုမှပဲ ဆုံတော့တယ်၊ မောင်ကုဧှေ့သတင်းတွေလည်း ကြားပါတယ်။ ဂျာနယ်တို့၊ မဂ္ဂဇင်းတို့လည်း တစ်ခါတလေ ကြည့်မိတဲ့အခါ တွေ့လိုက်ပါတယ်"

"သမီး သီရိကိုလည်း လူချင်းမတွေ့ရပေမယ့် အန်တီသမီးဓာတ်ပုံလေးတွေလည်း တွေ့ပါတယ်။ သတင်းလည်းဖတ်ရတယ်။ သမီးရဲ့ကျောင်းက တော်တော်အောင်မြင်နေတော့ ပွဲတွေအများကြီး လုပ်ဖြစ်တာ သိရတယ်"

"ဟုတ်ကဲ့ပါ အန်တီ။ သီရိလည်း မအားရပါဘူး၊ ဒီလောက်အောင်မြင်တာကို မကျေနပ်သေးဘဲ တခြားဘယ်နေရာတွေမှာ အောင်မြင်အောင် လုပ်ရဦးမလဲပဲတွေးပြီး အလုပ်ကို ရှာဖွေနေရတယ်"

ကုဧှေနဲ့ သီရိစန္ဒာသူတို့ကတော့ တစ်ယောက်နဲ့တစ်ယောက် အကွက်ချောင်းနေသူတွေလိုပဲ အကဲခတ်နေမိကြသည်။ ထုံးစံအတိုင်း လူကြီးတွေပဲ ဦးဆောင်ပြီး ဟိုအကြောင်း ဒီအကြောင်းပြောကာ စကားဝိုင်းကို စိုပြည်စေသည်။ ထမင်းပွဲဖြင့် ညေ့ခံပြီးသောအခါ လူကြီးစကားဝိုင်းဟာ သီးသန့်လိုဖြစ်သွားပါသည်။

ကုဧှေနဲ့ သီရိစန္ဒာသူက ဧည့်ခန်းနဲ့ကပ်ရပ်အခန်းတွင်ရှိသော တီဗီကြည့်သည့်သီးသန့်ခန်းတွင် တီဗီရှေ့ အတူထိုင်မိကြသည်။

"မတွေ့တာ နှစ်နှစ်ရှိပြီလို့ အန်တီက ဘာသဘောနဲ့ပြောတယ်ထင်လဲ"

"ဘယ်သိမလဲ"

"နှစ်နဲ့ငါ တွဲဖူးကြတယ်၊ မာနတွေပြိုင်ပြီး ကွဲသွားကြတယ်၊ နှစ်နှစ်ကြာပြီလို့ ပြောတာနဲ့ အတူတူပဲ"



www.burmeseclassic.com

www.burmeseclassic.com

သီရိစန္ဒာသူက ပွင့်ပွင့်လင်းလင်းပဲ ရယ်မောပြောလိုက်သည်။ ရယ်လိုက်သောအခါ စံပယ်ဖူးလေးတွေလို ဖူးနေသည့် သွားစွယ်လေးနှစ်ဖက်က လှစ်ခနဲပေါ်လာသည်။ ခပ်လက်လက် အရောင်စူးရှသော မျက်ဝန်းနှစ်ဖက်တို့က စိန်ပွင့်လေးတွေလို ဖျတ်ခနဲ ဖြစ်သွားသည်။ သေးသွယ်ပြီး ညီညာအောင် ပုံဖော်ထားသော မျက်ခုံးတန်းညိုညိုလေးတွေရယ်၊ အဖျားမှာချွန်ပြီး ကော့ကော့လေးဖြစ်နေသော နှာတံသွယ်သွယ်ရယ်၊ ဝှေ့(ဖ်)ကြီးကြီးတွေ ပုံဖော်ထားသော ပုံကျကျဆံပင်ရယ်၊ လည်တိုင်သွယ်သွယ်ရယ် တို့ဖြင့် ခြုံငုံကြည့်လျှင် မိန်းမလှစာရင်းဝင်သော သီရိစန္ဒာသူ၏ စကားပြောပွင့်လင်းမှုကို ကုဋေ ရိုးနေပေပြီ။

လွန်ခဲ့တဲ့ နှစ်နှစ်ကျော်တုန်းကတော့ ဒီအသိုင်းအဝိုင်းမှာ ကျင်လည်နေကြသူချင်း မြင်ဖူး၊ တွေ့ဖူးပြီး ကုဋေကလည်း သူမရဲ့အလှနဲ့ ထက်မြက်မှုကို စိတ်ဝင်စားခဲ့သလို သူမကလည်း ကုဋေတို့၏ ဂုဏ်သတင်းကိုရော၊ ကုဋေရဲ့ရုပ်ရည်ချောမောမှုကိုရော သဘောကျပြီး နှစ်ဦးသဘောတူ ချစ်သူရည်းစားအဖြစ် အတိအလင်း တွဲခဲ့ဖူးပါသည်။ အဲဒီတုန်းကတော့ ပတ်ဝန်းကျင်မှာ သူတို့ကို အားကျကြသူတွေမနည်း။ ရုပ်ချော၊ ငွေကြေးချမ်းသာ၊ အသိုင်းအဝိုင်းဂုဏ်ရှိ စသော အရည်အချင်းတွေ ပြည့်စုံသူချင်း ဆုံစည်းရသည့်အတွက် တကယ့်ကို နေနဲ့လ၊ ရွှေနဲ့မြအဖြစ် သတ်မှတ်ခံခဲ့ရဖူးသည်။





နောက်တော့ ဘယ်လိုကနေ ဘယ်လိုသဘောထားတွေ မတိုက်ဆိုင်လာသလဲတော့မသိ။ အပြန်အလှန် ငြင်းခုံရတာတွေများလာတော့ စိတ်တွေကောက်ကြ၊ ချော့ကြ၊ တစ်ဖန်ပြန် စိတ်ဆိုးအော်ဟစ်ကြ၊ သူချော့လာမလား၊ ငါချော့ရမလား စောင့်ကြည့်ကြဖြင့် တဖြည်းဖြည်းနှင့် ဝေးသွားခဲ့ကြရာက နှစ်နှစ်လောက် အဆက်အသွယ် မလုပ်ဖြစ်ကြ၊ မတွေ့ဖြစ်ကြတော့တာဖြစ်သည်။

"အသက်တွေ မငယ်တော့ဘူးဆိုပြီး ဖေဖေက နင့်မိဘတွေနဲ့သဘောတူညီချက်ယူပြီး နင်နဲ့ငါ့ကို လက်ထပ်ပေးချင်ကြတယ်ဆိုတာ နင် သိပြီးပြီမဟုတ်လား ကုဋေ"

"ငါသိပြီးပြီဆိုတာ နင်လည်း သိနေရက်နဲ့ ဘာကြောင့် ဒီမေးခွန်းကို မေးထာလဲ"

"ဟာ ... ဟ၊ စပြီ၊ ဒီလိုအပြောအဆိုတွေကြောင့်ပဲ ညှိမရခဲ့တာ"

"အခုလည်း ညှိဖို့မကြိုးစားပါဘူး"

"မညှိပါနဲ့၊ ငါကလည်း ညှိရင်ကျေနပ်မယ့် မိန်းမစားမျိုး မဟုတ်ဘူး။ ငါ့အဖေ စိတ်ကျေနပ်အောင် ဒီအိမ်လိုက်လာပေးတယ် မှတ်ပါ"

"ငါကလည်း မိဘကျေနပ်အောင် ဟန်ဆောင်နေတာပါ"


www.burmeseclassic.com

www.burmeseclassic.com

"နေစမ်းပါဦး၊ နင်နဲ့ ငါက လွန်ခဲ့တဲ့နှစ်နှစ်ကျော်တုန်းက ဘာလဲ"

သီရိစန္ဒာသူက ဒါကိုအစဖော်ပြီး မေးလေသည်။

"ရည်းစားပေါ့"

ကုဋေကလည်း ရွှဲ့ပြီးဖြေသည်။

"ရည်းစားဆိုတာ တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ ရည်းစားဖြစ်တာလေ။ နင်နဲ့ငါ ချစ်ရောချစ်ခဲ့ကြရဲ့လား"

"အဲဒီမေးခွန်းအတွက် နင့်မှာ အဖြေရှိပြီးသားပါ"

သီရိစန္ဒာသူက ခပ်သဲ့သဲ့ရယ်သည်။

"ငါ မညာတတ်ဘူး ကုဋေ။ ငါဘဝမှာ တွဲခဲ့ဖူးတဲ့ယောကျ်ား ဟာ နင်တစ်ယောက်ပဲရှိတယ်။ သီရိစန္ဒာသူမှာ ရည်းစား တစ်ယောက်ရှိခဲ့တယ်၊ သူကတော့ မြတ်ဘုန်းခေါင်ကုဋေ လို့ လူတိုင်းအသိခံခဲ့ဖူးတယ်"

"နင် အခု ဘာကို ဆွေးနွေးချင်တာလဲ"

"ဆွေးနွေးသင့်ရင် ဆွေးနွေးရမယ်လေ။ ငါတို့လက်ထပ် ကြရတော့မှာပဲ"

"အချစ်မပါရင် လက်မထပ်ချင်ဘူးလို့ နင် ပြောချင်တာ လား"





"ဘဝမှာအချစ်က အရေးမကြီးဘူး ဆိုပေမယ့် ကိုယ်ယူမယ့် ယောကျ်ားမှာ တခြားချစ်ရမယ့်မိန်းမ ရှိနေရင်တော့ ကသိ ကအောက်ဖြစ်တယ် ကုဋေ။ ငါတို့ တစ်ယောက်နဲ့တစ် ယောက် မချစ်ကြပေမယ့် ငါ့မှာလည်း တခြားချစ်ရမယ့်သူ မရှိဘူး ဆိုရင်တော့ လက်ထပ်ရင် ဖြစ်နိုင်တယ်။ သံယောဇဉ် ကြောင့်ရော၊ ဂုဏ်သိက္ခာကြောင့်ရော ဒီအိမ်ထောင်ကို နိုင်မြဲအောင် လုပ်လို့ရတယ်လို့ ငါ ထင်တယ်"

"ငါကတော့ ယောကျ်ားကို ဦးစားမပေးဘဲ ယောကျ်ားနဲ့ မာနပြိုင်နေတဲ့ မိန်းမကိုယူဖို့ တော်တော်ပြန်စဉ်းစားရဦး မယ်"

သူတို့စကားပြောတာ သိပ်ပြီး အပေါက်အလမ်း မတည့်၊ အဆင်မပြေလှသည်ဖြစ်ရာ ကုဋေက တီဗီချယ်နယ်ကို သာပြောင်းပြီး အာရုံစိုက်ကြည့်လိုက်ပါသည်။ ဖြစ်ချင်တော့ ချယ်နယ်သစ်တစ်ခုမှ မြန်မာပြည်သို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားခရီးသွားများနှင့် တိုးကုမ္ပဏီများအကြောင်း ပြသနေတာ နှင့်ကြုံသည်။ အင်တာဗျူးလုပ်နေတာတွေ ကုမ္ပဏီထဲက တိုးဂိုဒ် တွေအကြောင်း ပြနေစဉ် ခင်ဒီရေလို့ သူသိထားပြီးသော ကိုလွင် မင်း စိတ်ဝင်စားနေသည့် မိန်းကလေးကို ဖျတ်ခနဲတွေ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com

အင်တာဗျူးသူက ခင်ဒီရေ့ဘက် မိုက်ခရိုဖုန်းထိုးပေးပြီး မေးခွန်းတွေ စမေးသဖြင့် ကုဋေ ဘာရယ်မဟုတ် စိတ်ဝင်စားစွာ နားထောင်မိသည်။

"နာမည်လေး သိပါရစေရှင်"

"ခင်ဒီရေပါ"

ခင်ဒီရေမှာ သူမကို ကင်မရာနှင့်ရိုက်နေသောကြောင့် မနေတတ်သလို ရှက်ကိုးရှက်ကန်း မျက်လုံးတွေ ဖြစ်နေသည်။ ဒီနေ့တော့ ခရမ်းချဉ်သီးရောင် မြန်မာအင်္ကျီလက်ရှည်နှင့် ချည်ချိတ်လုံချည် အရောင်ဆင်တူကို ဝတ်ဆင်ထားသည်။ တီဗီချယ်နယ်က လာရိုက်မည်ဆိုတာ သိထား၍ သေသေချာချာဝတ်စားပြင်ဆင်လာပုံရနေသည်။ သို့သော် ဆံပင်ကတော့ မြင်နေကျပုံစံ ပိုနီတေးလ်မြင့်မြင့်လေး စည်းထားသောပုံစံသာဖြစ်သည်။ ဆံပင်တွေ ရှင်းနေသော လည်တိုင်လေးက သွယ်ဖြောင့်နေတာတော့ အမှန်ပင်။

"Earth (အာ့သ်)ကုမ္ပဏီမှာ ဘာတာဝန်ယူပါသလဲရှင်"

"တိုးဂိုက်ပါ။ ကျွန်မက ပြင်သစ်လူမျိုးတွေလာရင် ဂိုက်လုပ်ရပါတယ်။ ဧည့်သည်မရှိတဲ့ အချိန်တွေမှာတော့ ရုံးမှာပဲ ထိုင်ပါတယ်"





"မြန်မာပြည်ကို လာလည်ကြတဲ့ ပြည်ပခရီးသွားတွေ ဘယ်နေရာကို သွားရတာ ကြိုက်သလဲ။ ဘာကြောင့်ကြိုက်တယ်ထင်သလဲ ဆိုတာလေး ပြောပြပေးနိုင်မလားရှင်"

"ခရီးသွားတွေဟာ ..."

"ကဲ ... ကုဋေ၊ နင် တီဗီကြည့်မယ်ဆိုရင် ငါ ဖေဖေတို့နား သွားတော့မယ်"

ခင်ဒီရေ၏ ပြန်ပြောသံကို လွှမ်းသွားစေသော နံဘေးမှာရှိသည့် သီရိစန္ဒာသူ၏ စကားသံကြောင့် ကုဋေ အာရုံပျက်သွားပါသည်။

"သွားလေ"

"နင့်မျက်လုံးတွေက အဲဒီ တိုးဂိုက်မလေးဆီက မလွဲတော့ဘူး"

"ဟုတ်တယ်၊ ငါ စိတ်ဝင်စားလို့ကြည့်တာ"

ကုဋေကလည်း တမင်ပြန်ပြောလိုက်ပါသည်။ သီရိစန္ဒာသူက ခနဲ့သလိုလိုရယ်ပြီး တစ်ဖက်ဧည့်ခန်းဆီ ကူးသွားပါသည်။

ဒီတော့မှ ကုဋေ တီဗီဘက်ပြန်လှည့်လျှင် ခင်ဒီရေကို အင်တာဗျူးခြင်း ပြီးသွားပြီ။ တခြားသော စကားပြန်ဂိုက်များကို အင်တာဗျူးနေတာ တွေ့ရသည်။ သိပ်ကြည့်ချင်စရာသည်


www.burmeseclassic.com

မဟုတ်ပေမယ့် ကိုလွင်မင်း သဘောကျသည်ဆိုသော ကောင်မလေးကိုမို့ သူ သတိထားကြည့်မိချင်မိတာမျိုး ဖြစ်လေသည်။

သီရိစန္ဒာသူတို့ သားအဖ ပြန်သွားသောအခါ ကိုငွေနဲ့ ဖေဖေ၊ မေမေ စကားပြောရလေသည်။

"မေမေတို့ ကျွန်တော့်ကို သူနဲ့ပေးစားမယ်လို့ စီစဉ်ရင်တော့ ပြန်စဉ်းစားပါဦးလို့ ပြောချင်တယ်"

"ဘာဖြစ်လို့လဲ"

"သူနဲ့ကျွန်တော် မဖြစ်ဘူးထင်တယ်။ သူက မိဖုရားလုပ်ချင်တဲ့ မိန်းမမျိုးမဟုတ်ဘူး။ ဘုရင်မလုပ်ချင်တဲ့မိန်းမမျိုး"

"သားတို့အရင်က ရည်းစားဖြစ်ခဲ့ကြတာပဲ၊ အခု မိဘသဘောကျပြီး ရွေးတာကို ဘာလက်မခံနိုင်စရာရှိလဲ"

"သူ့မာနကို ကျွန်တော် မခံနိုင်ဘူး။ မိန်းမဖြစ်ပြီး ယောကျ်ားနဲ့လိုက်ပြိုင်နေတာ၊ သူ့ကိုယ်သူကလွဲရင် ဘယ်သူမှ သူ့လောက်မတော်ဘူး ထင်နေတာကို မကြိုက်ဘူး"

"အဲဒီလိုမိန်းကလေးမျိုးကိုမှ ဖေဖေက အထင်ကြီးတယ်ကွ။ မြတ်ဘုန်းခေါင်မျိုးရိုးမို့ အထင်ကြီးအားကျပြီး လက်ခံတာထက် သူကိုယ်တိုင်ကလည်း ထက်မြက်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေတာကို ကြိုက်တာ။ ဖေဖေကလည်း သူ့ကို ဦးရဲကျော်သူ သမီးမို့ လက်ခံတာ"



သီရိစန္ဒာသူ၏ဖခင် ဦးရဲကျော်သူမှာလည်း မှူးကြီးမတ်ရာမျိုးရိုးမှ ဆင်းသက်လာသည်ဟု ကုငွေ သိထားပါသည်။ ရှေးဘုရင်လက်ထက်က ဘုရင့်အကြံပေး၊ အခစားဝင်ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးများထဲမှ ဘွဲ့ထူးဂုဏ်ထူးရသော မှူးမတ်ကြီးတစ်ဦးမှ ဆင်းသက်လာသူဖြစ်လေရာ ဖေဖေ ဦးမြတ်ဘုန်းခေါင်သီဟအဖို့ ဒီအချက်ဟာ တော်တော့်ကို ကျေနပ်အားရစရာကောင်းသောအချက် ဖြစ်နေသည်။ ဦးရဲကျော်သူ၏ဇနီး ဒေါ်နန်းမြကေသီမှာလည်း ရှမ်းစော်ဘွားနွယ်ဝင်သမီး ဖြစ်သဖြင့် တကယ့်ကို မျိုးရိုးဂုဏ်မြင့်လှသော အနေအထား ဖြစ်လေသည်။

ဒေါ်နန်းမြကေသီမှာ ပြီးခဲ့တဲ့နှစ်ကမှ ကင်ဆာဖြင့် ဆုံးပါးသွားပြီမို့ တစ်ဦးတည်းသောသမီး သီရိစန္ဒာသူမှာ အဖေနဲ့ ကျန်ရစ်ပါသည်။

"သူ့မှာ ဒီသမီးလေးတစ်ယောက်တည်း ရှိတာဆိုတော့ သူ တစ်ခုခု ဖြစ်မသွားခင် စိတ်ချခဲ့ချင်လို့ သူကလည်း စီစဉ်ချင်တာ။ ဖေဖေလည်း သား ဟိုမိန်းကလေးနဲ့တွဲ ဒီမိန်းကလေးနဲ့တွဲလုပ်ရင်း မတော်တဆ အတည်ဖြစ်သွားမှာစိုးလို့ စိတ်ချရတဲ့သူနဲ့ စီစဉ်ပေးချင်တာ၊ တိုက်ဆိုင်ပြီး အတော်ပဲဖြစ်သွားတယ်။ သူတို့ရဲ့ချမ်းသာမှုဟာ ငါတို့ဘက်ကိုမမီပေမယ့် မျိုးရိုးဂုဏ်ကိုကြိုက်လို့။ ပြီးတော့ သီရိစန္ဒာသူ

www.burmeseclassic.com

ဟာ ဘာနာမည်ပျက်မှုမရှိတဲ့ မိန်းကလေးပဲ။ သူနဲ့ရည်းစားဖြစ်ဖူးတဲ့သူ ပြပါဆိုရင် မင်းပဲရှိတယ် ကုဋေ။ ဒါ ဘယ်လောက်ကောင်းတဲ့ အချက်လဲ"

"သူ့ကိုမယူရင် မရဘူးလား"

ကုဋေ ဖေဖေ့ကို အတိုက်အခံပြောရင်မရမှန်း ကြိုသိပြီးဖြစ်ပေမယ့် အမှတ်မထင် ပြန်မေးမိလေသည်။

"မရဘူးလို့ မပြောဘူး။ မင်း သူ့ကိုမယူတဲ ငြင်းခဲ့မယ်။ တစ်နေ့ကျရင် မင်း,ယူချင်တဲ့ မိန်းကလေးကိုတွေ့လို့ ငါတို့ဆီ ခေါ်လာမယ်ဆိုရင် တစ်ခုကြိုပြောထားမယ်။ သီရိစန္ဒာသူထက် မျိုးရိုးဂုဏ်သာတဲ့သူ၊ ပိုတော်တဲ့သူ၊ ပိုထက်မြက်တဲ့သူ၊ ပိုလှတဲ့သူဖြစ်မှ ခေါ်လာပြီး မိတ်ဆက်ပေးပါ။ အဲဒီလိုဆိုရင် လက်ခံမယ်။ ငါပြောထားတဲ့ 'စံ'တွေနဲ့ မကိုက်ညီတဲ့ မိန်းကလေးမျိုး ဖြစ်နေမယ် ဆိုရင်တော့ ခေါ်လာပြစရာ မလိုဘူး။ မြတ်ဘုန်းခေါင် မိသားစုရဲ့ အမွေအနှစ်တွေကိုလည်း ခံစားစရာမရှိဘူး"

○ ❤ ○





## ၆

ဒီရေသည် ဘူဖေး Buffet စားပွဲတွေကို အနည်းငယ်စီ ရွေးထည့်ပြီး ဒီဘက်လှည့်လိုက်လျှင် အနောက်မှာ အသာရပ်စောင့်ကာ ပြုံးကြည့်နေသူတစ်ဦးနှင့် ရင်ဆိုင်မိသွားပါသည်။ ရုပ်ရည်က မိန်းကလေးတွေ သဘောကျလောက်သော ချောချောနှင့် ရိုးကျကျရုပ်မျိုးပေမယ့် မျက်လုံးတွေကတော့ ရိုးသားမှုမရှိဘူးဟု ဒီရေ ထင်သည်။

ထိုသူကို တွေ့ဖူးသလိုလို ဖြစ်နေပေမယ့် ဘယ်မှာတွေ့ဖူးခဲ့မှန်း စဉ်းစားမရလေရာ ဒီရေ သူ့ကိုရှောင်ထွက်ဖို့သာ စိတ်ကူးလိုက်ပါသည်။

"ဟေး ... မင်းကို ကိုယ်တွေ့ဖူးသလိုပဲ"

ထိုသူ့အသံကြောင့် ဒီရေ အားနာပါးနာဖြင့်ပြုံးကာ လှည့်ကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီယ်တို့ ဆုံဖူးကြတယ် မဟုတ်လား"

"မဟုတ်ဘူး ထင်တယ်။ ကျွန်မတော့ တစ်ခါမှမတွေ့ဖူးဘူး ထင်တာပဲ"

"မင်း ခင်ဒီရေ မဟုတ်လား"

ဒီရေ့အမည်ကို သိနေသဖြင့် ဒီရေ အံ့သြသွားပါသည်။

"Earth ကုမ္ပဏီကလေ"

"ဟုတ်ကဲ့"

"မင်းက ပြင်သစ်ဂိုက်တစ်ယောက်လို့ ကိုယ်သိထားတယ်"

"ရှင့်ဥစ္စာက ဒါဆို တွေ့ဖူးတဲ့အဆင့် မဟုတ်တော့ဘူး။ နာမည်ရော ဘာအလုပ် လုပ်တယ်ဆိုတာရော သိထားတာဟာ တွေ့ဖူးတယ်ဆိုတဲ့စကားကို သုံးတဲ့အဆင့် မဟုတ်တော့ဘူး"

"ဟား ဟား ... မင်းရဲ့မြန်မာစကားပြော ကြွယ်ဝမှုကို ကိုယ် ရှုံးပါပြီ"

ဒီရေမှာ အခြေအနေကို မကြိုက်တော့တာကြောင့် ...

"ခွင့်ပြုပါဦးရှင်"

ဟု တစ်ခွန်းပြောပြီး လှည့်ထွက်လိုက်ပါသည်။





"မင်းကို ကိုယ် Golden Castle မှာ ဧည့်သည်လာပို့တုန်းက တစ်ခါတွေ့ဖူးတယ်။ မနေ့ကတော့ ချယ်နယ်ဆဲဗင်းမှာ အင်တာဗျူးတော့ သေသေချာချာ တွေ့လိုက်ရလို့ သိနေတာပါ"

ဒီတော့မှ ဒီရေလည်း ဒီလူ ဘာကြောင့်သိနေသလဲ ဆိုသောအဖြေကို ရသွားပါသည်။ ချယ်နယ်ဆဲဗင်း ဆိုတာက ပုဂ္ဂလိက တီဗီချယ်နယ်တစ်ခု အသစ်ထွက်လာတာဖြစ်ပြီး အဓိကအားဖြင့် မြန်မာပြည်အနှံ့ ခရီးသွားသောအကြောင်းတွေ၊ တိုးကုမ္ပဏီအကြောင်း၊ ခရီးဝေးသွားသော အဝေးပြေးခရီးသည်တင်ကားတွေအကြောင်း၊ ဘုရားဖူးယာဉ်တွေအကြောင်း၊ Package Tour ပက်ကေ့(ချ်)တိုး အနေနဲ့ ဘယ်ဟာဘယ်ဟာယူပြီး ဘယ်ဈေးနဲ့သွားရင်ရတယ် ဆိုတာမျိုးတွေအကြောင်း စသဖြင့် ခရီးသွားချယ်နယ်လို့ အများကအလွယ်တကူ အခေါ်ခံရတဲ့ တီဗီချယ်နယ်အသစ်ဖြစ်သည်။

မနေ့ကတော့ တိုးကုမ္ပဏီတွေ အကုန်လုံးကို လိုက်ရိုက်ပြကာ ဝန်ထမ်းတချို့နဲ့ တစ်မိနစ်မျှ အင်တာဗျူးခဲ့တာလေးတွေ ရိုက်ကူးထုတ်လွှင့်သဖြင့် အဲဒီထဲမှာ ခင်ဒီရေ ပါသွားပါသည်။ ဒါကလည်း ကိုယ်က တမင်တီဗီထဲပါချင်လို့ အင်တာဗျူးခံတာ မဟုတ်ဘဲ ကုမ္ပဏီပိုင်ရှင်သူဌေးက ...



www.burmeseclassic.com

www.burmeseclassic.com



“ဒီရေ … ညည်းကို အင်တာဗျူးရမယ့်သူစာရင်းထဲ ငါ ထည့်ထားတယ်။ သေသေချာချာ ပြင်ဆင်လာပါ”

ဟု အမိန့်ပေးတာနဲ့ သူဌေးအလိုကျ တီဗီထဲပုံါရ တာမင်။

“ဟုတ်ကဲ့ … အခုလို သတိထားမိတာ ကျေးဇူးတင်ပါတယ်။ ကျွန်မကို ခွင့်ပြုပါဦးနော်”

ဒီရေမှာ ကုမ္ပဏီက သူငယ်ချင်းများရှိရာ စားပွဲတွင် ပြန်လာထိုင်လိုက်မှပဲ ရင်ထဲမှာ အေးသွားပါသည်။

အဲဒီလူနားမှာရှိနေစဉ်က ဘာကြောင့်မှန်းမသိ ရင်ထဲတွင် မရှင်းပါ။ သူ့ အနားက အမြန်ဆုံး ထွက်ပြေးချင်နေခဲ့သည်။

“ဒီရေနဲ့စကားပြောနေတဲ့သူကို သိလား”

စားပွဲကို ရောက်ရောက်ချင်း မာလာခိုင်က စပ်စုသလို မေးလေသည်။

“မသိပါဘူး”

“မသိဘဲ အကြာကြီး စကားပြောနေလို့၊ ဟင်း ဟင်း … ဒီရေတော့ Prince Charming ပရင့်(စ)ချားမင်းနဲ့ တွေ့နေပြီထင်တယ်ဆိုပြီး အားကျနေတာ”





ပုံပြင်တွေထဲက ရုပ်ချောပြီး ချမ်းသာတဲ့ သူဌေးသားလေးနဲ့ တွေ့ရပြီဟု ပြောချင်သော မာလာခိုင်ကို ဒီရေ လျစ်လျူရှုလိုက်ပါသည်။

“ယူရိုပီရန်ဆုထ်ကို အပြည့်ဝတ်ထားတာ မဟုတ်ဘဲ ရုပ်လက်ရှည်နဲ့ နက်(ခ)တိုင်နဲ့တင် လူကသန့်ပြီး သီးခြားပုံဖြစ်နေတာနော်။ ဒီရေ ကံကောင်းတယ်”

“သူ့ဘာသာသူ ရုပ်သန့်တာ ဒီရေနဲ့ ဘာဆိုင်လဲ”

“ချမ်းလည်း ချမ်းသာမယ့်ပုံ”

“ဟော … ဟော … လာနေပြီ၊ ဒီဘက် လာနေပြီ”

ဒီရေ တော်တော့်ကို စိတ်ညစ်ညူးသွားပါသည်။ ဒီရေတို့ တိုးကုမ္ပဏီဥက္ကဋ္ဌရဲ့ အသက်ငါးဆယ်ပြည့် မွေးနေ့ပါတီတွင် ဒီလိုလူတစ်ယောက်က ဘယ်လိုပတ်သက်မှုနဲ့ ရောက်လာခဲ့သလဲ။ ဒီလူ ဘယ်သူလဲ။ ဘာကြောင့် ဒီရေ့ကို ရောချင်ရသလဲ။

“ကျွန်တော် ဒီမှာထိုင်လို့ ရမလား”

“ရပါတယ်ရှင် … ထိုင်ပါ”

မာလာခိုင့်နံဘေးက မေယဉ်ဝင်းက အားနာတတ်သူမို့ ဘယ်သူမှမဖြေခင် ထိုသူ့ကို ထိုင်ခွင့်ပေးလိုက်ပါသည်။ ထိုသူက မိန်းကလေးသုံးယောက်တည်းရှိသော စားပွဲတွင် ခပ်တည်တည် ဝင်ထိုင်လျက် …



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောလို့ရော ရမလား"

ဟု ဆက်မေးလေသည်။

"ရပါတယ် ပြောကြတာပေါ့၊ လူလူချင်းပဲ တစ်ယောက်စကား တစ်ယောက် နားမလည်စရာမှ မရှိတာနော်"

မာလာနိုင့် အသံက စူးပြီးထွက်လာသည်။

"ခင်ဒီရေကိုတော့ မိတ်ဆက်ပြီးပါပြီ။ ဒီက ညီမတွေကရော Earth ကပဲလား"

"ဟီ ဟီ ... Earth ကမဟုတ်ဘူး Venus ဗီးနပ်(စ)က"

"ဟောဗျာ ... ဒါဆို တခြားကမ္ဘာကလာတဲ့ နတ်သမီးတွေပေါ့"

"ညီမက မာလာနိုင်ပါ။ သူက မေယဉ်ဝင်းပါ"

"ခင်ဒီရေက ဖရှန့်ရှိဂိုက်နော်။ ညီမတို့ကရော"

"မာလာက ချိုင်းနိ(စ်)ပါ။ မေယဉ်ဝင်းကတော့စပန်းနစ်(ရှ်)"

"တော်လိုက်ကြတာဗျာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ တခြားဘာသာစကားတွေ တတ်ကြတယ်။ ကျွန်တော်တို့များ ကိုယ့်မြန်မာစကားအပြင် မဖြစ်မနေ တတ်ထားရမယ့် အင်္ဂလိပ်စကားတောင် အိုးနင်းခွက်နင်း အကျိုးအပဲ့တွေနဲ့"

"ကျွန်မတို့ချည်းပဲ မေးနေတယ်။ အစ်ကိုကရော ဘယ်သူပါလဲရှင်"





မာလာနိုင်က ပြန်စပ်စုလိုက်ပါသည်။

"ကျွန်တော့်နာမည် လွင်မင်းပါ။ ကိုယ်ပိုင်လုပ်ငန်း လုပ်ပါတယ်။ လှိုင်သာယာစက်မှုဇုန်ဘက်မှာ အထည်ချုပ်စက်ရုံဖွင့်ထားပါတယ်။ ခုလောလောဆယ်တော့ Golden Castle အုပ်စုနဲ့ပေါင်းပြီး မြန်မာ့ရိုးရာပစ္စည်းတွေကို တစ်စုတစ်ဝေးတည်း ရနိုင်တဲ့ အရောင်းဆိုင်တစ်ဆိုင်ဖွင့်ဖို့ ပြင်ဆင်နေပါတယ်"

မာလာနိုင်နဲ့ မေယဉ်ဝင်းတို့ မျက်ဝန်းတွေ တောက်ပသွားကြောင်း ဒီရေ သတိထားမိချိန်တွင် ဒီရေ့မြင်ကွင်းထဲကို လူတစ်ယောက် ဝင်လာသည်။ ဒီရေ့ရင်တွေ ထိတ်ခနဲတောင် လှုပ်ခတ်သွားခဲ့ပါသည်။ သူ ... ဟု ဒီရေ့နှလုံးသားက အော်ခေါ်လိုက်မိသည်ထင်သည်။

သူကတော့ ဒီရေတို့ဘက် တစ်ချက်ကြည့်ကာ တစ်ဖက်လှည့်သွားပါသည်။ သူသည် ဒီနေ့တော့ ရှပ်နီညိုရောင်ပေါ် ကုတ်အနက် ထပ်ဝတ်ထားကာ စတိုင်ပင်နီအနက်၊ ရှူး(စ်)အနက်တို့ဖြင့် တစ်မျိုးကြည့်ကောင်းနေသည်။ နက်(ခ)တိုင်မပါဘဲ ဝတ်ထားပေမယ့်လည်း သူ့ဝတ်ပုံစားပုံမှာ သူနဲ့တော့ တော်တော့်ကို လိုက်ဖက်လှသည်။ သူဟာ မော်ဒယ်လ်တစ်ယောက်လိုပဲ ဘယ်လိုအဝတ်အစားပဲ ဝတ်လိုက် ဝတ်လိုက် သူနဲ့ဆိုရင်တော့ အလိုလို ကြည့်ကောင်းသွားတာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ဒီမှာထိုင်နေတဲ့ လွင်မင်းဆိုတဲ့လူ ရုပ်ရည်သား နားပုံခြင်း မတိမ်းမယိမ်းပေမယ့် သူ့ဆီမှာတော့ အရှိန်အဝါတစ်မျိုး ရှိနေကြောင်း ဒီရေ အမှတ်ပေးမိသည်။ ဒီရေ သူ့ကိုစိုက်ကြည့် နေမိသောကြောင့် သူက သတိထားမိဟန်ဖြင့် သိသိသာသာပင် လှည့်ထွက်သွားသည်။

"ဟေး ... မင်း ဘယ်ကိုငေးနေတာလဲ၊ ကိုယ်မေးနေတာ မကြားဘူး"

ဒီရေ့ မျက်စိရှေ့ကို လက်ဖျောက်တီးလိုက်ပြီး နှောင့်ယှက်လိုက်သောကြောင့် ဒီရေစိတ်ဆိုးသွားပါသည်။ မာလာခိုင်တို့ကတော့ ရယ်မောနေကြ၏။

"ဟောဗျာ ... ကုဋေ ပါလား"

လွင်မင်းက ဒီရေ့အကြည့်ကို နှောင့်ယှက်လိုက်ပြီးမှ ဒီရေ ငေးစိုက်ကြည့်နေသောဘက် သူပါ လည်ပင်းလိမ်ကြည့်လျှင် အမှတ်မထင် ရေရွတ်မိသွားပါသည်။ ဒီကောင်မလေး ဘာကြောင့် ကုဋေ့ကို အသည်းအသန် လိုက်ကြည့်ရသလဲ။ လွင်မင်း စိတ်ထဲမှာ မနာလိုတော့ ဖြစ်သွားပါသည်။ ကုဋေ့ကိုသွားနှုတ်မဆက်ချင်တော့သဖြင့် မသိချင်ဟန်ဆောင်ရင် ကောင်းမလား စဉ်းစားနေတုန်းမှာပင် ကုဋေက ဒီဘက်တစ်ချက်လှည့်ကြည့်တာနဲ့ ဆုံသွားသောကြောင့် လွင်မင်း လက်ပြလိုက်ရသည်။





"ဟော့လူ ... ဒီဘက်လာခဲ့လေ"

ဒီရေသည် လွင်မင်းနှင့်သူ အသိအကျွမ်း ဖြစ်နေသောကြောင့် အံ့သြရမလို၊ ဝမ်းသာရမလို၊ စိတ်ရှုပ်ရမလို ခံစားချက်တွေ ရောထွေးသွားပါသည်။ လွင်မင်းဟာ ဒီရေ့ကိုလာရောနေမှန်း သိသာတာမို့ ဒီရေ စိတ်လည်းညစ်နေသည်။

လွင်မင်းက ခေါ်ပေမယ့် သူကတော့ မာနကြီးစွာ လက်အသာကာပြရင်း မလာဘူးဟု ခေါင်းပါခါပြသည်။ ပြီးတော့ ချက်ချင်းပဲ အနီးဆုံးစားပွဲမှာ ဝင်ထိုင်လိုက်ပါတော့၏။ ဒီတော့မှ လွင်မင်း ဒီဘက်ပြန်လှည့်လာသည်။

"ဒီရေက မြတ်ဘုန်းခေါင်ကုဋေကို သိထားပြီးသားထင်တယ်"

"ရှင် ... ဘယ်သူ့ကို"

"ခုန ဒီရေ လှမ်းကြည့်နေတာတွေ့လို့ပါ။ ကိုယ် ခုလှမ်းနှုတ်ဆက်လိုက်တဲ့လူလေ"

"သူ့နာမည်က ရှည်လိုက်တာ"

"မြတ်ဘုန်းခေါင်မိသားစုဝင်လေ"

"အဲ့ဒါ ဘာလဲ"

မာလာခိုင်က မကြားဖူးတာတွေ ကြားရသဖြင့် သိချင်စောဖြင့် ဝင်မေးလိုက်သည်။ ဒီရေလည်း မေးချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မာလာခိုင် ကိုယ့်ထက်အရင်ဦးသွားရာတောင် ဝမ်းသာနေသည်။ ဘာကြောင့်လဲဆိုတော့ ဒီရေ့ဘာသာဆို ဖွင့်မေးရဲမှာမဟုတ်ချေ။ ဒီရေက ကိုယ့်အပေါ် လူတစ်ဖက်သား အထင်သေးသွားမှာကို အလိုလိုနေရင်း စိုးရိမ်တတ်လေသည်။

"ဟောဗျာ ... မြတ်ဘုန်းခေါင်ကို မကြားဖူးဘူး"

"ကျွန်မတို့နဲ့ အလှမ်းဝေးတဲ့ အသိုင်းအဝိုင်းကို မကြားဖူးတာ သဘာဝကျပါတယ်ရှင်"

"မြတ်ဘုန်းခေါင် မိသားစုက အရမ်းချမ်းသာကြတာလေ။ အဲဒီ မြတ်ဘုန်းခေါင်ဆိုတဲ့ နာမည်ဟာ ဘုရင်ခေတ်က ပေးခဲ့တဲ့ ဘွဲ့ထူးဂုဏ်ထူးတဲ့၊ အဲဒီဘွဲ့ကို နောက်ပိုင်း မျိုးရိုးနာမည်အဖြစ် လက်ဆင့်ကမ်းလာကြတာပေါ့။ ဘုရင် ပေးတဲ့ဘွဲ့က သူတို့ သိပ်ကိုချမ်းသာတဲ့ သူဌေးတွေမို့ ဂုဏ်ပြုတဲ့အနေနဲ့ ပေးခဲ့တာလို့ ပြောကြတယ်။ အင်္ဂလန်မှာ ဆိုရင် Sir (ဆာ)ဘွဲ့ပေးသလိုမျိုးပေါ့"

မာလာခိုင်တို့တစ်တွေ မျက်လုံးတွေပြူးနေအောင် အံ့သြဟန်ပြကြသည်။ ဒီရေလည်း အံ့သြရပါသည်။ ဒီလောကမှာ အဲဒီလောက်ချမ်းသာတဲ့ မျိုးရိုးကြီးတစ်ခုဆိုတာ ရှိခဲ့သတဲ့လား။ ပုံပြင်တွေ ဒဏ္ဍာရီတွေထဲကလိုပါပဲလား။ သူဟာ မင်းသားတစ်ပါး ဖြစ်နေခဲ့သတဲ့။





"အခုထိလည်း သူဌေးတွေပဲပေါ့"

"ဩော် ... ချမ်းသာပြီလားဗျာ၊ ဘာမှမလုပ်ဘဲ ထိုင်နေရင်တောင် ရပေမယ့် မျိုးရိုးစဉ်ဆက် ဟိုတယ်လုပ်ငန်းကို တစ်သမတ်တည်း လုပ်လာကြတာ။ ငွေကို ငွေချင်းထပ်ပြီး ရင်းနှီးနိုင်တော့လည်း လုပ်ငန်းတွေက အောင်မြင်တာပေါ့၊ ဒီရေ မမှတ်မိဘူးလား။ ဒီရေ ဧည့်သည်တွေ တစ်ခါက လာပို့တဲ့ Golden Castle ဟာ သူတို့ပိုင်တာပေါ့"

ဒီရေ့မျက်လုံးထဲမှာတော့ ဒီရေဟာ သူနဲ့အဝေးကြီးမှာ ရောက်နေသည်ဟု မြင်မိသည်။ ဘယ်လိုခေါ်မလဲ။ ဟိုးတောင်ထိပ်ကို တောင်အောက်ကနေ မော့ကြည့်ရသလိုပဲ ခံစားရတယ်။ ဩော် ... ဒါကြောင့်လည်း သူဟာ အလိုလိုနေရင်း အရှိန်အဝါကြီးမားသလိုဖြစ်နေတဲ့ ပုံစံဝင်နေတာကိုး။ မျိုးနဲ့ ရိုးနဲ့ချီပြီး ချမ်းသာလာတဲ့ သူဌေးကြီးတစ်ယောက်မို့ သူ့ရဲ့အမူအရာတွေဟာ သိပ်ကိုမာနပါလွန်းနေတယ်။

"ဟောဗျာ ... နေရင်း ထိုင်ရင်း ကျွန်တော့်အကြောင်းကနေ ကုဋေ့အကြောင်း ရောက်သွားတယ်။ ခေါင်းစဉ်ပြောင်းမှထင်တယ်"

ဒီရေ၏ ငေးငေးဆွေးဆွေး လှမ်းကြည့်နေသော မျက်လုံးတွေကို မြင်သဖြင့် လွင်မင်း မနာလိုသလို ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုလွင်မင်းက ဘာကြောင့် ကျွန်မတို့စားပွဲမှာ လာထိုင်တာလဲ။ ကိုလွင်မင်းရဲ့မိတ်ဆွေ မြတ်ဘုန်းခေါင်ကုဋေ ရောက်လာပြီပဲ"

ဒီရေ တမင်ပြောချလိုက်ပါသည်။ ဒီလူ ဒီရေ့ကို လာကပ်နေသည်ကို မကြည်နူးပါ။ သူဟာ တကယ်သဘောကျလို့ လာရောတာထက် ငါလိုချင်တာ ရအောင်ယူမယ်ဆိုသောပုံစံနှင့် ဝင်ရောတာဖြစ်ကြောင်း ဒီရေ အလိုလိုသိနေသည်။

"ဒီရေတို့နဲ့ မိတ်ဆွေဖြစ်ချင်လို့လေ။ ကုဋေနဲ့ သွားထိုင်စရာမလိုပါဘူး။ သူနဲ့က မိတ်ဆွေဖြစ်ပြီးသား၊ တစ်ယောက်အကြောင်းတစ်ယောက် သိပြီးသားလေ။ ဒီရေတို့ကတော့ အခုမှ မိတ်ဆွေဖြစ်ရတာဆိုတော့ ဒီရေ့အကြောင်းတွေပြောပါဦး"

"ဘာမှပြောစရာမရှိပါဘူး"

ဒီရေ ခပ်တည်တည် ပြန်ဖြေလိုက်သည်။ မျက်နှာပြောင်တိုက်ပြီး ဝင်ရောရဲသော လွင်မင်း ဆိုတဲ့သူကိုလည်း စိတ်ထဲမှာ တော်တော်ချဉ်လှသည်။ ဒီလူ့ကို ဘယ်လိုဆွဲထုတ်ပစ်ရမလဲလို့ စဉ်းစားနေပေမယ့် အကြံမရ ဖြစ်နေသည်။ ဒီရေကိုယ်တိုင်ကလည်း မရိုင်းစိုင်းတတ်သဖြင့် စကားမပြောဘဲ အသံတိတ်နေနည်းနဲ့သာ တုံ့ပြန်မိသည်။





မာလာခိုင်တို့၊ မေယဉ်ဝင်းတို့ကလည်း ဒီရေ့သဘောကို အကဲခတ်လို့ရသဖြင့် လွင်မင်း ပြောသမျှကို အလိုက်အထိုက်သာ နားထောင်ရင်း စိတ်ကျဉ်းကျပ်နေပုံ ရလေသည်။

ဒီရေတို့က ဒီညေ့ခံပွဲကို ကုမ္ပဏီက ကိုယ်စားလွှတ်သဖြင့် လာကြရတာဖြစ်သည်။ လွင်မင်း ဆိုတဲ့သူကတော့ လုပ်ငန်းရှင်သူဌေးမို့ အသိအကျွမ်းပေါများလှကာ ဟိုလူကနှုတ်ဆက်၊ ဒီလူကနှုတ်ဆက်ဖြင့် သူမို့ မျက်နှာပြောင်ပြောင်နေနိုင်စွာပင် ဒီရေတို့နဲ့ လိုက်နေရဲလေသည်။ တခြားသော လုပ်ငန်းရှင် သူဌေးတွေကတော့ သူတို့အုပ်စုနဲ့သူတို့ ထိုင်ကြတာမို့ ဒီရေတို့မှာ သိသိသာသာ သတိထားကြည့်စရာလို ဖြစ်နေပါသည်။

ဒီမိန်းကလေးတွေက ဘယ်သူတွေလဲ။ ဘယ်လိုလဲ။ ဘာပတ်သက်နေလဲ ဆိုသော မျက်လုံးတွေကို ဒီရေ မုန်းလို့မဆုံးတော့။

အထူးသဖြင့် ဖျတ်ခနဲလိုလို ဆုံရတဲ့ မြတ်ဘုန်းခေါင်ကုဋေ ဆိုသူရဲ့ မျက်ဝန်းတွေထဲက အရိပ်အယောင် ဒီရေ့ ရင်ထဲမှာ နာကျင်နေခဲ့ရပါသည်။

○❤○


www.burmeseclassic.com

www.burmeseclassic.com

## ၇

မနက် ကိုးနာရီခန့်အချိန်သည် ဘုရားပေါ်မှာတော့ နေမပူသေးလှသော အနေအထားမို့ တစ်ပတ် ပတ်လို့ကောင်းလေသည်။ အပတ်စဉ်လိုလို ရွှေတိဂုံဘုရားကိုတော့ မွေးနေ့ရက်တိုင်း ရောက်ပေမယ့် မနက်ပိုင်း ရောက်ခဲလှသည်။ များသောအားဖြင့် ကိုးနာရီဆိုသော အချိန်မှာ ကုဋေ့အတွက်တော့ အိမ်ကနေ အလုပ်ကိုထွက်ဖို့ ပြင်ရင်ပြင်၊ မပြင်ရင် ဂေါ့(ဖ်)ရိုက်နေတာမျိုးတွေ ဖြစ်နေတတ်သည်။

ဒီနေ့ကတော့ ကုဋေရဲ့နှစ်ဆယ့်ခုနစ်နှစ်ပြည့်မွေးနေ့ ဖြစ်နေလေရာ မနက်စောစောပဲ ဘုရားတက်ဖြစ်ခဲ့ပါသည်။ ဘုရားတက်ပြီးပြန်ရင် မိဘမဲ့ကလေးတွေကို စောင့်ရှောက်ပညာသင် ကျွေးမွေးထားသော ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဆွမ်းကပ်ပြီး ကလေးတွေကို နေ့လယ်စာကျွေးဖို့ စီစဉ်ထားသည်။





အဲဒါကပြီးရင် လိုအပ်မယ့်နေရာလေး သုံးလေးခုလောက် သွားလှူဖို့လည်း အစီအစဉ်ဆွဲထားပါသည်။

ကုဋေသည် သူ့မွေးနံထောင့်မှာ ပန်းကပ်၊ ရေသပ္ပာယ်စသဖြင့် အလှူလုပ်ပြီး ဘုရားကန်တော့နေစဉ် နောက်နားကျကျဆီက ပြင်သစ်စကားပြောသံကို သဲ့သဲ့ကြားရသည်။ ပြင်သစ်စကားသံကြောင့် အမှတ်မထင် ပြင်သစ်တိုးရစ်ဂိုက်လုပ်သော မိန်းကလေးတစ်ယောက်ကို ဖျတ်ခနဲ သတိရမိသွားသောကြောင့် သူ့ကိုယ်သူ ဒေါသဖြစ်သွားမိသည်။ လွန်ခဲ့တဲ့နှစ်ရက်က ညနေခံပွဲတစ်ခုမှာ ကိုလွင်မင်းနဲ့ အရောတဝင် တစ်စားပွဲတည်းထိုင်တဲ့အထိ ဖြစ်သွားသော အခြေအနေကို ကုဋေ ဘာတွေမကျေနပ်မှန်းမသိ ဖြစ်မိ၏။

ကုဋေ စကားသံတွေကို ကြားရဆဲမို့ ထရပ်ရင်း အဲဒီဘက် ကြည့်လိုက်မိပါသည်။ အဲဒီမှာ သူ့ရဲ့နောက်ကျောကို ဘယ်အချိန်တည်းက ကြည့်နေမှန်းမသိသော မျက်လုံးတစ်စုံနဲ့ ရင်ဆိုင်လိုက်ရပါသည်။

မျက်လုံးလေးတွက ပြုံးယောင်သန်းသွားသည်ဟု ကုဋေ ထင်လိုက်မိပါသည်။ ခင်ဒီရေ ... ဟု ကုဋေ ယောင်ယမ်း အော်လိုက်မိမလိုတောင် ဖြစ်သွားစေတဲ့ ပြုံးယောင်ယောင် မျက်ဝန်းအသားတွေကို မသိကျိုးကျွင် ပြုမိ၏။ နံနက်ခင်းနေရောင်ခြည်အောက်မှာ အစိမ်းနုရောင်မြန်မာအင်္ကျီနှင့် အနက်ပေါ် အစိမ်းရောင်ဖောက်



www.burmeseclassic.com

www.burmeseclassic.com

သော ခင်းမယ်ချိတ်လုံချည်တို့ကို ဝတ်ဆင်ထားသော ခင်ဒီရေ၏ မျက်နှာပြင်မှာ ရှင်းပြီးကြည်နေသည်။ ဒီလိုမိန်းကလေးမျိုးက ကိုလွင်မင်း ထင်သလို အမျိုးအစားထဲမှာ ပါနိုင်ပါ့မလား။

သူမကို တစ်ခါမှ ခေတ်ပေါ်အင်္ကျီအဝတ်အစားတွေနဲ့ မတွေ့ဖူးခဲ့ပဲ ဘယ်အချိန်တွေ့လိုက် တွေ့လိုက် သူတို့ကုမ္ပဏီက ပြဋ္ဌာန်းထားသော မြန်မာဝတ်စုံနဲ့ တွေ့ရတတ်သည်မို့ ဒီဝတ်စုံလေးတွေဟာ ခင်ဒီရေရဲ့အမှတ်အသားလိုတောင် ဖြစ်နေသည်။ အဲဒီအဝတ်အစားတွေဟာလည်း ခင်ဒီရေနဲ့တော့ တော်တော်ကြည့်ကောင်းသလို ဖြစ်နေသည်။

"ခင်ဗျားကိုလိုက်ကြည့်နေလို့ ကျွန်တော်တောင် မေးကြည့်မိသေးတယ်၊ ခင်ဗျားကို သိတယ်ထင်လို့။ ဟန်ဆောင်တာလား ဘာလား မသိဘူးဗျာ၊ ခင်ဗျားနာမည်တောင် မသိဘူး"

ကိုလွင်မင်း ပြန်ပြောသဖြင့် ခင်ဒီရေ ကုဋေ့နာမည်ကို ခုမှသိသွားကြောင်း ကုဋေ ပြန်သိရသည်။

ကုဋေသည် သူ့နောက်ကျောဘက်မှာပါလာသော ပြင်သစ်စကားပြောသံကို နားစွင့်ရင်း သူ ငါ့နောက်ကပါလာတယ်ဟု တွေးမိသည်။ ကုဋေကမဲ ခြေလှမ်းမမြန်ခဲ့တာလား။ တမင်ပဲ နောက်ကပါလာတဲ့ ပြင်သစ်စကားပြောသံသဲ့သဲ့ကို စောင့်နေမိ





သလား။ သူတို့ကပဲ ကုဋေ့ခြေလှမ်းတွေကို မီနေသလား။ သေချာတာကတော့ ဘုရားတစ်ပတ် ပတ်နေခိုက်မှာ ခင်ဒီရေ့စကားသံနဲ့ ပြင်သစ်လူမျိုးသုံးယောက်ရဲ့ စကားသံတွေ တောက်လျှောက်ကြားနေရပါသည်။ အဘိုးကြီး၊ အဘွားကြီးစုံတွဲနှင့် သမီးဟု ထင်ရသောသူ ပြင်သစ်လူမျိုးသုံးဦးအသံနဲ့ ခင်ဒီရေ့အသံကို ကုဋေ အလွယ်တကူ ခွဲခြားသိနေပါသည်။

မင်းကွန်းခေါင်းလောင်းကြီးနားရောက်တော့ ကုဋေက ဆက်လျှောက်လာခဲ့ပေမယ့် ခင်ဒီရေတို့ကတော့ အဲဒီနားမှာ တော်တော်လေးကြာနေ၍ ကျန်ခဲ့ပါသည်။

ကုဋေသည် ရွှေတိဂုံဘုရားမှ ထွက်လာသောအခါ Earth Travels & Tours ဟုအမည်တွင်းထားသော တောင်းအော့(စ်)ဗင်ကို တစ်ချက်ငဲ့ကြည့်မိခဲ့သေးလေသည်။ မင်းရုပ်ရည်၊ မင်းအမူအရာနဲ့ မင်းလုပ်နေတဲ့ အလုပ်အကိုင်ရဲ့ဂုဏ်သိက္ခာကို ထောက်ထားပြီး ကိုလွင်မင်းလိုလူနဲ့ မပတ်သက်ရင် ဘယ်လောက်ကောင်းမလဲ ခင်ဒီရေ။

ကုဋေသည် သူ့စိတ်အစဉ်တို့က ခင်ဒီရေ့ဆီ အတွေးတွေ မကြာခဏ ရောက်နေသောကြောင့် ကြိုးစားပြီး မေ့ပစ်လိုက်သည်။ အိမ်ပြန်ရောက်တော့ အိမ်ရှေ့ပေါ်တီကိုအောက်မှာ ရပ်ထားသော သိရိစန္ဒာသူ၏ကားကို တွေ့ရသည်။ ဒီနေ့ သူ့မွေးနေ့မို့



www.burmeseclassic.com

www.burmeseclassic.com

သိတာကြောင့် တမင်ရောက်လာတာလား။ ဖေဖေတို့ ခေါ်ထား၍ ရောက်လာသလား မသိပါ။

အိမ်ထဲဝင်လိုက်တော့ လင်းလက်ဝင်းပသော အပြင်အဆင်တွေနဲ့ သီရိစန္ဒာသူကို အသင့်တွေ့ရသည်။ Baby Pink ဘေဘီပင့်(ခ်)ဟုခေါ်သော ပန်းရောင်ဖျော့ဖျော့နုနု ရယ်ဒီမိတ်အင်္ကျီနှင့် တဖြောင့်တည်းရှည်သော စကတ်ရှည်ကို လှပစွာဝတ်ဆင်ထားသည်။ စကတ်ရှည်က ခြေသလုံးနားလောက်မှာတော့ တစောင်းပုံစံ နည်းနည်းလေး ကားထားသော ဒီဇိုင်းနဲ့ဖြစ်သည်။ သူမကိုယ်တိုင်လည်း ဖက်ရှင်ဒီဇိုင်နာပညာကို ဂျပန်မှာနှစ်နှစ် အီတလီမှာနှစ်နှစ် သွားသင်ထားကာ ဒီမြန်မာပြည်မှာတော့ ဖက်ရှင်ဒီဇိုင်နာကျောင်းတစ်ကျောင်းကို အောင်မြင်အောင် ဖွင့်ထားနိုင်သူမို့ ဝတ်ပုံစားပုံတွေက ဖက်ရှင်ကျ လှပနေတတ်ပါသည်။

ဘယ်သူနဲ့ယှဉ်ယှဉ် သူမရဲ့ဖက်ရှင်တွေက အဆင့်မြင့် လှပနေတတ်ပြီး ဘယ်တော့မှလဲ လျှပ်ပေါလော်လည်တဲ့ပုံစံမျိုး မဝတ်တတ်တာမို့ သီရိစန္ဒာသူဟာ တကယ်တော့ မိန်းမကောင်းလေးတစ်ယောက်၊ လေးစားထိုက်သော အမျိုးသမီးလေးတစ်ယောက် ဖြစ်ပါသည်။ အပြင်ပန်းကြည့်ရင် ဘယ်ဘက်ကပဲကြည့်ကြည့် မျိုးရိုးဂုဏ်ရော၊ ပညာရော၊ ရုပ်ရည်ရော၊ ဣန္ဒြေသိက္ခာတရားရော ပြည့်စုံလှသဖြင့် ဘယ်လိုမှ လက်မခံနိုင်စရာမရှိသော





မိန်းကလေးမျိုးလည်း ဖြစ်သည်။ သို့သော် မာနတလူလူလွင့်ကာ ယောကျ်ားနဲ့အမြဲယှဉ်ပြိုင်နေတတ်ပြီး မိဖုရားမဖြစ်လိုသော ဘုရင်မသာ ဖြစ်လိုသော မိန်းကလေးမျိုးဆိုတာတော့ ဘယ်သူမှ သိနိုင်မည်မထင်ပါ။

"မွေးနေ့မှာ လိုအပ်တဲ့နေရာတွေကို သွားလှူမယ်ဆိုတာ သတင်းရလို့ သီရိ လိုက်ခဲ့မယ်။ သီရိလည်း ပရဟိတအလှူကို ပိုစိတ်ဝင်စားတယ်။ သီရိလည်း လှူချင်တယ်"

"ဖေဖေတို့က ခေါ်ထားတယ်ထင်လို့"

"မခေါ်ပါဘူး၊ သီရိက ကုဋေ့မွေးနေ့ကို သတိရပြီး ဘာအစီအစဉ်ရှိလဲ ဖုန်းဆက်မေးတော့မှ သိရတာ။ အန်ဂျယ်လ်တို့ကို ခွင့်တောင်းပြီး လိုက်ဖို့စီစဉ်တာပါ"

"ကဲ ... ဒါဆိုလည်း သွားကြမယ်လေ"

ဖေဖေ၊ မေမေ၊ ကုဋေနှင့် သီရိတို့ 4WD တစ်စီးတည်း အတူတူ ထွက်လာခဲ့သည်။ ကုဋေနှင့် သီရိစန္ဒာသူတို့က မိဘချင်း သဘောတူပြီးနေပြီ။ ကုဋေလည်း ငြင်းမရအောင် ဖေဖေက သူ့ရဲ့အဆုံးအဖြတ်ကို ပြောပြီးပြီမို့ မကြာခင်ရက်ပိုင်းအတွင်းမှာပင် စေ့စပ်တော့မှာ ဖြစ်လေသည်။

စီစဉ်ထားသော ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ငွေလှူ၊ ကလေးတွေ နေ့လယ်စာကျွေး လုပ်ပြီးမှ ထွက်လာသော


www.burmeseclassic.com

www.burmeseclassic.com



အခါ နေ့လယ်နှစ်နာရီထိုးခါနီးနေပြီ။ မိသားစုနေ့လယ်စာကို ဆိုင်မှာဝင်စားသောက်ပြီးမှ ဘိုးဘွားရိပ်သာ၊ သံဃာ့ဆေးရုံနှင့် နာရေးကူညီမှုအသင်းတို့ကို သွားလှူဒါန်းရသည်။ သီရိစန္ဒာသူက ပါ သူမပိုင်ငွေကို သီးသန့်ထည့်ဝင်ပြီး လှူလေသည်။

"သီရိက သိပ်ကို အဖိုးတန်တဲ့ မိန်းကလေးပါကွယ်"

မေမေက သူမပိုင်ဆိုင်ခွင့်ရမည့် ချွေးမလောင်းကို တသသချီးကျူးမဆုံး ဖြစ်နေသည်။ အိမ်ပြန်ရောက်ပြီးတော့ မိဘတွေလည်း အလိုက်တသိ သူတို့နှစ်ယောက်တည်းကို ထားခဲ့သောအခါ သီရိက ...

"ကုဋေတို့ မွေးနေ့လက်ဆောင်ပေးချင်တယ်"

ဟု ပြောပါသည်။

"မွေးနေ့ရယ်လို့ ကြီးကြီးကျယ်ကျယ် လုပ်တာမှ မဟုတ်တာ၊ ပေးစရာ မလိုပါဘူး"

"အထိမ်းအမှတ်ပေါ့။ အရင်ကလည်း မွေးနေ့မှာ လက်ဆောင်ပေးခဲ့ဖူးတယ်လေ"

သီရိစန္ဒာသူနဲ့ ကုဋေတို့ရဲ့ ရည်းစားသက်တမ်းမှာ တစ်နှစ်ကျော်တော့ ကြာခဲ့သည်။ အဲဒီတုန်းက သူ့မွေးနေ့နဲ့ သီရိစန္ဒာသူရဲ့မွေးနေ့တို့က လချင်းသိပ်မကွာတာကြောင့် လက်ဆောင်တွေ အပြန်အလှန် ပေးဖူးခဲ့ကြသည်။





"ဒါလေးက ကုဋေ ပေးခဲ့တဲ့ လက်ဆောင်လေ"

အင်္ကျီရင်ဘတ်မှာ အလှထိုးထားသော ရောင်စုံလိပ်ပြာပုံစံ ရွှေရင်ထိုးကို ခုမှပဲ ကုဋေ သေသေချာချာ ကြည့်မိသည်။ ရွှေရောင်အောက်ခံမှာ ကျောက်ရောင်စုံတွေ ပြည့်နေအောင် ထွင်းထည့်ထားသော လိပ်ပြာကြီးရဲ့မျက်လုံးနှစ်လုံးမှာတော့ အရည်လဲ့နေသော ပတ္တမြားနီနီလေးတွေဖြစ်သည်။

ဒီလိပ်ပြာကို သီရိစန္ဒာသူ ပြောမှ၊ ပြမှပဲ သူသတိထားမိကာ မှတ်မိသွားတော့သည်။ နေစမ်းပါဦး။ အဲဒီတုန်းက ငါ့ကို သူ ဘာလက်ဆောင်များ ပေးခဲ့ပါလိမ့်။

"ကုဋေ့အတွက် လက်ဆောင်"

ပန်းစက္ကူလေးနဲ့ လှပစွာထုပ်ပိုးထားသော ဘူးလေးကို ယူလိုက်ရသည်။

"ဖွင့်ကြည့်လေ"

ကုဋေလည်း စက္ကူတွေကို အသာခွာကာ အထဲမှာရှိသော အနက်ရောင်ကတ္တီပါဘူးလေးကို ဖွင့်လိုက်သည်။ အထဲမှာ ရှပ်လက်ရှည်ကြယ်သီးဖြစ်သော စိန်ကြယ်သီးနှစ်လုံးကို တွေ့ရသည်။ ကုဋေ လက်ညှိုးလက်မတို့ဖြင့် အသာထိကြည့်လိုက်ပြီး ...

"ကျေးဇူးပဲ သီရိ၊ လက်ဆောင်ပေးတာကို မငြင်းပါဘူး၊ ဒါပေမဲ့ တန်ဖိုးကြီးတာတွေ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပစ္စည်းက တန်ဖိုးကို မဖြတ်နိုင်တာ Priceless ပရိုက်(စ)လက်(စ)ပေါ့။ ဘာကြောင့်လဲဆိုတော့ အဲဒါ မေမေ့ရဲ့ဘိဘင်တွေ လက်ထက်ထဲက သုံးခဲ့တဲ့ပစ္စည်းမို့လို့ပါ"

"ဟာ ... ဟုတ်လား၊ ဘာလို့ ငါ့ကိုပေးရလဲ၊ သိမ်းထားလိုက်ပါ"

"မေမေတို့ မျိုးရိုးစဉ်ဆက်အလိုက် အသုံးပြုခဲ့တဲ့ ကြယ်သီးပါ။ မေမေ့လက်ထက်မှာ ဖေဖေ့ကို လက်ဆောင်ပေးခဲ့တယ်။ ဖေဖေက အခု သီရိကို ပြန်လွှဲပေးပြီး သီရိနဲ့သက်ဆိုင်သူကို ပေးလိုက်ပါဆိုလို့။ ကုဋ္ဌေက သီရိနဲ့ လက်ထပ်ရတော့မယ့်လူလေ။ ဒီတော့ သီရိမေမေဘက်က သုံးစွဲခဲ့တဲ့အသုံးအဆောင်ကို သုံးခွင့်ရှိတယ်လို့ ဖေဖေက ယူဆပြီး သီရိကို ပြန်ပေးတာပါ"

"မင်းဖေဖေကို ပြောလိုက်ပါ၊ ကျေးဇူးတင်ပါတယ်လို့"

"ကုဋ္ဌေ ကြိုက်တယ် မဟုတ်လား"

ကုဋ္ဌေ တစ်ဖက်သားစိတ်ချမ်းသာအောင် အသာခေါင်းညိတ်ပြလိုက်ရပါသည်။ တကယ်တော့ သူဟာပိုက်ဆံချမ်းသာသူတစ်ယောက် ဖြစ်ပေမယ့် လက်ဝတ်ရတနာပစ္စည်းတွေ သိပ်ဆင်မြန်းလေ့မရှိပါ။ တချို့ယောကျ်ားတွေဝတ်သလို ရွှေဟန်း





ချိန်းတွေ၊ ရွှေဆွဲကြိုးတွေလည်း ဝတ်လေ့မရှိ။ ဝယ်တောင်မဝယ်ထားဖူးပါ။ စိန်လက်စွပ်၊ စိန်ကြယ်သီး၊ ရွှေကြယ်သီး ဆိုတာလည်း မေမေ့ဆီမှာရှိသော ဘိုးဘွားအမွေအနှစ်တွေမှန်း သိပေမယ့် တစ်ခါမှတောင် ယူမဝတ်ကြည့်ခဲ့ဖူးချေ။

"ဟိုတစ်ခါမွေးနေ့မှာ ပေးခဲ့တဲ့ လက်ဆောင်ကျတော့ ကုဋ္ဌေ့အတွက် သိပ်အသုံးမတည့်ခဲ့ဘူးနော်"

အင်း ... ဘာပါလိမ့်။ သူ ဘာပေးခဲ့ပါလိမ့်။ ကုဋ္ဌေ အကြာကြီး စဉ်းစားနေမိပေမယ့် အဖြေမရချေ။ ဒီတော့ အမှန်အတိုင်းပဲ ပြောလိုက်ပါသည်။

"ဘာပေးခဲ့တာလဲ မမှတ်မိတော့ဘူး"

"ဟား ဟား ... မမှတ်မိဘူး။ ထင်တော့ ထင်နေသားပဲ"

သီရိစန္ဒာသူက စိတ်မဆိုးဘဲ ရယ်သံဖြင့်ပြောလေသည်။ ကုဋ္ဌေက သူ့စိတ်ဆိုးမှာလည်း ဂရုမစိုက်သလို သီရိစန္ဒာသူကလည်း ကုဋ္ဌေ သတိမရတာကို အရေးလုပ်ပြီး စိတ်မဆိုးပေ။

"နက်(ခ)တိုင်မှာထိုးတဲ့ ရင်ထိုးလေးလေ ရွှေနဲ့လုပ်ထားတာလေး"

"သြော် ... အင်း ... ဟုတ်တယ်၊ အဲဒါ သုံးတောင်မသုံးဖြစ်တော့ ဗီရိုထဲမှာ သိမ်းထားတာမို့ မေ့သွားတာ



www.burmeseclassic.com

www.burmeseclassic.com

"ကုဋေက နက်(ခ)တိုင် သိပ်မတပ်တော့ အသုံးမဝင်ဘူး ပေါ့"

"ကုတ်အင်္ကျီဝတ်ပြီး နက်(ခ)တိုင် မတပ်တဲ့လူလေ"

"ရုပ်လက်ရှည်ကတော့ ခဏ ခဏ ဝတ်တော့ ဒီကြယ်သီး လည်း သုံးဖြစ်မယ် ထင်ပါတယ်ရှင်"

သီရိစန္ဒာသူက အသံလွင်လွင်လေးဖြင့်ပြောရင်း သူမ ဘာသာသူမ ရယ်မောနေသည်။ ရယ်လိုက်ရင် သွားစွယ်လေးတွေ နဲ့ပိုလှသော မိန်းကလေးကို သူ ဘယ်လိုမှ မချစ်တော့ချေ။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်တုန်းကအော့ ရည်းစားလို ချစ်ခဲ့ဖူးတာဟာ တကယ်ရော ချစ်တာဟုတ်ရဲ့လား။ ရည်းစားဟောင်းဆိုသော သံယောဇဉ်ပင် မရှိတော့တာ တော်တော်ထူးဆန်းပါသည်။

"သီရိနဲ့ မတွေ့ဖြစ်ကြတဲ့ နောက်ပိုင်းမှာ ကုဋေ့သတင်း တော့ သီရိ ကြားနေပါတယ်။ ကုဋေ ကောင်မလေးတွေ နဲ့ တော်တော်တွဲတယ်ဆို"

သီရိစန္ဒာသူက ခပ်တည်တည် မျက်နှာလုပ်ပြီးမေး လာသည်။

"သူတို့က ကုဋေ့ရဲ့ရည်းစားတွေလား"

"ယောကျာ်းတစ်ယောက်နဲ့ မိန်းမတစ်ယောက် တွဲရင် ရည်းစားလို့ သတ်မှတ်ကြတယ်ဆိုရင် ရည်းစားပေါ့"





"အခု ကုဋေ စေ့စပ်တော့မယ်ဆိုတာ သူတို့သိကြလား"

"တစ်ချိန်ကျ သူတို့သိကြမှာပဲလေ၊ ဘာကြောင့်ပြောနေ မလဲ"

"အဲဒီကောင်မလေးတွေထဲမှာ ကုဋေ တကယ်လက်တွဲ ချင်တဲ့မိန်းကလေး မရှိခဲ့ဘူးလား"

"ငါ အမှန်အတိုင်းပြောမယ်၊ ဖေဖေနဲ့ မေမေကသာ အိမ်ထောင်ရေးကို မစီစဉ်ပေးသေးရင် ဆယ်နှစ်ကိုမှယူဖို့ စိတ်မဝင်စားဘူး။ ငါ တကယ်သဘောကျပြီး မဖြစ်မနေ လိုချင်တဲ့ မိန်းကလေးမျိုး တွေ့ကိုမတွေ့သေးဘူး"

ကုဋေ စိတ်ထဲမှာ တကယ်ရှိတဲ့အတိုင်း ပြောလိုက် ပါသည်။

"သီရိကိုလည်း ကုဋေ မယူလို့ရရင် မယူချင်ဘူး မဟုတ် လား"

သီရိစန္ဒာသူကလည်း ခပ်ရဲရဲပင် ပြန်မေးသည်။

"ဟုတ်တယ် ... သီရိ။ ပြောရတာ အားတော့နာပါတယ်။ နင့်ကိုလည်း ငါ အရူးအမူးချစ်ပြီး မယူရမနေနိုင်လောက် အောင်တော့ မဖြစ်ခဲ့ဘူး"

"ဒါဖြင့် ငြင်းလိုက်လေ။ ကိုယ် သိပ်မလိုချင်တဲ့မိန်းမကို ဘာကြောင့် ယူနေမလဲ"


www.burmeseclassic.com

www.burmeseclassic.com



"မေမေက ငါ့ကို ဘာပြောထားတယ် ထင်လဲ"

ကုဋေက သူ့ထံတွင် ဘာမှလိမ်ညာဖုံးကွယ်ထားစရာ မလိုဘူးဟု ယူဆပြီး သီရိစန္ဒာသူကို ပြောပြလိုက်ပါသည်။

"နင့်ကိုငြင်းချင်ရင် ငြင်းလို့ရတယ်၊ ဒါပေမဲ့ နောင်တစ်ချိန်မှာ ငါ သဘောကျတဲ့မိန်းကလေး ရှိလာခဲ့လို့ရှိရင် အဲဒီမိန်းကလေးဟာ နင့်ထက် အစစအရာရာသာမှ မြတ်ဘုန်းခေါင်မိသားစုဝင်အဖြစ် လက်ခံမယ်၊ အမွေတွေခံစားခွင့်ရှိမယ်လို့ ပြောခဲ့တယ်"

ထိုစကားကို သီရိစန္ဒာသူက သဘောကျစွာပင် ရယ်မောလေသည်။ သူမ၏ရယ်မောသံမှာ သူမကိုယ်သူမ တော်တော့ကို ဂုဏ်ယူဝင့်ကြွားပြီး ရယ်မောသောအသံဟု ကုဋေ အလိုလို ခံစားလို့ရလေသည်။

"ငါ ဝန်ခံပါတယ်၊ နင့်ထက်သာတဲ့ မိန်းကလေး ရှိမှာ မဟုတ်ဘူးလို့။ အဘက်ဘက်ကပေါ့။ မျိုးရိုးဂုဏ်၊ ပညာဂုဏ်၊ အလှဂုဏ်၊ ဣန္ဒြေသိက္ခာနဲ့ပြည့်စုံတဲ့ဂုဏ်တွေ နင့်လောက် ဘယ်သူမှ မရှိကြဘူး သီရိ၊ နင်ကတော့ ဘဝမှာ အစစအရာရာ သိပ်ကံကောင်းပြီး ပြည့်စုံနေတဲ့ မိန်းကလေးပါ"

○❤○





## ၈

ရှော့ပင်းမောလ်တစ်ခုရှေ့ကဖြတ်တော့ ကိုလွင်မင်းက ...

"စီးတီးမတ်ထဲဝင်ပြီး သောက်စရာလေးဝယ်ရင် ကောင်းမယ် ကိုကုဋေ။ ခင်ဗျား ကျွန်တော့်ကို ခဏစောင့်ပေးနိုင်မလား"

ကိုလွင်မင်းကို ကုဋေ့ကားဖြင့် ခေါ်လာသည်မို့ သူ စူပါမားကပ်ခဏဝင်ချင်တော့ ကုဋေက လိုက်ဝင်ရင်ဝင်၊ မဝင်ရင် စောင့်ရမှာပင်။

"ကျွန်တော့်အိမ်မှာ သောက်စရာအစုံရှိပါတယ်ဗျာ"

မိတ်ဆွေတွေစုပြီး ခြံထဲမှာ ဘာဘီကျူး BBQ လုပ်စားရင်း ဘီယာသောက်မှာမို့ ကုဋေ အကုန်ကြိုစီစဉ်ပြီးသားဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလည်း ဘယ်ဟုတ်မလဲ။ ကျွန်တော်လည်း ဝယ်ရမှာပေါ့၊ ခင်ဗျားအိမ်မှာလည်းစုသေး ခင်ဗျားအိမ်က အကုန်ခံသေးဆိုတော့ မတရားပါဘူး"

"ရပါတယ်ဗျာ၊ ဒါတွေ မလိုပါဘူး"

"ကျွန်တော် ဝင်ဝယ်တာ သိပ်မကြာပါဘူး။ လိုချင်တာ ခြင်းထဲကောက်ထည့်ပြီး ငွေရှင်းရုံပါပဲ"

"ကျွန်တော် မစောင့်ပေးချင်လို့ ပြောတာမဟုတ်ပါဘူး။ ခင်ဗျားမဝယ်လည်းရတယ် ပြောတာပါ၊ ကဲ ... ကဲ ... ဝယ်ချင်သပဆိုလည်း ဝယ်ဗျာ။ ကျွန်တော် ကားထဲမှာ စောင့်မနေချင်ဘူး။ မူတယ်ဗျ။ ရှော့ပင်းလိုက်ခဲ့မယ် စားချင်တာတွေ့လည်း ဝယ်လို့ရတာပေါ့"

ယောက်ျားနှစ်ယောက် ရှုပ်မားကပ်ရှေ့က တွန်းလှည်းတစ်စီး တွန်းယူလာပြီး ဝင်လာလိုက်ပါသည်။ အဖျော်ယမကာတန်းမှာ ရွေးဝယ်ပြီး တွန်းလှည်းထဲထည့်။ ပြီးတော့ အကြော်အလှော်ဝယ်ရင်ကောင်းမယ် တိုင်ပင်ကာ အဲဒီဘက်အခြမ်းကို လျှောက်လာလိုက်သည်။

"ဟော"

ကိုလွှင်မင်းအသံက ဝမ်းသာအားရဖြစ်သွားသလို မျက်နှာချင်းဆိုင်မှလာသူကိုလည်း ပြုံးပြီးကြည့်နေလျှင် ကုဋေပါ လိုက်ကြည့်မိ၏။





ခင်ဒီရေ ...။ ကုဋေ့ရင်ဘတ်ထဲမှာ ထိုအမည်ကို ခေါ်လိုက်မိသည်ဟု ခံစားရသည်။ ဒီရေနဲ့အတူ သားသားနားနား ဝတ်စားပြင်ဆင်ထားသော အန်တီကြီးတစ်ယောက်ပါသည်။ ခင်ဒီရေက ရှော့ပင်းထရော်လီကိုတွန်းပြီး ထိုအန်တီကြီးကတော့ ဝယ်ထားတာတွေ ခြင်းထဲထည့်နေသည်။ မှန်းကြည့်ရတာတော့ သားအမိပုံစံပင်။

"အန်တီ ... အန်တီ ဒေါ်ခင်ဒေဝီ"

ကုဋေမှာ ကိုလွှင်မင်း တစ်ယောက် ခင်ဒီရေ့အမေကိုပင် သိကျွမ်းပြီး နှုတ်ဆက်သဖြင့် အံ့ဩနေရပါသည်။ တော်တော်သွက်တဲ့သူပဲ။ အမေကိုပါရအောင် အရောဝင်ထားပြီးပြီ။

"ဩော် ... ကိုလွှင်မင်း ပါလား"

ဒေါ်ခင်ဒေဝီ၏ ကိုလွှင်မင်းဟု ခေါ်ဟန်မှာ တလေးတစား ဖြစ်နေသည်။ ကုဋေ့ကိုပါ အကဲခတ်ကြည့်လိုက်ပြီး ဖော်ရွေသောအပြုံးဖြင့် ဆက်နှုတ်ဆက်လေသည်။ ခင်ဒီရေကတော့ စိတ်ရှုပ်သွားဟန်ဖြင့် မသိမသာ မျက်မှောင်လေးကြုတ်လျက် ဘာတွေရွေးမှန်းမသိ ရွေးချယ်နေသည်။

"ကိုလွှင်မင်း ပြောထားတဲ့ ခြံတစ်ကွက်တော့ ကျွန်မတွေ့ထားတယ်၊ အဲဒီအကြောင်းတောင် ဖုန်းဆက်ဦးမလို့"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား ... တွေ့ရင်လည်း ဖုန်းဆက်လိုက်ရောပေါ့ အန်တီရယ်။ ကျွန်တော်က စိတ်ကြိုက်ဖြစ်ရင် မဆိုင်းဘူး။ ချက်ချင်းငွေချေမှာ။ ဆောက်ဖို့ အိမ်ပုံစံတွေလည်း အသင့်ဖြစ်နေပြီ"

"ခြံက ပိုင်ဆိုင်မှုတွေ နည်းနည်းလေး ရှုပ်နေလို့ ကိုလွင်မင်းကို ပြောရမှာ မရဲဘူး။ ကျွန်မက ပွဲခလိုချင်ဖော်နဲ့ ထိုးပေးတယ်ဖြစ်မှာစိုးလို့"

"ဩော် ... မထင်ပါဘူးဗျာ။ အန်တီဒေါ်ခင်ဒေဝီဆိုတာ ပွဲစားလောကမှာ နာမည်ကောင်း ရှိပြီးသားပဲ။ ဒါကြောင့်လည်း ကျွန်တော် စိတ်ချလက်ချ မှာထားတာပေါ့၊ အရှုပ်အရှင်းတွေက ဒီလိုပါပဲ ရှိတတ်ပါတယ်။ ရှင်းဖို့ ဝန်မလေးပါဘူး"

"ဩော် ... မိတ်ဆက်ပေးရဦးမယ်၊ ဒါ သမီးလေး။ တိုးရစ်(စ)ဂိုက်ပေါ့။ Earth ကုမ္ပဏီမှာလည်း တာဝန်ယူရတယ်၊ ခင်ဒီရေတဲ့"

ကိုလွင်မင်းက ဒီတော့မှ အကွက်ဝင်သွားဟန်ဖြစ်ဖြင့် ကျေကျေနပ်နပ်၊ ဟက်ဟက်ပက်ပက်ကြီး ပြုံးလိုက်ကာ ...

"ခင်ဒီရေ့ကို သိပြီးသားပါဗျာ၊ အန်တီ့သမီးမှန်း ခုမှသိရတယ်"





ဟု ပြောလိုက်လျှင် ဒေါ်ခင်ဒေဝီ တအံ့တဩဖြင့် သမီးဖြစ်သူကိုကြည့်သည်။ သဘောမကျမှုတွေ ပါသယောင်ယောင် ရှိသော အကြည့်ကို ကုဋ္ဌေ သတိထားလိုက်မိသည်။

"ဘယ်တုန်းက တွေ့ကြလို့လဲ"

"ဩော် ... ဒီလိုပါ၊ ခင်ဒီရေ့ကို တစ်ခါက အမှတ်တမဲ့ တွေ့လိုက်တာပါ။ သူ့ရဲ့ပြင်သစ်ညှပ်သည်တွေနဲ့အတူပါ။ သူ့စကားပြောသံက အရမ်းကောင်းလို့ သတိထားမိလိုက်ပြီး နောက်သုံးလေးရက် အကြာမှာပဲ ချယ်နယ်လ်ဆဲဗင်းက အင်တာဗျူးလုပ်တဲ့အထဲ ခင်ဒီရေ့ကိုပါ ထပ်တွေ့လိုက်ရတယ်။ အဲဒီရက်ပိုင်းအတွင်းမှာပဲ ကုမ္ပဏီပါတီပွဲတစ်ခုမှာ မတော်တဆ ထပ်ဆုံတော့ ကျွန်တော်ကပဲ မိတ်ဆက်ပြီး အသိအကျွမ်း ဖွဲ့ထားတာပါ၊ ဟုတ်တယ်နော် ခင်ဒီရေ"

ကိုလွင်မင်းက ရှည်ရှည်ဝေးဝေး ရှင်းပြပြီးရုံမက စကားအဆုံးမှာ ခင်ဒီရေ၏ထောက်ခံချက်ကိုပါ ယူလိုက်သေးလေသည်။ ခင်ဒီရေက အင်းမလုပ်၊ အဲမလုပ်ဖြင့် ခပ်တည်တည်ပြန်ကြည့်နေသည်။

"ဒါက ကျွန်တော့်မိတ်ဆွေပါပဲ။ Golden Castle ဂိုးလ်ဒင်းကာဆယ်လ်ဟိုတယ်လုပ်ငန်းစုကလေ။ သူ့နာမည်


www.burmeseclassic.com

www.burmeseclassic.com

မြတ်ဘုန်းခေါင်ကုဋ္ဌေပါ။ ခင်ဒီရေ့ကို သူ့ညှိသည်တွေ လာပို့တာတွေ့ဖူးတုန်းက ကုဋ္ဌေတို့ဟိုတယ်မှာလေ"

ဒေါ်ခင်ဒေဝီမျက်လုံးတွေက အထင်ကြီးအံ့သြမှုတွေ ရှိပေမယ့် ပျာပျာသလဲ ဝမ်းပန်းတသာ ဖြစ်တာမျိုးမရှိဘဲ သတိ အနေအထားလိုမျိုး ဖြစ်သွားပါသည်။

"ခင်ဒီရေက စကားတွေအများကြီး ပြောနေလိုက်တာဗျာ ဟား ဟား"

"မေမေနဲ့ ပြောနေတာပဲလေ"

"ဝမ်းသာတယ်ဗျာ၊ အန်တီနဲ့လည်း ခြံအရောင်းအဝယ်ကိစ္စကြောင့် ခင်မင်ရတယ်၊ ခင်ဒီရေနဲ့လည်း မိတ်ဆွေဖြစ်ရတယ်ဆိုတော့"

ကုဋ္ဌေကတော့ ကြားထဲမှာ လူပိုကြီးလိုဖြစ်ကာ အနေခက်လေသည်။ ဟိုသားအမိကြည့်ရတာ သိပ်အရောတဝင်မဖြစ်ချင်ပုံနဲ့ ခပ်ရှောင်ရှောင်၊ ခပ်မှန်မှန်အနေအထားနဲ့ စကားပြောနေတာမှန်း သိသာသည်။ ကိုလွင်မင်းလို ကာယကံရှင်လူကတော့ မမှန်းမိပေမယ့် ကုဋ္ဌေကတော့ ဆေးလူမို့ မှန်းဆလို့ရသည်။

"အန်တီတို့ တစ်ခုခု လိုက်စားကြပါလား"



"အို ... နေပါစေ"

"ရတယ် ... မစားတော့ဘူး"

သားအမိနှစ်ယောက် အသံပြိုင်တူ ထွက်လာသည်။

"ကော်ဖီသောက်ကြရအောင်ပါ။ My Milk မိုင်မေ့ခ်ဆိုင်မှာဖြစ်ဖြစ်၊ Mr Brown မဇ္ဈတာဘာရောင်းမှာဖြစ်ဖြစ်"

"ရပါတယ် ကိုလွင်မင်းရယ်၊ အန်တီတို့ ဝယ်စရာတွေလည်း ရှိသေးလို့ပါ၊ ဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်"

"အိုခေ ... ဒါဆိုလည်း ရပါတယ်။ အန်တီခြံလိုက်ပြဖို့ အဆင်သင့်ဖြစ်နေတဲ့ ချိန်းလိုက်ပါဦး။ ကျွန်တော်ကြည့်ချင်တယ်"

"ဟုတ်ပါပြီ၊ ကျွန်မဘက်က ချိန်းပေးသင့်တဲ့သူတွေနဲ့ ညှိပြီးရင် ဖုန်းဆက်လိုက်ပါ့မယ်၊ ခွင့်ပြုပါဦးနော်၊ ဝယ်စရာလေးတွေရှိလို့"

သားအမိနှစ်ယောက်ကို ဆေးကပ်ပြီး လမ်းဖယ်ပေးလိုက်ပါသည်။ ခင်ဒီရေကတော့ သူတို့နှစ်ယောက်စလုံးကို တစ်ချက်ဝေ့ကြည့်ပြီး ...

"သွားလိုက်ပါဦးမယ်"

ဟု မသဲမကွဲ၊ မပီမသ ရေရွတ်သံလိုလို အသံမျိုးဖြင့်ပြော၍ နှုတ်ဆက်သွားလေသည်။ ရုပါမားကပ်ထဲက ထွက်လာတော့မှ ...

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကလည်း စကားလေး ဘာလေး ဝင်ပြောတာ မဟုတ်ဘူးဗျာ"

ဟူ၍ ကိုလွင်မင်းက ကုဋ္ဌေ့ကို ဝေဖန်သလိုပြော လိုက်လေသည်။

"ကျွန်တော့်နဲ့ ဘာမှမဆိုင်သလို ဖြစ်နေတော့ ဘာပြောရမှာလဲ"

"မိတ်ဆက်ပေးတာပဲ"

"ဒါပေမဲ့ သူတို့က ကျွန်တော့်ကို မိတ်ဆွေဖြစ်ချင်ပုံမရှိဘူးလို့ ကျွန်တော် ထင်တယ်"

"အေးဗျ ... ထူးဆန်းတယ်၊ ဒေါ်ခင်ဒေဝီက အိမ်ခြံမြေပွဲစားလောကမှာ ဆရာမကြီးတစ်ဆူပဲ၊ လူဝင်လည်းဆန့်တယ်။ သူ ခင်ဗျားနာမည်ကို ကြားလိုက်ရုံနဲ့ သိရမှာ။ သိလည်း သိပါတယ်ဗျာ။ ဒါပေမဲ့ သိပ်ဝမ်းပန်းတသာ အသိအမှတ်မပြုဘူးနော်။ ပြီးတော့ ကျွန်တော့်အပေါ်မှာလည်း ဆက်ဆံပုံပြောင်းသွားတယ်၊ အစက ကျွန်တော် သူ့ကို စဆက်သွယ်ပြီး ခြံတစ်ခြံလိုချင်တယ်ပြောတုန်းက အရမ်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုတာ၊ အရောင်းအဝယ် အရမ်းဖြစ်ချင်နေတာ။ အခု ဒီနေ့ကျ တစ်မျိုးကြီးဖြစ်နေတယ်"





"ကျွန်တော် ထင်တာပြောမယ်"

"ပြောဗျာ"

"သူ့သမီးနဲ့ ခင်ဗျား သိကျွမ်းနေတယ်ဆိုတာကို မကြိုက်လို့များလား"

"ကျွန်တော့်လိုလူက သူ့သမီးကို စိတ်ဝင်စားတာ ဘာမကြိုက်စရာရှိလဲ။ သူတို့အဆင့်နဲ့ဆိုရင်"

"အဲဒီလို အဆင့်တွေ ဘာတွေ ထည့်ပြောမနေပါနဲ့ဗျာ၊ လောကကြီးမှာ လူတိုင်းဟာ ပိုက်ဆံချမ်းသာတဲ့သူကို ကပ်ရပ်ဖားပြီး အရောမဝင်ချင်ဘူးဗျ။ ပိုက်ဆံချမ်းသာတဲ့သူဆိုရင် ပိုပြီးတော့တောင် အယုံအကြည်မရှိကြဘူး"

"ပစ္စည်းမဲ့ မာနပေါ့"

"သူ့သမီးကို ခင်ဗျား အတည်တကျတွဲမယ် ယူမယ်ဆိုတဲ့ ချဉ်းကပ်မှုမျိုးနဲ့ဆိုရင်တော့ ကောင်းတာပေါ့ဗျာ"

"ဟာ ... ခင်ဗျားကလည်း ဒါမျိုးကို အတည်ယူစရာလား၊ အဆင့်မရှိတဲ့သူတွေ"

"ဒီမိန်းကလေးက ပညာတတ်ပါ။ လေ့လာရသလောက်ကတော့ ဏာန္ဓေလည်း ရှိပါတယ်။ မိဘက သူတို့ဘာသာသဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲထားကြတာ၊ သူနဲ့ ဘာမှမဆိုင်ပါဘူး။ သူ့အမေဟာလည်း ခင်ဗျားပြော


www.burmeseclassic.com

www.burmeseclassic.com

အရ ဖဲသိပ်ရိုက်တယ်လို့ နာမည်ဆိုးထွက်ပေမယ့် သမီး အပေါ်မှာကျတော့ ကြက်သားအုပ်မကြီးလိုပဲ အတောင်ပံနဲ့ သေသေချာချာအုပ်ပြီး ကာကွယ်စောင့်ရှောက်မှုပေးနေတဲ့ အမေမျိုးပဲ။ နေပုံထိုင်ပုံ ပြောပုံဆိုပုံတွေကို ကြည့်တာနဲ့ တင် ငွေကိုမမ်းမမ်းတက်လိုချင်ပြီး ဘယ်လိုနည်းနဲ့ရရပြီး ရောပုံစံ ဖြစ်မနေတဲ့ သားအမိနှစ်ယောက်မှန်း အကဲခတ် နိုင်တယ် ကိုလွှင်မင်း။ ဒါကို ခင်ဗျားက အဆင့်မရှိတာ တွေလို့ ဘာကြောင့်ပြောသလဲ"

ကုဋေ ချက်ကျလက်ကျ ပြန်ပြောသမျှကိုတော့ ကိုလွှင်မင်း မကျေမနပ် နားထောင်နေသည်။

"ဟား ဟား ကိုကုဋေ၊ ခင်ဗျားပြောပုံအရဆို ခင်ဒီရေသာ လျှင် ကျွန်တော်လက်ထပ်သင့်ဆုံး မိန်းကလေးလို့ ခင်ဗျား ပြောချင်တာလား။ သူ့ကို ကျွန်တော်က မိဖုရားအရာ မြှောက်ရမှာလား"

"ကျွန်တော် အဲဒီသဘောမဟုတ်ပါဘူး။ အဲဒီမိန်းကလေး က ခင်ဗျားထင်သလို အမျိုးအစားထဲက ဟုတ်ဟန်မတူ ဘူးလို့ ပြောတာပါ"

"ခင်ဗျား သူ့ကို တော်တော်တန်ဖိုးထားရင်လည်း ခင်ဗျား ပဲ လက်ထပ်လိုက်ပါလား"





ကိုလွှင်မင်းက ဒေါသဖြင့် ပြောလေသည်။

"ကျွန်တော့်မှာ ရွေးချယ်ခွင့် မရှိဘူးလေ"

"ခင်ဗျားက ပြောအားရှိတာပေါ့။ ဘာကြောင့်လဲဆိုတော့ သီရိစန္ဒာသူက အားလုံးထက်သာတဲ့ မိန်းကလေးကိုး။ သူ့ကို ခင်ဗျားက ရထားတော့ လက်မ,ထောင်ပြီး ဝမ်းသာ နေနိုင်တာပေါ့။ ခင်ဗျားက ဘယ်အရာမှာမဆို သာပါတယ်"

စကားပြောရင်း မဆီမဆိုင် ကုဋေ့ဘက်က အခြေ အနေကို ထည့်ပြောလာသဖြင့် ကုဋေ တော်တော်စိတ်ကုန်သွား ပါသည်။ ကိုလွှင်မင်းဟာ သူ့နားမှာ အနီးကပ်နေရင်း သူ့ကို မနာလိုမှန်းတီး၊ ကျိတ်ပြိုင်နေသော လူတစ်ဦးပါလားလို့ ကုဋေ ဖြည်းဖြည်းချင်း သိမြင်လာပါသည်။

○❤○


www.burmeseclassic.com

www.burmeseclassic.com

၉

မေမေက ဖုန်းပြောအပြီးတွင် ဘုရားပန်းအိုးပြင်ဆင်နေသော ဒီရေ့အနား ရောက်လာသည်။

"အဲဒီလူကို အိမ်လာမခေါ်ပါနဲ့၊ မေမေ့ဘာသာ တက္ကစီနဲ့ အဲဒီခြံကို ကြို့သွားနှင့်မယ်ပြောတာ လုံးဝမရဘူး။ အိမ်မှာ အတင်းလာခေါ်မယ်ချည်းပဲ ပြောတယ်၊ ဘယ်လိုမှငြင်းမရဘူး။ အားနာစရာကောင်းလောက်အောင် ပြောနေတော့ အခု အိမ်လာခိုင်းလိုက်ရတယ်"

မေမေ ဘယ်သူနဲ့ ဖုန်းပြောနေမှန်း ဒီရေ သိလေရာ အသာပင် ခေါင်းညိတ်နားထောင်နေလိုက်ပါသည်။

ဟိုးတစ်ရက်က ရူပါမားကပ်မှာ ဆုံကြပြီးကတည်းကပင် ...





"ကိုလွင်ခဝင်းဆိုတာ လူက လူချော၊ သူဌေးလူပျိုဆိုတဲ့ ဂုဏ်နဲ့ ပွေချင်တိုင်း ပွေနေတဲ့သူပဲ ဒီရေ။ လူပျိုဘဲ့သာခံထားပေမယ့် သူ စိတ်ကြိုက်ရွေးပြီး တိုက်ခန်းဝယ်၊ ထောက်ပံ့နေတဲ့ မိန်းကလေးနှစ်ယောက်လား သုံးယောက်လားရှိတယ်လို့ ပြောကြတယ်။ အဲဒါတွေအပြင် ကြိုက်ရင် ကြိုက်သလိုတွဲတဲ့ မိန်းကလေးတွေလည်း ရှိသေးတယ်တဲ့။ ဒီတော့ ဒီလူ အကျင့်စရိုက်မကောင်းဘူး၊ အခု သမီးကိုလည်း စိတ်ဝင်စားလို့ စပြီးချဥ်းကပ်နေပြီ။ မေမေလည်း အလုပ်သဘောအရသာ ဆက်ဆံမယ်၊ ဒီထက်ပိုအရေးမပေးဘူး။ သမီးလည်း သူ့ကိုရှောင်ပါ။ ရုပ်ချောတာလေးမက်ပြီး သူက ချစ်ပါတယ် ကြိုက်ပါတယ် ပြောလာတာကို မယုံလိုက်နဲ့။ ကိုယ့်ဘဝနစ်မွန်းသွားမယ်"

ဟူ၍ ဒီရေ့ကို တဖွဖွပြောပြီး ဆုံးမပါသည်။

"မေမေတို့က ပိုက်ဆံသာ သူတို့လောက်မရှိရင်မရှိမယ် ပိုက်ဆံပုံပေးလိုက်ရင် ငမ်းငမ်းတက်မက်ပြီး လုပ်ချင်ရာလုပ်မယ့်သူတွေ မဟုတ်ဘူး။ မေမေ ပိုက်ဆံမမက်ဘူး မဟုတ်ဘူး မက်တယ် ကြိုက်တယ်။ လူပဲ ပိုက်ဆံမက်တာပေါ့။ ဒါပေမဲ့ ကိုယ့်သိက္ခာနဲ့ရင်းပြီး ပိုင်ဆိုင်ရမယ်ဆိုရင်တော့ ဆောရီးပဲ၊ ပိုက်ဆံမရှိတာက ထမင်းကို ဆားနဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com

စားရင်တောင် သိက္ခာကျန်သေးတယ်။ သိက္ခာမရှိတာကမှ ဘဝမှာ အဖတ်ဆယ်မရတော့အောင် နာမည်ပျက်တာ”

“ဒီရေလည်း သိပါတယ် မေမေ၊ ဒီရေ အဲဒီလူကို လုံးဝ မကြိုက်ပါဘူး”

“သူနဲ့ပါလာတဲ့ မြတ်ဘုန်းခေါင်ကုဋေကိုရော သမီး သိလား”

“မသိပါဘူး မေမေ၊ အဲဒီလူနဲ့ တွဲတာတော့ တွေ့ဖူးပါတယ်”

“အဲဒီ မြတ်ဘုန်းခေါင်တွေက ဘဝင်တွေ သမီး။ မျိုးရိုးဂုဏ်မောက်ပြီး မာနတွေ တလူလူလွင့်နေတာ။ ပိုက်ဆံကလည်း ထားစရာမရှိအောင် ချမ်းသာတာပေါ့ သမီးရယ်။ ဒါပေမဲ့ သူ့တို့လည်း အဆင့်အတန်း သိပ်ခွဲခြားကြတာနော်။ အဲဒီ ကောင်လေး ကုဋေဆိုရင် ပိုဆိုးတယ်။ မျက်နှာကတည်တင်းပြီး ချီနေတာ။ သူတို့ကို လူတွေစိတ်ဝင်စားမှန်းသိလို့ တမင်ချီထားတဲ့ပုံစံ”

ဟုတ်တယ် ... ဟုတ်တယ်ဟု ဒီရေထောက်ခံမိပါသည်။ ဘယ်တော့ တွေ့လိုက် တွေ့လိုက် မပြုံးမရယ်မျက်နှာနဲ့ ပတ်ဝန်းကျင်ကို တစ်ချက်မှတောင် ငဲ့မကြည့် စောင်းမကြည့်တတ်ဘဲ ခပ်တည်တည် နေတတ်ပုံ၊ ဒီရေနဲ့ မျက်မှန်းချင်းတန်းမိသလို ဖြစ်နေတာတောင် တစ်ချက်မှ ရယ်ပြပြုံးပြခြင်းမရှိပုံတို့က သူ့ရင်ထဲမှာရှိတဲ့ မာနကိုပြနေသလိုပင်။ Airport အဲပို့ထိမှာ ဒီရေ





သူ့ကို ပထမဦးဆုံး စတွေ့ကတည်းက ပတ်ဝန်းကျင်မှာ ဘယ်သူရှိရှိ၊ ဘာတွေပဲလုပ်လုပ် ငါနဲ့မဆိုင် ငါဂရုစိုက်စရာမလိုဟူသော ပုံစံနဲ့ လက်ပိုက်ရပ်နေခဲ့တာ မဟုတ်လား။ ဒီရေကလည်း အဲဒီပုံစံကိုပဲ တစ်ချက်တည်းနဲ့ ပစ်ကြွေသွားကာ အိပ်မက်ဖြစ်ခဲ့ရသတဲ့။

“ကိုလွင်မင်းလာရင် မကောင်းတတ်တော့ ကော်ဖီလေး ဘာလေးသောက်ဖို့ ဖိတ်ရမှာပဲ။ သမီး ထွက်မလာချင်ရင် နေ။ မေမေ့ဘာသာဖျော်ပြီး ဧည့်ခံလိုက်မယ်”

“မေမေ့သဘောပါ။ ဒီရေကတော့ လူလူချင်း သူ့ကိုဘာမှ ရှောင်နေစရာ မလိုဘူးလို့ထင်တယ်။ ဒီရေ့ဘက်ကမပါရင် သူ ဘာမှရှေ့တိုးလို့ ရမှာမဟုတ်ပါဘူး”

“ဒါပေမဲ့ ရှောင်တာကောင်းပါတယ် သမီးရယ်၊ သူက တမင်ဆုံချင်လို့ကို အိမ်လာမယ် ပြောနေတာ”

“မေမေ့သဘောပါ”

သိပ်မကြာသော အချိန်တွင် အိမ်တံခါးဘဲလ်သံကြားရပါသည်။ ဒီရေ အိမ်နောက်ဖေးမှာ တိတ်တိတ်လေး ငြိမ်နေလိုက်သည်။ ဒီနေ့ ဒီရေ့အားရက်ဖြစ်သဖြင့် အိမ်မှာနားနေရတာဖြစ်ပါသည်။ ဒီရေသည် အိမ်ရှေ့က စကားသံတွေကို နားထောင်ရင်း ခြောက်၍ရုပ်ထားသော အဝတ်တွေလည်းခေါက်ကာ မီးပူတိုက်ဖို့ အဝတ်တောင်းထဲ ထည့်နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com

"အားနာစရာ ကိုလွင်မင်းရယ်။ ဝယ်လာဖို့ မလိုပါဘူး"

မေမေ့အသံသဲ့သဲ့ကို ကြားရသည်။ ပိုးကြေးပန်းကြေး ဘာတွေများ ဝယ်လာသည်မသိ။

"ကျွန်တော်လည်း ဒင်းဆမ်းဝင်စားရင်း အန်တီတို့ကိုသတိရတာနဲ့ ဝယ်လာတာပါ"

"ဝယ်လာတာ အများကြီးပဲ၊ အိမ်မှာလည်း ဘယ်သူမှရှိတာမဟုတ်ဘူး။ ကိုလွင်မင်းပဲ တချို့ပြန်ယူသွားပါလား"

"စားစေချင်လို့ ဝယ်လာတာပါဗျာ။ ပြန်မယူတော့ပါဘူး။ ဩော် ... ဒါနဲ့ အန်တီပြောတော့ ဘယ်သူမှမရှိကြဘူးဆိုတော့ ခင်ဒီရေ မရှိဘူးလား"

"သမီး ရုံးသွားတယ်"

"မနက်ရှစ်နာရီကျော် ရုံးသွားရတယ် ဟုတ်လား"

"ဒီနေ့ သူ့ဧည့်သည်အုပ်စုလာမှာမို့ ရုံးမှာ စာရွက်စာတမ်းယူစရာရှိတာယူပြီး လေဆိပ်မှာ သွားကြိုရမယ်လေ"

ဒီရေမှာ မေမေ့အသံကို နားစွင့်ရင်းပြုံးမိ၏။ ဒီရေ့အတွက် မေမေ့ခမျာ လိမ်ညာပေးနေရပြီ။ တကယ်တော့ ဒီရက်ပိုင်း ဒီရေ့အတွက် ချပေးမယ့်ဧည့်သည်မရှိတာမို့ ဒီရေ ရုံးမှာထိုင်ရမှာဖြစ်သည်။ ရုံးချိန်မို့ မနက်ကိုးနာရီကနေ ညနေငါးနာရီသာ ရုံးသွားရပြီး ရုံးဖယ်ရီလည်း အကြိုအပို့ရှိသဖြင့် အိမ်ကအစော





ကြီးထွက်စရာမလို။ အိမ်ပြန်နောက်ကျမှာလည်း ပူစရာမရှိ။ ဒီလတော့ ခရီးသွားရာသီအနေနဲ့ဆိုရင် Low season (လိုးဆီဇင်) ဖြစ်တာမို့ အလုပ်သိပ်မများလှ။ နောက်လ နိုဝင်ဘာကစပြီး တဖြည်းဖြည်းနဲ့ များလာရာက ဒီဇင်ဘာကနေ ဖေဖော်ဝါရီလဆန်း တောက်လျှောက် မနားရတော့။ တစ်ချိန်လုံး ခရီးထွက်နေရမှာဖြစ်သည်။

"အန်တီ အဆင်သင့်ဖြစ်ရင်လည်း သွားကြတာပေါ့၊ ဒင်းဆမ်းတွေ ရေခဲသေတ္တာထဲ ထည့်ခဲ့ရင် ရပါတယ်"

"အေး ... ကောင်းသားပဲ"

မေမေ အထဲဝင်လာတော့ ဒီရေ့ကို တိုးတိုးတိတ်တိတ် ပြုံးပြရင်း ...

"မုန့်ချက်နဲ့နမ်းထွက် မကိုက်တော့ဘူး။ သမီးရှိမယ် ဝင်လို့ သူ့ အစောကြီးလာတာ"

ဟုလေသံဖြင့် ပြောပါသည်။

"မေမေလည်း အိမ်မှာမရှိဘူးဆိုတော့ ဒီရေ ဟင်းချက်မနေတော့ဘူးနော် မေမေ။ ဒီရေ ... ဒီနေ့ ဆံပင်ညှပ်ဆိုင်သွားချင်လို့ မေမေသွားရင် ဒီရေ သွားမယ်နော်"

"သွားလေ ချက်မနေနဲ့။ ဟိုလူဝယ်လာတာတွေ ငါတို့သားအမိစားလို့တောင် မကုန်ဘူး။ အဲဒါစားလည်းရတယ်။


www.burmeseclassic.com

www.burmeseclassic.com



အင်း … ပိုးကြေးပန်းကြေးကတော့စပြီ၊ နောက် ဘာတွေ လာမလဲ မသိဘူး”

မေမေ ထွက်သွားတော့ ဒီရေလည်း အဝတ်ခေါက်ပြီးပြီမို့ မီးပူတိုက်ရန် ပြင်ဆင်ပါသည်။ တစ်အိမ်လုံးမှာ ဒီရေတစ်ယောက်တည်းရှိသဖြင့် သီချင်းဖွင့်ရင်း မီးပူတိုက်နေလိုက်သည်။ မီးပူတိုက်ပြီးမှ ရေမိုးချိုးပြင်ဆင်ကာ ဆံပင်ညှပ်ဆိုင်ထွက်လာလိုက်ပါသည်။

ဒီရေက ဆံပင်ကို ပုံစံအမျိုးမျိုးပြောင်းထားတတ်သူမဟုတ်ပေမယ့် ကျောလယ်လောက် ဆံပင်ကိုပဲ မကြာခဏပေါင်းတင်၊ ပြန်ဖြောင့်၊ ဖယောင်းသွင်းလုပ်သလို ခြေသည်းလက်သည်းတို့ကိုလည်း သဘာဝအရောင်အတိုင်းလေး ကြွေရောင်နဲ့ပန်းရောင်ဖြစ်အောင် ညီညီညာညာ မတိုမရှည် ပြင်ဆင်ထားတတ်ပါသည်။ ကိုယ်က နိုင်ငံခြားသားတွေနဲ့ အလုပ်လုပ်ရသည်ဖြစ်ရာ ခြေသည်းလက်သည်းလေးတွေလည်း အဆင့်မြင့်မြင့် ပုံစံကျနလှပအောင် ပြင်ဆင်ထားရပါသည်။

ဒီရေ ပြင်ဆင်နေကျဆိုင်မှာ ဆံပင်နည်းနည်းဖြတ်ပြီး ခြေသည်းလက်သည်းပြင်လုပ်တာ နှစ်နာရီနီးပါးလောက် အချိန်ကုန်လေသည်။ ဆံပင်ဖြတ်လာပြီးခါစမို့ ခါတိုင်းစည်းနေကျ ပိုနီတေးလ်ပုံစံကို မစည်းဖြစ်ဘဲ ဒီအတိုင်း ဆံပင်ကိုဖြန့်ချပြီး





ထွက်လာခဲ့သည်။ ဆံပင်ညှပ်ဆိုင်မှ ထွက်လာပြီးသောအခါ ရှော့ပင်းမောလ်တစ်ခုနဲ့လည်း နီးနေတာမို့ အသစ်ဖွင့်ထားသော ထိုရှော့ပင်းမောလ်ထဲဝင်ပြီးငေးရန် စိတ်ကူးမိလေသည်။

လေးထပ်ဖြစ်သော ရှော့ပင်းမောလ်မှာ အောက်ဆုံးထပ်က စားသောက်ကုန်ရောင်းသော စူပါမားကပ်၊ ဒုတိယထပ်မှာတော့ အဝတ်အထည်နဲ့ အလှကုန်၊ တတိယထပ်မှာ စိန်ရွှေရတနာနှင့်နာရီအရောင်းပြခန်း၊ အပေါ်ဆုံးထပ်မှာ အီလက်ထရောနစ်အရောင်းပြခန်း ဖြစ်လေသည်။ ရန်ကုန်မြို့မှာ နေ့စဉ်နဲ့အမျှ ရှော့ပင်းမောလ်တွေ အလျှိုလျှိုပေါ်လာသဖြင့် ဒီရေမှာ အားရက်တချို့ရောက်ရင်တော့ မိန်းကလေးပီပီ သွားရောက်ငေးမောလေ့ရှိပါသည်။

အခုလည်း ဟိုငေး ဒီငေးဖြင့် လှည့်ပတ်ကြည့်ရင်း စက်လှေကားဖြင့် တစ်ထပ်ပြီးတစ်ထပ် တက်လာရာ တတိယထပ်ကိုတောင် ရောက်လာပါသည်။ ရတနာပစ္စည်းနှင့် နာရီအရောင်းပြခန်းတွေ ငေးမောလို့ကောင်းနေမိသည်။ လမ်းလျှောက်နေရင်းမှ တစ်ချက်ယိုင်သွားကာ ဟပ်ထိုးလဲမလို ဖြစ်သွားစဉ် လူတစ်ယောက်က လက်မောင်းကိုဖမ်းကိုင်ပြီး ထိန်းပေးလိုက်ရသည်။ ဒီရေ ထိုသူ့ကို ကျေးဇူးတင်စကားပြောဖို့ ကြည့်လိုက်လျှင် …

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com

ဟု ဒီရေ တအံ့တသြ အာမေဋိတ်သံတောင် ထွက်မိပါသည်။ မြတ်ဘုန်းခေါင်ကုဋေ ... ဟု ဒီရေ့ရင်ထဲမှာ ထိုအမည်ကို ခေါ်လိုက်မိပေမယ့် နှုတ်ဖျားကတော့ ထွက်မလာခဲ့ပါ။

"ခြေထောက်ခေါက်လဲတော့မလို့"

သူက ခပ်တည်တည် ပုံမှန်လေသံဖြင့် ပြောသည်။ ဒီရေ ခြေထောက်ကို ငုံ့ကြည့်မိတော့ ...

"ဟယ် ... ခေါက်က သူ့အလိုလို ကျိုးသွားတာကိုး။ ဒါကြောင့် ..."

ဟူ၍ စိတ်ပျက်စွာ ညည်းညူမိလေသည်။ ဒီရေ စီးလာသော တစ်လက်မလောက်ရှိမယ့် ခေါက်ချွန်လေးက ဘယ်လိုဖြစ်ပြီး ကျိုးသွားသည်မသိ။ ဒါကြောင့် လမ်းလျှောက်နေရင်း ယိုင်ပြီးခြေခေါက်လဲမလို ဖြစ်သွားတာပင်။

"ကျေးဇူးတင်ပါတယ်နော်။ သူသာလှမ်းမဆွဲလိုက်ရင် ဒီရေ ချော်လဲမှာ"

မြတ်ဘုန်းခေါင်ကုဋေသည် ခင်ဒီရေ ဒီအထပ်မှာ ဟိုဆိုင်ငေး၊ ဒီဆိုင်ငေး လုပ်နေတာကို အမှတ်မထင်တွေ့ပါသည်။ ခင်ဒီရေ သူ့ကိုမမြင်ဘဲ သူရှိနေသောဆိုင်နားက အဖြတ်မှာ ချော်လဲတော့မလို ဖြစ်သွားတော့ ချက်ချင်းပဲ သူလှမ်းဆွဲလိုက်နိုင်သည်။ ဘာကြောင့်လဲဆိုတော့ သူက ခင်ဒီရေကို စိတ်ဝင်တစား





လိုက်ကြည့်နေမိ၍ပင်။ ခင်ဒီရေ ဒီအထပ်တက်လာပြီး ဘယ်လိုပစ္စည်းမျိုးကို ဝယ်မှာလဲ။ သူ့လက်အားခနဲ့ ဘယ်လိုရတနာပစ္စည်းမျိုးကို ဝယ်နိုင်မလဲ ဆိုတာကို ကုဋေ တော်တော်သိချင်မိသည်။

အကယ်၍သာ ခင်ဒီရေဟာ သူမအနေအထားနဲ့ ဝယ်နိုင်ခြေရှိမယ့် ပစ္စည်းတစ်မျိုးမျိုးကို ရွေးခဲ့မယ်ဆိုရင် ကုဋေ့စိတ်ထဲမှာ ကျေနပ်မိမှာဖြစ်ပြီး ခင်ဒီရေ့ အနေအထားနဲ့ မမှန်းဆနိုင်သော ပစ္စည်းတစ်မျိုးမျိုးကိုသာ ရွေးဝယ်မယ် ဆိုရင်တော့ ကုဋေ စိတ်မကောင်းခြင်းများစွာနဲ့ မုန်းတီးရွှတ်ချမိမှာလည်း အသေအချာဖြစ်သည်။

"ကောင်မလေးအမေကို စပြီးကပ်နေပြီဗျ၊ အမိက,က အမေကျေနပ်ပြီး လက်ခံဖို့လိုတယ်။ အမေကျေနပ်ရင် ကျွန်တော့်အစီအစဉ် တစ်ဝက်အောင်မြင်ဖို့ သေချာပြီဗျ။ သမီးတွေဆိုတာ အမေပြောရင် နားယောင်တတ်ကြတာပဲ"

ဟူသော ကိုလွင်မင်း စကားတွေကို ကြားယောင်ထားသည်လည်းဖြစ်ရာ ခင်ဒီရေတို့နဲ့ ကိုလွင်မင်း ဘယ်လောက်ထိ ရင်းနှီးပတ်သက်နေသလဲဆိုတာ ကုဋေ မသိရသေးပါ။

ခင်ဒီရေဟာ သူနဲ့မကြာခဏဆုံနေကျပုံစံ ပိုနီတေးလ်ဆံပင်၊ မြန်မာအင်္ကျီနှင့် မဟုတ်ဘဲ ဆံပင်ရောင်အနက်လှဲ့လှဲ့လေး


www.burmeseclassic.com

www.burmeseclassic.com

ကို ကျောလယ်မှာ ဖြန့်ချထားသောပုံစံနှင့်မို့ တစ်မျိုးထူးခြားနေသည်။ ဆံပင်ပိုနီတေးလ်လေးနဲ့ ပိုလိုက်သည်ဟု ထင်သည်။ ရင်ဘတ်မှာ အနီရောင်ဖဲပွင့်ကြီးကြီးလေး ဒီဇိုင်းပါသော အဖြူနဲ့အပြာကန့်လန့်စင်း စပို့ရှပ်ပွပွလက်တိုလေးနှင့် ဒူးဖုံးသော ဂျင်းစကတ်နက်ပြာလေး ဝတ်ထားတာကြောင့် မြင်တွေ့နေကျ မြန်မာအင်္ကျီပုံစံ ဝတ်တာထက်စာရင် ပိုပြီးငယ်နုနေသလို ဖြစ်နေသည်။

"ဖိနပ်ဆိုင်တွေ အောက်ထပ်မှာရှိတယ်ထင်တယ်၊ အဲဒီမှာ ဝယ်လိုက်ပါလား"

"ရှိတော့ ရှိတာပေါ့ ... အဲဟင်း ဟင်း"

ကုဋေ အကြံပေးတာကို ထောက်ခံသလို ပြန်ပြောရင်း ရှက်ကိုးရှက်ကန်းလိုလို ရယ်သံလုပ်တာမို့ ကုဋေမှာ ဘာအဓိပ္ပာယ်မှန်း စဉ်းစားမရ ဖြစ်သွားပါသည်။

"အဲဒီဖိနပ်တွေက အကုန်ဈေးကြီးတဲ့ Brand (ဘရန်)တွေချည်း တင်ထားတာ။ ဝယ်လို့မဖြစ်ဘူး။ ဒီရေ တခြားမှာပဲ သွားဝယ်မယ်"

ဩော် ... ဟု ကုဋေ့ရင်ထဲ ရေရွတ်မိလိုက်ပြန်သည်။ ခင်ဒီရေကတော့ ဒေါက်ကျိုးနေသော ဖိနပ်တစ်ဖက်နှင့်အတူ အကောင်းတစ်ဖက်ကိုပါ ကောက်ကိုင်လိုက်ပြီး ...

"ဒီရေ့ကို ခွင့်ပြုပါဦး"





ခေါင်းလေးညွတ် နှုတ်ဆက်၍ ခြေဗလာဖြင့် ခပ်မြန်မြန်လေး စက်လှေကားရှိရာဆီ လျှောက်သွားတော့လေသည်။

ကုဋေ သူ့ကိုယ်သူ မေးခွန်းတွေနဲ့ ကျိန်ရစ်မိသည်။ ငါ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။ ဟာ ... မလိုပါဘူး။ ငါနဲ့ဘာဆိုင်လဲ။ ခပ်ကင်းကင်းနေရင် ကောင်းမယ်။ သူနဲ့ငါဟာ ကိုလွင်မင်း မိတ်ဆက်ပေးလို့ သိဖူးကြတယ်ဆိုတဲ့ အဆင့်ပဲရှိတာ။ အရောမဝင်သင့်ဘူး။ မဟုတ်သေးဘူးထင်တယ်။ ကိုလွင်မင်းက သူ့အထင်နဲ့သူ စိတ်ဝင်စားပြီး ကြိုးစားကြည့်နေတာ။ တကယ်လို့ ခင်ဒီရေဟာ ရိုးရိုးသားသား သူ့အလုပ် သူလုပ်နေတဲ့ မိန်းကလေးမျိုးဖြစ်နေရင် ငါ ဒီလိုမဆက်ဆံသင့်ဘူး။ အထင်သေးနှိမ့်ချသလိုမျိုး ခေါင်းထဲမှာ အတွေးမဝင်သင့်ဘူး။

ကုဋေ့မေးခွန်းတွေ ရောထွေးနေချိန်မှာပင် လူကတော့ ခင်ဒီရေ ဆင်းသွားသော စက်လှေကားဆီ အမြန်လျှောက်သွားလိုက်မိတော့သည်။

"ဟော့ ... ဟော့ ... ခင် ... ခင်ဒီရေ"

ဒီရေသည် နောက်ကဆင်းလိုက်လာသော ကုဋေ့ကို တအံ့တဩ ပြန်မော့ကြည့်သည်။ စက်လှေကားက အလိုအလျောက် ရွေ့လျားနေပေမယ့် ကုဋေကတော့ လှေကားထစ်တွေရွေ့တာ မစောင့်ဘဲ သူ့ဘာသာ ဆင်းလာနေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ခြေဗလာကြီးနဲ့ ဖိနပ်ဆိုင်ကိုရောက်အောင် သွားမနေပါနဲ့။ ဒီမောလ်ထဲမှာရှိတဲ့ ဆိုင်မှာပဲ ဝယ်လိုက်ပါလား"

ဒီရေ့နား မရောက်ခင် တစ်ထစ်မှာ သူရပ်လိုက်ရင်း ပြောသဖြင့် ဒီရေ ပြုံးမိ၏။

"ဖိနပ်တစ်ရန် ငါးသောင်းကစတာ ကိုကုဋေရဲ့၊ ဒီရေ အမြဲဝယ်နေကျဖိနပ်က တစ်သောင်းလောက်ဆို ကောင်းကောင်းလေးရတယ်။ ဒီကနေ တက္ကစီစီးသွားရင် သုံးထောင်လောက်ပဲကျတယ်၊ စုစုပေါင်း တစ်သောင်းသုံးထောင် အလွန်ဆုံး တစ်သောင်းခွဲကုန်မှာပေါ့၊ ဒီတော့ အဲဒီငါးသောင်းကို ဖြုန်းမပစ်ချင်ပါဘူး"

ဒီရေ တွက်ပြနေသည်ကို ကုဋေ နားထောင်ရင်း သူပြောတာ ဟုတ်သားပဲဟု ထောက်ခံမိလေသည်။

"ကျွန်တော် ဝယ်ပေးမယ်"

"ဟင်"

"ခင်ဒီရေက တစ်သောင်းခွဲပဲ အကုန်ခံနိုင်မယ် ပြောထားတော့ ငါးသောင်းလောက်တန်တဲ့ဖိနပ်ဝယ်ဖို့ ကျွန်တော် လိုတာစိုက်ဝယ်ပေးမယ်လေ"

"ဘာသဘောနဲ့ ပြောလိုက်တာလဲ ကိုကုဋေ"

"ခင်ဗျာ"





ဒီရေ သူ့ကို တစ်ချက်စူးစူးပြန်ကြည့်လိုက်ပြီး ...

"ကိုကုဋေ့မှာလည်း အဲဒီလိုစိတ်ဓာတ်မျိုး ရှိနေတဲ့အတွက် ဒီရေ တော်တော်စိတ်မကောင်း ဖြစ်မိတယ်။ ကျေးဇူးပြုပြီး ဒီရေ့နောက် ဆက်လိုက်မလာပါနဲ့"

ကုဋေသည် ဘာဆက်ပြောရမှန်းမသိ ငေးကြောင်နေကာ နေရာမှာတင် ရပ်ကျန်ခဲ့သည်။ ခင်ဒီရေကတော့ အောက်ဆုံးထပ်ဆင်းသော စက်လှေကားသို့ပင် ခပ်သွက်သွက်လျှောက်သွားလေပြီ။

သူ ငါ့ကို ဘာပြောခဲ့တာပါလိမ့်။ "အဲဒီလိုစိတ်ဓာတ်" တဲ့။ ဘာကို "အဲဒီလိုစိတ်ဓာတ်"ပြောတာပါလိမ့်ဟု စဉ်းစားရင်း ခင်ဒီရေနောက် အမြန်လိုက်ပြီး တောင်းပန်မလို့ စဉ်းစားကာ စက်လှေကားဆီ ခြေလှမ်း,လှမ်းလိုက်သည်။ ခင်ဒီရေကတော့ ဘယ်လိုနှုန်းနဲ့များ အောက်ကိုဆင်းသွားသည်မသိ။ ရှော့ပင်းမောလ် အပေါက်ဝကိုပင် ရောက်သွားလေပြီ။

"ခင်ဒီရေ ... ဟေ့ ... ခင်ဒီရေ"

ဒီရေ သူ့ကို တစ်ချက်မှ လှည့်မကြည့်တော့ပဲ ခြေဗလာနဲ့ပင် ပြေးထွက်သွားကာ ရှော့ပင်းမောလ်ရှေ့မှာ အသင့်ရပ်စောင့်နေသော တက္ကစီတစ်စီးပေါ် ချက်ချင်းတက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကုဋေ ရှော့ပင်းမောလ်အပြင်မှာ ရပ်လိုက်နိုင်သော အချိန်တွင် ဒီရေ စီးသော တက္ကစီကားက ဝေါခနဲ မောင်းထွက်သွားတော့သည်။

○❤○





၁၀

"ခင်ဒီရေ ... ညှော်သည်"

ရီဆက်ရှင်(Reception)ကောင်တာမှတစ်ဆင့်ခေါ်သော ဖုန်းထဲမှ သတင်းစကားကြောင့် ဒီရေ စဉ်းစားလို့မရဖြစ်သွားပါသည်။ ဘယ်ကညှော်သည်ပါလိမ့်။ ဒီရေ့ထံ ရုံးချိန်တွေမှာဆို ညှော်သည်ရယ်လို့ သီးသန့်လာလည်လေ့ရှိတဲ့သူလည်းမရှိ။ မေမေလည်း မြို့ထဲရောက်တာတောင် ဒီရေ ကုမ္ပဏီမှာရုံးထိုင်ရမှန်း သိပေမယ့် ဝင်မလာတတ်ပါ။

"ဘယ်သူများလဲ မညို"

"အမျိုးသားတစ်ယောက်ပါ ခပ်ချောချောပဲ၊ သူ့နာမည်တော့ မပြောဘူး"

ဘုရားရေ ...။ အမျိုးသား ...။ ခပ်ချောချော ...။ ဒီရေ့ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ မြည်သွား၏


www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုလွင်မင်းများလား။ ဒီရေ့ဆီ လာစရာဆိုလို့ ဒီလူပဲရှိတာလေ။

"ဧည့်ခန်းမှာ ထိုင်စောင့်နေတယ် ညီမ။ ဒါပဲနော် အစ်မ ဒီဘက်မှာ ဖုန်းကောလ်တစ်ခု ဝင်လာလို့ ဖြေလိုက်ဦးမယ်"

ရီဆက်ရှင်းကောင်တာမှာ ဖုန်းနှစ်လုံးနဲ့ အမြဲအလုပ်များနေရသော မညိုက ဖုန်းကိုချွသွားပါသည်။ ဒီရေ ဆက်စဉ်းစားမနေတော့ဘဲ ရုံးခန်းအတွင်းမှ ကုမ္ပဏီ၏ဧည့်ခန်းဘက်သို့ ထွက်လာလိုက်ပါသည်။

ဧည့်ခန်းထဲရောက်လျှင် ဒီရေ ဟင်ခနဲ အံ့ဩသွားပြီး ကြည့်နေမိတော့သည်။ ဒီရေ့ထံတွင် ပြောစရာစကားကင်းမဲ့သလို ဖြစ်နေစဉ် ...

"ခင်ဒီရေ့ကို ကျွန်တော် တောင်းပန်စရာရှိလို့ လာတွေ့လိုက်တာပါ"

ဟူသော မြတ်ဘုန်းခေါင်ကရှေ့၏ စကားသံကို စပြီးကြားရသည်။ ဒီရေမှာ ခဏတော့ အသက်ကင်းမဲ့သလိုဖြစ်နေသည်။ မျှော်လင့်မထားခဲ့ဖူးလေ။

"မနေ့က ကိစ္စလေ။ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ နားလည်မှုလွဲသလို ဖြစ်သွားတော့ ကျွန်တော် စိတ်မကောင်းဘူး။ ရှင်းပြချင်နေမိတယ်"





ဒီရေ ဒီတော့မှ အသက်ဝင်လာသလိုဖြစ်ပြီး အသာအယာ ပြုံးပါသည်။

"ဒီမှာပဲ ထိုင်မလား။ ဒါမှမဟုတ် ဒီနားတစ်ဝိုက်က ဆိုင်တစ်ဆိုင်မှာ သွားထိုင်ပြီး စကားပြောမလား ခင်ဒီရေ"

ကုရှေ့သည် ကုမ္ပဏီယူနီဖောင်းဖြစ်သော မြန်မာဝတ်စုံလေးနဲ့ ခင်ဒီရေကို ဖော်ရွေစွာပြုံးပြရင်း ဖိတ်ခေါ်လိုက်သည်။ အဝါနုရောင် ရင်ဖုံးလေးဝတ်ကာ ရှားစေးညိုရောင်ရင့်ရင့် ချည်ထည်ပေါ် အဝါနုရောင် ချိတ်ဆင်လုံချည်နှင့် ကြော့ရှင်းလှသော ခင်ဒီရေကို ကိုလွင်မင်း ဘာကြောင့် ချက်ချင်းစိတ်ဝင်စားသွားရသလဲဆိုတာ သူ အခု သိလာရသည်။ ဗီမိန်းကလေးက ရုပ်သိပ်အချောစားကြီးထဲ မပါပေမယ့် ကြည့်လိုက်ရင် ဘယ်နေရာက ဆွဲဆောင်မှုရှိမှန်းမသိအောင် ကြည့်ကောင်းနေလျက် တစိမ့်စိမ့်နဲ့ စွဲမက်လာရသော ပုံစံလေးဖြစ်လေသည်။

အခု ကုရှေ့တောင် သူ့ကိုယ်သူ ဘာဖြစ်နေမှန်းမသိ။ မနေ့က သူမနဲ့ သေသေချာချာ ဆုံလိုက်ရပြီးချိန်မှာ ရင်ထဲတွင် မတင်မကျဖြစ်လျက် နောက်တစ်ခေါက်လောက် ထပ်တွေ့ပြီး ရှင်းပြချင်နေတာမျိုး ဖြစ်နေခဲ့သည်။ တကယ်တော့ အရေးတကြီး လိုက်ရှင်းပြစရာလည်း မလိုမှန်း သိပေမယ့် ဒီကုမ္ပဏီရုံးကို အရောက်လာမိတဲ့အထိ စိတ်ကို အလိုလိုက်မိလေပြီ။


www.burmeseclassic.com

www.burmeseclassic.com

"ကိုကုဋေ သဘောပါ။ ဒီရေကတော့ အခုလို ရောက်လာပြီး တောင်းပန်တဲ့အတွက် ကျေနပ်ပါတယ်။ အကြာကြီး ရှင်းပြနေစရာလည်း မလိုပါဘူး"

"ကျွန်တော်က အဲဒီတုန်းက ခင်ဒီရေကို အဆင်ပြေပါစေ တော့ဆိုပြီး ကူညီပေးလိုက်ချင်တဲ့သဘောပဲ ရှိပါတယ်။ အရာရာကို ငွေပေးပြီး ဖြေရှင်းလိုက်မယ်ဆိုတဲ့စိတ်လည်း မရှိပါဘူး။ နောက်မှ ကျွန်တော် စဉ်းစားမိတယ်။ တကယ် တော့ အဲဒီလို မပြောသင့်ဘူးပေါ့။ ခင်ဒီရေနဲ့ ကျွန်တော် ဆိုတာက မျက်မှန်းတန်းဖူးရုံ၊ ကြားထဲက လူတစ်ယောက် မိတ်ဆက်ပေးထားလို့ သိကြတယ်ဆိုရုံလေးရှိတာဆိုတော့ ငွေရေးကြေးရေးနဲ့ ပတ်သက်တာကို မပြောသင့်ဘူး၊ ကျွန်တော် မှားသွားပါတယ်"

"တောင်းပန်တယ်ဆိုရင်ပဲ ကျေနပ်ပါတယ်"

ဒီရေ့ရင်ထဲမှာတော့ အခုလိုအဖြစ်အပျက်ကို အိပ်မက် မက်နေသလားတောင်ထင်ကာ မယုံနိုင်အောင်ဖြစ်နေမိပါသည်။ ကြည့်စမ်းပါဦး ... ဒီရေ တိတ်တခိုး ငေးမောသဘောကျခဲ့ရဖူးတဲ့၊ ဒီရေနဲ့ သိပ်ကိုအလှမ်းဝေးတဲ့ အခြေအနေတစ်ခုထဲက မင်းသားကို ဒီရေ အခုဆုံရပြီ။ စကားပြောခွင့်ရပြီ။ ရင်းနှီးခွင့်ရပြီ။ ပြီးတော့ သူ့ရဲ့လိုလိုလားလား ဖိတ်ခေါ်မှုကိုလည်း ကြုံရသတဲ့။ ဘယ်လောက် အံ့သြစရာကောင်းလဲ။





"ကော်ဖီသွားသောက်ကြမလား"

ဒီရေ လက်ပတ်နာရီကို အမှတ်တမဲ့ကြည့်မိ၏။ နေ့လယ်နှစ်နာရီ။ ကော်ဖီသောက်တဲ့ အချိန်ပဲလေ။

"ဒီရေ့ကို တောင်းပန်ဖို့ ကော်ဖီသွားသောက်မယ် ဆိုရင် တော့ မလိုဘူးနော်။ ဒီရေ ကိုကုဋေ့ကို စိတ်မဆိုးတော့ ပါဘူး။ ကျေပါပြီ"

"အဲဒီအတွက် မဟုတ်ပါဘူး၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့။ ခင်ဒီရေ အားမှလက်ခံပါ။ ကျွန်တော့်ကို အားနာပြီး မငြင်းတာမျိုး မဖြစ်စေချင်ဘူး"

"ဒီရေ အားပါတယ်။ ဒီအချိန်လည်း ကော်ဖီသောက်နေ ကျပါ"

"ဒါဆို သွားကြမယ်နော်"

ဒီရေ့ကို သူက ဦးဆောင်ပြီး ထွက်သွားပါသည်။ ရီဆက်ရှင်းမှ မညိုကို တစ်ချက်လှည့်ကြည့် ပြုံးပြနှုတ်ဆက်လိုက် တော့ "ဟယ် ... အဲဒါဘယ်သူလဲ၊ ချောတယ်ဟဲ့"ဟူသော အသံ မထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ လှမ်းပြောတာကို တွေ့ရ၏။ ဒီရေ အသာပြုံးပြီး ဘာမှမဖြေဘဲ လက်ပြကာ ထွက်လာခဲ့လိုက်ပါသည်။

ဒီရေတို့ကုမ္ပဏီရုံးဖွင့်ထားသော နေရာက တိုးကုမ္ပဏီ တွေချည်း ဆက်တိုက်ရှိသောနေရာလည်း ဖြစ်လေရာ အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာနဲ့ စတိုးဆိုင်မျိုးစုံ၊ လက်ဖက်ရည်ဆိုင် အကြီးအငယ်၊ စားသောက်ဆိုင်၊ ဘာဂါဆိုင်စသဖြင့် အမျိုးစုံရှိကာ စည်ကားလှသည်။

"ဒီနားမှာပဲ သောက်မလား"

"ကိုကုဋ္ဌေ့သဘောပါ"

"ဟိုဘာဂါဆိုင်လေးက သူ့ဘာသာ ဆိုင်သီးသန့်နော်၊ အဲဒီမှာ ထိုင်မလား"

"ကောင်းပါတယ်၊ အဲဒီဆိုင်မှာ ကော်ဖီ အအေးလည်း ရတယ်လေ"

ကုဋ္ဌေဟာ ခုထိ သူ့ကိုယ်သူ မရေရာသလို ဖြစ်နေဆဲ။ တကယ်တော့ လာတွေ့ပြီး တောင်းပန်ပြီးလျှင် ပြီးပြီပဲ။ အခုလို အတူယှဉ်တွဲပြီး ဆိုင်တစ်ဆိုင်ထဲ ဝင်ထိုင်စရာတောင် မလိုမှန်း သူသိပါသည်။ သို့သော် စိတ်ထဲမှာ သိနေတာကတခြား၊ လုပ်နေတာကတခြား ဖြစ်နေသည်။ အတူယှဉ်ပြီး လျှောက်လာရသောအခါ သူ့ပခုံးစွန်းကိုကျော်နေသော ဒီရေ့ငယ်ထိပ်လေးကို ငုံ့မကြည့်မိဖို့ သူ တော်တော်သတိထားနေရသည်။ ရင်ထဲမှာတစ်မျိုးတော့ ဖြစ်နေခဲ့သည်။

တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် ထိုင်မိကြသောအခါ ...





"မနေ့က ခင်ဒီရေ ဘာလာဝယ်တာလဲ"

"ရတနာဆိုင်တန်းမှာတွေ့လို့ ရတနာတစ်ခုခု လာဝယ်တယ်ထင်တာလား ... ဟား ဟား၊ မဟုတ်ပါဘူး လျှောက်ငေးတာပါ။ စိန်ရောင် ရွှေရောင် ကျောက်ရောင် ပြိုးပြိုးပြက်ပြက်တွေကို မဝယ်နိုင်ပေမယ့်လည်း လိုက်ကြည့်ရတာ စိတ်ချမ်းသာတယ်။ ဟိုဟာလေး လှတယ်၊ ဒီဟာလေး လှတယ်ပေါ့"

"ကျွန်တော့်နားက ဖြတ်သွားမှ ခြေထောက်ခေါက်ပြီး ယိုင်သွားလို့ လှမ်းဆွဲလိုက်မိတာပါ။ ခင်ဒီရေမှန်း မြင်မြင်ချင်း မှတ်မိပါတယ်။ ခင်ဒီရေ လျှောက်လာကတည်းက မြင်တာ။ ဘာများ လာဝယ်ပါလိမ့်လို့"

"ဒီရေ ဝယ်လေ့မရှိပါဘူး။ မေမေပဲ ပိုက်ဆံစုလို့ပြည့်ရင် ဝယ်တတ်တာလေ"

"ကိုလွင်မင်းနဲ့ အလုပ်လုပ်နေတာ ပြီးသွားကြပြီလား"

ကုဋ္ဌေက ထိုအမည်ကို ထည့်မပြောချင်ပေမယ့် သူတို့နှစ်ဦးကြားမှာ အဓိကဆက်သွယ်သူက ကိုလွင်မင်း ဖြစ်နေသဖြင့် ထည့်ပြောမိသည်။ ပြီးတော့ ခင်ဒီရေ့ကိုလည်း အကဲခတ်ချင်တာကြောင့် ထိုအမည်ကို ပြောလိုက်တာမျိုးလည်း ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒီရေ မေမေ့အလုပ်ကိစ္စတွေကို သိပ်မသိပါဘူး။ အဲဒီလူက ကိုကုဋေနဲ့ တော်တော်ခင်လား"

"ကျွန်တော်နဲ့သူ ရှယ်ယာတစ်ခုထောင်ပြီး ရှိုးရွမ်းဖွင့်ဖို့ရှိတယ်လေ။ ဘယ်လိုခေါ်မလဲ Business Partners (ဘစ်(စ)နက်(စ)ပါတနာ)တွေပေါ့"

"ငယ်သူငယ်ချင်း မဟုတ်ဘူး မဟုတ်လား"

"မဟုတ်ပါဘူး၊ အခုမှတွေ့ပြီး ခင်မင်ကြတာပါ။ သိတာ တစ်နှစ်ကျော်ပဲ ရှိပါသေးတယ်"

"သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေ မဟုတ်ဘူး ဆိုရင်တော့ ဒီရေ သူနဲ့ပတ်သက်တာ ပြောချင်တယ်"

ကုဋေ့ကို တည်တည်ငြိမ်ငြိမ်လေးကြည့်ပြီး ပြောတာမို့ ကုဋေလည်း အသာခေါင်းညိတ်ရင်း ...

"ပြောပါ ... ရပါတယ်။ ကျွန်တော်တို့က ရိုးရိုးသာမန် ခင်ကြတဲ့ လူတွေပါ"

ဟု သူတို့ရဲ့ ဆက်ဆံရေးကို ပြောပြလိုက်ပါသည်။

"ဒီရေ ... သူ့ကို စိတ်ထဲက အလိုလိုနေရင်း သဘောမကျဘူး။ ဒါကြောင့် သူနဲ့မတွေ့အောင် ရှောင်နေတယ်။ ဒီရေ့မေမေကလည်း အသိုင်းအဝိုင်းကျယ်ပြန့်တဲ့ အိမ်ခြံမြေပွဲစား





အလုပ်ကိုလုပ်နေတဲ့သူပါ။ ဒီတော့ သတင်းဆိုတာ စုံစမ်းရင် အကုန်ပြန်ကြားရပါတယ်၊ ဒီရေတို့ ကြားထားတဲ့ သတင်းတွေကြောင့် သူ့ကို ဒီရေ ရှောင်တာပါ။ သူက မိန်းကလေးတွေ အကုန်လုံးကို သူနဲ့ဆုံဖူးတဲ့ မိန်းကလေးတွေလိုမျိုးပဲလို့ ထင်တတ်တာကို ဒီရေ မကြိုက်ဘူး"

တကယ်ပြောတာလား ဒီရေဟု ကုဋေ့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ မေးချင်မိသည်။ ကိုလွင်မင်းကိုတော့ရှောင်ပြီး သူ့ကိုတော့ မရှောင်ဘဲ လိုက်လိုက်လျောလျောရှိတာ ဘာကြောင့်လဲ။ "မြတ်ဘုန်းခေါင်"မိသားစုမို့လို့လား။ ကုဋေသည် အလကားနေရင်း ဝင်လာသော ထိုသံသယကို မုန်းမိကာ မေ့ဖျောက်ပစ်လိုက်ရပါသည်။

"အဲဒါကြောင့် ကိုကုဋေက ပိုက်ဆံစိုက်ပြီး ဖိနပ်ဝယ်ပေးမယ်ဆိုတော့ ဒီရေ တော်တော်စိတ်မကောင်းဖြစ်ပြီး ပြန်ပြောမိတာပါ။ ပိုက်ဆံနဲ့မျှားရင် ဘာမဆို မျှားလို့ရတယ်ဆိုတဲ့ စိတ်ဓာတ်ရှိရင် ဒီရေ အရမ်းမုန်းတယ်လေ"

"ကျွန်တော်က ကူညီချင်လို့ပါ"

"ဟုတ်ပါပြီ၊ ဒီရေ ယုံထားပြီးပါပြီ"

"အဲဒီနေ့က ဘာဖိနပ်ဝယ်လိုက်လဲ"

"ဒီမှာလေ ... အခု စီးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီရေက စားပွဲအောက်မှာချထားတဲ့ သူမခြေထောက်လေးနှစ်ဖက်ထဲက တစ်ဖက်ကို အသာအယာ စားပွဲအပြင်ဘက် ရွှေ့ပြရင်း ပြောတော့ ကုဋေလည်း ဘာရယ်မဟုတ် ငုံ့ကြည့်မိသည်။ ကြိုးနှစ်ချောင်းမှာ စိန်လုံးလေးတွေ စီထားသော အနက်ရောင် ဒေါက်မြင့်ဖိနပ်လေးက ဒီရေ့ ခြေဖဝါးနဲ့တော့ အတော်လိုက်ဖက်လှလေသည်။

"သြော် ... ကန်တော့ ... ကန်တော့နော်။ ဒီရေ့ခြေထောက်ကြီးကို ထိုးပြသလို ဖြစ်နေပြီ"

"ရပါတယ် ... ဖိနပ်လေးက လှတယ်။ ခင်ဒီရေနဲ့လည်း လိုက်ပါတယ်"

"အဲဒီဖိနပ်မှ တစ်သောင်းနဲ့ငါးရာပဲ ပေးရတယ်။ ကိုကုဋေပြောတဲ့ Aeroflex အေရိုဖလက်(စ်)တို့၊ Gucci ဂူချီတို့ သာဝယ်ရင် မွဲမှာပဲ"

"ခင်ဒီရေက တစ်လက်မဒေါက်လေးတွေ ကြိုက်လို့လား"

"ဒေါက်ဖိနပ်ကြိုက်တယ်၊ ဖိနပ်ကို နည်းနည်းလေးမြင့်ရင် ကြိုက်တာမျိုးလေ။ ပုံတော်ဖိနပ်အမြင့်လေးတွေလည်း စီးပါတယ်၊ ဒါပေမဲ့ ဒေါက်ဖိနပ်ကိုတော့ ပိုကြိုက်တယ်"

"မိန်းကလေးတွေက ဖိနပ်တို့ လက်ကိုင်အိတ်တို့ဆို ထည်လဲသုံးချင်ကြတယ်တဲ့ အဲဒါ ဟုတ်လား"





"အခြေအနေပေါ်မှာ မူတည်ပါတယ် ကိုကုဋေရယ်၊ ကိုယ်မသုံးနိုင်၊ မစွဲနိုင်တာကြီးကို မက်မောပြီး တမ်းတမနေသင့်ဘူးပေါ့။ ကိုယ့်အတိုင်းအတာလေးနဲ့ ကိုယ်ပဲ ကောင်းပါတယ်"

"စပ်စုတယ်လို့ မထင်နဲ့နော်၊ ကျွန်တော် မေးတာရိုင်းရင်လည်း ရိုင်းမယ်။ ခင်ဒီရေက လခဘယ်လောက်လောက်ရလို့လဲ"

ဒီရေက ဂဏန်းတချို့ကို ရွတ်ပြလိုက်ပါသည်။

"သြော် ... မဆိုးဘူးပဲ၊ လခတော်တော်ကောင်းတာပဲ"

"အဲဒါက အခြေခံလစာသဘောမျိုးပေါ့၊ ဒီရေ့ညှိသည်များတဲ့လဆိုရင် လခပိုရပါတယ်"

"ခင်ဒီရေ ဒီအလုပ်ကို ကြိုက်လို့ ရွေးထားတာလား"

"အင်း ... ကြိုက်တယ်၊ သူတို့နဲ့ အမြဲစကားပြောနေရတော့လည်း ဒီရေ သင်ထားတဲ့ဘာသာစကား ပိုပြီးပြောဖြစ်တာပေါ့။ ပြင်သစ်စကားက သိပ်မပြောဖြစ်ကြဘူးလေ။ ပြီးတော့ သူတို့ကိုလျှောက်ပြရင်း ရှင်းပြရင်းက ကိုယ်မသိသေးတဲ့ မြန်မာပြည်က သမိုင်းတွေတောင် ထပ်သိလာရတာတွေ သိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဒီရေ ... စိတ်ဝင်စားမယ်ဆိုရင် ကျွန်တော့်ဟိုတယ်မှာလည်း အလုပ်ဝင်လို့ ရပါတယ်၊ အေးအေးဆေးဆေး အလုပ်ချိန်သတ်သတ်မှတ်မှတ်နဲ့ ရုံးထိုင်ရတာမျိုးကြိုက်ရင် ခင်ဒီရေ့အတွက် အလုပ်ရှိတယ်လို့ ပြောချင်လို့ပါ"

ကုဇွေ့မှာ ဘယ်လိုကဘယ်လို ပြောဖြစ်သွားသည် မသိပါပဲ ခင်ဒီရေ့ကို သူ့ထံမှာ အလုပ်လာလုပ်ရန် ကမ်းလှမ်းမိပြန်သည်။ ဒီမိန်းကလေးကို ရုံးထဲမှာထိုင်ပြီး ကွန်ပျူတာရှေ့ထိုင်ကာ အေးအေးဆေးဆေးလေး အလုပ်လုပ်စေချင်သည်။ မြန်မာပြည်အနှံ့ အမြဲခရီးထွက်မနေစေချင်တော့သလို ဖြစ်နေသည်။

"ဒီရေ့မှာ ဟိုတယ်နဲ့ပတ်သက်တဲ့ပညာ ဘာမှမရှိဘူး ကိုကုဇွေရဲ့။ ဆယ်တန်းအောင်တော့ နိုင်ငံခြားဘာသာတက်တယ်။ အဝေးသင်ကိုလည်း E.မေဂျာနဲ့ ပြီးအောင်ယူတယ်၊ ဒီလောက်ပါပဲ။ မေမေ့အဆက်အသွယ်နဲ့ ဒီဂိုက်ဒ်အလုပ်ကို ရထားတာပါ"

"ဒီရေ အလုပ်လိုချင်ရင် ပြောပါ။ ကျွန်တော် ခန့်လို့ရတယ်။ ဥပမာ ဒီရေ အခုလုပ်နေတဲ့ ဂိုက်ဒ်အလုပ်ကိုငြီးငွေ့လာပြီး ဘာလုပ်ရမှန်းမသိခဲ့ရင်ပေါ့။ ကျွန်တော့်ကို အချိန်မရွေး ဖုန်းဆက်ပြီး အလုပ်တောင်းပါ၊ အလုပ်ပေးနိုင်ပါတယ်"





"ကျေးဇူးတင်ပါတယ်ရှင် Merci (မက်ဆီး)"

ဒီရေက ပြင်သစ်စကားဖြင့်ပါ တွဲပြောပြီး တိုးတိုးလေးရယ်လိုက်တော့ ကုဇွေ ဖျတ်ခနဲ ငေးသွားမိသည်။ ရယ်လိုက်ရင် ကလေးဆန်သွားတယ်။

"ဒီရေ အလုပ်ပြန်ဝင်ရဦးမယ်နော် ကိုကုဇွေ၊ ကော်ဖီလည်းသောက်ပြီးပြီ၊ ပြန်ကြရအောင်"

"ဪ ... အင်း ... ဟုတ်သားပဲ"

ဆိုင်ထဲက နှစ်ယောက်အတူတူ ထွက်လာပြီးသောအခါ ဒီရေ့ကုမ္ပဏီကို သိပ်လျှောက်စရာမလိုဘဲ ခဏလေးနဲ့ပြန်ရောက်ပါသည်။

"ဒီရေ သွားတော့မယ် ကိုကုဇွေ"

"ခင်ဒီရေ့ဖုန်းနံပါတ် တစ်ချက်လောက် ပေးထားလို့ရမလား"

"အိမ်ဖုန်းလား ... ဟန်းဖုန်းလား"

"နှစ်ခုလုံး သိထားရရင် ကောင်းတာပေါ့"

ဒီရေ အိမ်ဖုန်းနံပါတ် အရင်ရွတ်ပြလိုက်ပါသည်။ ကုဇွေက သူ့ဟန်းဖုန်းကိုထုတ်ကာ မှတ်ပါသည်။ ဖုန်းမိမိုရီထဲမှာ ခင်ဒီရေ ဟူသောအမည်ဖြင့် မှတ်ထားလိုက်ရင်း ငါ ဘာကြောင့် ဖုန်းနံပါတ်တောင်းမိသလဲလို့တော့ ပြန်တွေးမိသေးသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒီရေ သွားပြီ Au revoir အော်ရီဗွား"

ဒီရေက ပြင်သစ်စကားဖြင့် နှုတ်ဆက်ပါတယ်ဟု ပြောလိုက်ကာ ကုမ္ပဏီရုံးခန်းတံခါးကို တွန်းဖွင့်ဝင်သွားပါသည်။

○❤○





## ၁၁

ဒီရေသည် ဒီနေ့ နေ့လယ်ခင်းက မမျှော်လင့်ထားတဲ့သူရဲ့ လာရောက်တွေ့ဆုံမှုကြောင့် အပျော်ကြီးပျော်ကာ လှုပ်လေထဲမြောက်နေသော ခံစားချက်တွေနဲ့ အိမ်ပြန်ခဲ့သည်။ ဖယ်ရီမောင်းသော ကိုသက်ကပင် ...

"ခင်ဒီရေ ... ဒီနေ့ တစ်ခုခုထူးခြားနေတယ်ဟော့၊ ဘာတွေစိတ်ချမ်းသာစရာရှိလဲ မသိဘူး၊ မျက်နှာက ပြုံးပဲပြုံးနေတာ သွားတောင်အအေးပတ်တော့မယ်"

ဟု၍ သတိထားမိပြီး ပြောယူရသည်။

"ခါတိုင်းဆို ဒီရေက အတွေးသမားလေ။ လမ်းဘေးကိုငေးပြီး တွေးလာတာ။ ဒီနေ့တော့ တွေးနေ ငေးနေဖို့တောင် အချိန်မပေးဘူး။ ပြုံးနေတော့တာ"



www.burmeseclassic.com

www.burmeseclassic.com


ဖယ်ရီအတူတူစီးဖော်စီးဖက် သူငယ်ချင်းတွေကပါ ဝိုင်းပြောရတဲ့အထိ ဒီရေ့မှာ အပျော်တွေပြည့်နေခဲ့ပါသည်။

သို့သော် ဒီရေ အိမ်ပြန်ရောက်သောအခါမှာတော့ စိတ်ထဲမှာ အုံ့မှိုင်းသွားရပါသည်။ ဘာကြောင့်လဲဆိုတော့ အိမ်ရှေ့ ဧည့်ခန်းမှာ ထိုင်စကားပြောနေသော ကိုလွင်မင်းကို တွေ့လိုက်ရ၍ပင်။

"ဟော ... ဒီရေ ပြန်လာပြီ"

ဝမ်းသာအားရ ပြောလိုက်သော ကိုလွင်မင်းကို ဒီရေ ပြန်ပြုံးပြမိသလား၊ မပြုံးပြမိသလားပင် မသိ။

"ဖယ်ရီနဲ့ ပြန်လာတာလား"

ဒီရေ စကားတစ်လုံးမှ မစပေမယ့် ကိုလွင်မင်းကတော့ ဒီရေ့ကို စကားမပြတ်ချင်ဟန်ဖြင့် ဆက်မေးနေသည်။ မေမေကတော့ အသာအကဲခတ်နေပုံဖြင့် ငြိမ်နေသည်။ ခုရက်ပိုင်းအတွင်း မေမေ့ကြည့်ရတာ ကိုလွင်မင်းကို အရင်ကလောက် ခါးခါးသီးသီး မဖြစ်တော့ဘဲ တစ်စုံတစ်ရာကို လေ့လာနေသလားလို့ ဒီရေ ထင်မိသည်။

"ဟုတ်ကဲ့"

"ကောင်းတာပေါ့၊ ဖယ်ရီစီးရတော့ ဘတ်စ်ကားလောက် မပင်ပန်းဘူးပေါ့၊ ဒီမှာလေ အန်တီဆိုင်ပေးထားတဲ့မြေကွက်



ကျွန်တော် ငွေချေလိုက်တာမို့ အန်တီက ပွဲခတွေရပြီး ဝမ်းသာနေတာ။ ထမင်းဖိတ်ကျွေးမယ်ဆိုပြီး ဒီရေအားတဲ့ရက် ညှိမလို့တဲ့"

ဒီရေ မေမေ့ကို အလန့်တကြား ကြည့်လိုက်သည်။ ခုထိ ဒီရေ မထိုင်သေး။

ဧည့်ခန်းထဲမှာပဲ ရပ်မလိုလို အိမ်ထဲပဲ ဝင်တော့မလိုလို လုပ်နေမိသည်။

"သမီး လာထိုင်ပါဦး"

"ဟုတ်သားပဲ၊ ဒီရေ လာထိုင်ပါလား၊ မတ်တတ်ကြီး ရပ်နေတယ်"

ဒီရေ စိတ်မသက်သာစွာပင် ဝင်ထိုင်လိုက်ရသည်။ နေ့လယ်က ကြည်နူးချမ်းမြေ့ခဲ့ရတဲ့ ဒီရေ့စိတ်တွေ အခုတော့ တကယ်ပင် နောက်ကျိသွားရလေပြီ။

"တနင်္ဂနွေ အားလား သမီး"

"အားပါတယ်"

ဒီရေ မညာချင်။ ကိုယ့်အိမ်ကိုယ်နေပြီး လူတစ်ယောက်ကို ရှောင်ပုန်းနေရတဲ့အလုပ် မလုပ်ချင်။

"ကိုလွင်မင်းလည်း အားတယ်ဆိုရင် အိမ်ကို ထမင်းစားဖိတ်လိုက်မယ်"


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် အားပါတယ်၊ အန်တီတို့သာ အဆင်ပြေအောင် ညှိကြပါ"

"အခု သမီးအားပြီပဲ ညှိစရာမလိုတော့ပါဘူး၊ ဒါနဲ့ ကိုလွင်မင်းက ထမင်းဟင်းတွေ ကြိုက်ရဲ့လား။ တခြား ဘာများစားချင်သလဲ ပြောနော်။ အားမနာနဲ့"

"တခြားဆိုတာ ဘာကိုပြောတာလဲ၊ မုန့်ဟင်းခါး အုန်းနို့ ခေါက်ဆွဲကို ဆိုလိုတာလား"

"အကုန်ပေါ့၊ အသုပ်တို့ နန်းကြီးသုပ်တို့လည်း ပါတယ်။ ထမင်းဟင်းဆိုလည်း အုန်းထမင်းလား ထောပတ်ထမင်းလား၊ ဒံပေါက်ထမင်းလား အဲဒီလိုမျိုး သိချင်တာပါ"

"အုန်းထမင်းဆိုရင် ကောင်းမယ်၊ ကျွန်တော် မစားဖြစ်တာ တောင် ကြာပြီ"

"ဟုတ်ပြီ၊ အုန်းထမင်း ကြက်သားပေါ့"

"ကျွန်တော်မှာ မိဘတွေလည်းမရှိကြတော့ဘူး ဆိုတော့ အခုလိုမျိုး သေသေချာချာ လက်ရာကောင်းကောင်းချက် ကျွေးမယ့်သူ မရှိတာကြာပြီ။ အန်တီ ချက်ကျွေးမှပဲ စားရတော့မယ်"

"မိဘမရှိတော့ဘူးဆိုတော့ အခု ဘယ်သူတွေနဲ့နေလဲ"





ဒီရေကတော့ စကားဝိုင်းထဲကနေ ဘယ်လိုခွင့် တောင်းပြီး ထသွားရမလဲဆိုတာ အကြံထုတ်နေမိသည်။

"ဖေဖေက ဆုံးသွားတာ ကြာပါပြီ၊ မေမေကတော့ ပြီးခဲ့ တဲ့နှစ်ကမှ ဆုံးတာပါ၊ အဲဒီတည်းက ကျွန်တော် တစ် ယောက်တည်းပဲ ဆက်နေပါတယ်၊ အဖေအမေ မရှိတော့ ပေမယ့် အရွယ်ရောက်နေပြီ ဆိုတော့လည်း ကိုယ့်ဘာသာ ဆက်နေလို့ရတယ်လေ၊ အိမ်မှာတော့ မိဘတွေရှိတဲ့အချိန် တည်းက အလုပ်လုပ်လာတဲ့ အိမ်ဖော်တို့ ထမင်းချက်တို့ ခြံစောင့်တို့တော့ ရှိတာပေါ့"

"ညီအစ်ကိုမောင်နှမတွေ ရှိကြလား"

"အစ်ကိုနှစ်ယောက် ရှိတယ်၊ အားလုံး သူ့အိမ်ထောင်နဲ့ သူ ဖြစ်နေပြီ၊ ကျွန်တော်ပဲ ..."

ထိုစကားကိုပြောပြီး ဒီရေ့ကို ဖျတ်ခနဲကြည့်လိုက် သဖြင့် ဒီရေ ပိုပြီးစိတ်ပျက်သွားပါသည်။ ဘာတွေမှန်းမသိသော စကားအကြောင်းအရာတွေကို နာရီဝက်လောက် ဒီရေသည်းခံနား ထောင်ပြီးသောအခါ မနေနိုင်တော့သောကြောင့် ...

"ဒီရေ့ကို ခွင့်ပြုပါဦး၊ ရေမိုးချိုးလိုက်ချင်လို့"

ဟု ခွင့်တောင်းပြီး ထ,လာရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ရေမိုးချိုး သနပ်ခါးလိမ်းပြီးသည်အထိ ဒီရေ အပြင် ပြန်မထွက်ဘဲ ပေကပ်ကာ အခန်းအောင်းနေလိုက်ပါသည်။

"ဒီရေ့ရေ ... သမီး၊ ကိုလွင်မင်း ပြန်တော့မယ်တဲ့၊ လာ နှုတ်ဆက်လိုက်ပါဦး"

မေမေ့အသံကြားမှပဲ ဒီရေ အပြင်ထွက်လာလိုက်ပါသည်။ အိမ်နေရင်း စပန့်ဂါဝန်ရှည်နှင့် ဆံပင်တွေဖြန့်ချထားသော ဒီရေ့ကိုမြင်တော့ ကိုလွင်မင်းက သေသေချာချာလေးကြည့်ရင်း ...

"ဂါဝန်လေးနဲ့ သနပ်ခါးရေကျဲလေးနဲ့ဆိုတော့ ဒီရေက ပိုကြည့်ကောင်းသွားတယ်"

ဒီရေ ဘာမှပြန်မပြောဘဲ ပြုံးရုံပြုံးနေလိုက်မိသည်။ ကိုလွင်မင်း ပြန်သောအခါ ဒီရေနဲ့ မေမေ ထိပ်တိုက်တွေ့လေပြီ။

"မေမေ အဲဒီလူကို မကြိုက်ဘူးဆိုပြီး ဘာသဘောနဲ့ဖိတ်တာလဲဟင်"

"အင်း ... ထင်သားပဲ သမီး မေးတော့မယ်လို့"

"မေးရမှာပေါ့၊ မေမေပဲ အဲဒီလူရဲ့အကျင့်တွေကို မကြိုက်ဘူး၊ သူ့သတင်းတွေကို မကြိုက်ဘူးဆို"

"မေမေ ဘာစဉ်းစားမိလဲဆိုတော့ သူဟာ မေမေ့သမီးကိုမှ မိဖုရားအရာထားချင်လို့ ချဉ်းကပ်လာတယ်ဆိုရင်ရော ... ဆိုတဲ့ အတွေးဝင်လာမိတာပဲ"





"ဟာ ... မဖြစ်နိုင်တာ မဟုတ်တာ မေမေရယ်"

ဒီရေ ခါးခါးသီးသီး ငြင်းမိသည်။ တခြားလူတွေ ပြောကြသလို ဘာတွေဆေးမိသွားလဲ ဆိုသော အတွေးပင် တွေးလိုက်မိ၏။

"သူ့မှာ မောင်းမမိသံမျှားရင် မျှားမယ်၊ မိဖုရားကတော့ တစ်ယောက်တည်းပဲပေါ့။ အဲဒီ မိဖုရားဟာ ခင်ဒီရေ မဖြစ်နိုင်ဘူးလို့ ဘယ်သူပြောလဲ၊ တစ်ခါတလေကျ ကိုယ့်ရဲ့ကံတရားက သိပ်ကောင်းနေရင် ကိုယ်က မိဖုရားဖြစ်ကို ဖြစ်မှာပဲလေ။ ကံကလည်းကောင်းမယ်၊ ကိုယ်ကလည်း သူ့ကို ဆွဲဆောင်နိုင်မယ်ဆိုရင် အဲဒီနေရာ ရကိုရမှာပဲ မဟုတ်လား။ ဒီလူ သမီးကို တော်တော်လေး သဘောကျနေတာ သမီး ဘာကြောင့် ကိုယ့်ဘက်ပါအောင် မဆွဲဆောင်နိုင်စရာ အကြောင်းရှိလဲ"

"ဒီရေ သူ့ကို မကြိုက်ဘူး မေမေ"

"ရုပ်လည်းချောတယ်၊ ပိုက်ဆံလည်း ချမ်းသာတယ် ဘာ မကြိုက်စရာရှိလဲ"

"မေမေ ဒီရေ့ကို အတင်းအကျပ် မတွန်းပါနဲ့၊ ဒီရေ သူ့ကို လုံးဝကိုသဘောမကျဘူး၊ စတွေ့ကတည်းက သဘော မကျတာ ခုထိပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အတင်းတိုက်တွန်းတာ ဘာညာတော့ အမေပဲ လုပ်ရင် လုပ်ရမှာပဲ။ ကိုယ့်သားသမီး ကောင်းစားစေချင်လို့ မျှော်လင့်တာပဲဟာ"

"မေမေက ထမင်းတောင် ဖိတ်ကျွေးနေပြီဆိုတော့ ဒီရေ ဒီတစ်ခါပဲ ညှော်ခံနိုင်မယ် မေမေ။ နောက်တစ်ခါဆို ဒီရေ သူ့ကို ညှော်ခံစရာအကြောင်းမရှိဘူး"

မေမေကတော့ ဒီရေ ပြောချင်ရာပြောဆိုသော ဟန်ဖြင့် အရေးမလုပ်ပါဘဲ ပွဲရလာသောငွေတွေကို ငွေရေစက် ဖြင့်ရေကာ သိမ်းဆည်းနေသည်။

ထိုနေ့ကစပြီး ဒီရေနဲ့ မေမေ့ကြားတွင် ဘာမှန်းမသိသော မပြေလည်မှုတစ်ခုက အစပြုလာသလို ခံစားရလေသည်။

○❤○





## ၁၂

ဖွန်းခက်ရင်းတို့ကို သေသပ်ကျမ်းကျင်စွာကိုင်ရင်း ထမင်းစားနေသော ကိုလွင်မင်းနဲ့ အဓိကစကားပြောသူမှာ မေမေ ဖြစ်ပြီး ဒီရေကတော့ အားနာပါးနာဖြင့် တစ်လုံးစ၊ နှစ်လုံးစ,သာ ပြောရလေသည်။

"ကျွန်တော်က ဒီမှာ အုန်းထမင်းတွေ တအားစားသွားပြီး ဗိုက်တင်းနေပြီဆိုတော့ ညနေကျ ဒင်နာပွဲတစ်ပွဲသွားရင် ဘာမှတောင် မစားဖြစ်တော့ဘူးထင်တယ်"

"ဩော် ... ဟုတ်လား၊ ဒင်နာပါတီလား"

"မဟုတ်ဘူး၊ အင်ဂေ့ချ်မင့်န်ပါတီပါ၊ စေ့စပ်ပွဲကိုညဘက် ဟိုတယ်မှာလုပ်ပြီး ညစာပါကျွေးတာပါ။ အန်တီမှတ်မိမလားမသိဘူး။ ကျွန်တော်နဲ့ တစ်ခါကဆုံတော့ မိတ်ဆက်ပေးဖူးတဲ့ မြတ်ဘုန်းခေါင်ကုဋေလေ"



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းငုံ့ပြီး ထမင်းမွှေနေသော ဒီရေ့ခေါင်းတွေ ဆတ်ခနဲ မော့သွားပါသည်။ ကိုလွှင်မင်းက ဒီရေ့ကို ဖျတ်ဆို လှမ်းကြည့်လိုက်တာ တွေ့ရသည်။

"မြတ်ဘုန်းခေါင်မိသားစုထဲက မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်တော်နဲ့ရွယ်တူ၊ ကုဋေက သားလတ်ပေါ့။ ဒါပေမဲ့ မိသားစုလုပ်ငန်းကို သူပဲဦးစီးနေတာလေ။ အခု သူ့ရဲ့စေ့စပ်ပွဲပေါ့"

"ထိတ်ထိတ်ကြီး အချင်းချင်းပဲ ဖြစ်မှာပေါ့"

"ဦးရဲကျော်သူသမီးလေ၊ သီရိစန္ဒာသူ ဆိုတာ အန်တီကြားဖူးမလား။ ဒီဗိုင်နာကျောင်း ဖွင့်ထားတယ်လေ"

"အို ... ကြားဖူးတာပေါ့၊ ဦးရဲကျော်သူ ဆိုတာလည်း နာမည်ကြီးသူဌေးပဲ။ မြတ်ဘုန်းခေါင်အုပ်စုလောက်သာ မချမ်းသာရင် မချမ်းသာမယ်။ သူတို့လည်း မျိုးကြီးရိုးကြီးတွေပဲဆို"

ဒီရေ့ရင်ထဲမှာ ဟာလာဟင်းလင်း ဖြစ်သွားသလို ခံစားလိုက်ရသည်။ ဩော် ... သူက စေ့စပ်သွားပြီပဲ။ မကြာခင် လက်ထပ်တော့မှာပေါ့။ ငါ့လို မိန်းကလေးအနေနဲ့ ဘာကြောင့် သွားပြီးစိတ်ကူးယဉ်မိခဲ့ပါလိမ့်။ သူဟာ သူ့အများအတွက် လူကြီးလူကောင်း ပီသစွာ လာတောင်းပန်တာလည်း ဖြစ်ရင်ဖြစ်မှာပဲ။





"သီရိစန္ဒာသူတို့က အဖေဘက်က မှူးကြီးမတ်ရာမျိုးရိုး၊ အမေဘက်က ရှမ်းစော်ဘွားမျိုးရိုးလေ အန်တီ။ မျိုးရိုးအနေနဲ့ ကုဋေတို့ဘက်က အရမ်းသဘောကျတဲ့ အနေအထားပေါ့လေ"

"သူတို့ချင်းကရော"

ဒီရေ ဒီစကားကို သေသေချာချာ ကြားချင်လို့ နားစွင့်ထားမိသည်။

"သူတို့ အရင်က ရည်းစားဖြစ်ဖူးတယ် အန်တီ၊ နောက်တော့ ဘာတွေ ဖြစ်ကြတယ် မသိဘူး၊ ကွဲသွားကြတယ်။ အခုတော့ မိဘစီစဉ်တယ်ဆိုတော့လည်း ကျေကျေနပ်နပ် လက်ခံကြတာပေါ့။ အရင်က ရည်းစားဟောင်းတွေဆိုတော့ အဆင်ပြေဖို့ လွယ်တာပေါ့"

"မြတ်ဘုန်းခေါင်ကုဋေက တော်တော်မာနကြီးမယ့်ပုံပဲနော် မျက်နှာက ပြုံးလိုက်ပေမယ့် ပြုံးရောပြုံးရဲ့လားလို့ ထင်ရစေတဲ့ အမူအရာမျိုးပဲ၊ အေးပေါ့လေ ... သူတို့က ဆွေကြီးမျိုးကြီးတွေဆိုတော့ တော်ရုံလူကို သိပ်အရေးမလုပ်ချင်ဘူးပေါ့"

"ဒီရေက အစားလည်းနည်း၊ စကားလည်းနည်းနေပါလား။ ဒီရေ့အသံတောင် ဘယ်လိုအသံပါလိမ့်ဆိုပြီး မေ့တောင်မေ့သွားတော့မလို့။ စကားပြောပါဦး ဒီရေရဲ့"


www.burmeseclassic.com

www.burmeseclassic.com

ကိုလွင်မင်းက စကားဝိုင်းခေါင်းစဉ်ကို ပြောင်းချင်ဟန်ဖြင့် ဒီရေ့ကို စကား စ,ပါသည်။

"ဒီရေ ... မနက်ဖြန် ရုံးမှာပဲ ရှိမလား"

"မနက်ဖြန် ဒီရေ့ညှိသည့်အုပ်စုလာကြမယ်၊ နောက်နေ့ကစပြီး ဒီရေ ခရီးထွက်ရတော့မယ်လေ"

"ဘယ်တွေလဲ"

"ဒီတစ်ခါ ငပလီဘက် သွားရမယ်၊ လာမယ့်အုပ်စုက လူငယ်ငါးယောက်အုပ်စုဆိုတော့ သူတို့က Beach ဘီချ် ကောင်းကောင်းရှိတဲ့နေရာ သွားချင်တယ်ဆိုလို့ ခေါ်သွားရမှာလေ"

"အဖော်မပါဘဲနဲ့ ဒီရေ တစ်ယောက်တည်း လူငယ်အုပ်စုနဲ့ သွားရမှာလား"

"ကုမ္ပဏီကားမောင်းတဲ့သူ ပါတယ်လေ။ ကိုလွင်မင်း မေးတဲ့ပုံစံကို ဒီရေ သိပ်တော့ သဘောမကျဘူး။ တိုးရစ်(စ) ဂိုက်လုပ်နေတဲ့ မိန်းကလေးတွေဆို အထင်သေးတဲ့သဘော ပါနေတယ်။ ဒီရေတို့က ကိုယ့်အလုပ် ကိုယ်လုပ်တာပါ။ ဘာမှ ဣန္ဒြေသိက္ခာမဲ့စရာ မရှိဘူး။ အဖော်မပါလို့ အမေမပါလို့ဆိုပြီး အထင်သေးစရာလည်း မလိုပါဘူး"





ဒီရေ စိတ်ဆိုးဆိုးနဲ့ ပက်ခနဲ ပြန်ပြောမိလျှင် ကိုလွင်မင်း ခေါင်းတခါခါဖြစ်ပြီး ...

"ဟာ ... မဟုတ်ပါဘူး ဒီရေရယ်၊ အဲဒီသဘောနဲ့မေးတာ မဟုတ်ပါဘူး၊ ဒီရေ အထင်လွဲတာပါ"

ဟု အလျှင်စလို ပြန်တောင်းပန်သလို မေမေက လည်း ...

"ဟဲ့ ... သမီး ဒီရေရယ်၊ ဘယ်လိုများဖြစ်နေတာလဲ၊ ဘာလို့ စိတ်ဆိုးမာန်ဆိုး ရှင်းနေရတာပါလိမ့်"

ဟူ၍ ဆူဆူပူပူ ဝင်ဟွားတော့လေသည်။

"ရပါတယ် အန်တီ။ ဒီရေ့မှာ မဟုတ်မခံစိတ်ရှိတာကို သဘောကျပါတယ်။ သူ ဘာပြောပြော ကျွန်တော် ခွင့်လွှတ်ပြီးသားပါ"

ဒီရေ မျက်နှာသိသိသာသာတည်ပြီး ထမင်းကို အမြန်ပြီးအောင် စားလိုက်ပါသည်။ ကိုလွင်မင်းကတော့ စကားစ မပြတ်ရလေအောင် စကားဝိုင်းထဲ ဒီရေ့ကိုဆွဲခေါ်ပေမယ့် ဒီရေ ခေါင်းညိတ်၊ ခေါင်းခါလောက်ကလွဲရင် စကားလက်ဆုံမကျတော့အောင် နေလိုက်လေသည်။

ထမင်းစားပြီး မပြန်သေးဘဲ အိမ်ရှေ့ခန်းထိုင်ကာ စကားဆက်ပြန်သည်။ အချိုပွဲအဖြစ် ပြင်ဆင်ထားသော လက်ဖက်


www.burmeseclassic.com

www.burmeseclassic.com


နှင့် သစ်သီးတို့ကို တို့ကနန်း ဆိတ်ကနန်း စားရင်း ဒီရေတို့ မိသားစုအကြောင်း မေမေ့ကို မေးနေတာ သဲ့သဲ့ကြားနေရပါသည်။ သူများမိသားစုအတွင်းရေးကိုပင် ဝင်စွက်ဖက်ချင်သော ထိုသူ့ကို ဒီရေ အတော်ပင် အမြင်ကတ်နေမိပြီ။

"ဒီရေတို့အဖေက စင်ကာပူမှာ အင်ဂျင်နီယာအလုပ် လုပ်နေတယ်ဆိုတော့ ဝင်ငွေကောင်းတာပေါ့နော်"

"နောက်အိမ်ထောင်ရှိတယ်လေ၊ ကလေးငယ်လေးတစ်ယောက်တောင် ရနေပြီ။ ဒါပေမဲ့ သူက သူ့သားနဲ့သမီးကိုတော့ ကျောင်းပြီးတဲ့အထိ ထောက်ပါတယ်။ အခု အရွယ်ရောက်တဲ့အထိတောင် မုန့်ဖိုးဆိုပြီး ပို့ပေးတတ်ပါတယ်"

"သားတစ်ယောက် ရှိတယ်ဆိုတော့ သူ့ကိုလည်း တစ်ခါမှ မတွေ့ပါလား"

"သားက အလုပ်လုပ်ချင်တယ်ဆိုပြီး သူ့အဖေနောက် လိုက်သွားသေးတယ်၊ သုံးနှစ်လားလုပ်ပြီး ပြန်ချလာတော့တာပဲ။ ဟိုမှာ ပင်ပန်းတယ်၊ မပျော်ဘူး ဘာညာပေါ့၊ သားက နည်းနည်းဆိုးတယ် ကိုလွင်မင်းရဲ့။ ပျော်ပျော်နေပြီး ယောလားဝါးလားလုပ်ချင်တယ်။ ဘာတာဝန်ကြီးကြီးမားမားမှ မယူချင်ဘူး။ ဟိုကပြန်လာပြီး သူ့သူငယ်ချင်းနဲ့စပ်တူ အခန်းငှားနေတယ်၊ ကားပွဲစားလုပ်တယ်။ အမေနဲ့ ညီမကို တစ်နေ့တစ်ခါ ဖုန်းဆက်ပြီး ဆယ်ရက်တစ်ခါ လာတွေ့ရင် သူ့တာဝန်ကျေပြီလို့ ထင်တာလေ"

"လူငယ်ဆိုတော့လည်း ဒီလိုပါပဲ၊ ကျွန်တော် သူနဲ့ဆုံချင်ပါသေးတယ်။ ကားပွဲစားအလုပ်က သိပ်တော့အဆင်ပြေမယ့်ပုံမပေါ်ဘူးလေ၊ ဒီတော့ ကျွန်တော့်ဆီမှာ အလုပ်ပေးလို့ရပါတယ်၊ ဒါကြောင့် ဆုံချင်တာပါ။ သူ ကုမ္ပဏီအလုပ်လေး ဘာလေး စိတ်ဝင်စားမယ် ဆိုရင်ပေါ့"

"အေး ... ကျေးဇူးပါပဲ၊ အန်တီ သားကို မေးထားလိုက်မယ်"

"အကူအညီလိုလည်း ဘာမှအားမနာပါနဲ့ အန်တီ၊ ကိုယ့်ဆွေမျိုးလို သဘောထားပြီး ပြောလို့ရပါတယ်"

ဒီရေ အတွင်းခန်းမှ တိုက်ရိုက်ကြားနေရသော စကားသံများကို နားထောင်ရင်း မဲ့ပြုံးပြုံးမိနေလေသည်။

ထိုသူပြန်သွားသောအခါ မေမေနဲ့ဒီရေ ရန်ဖြစ်ကြရပြန်သည်။

"အလိမ္မာသုံးပြီး ကိုယ့်ဘက်ပါအောင်လုပ်လို့ရတဲ့ လူမျိုးကို ဘာကြောင့် ရှောင်စရာရှိလဲ။ မေမေက ကိုယ့်သမီးကို အငယ်အနှောင်းနေရာ ပို့နေတာလည်း မဟုတ်ဘူး၊ ကီပင်နေရာလည်း အရောက်ခံမှာမဟုတ်ဘူး။ လွင်မင်းရဲ့တရားဝင်

www.burmeseclassic.com



ဓနီးမယားနေရာရအောင် ယူနိုင်ဖို့ ပြောနေတာ ဘာကြောင့် လက်မခံနိုင်ရတာလဲ။ မေမေရှိနေသရွေ့ သူ ငါ့သမီးကို အမြှောင်မယားနေစရာ မပို့စေရဘူး။ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လက်ထပ်ယူစေရမယ်"

"ဒီရေ သူ့ကို မကြိုက်ဘူး။ မချစ်နိုင်ဘူး မေမေ"

"ကဲ ... ဒါဖြင့် ဘယ်သူ့ကို ကြိုက်နေလို့လဲ"

ဒီရေ မေမေ့ကိုတော့ ...

"မြတ်ဘုန်းခေါင်ကုဋေ"

ဟူ၍ ခပ်ရဲရဲ ပြောလိုက်မိပါသည်။

"အမယ်လေး ... ဘုရားရေ ... ဟား ဟား ဟား"

မေမေက မျက်လုံးပြူ မျက်ဆန်ပြူးဖြင့် ရင်ဘတ်ကိုပင်ဖိကာ ရယ်လေသည်။

"စိတ်ကူးမယဉ်စမ်းပါနဲ့ ဒီရေရယ်။ ဟိုကဖြင့် စေ့တောင် စေ့စပ်သွားပြီ၊ ပြီးတော့ သမီးလိုမိန်းကလေးမျိုးကိုဆို စိတ်ကူးထဲထည့်ဖို့မပြောနဲ့၊ မျက်လုံးတောင် ပင့်ကြည့်မှာ မဟုတ်ဘူး။ မြတ်ဘုန်းခေါင်တွေဟာ မာနကြီးကကြီးနဲ့ တကယ့်ထိတ်ထိတ်ကြဲကိုမှ တက်မှန်းတယ်ကွယ်"

"ဒီရေ စိတ်ကူးယဉ်တာ မဟုတ်ပါဘူး။ ဒီရေ သူ့ကို မြတ်ဘုန်းခေါင်ကုဋေလို့ မသိခင်ကတည်းက မကြာခဏဆုံ





ပြီး သဘောကျနေတာပါ။ ဒီရေ သူ့ကိုကြိုက်တာဟာ ဘာမျှော်လင့်ချက်မှ မရှိဘူး။ ကိုပဲ့ကို ပြန်ကြိုက်လာပါစေရဲ့လို့လည်း မမျှော်မှန်းပါဘူး"

"အဲဒီလို ဖြစ်နေတာကိုက စိတ်ကူးယဉ်တာပဲပေါ့။ ကဲ ... ဒါဖြင့် မြတ်ဘုန်းခေါင်ကုဋေကို မရတာနဲ့ပဲ ဘယ်ယောကျ်ားမှ မယူတော့ဘဲ အပျိုကြီးလုပ်တော့မယ်ပေါ့။ အဲဒီသဘောလား"

"အဲဒီသဘောပဲ မေမေ"

"မဟုတ်တာတွေ ရူးမနေနဲ့"

ဒီရေ ရူးနေခဲ့တာ ဘယ်လောက်ကြာပြီလဲ။ လူမသိသူမသိ ကိုယ်သဘောကျခဲ့ရတာမို့ သူ့ကို ဒီရေ ရင်ထဲမှာစွဲနေအောင် ချစ်မိသည်။ ဘာမျှော်လင့်ချက်မှမရှိဘဲ ချစ်ခဲ့ရတာဟာ ဘယ်လောက် ကြာပြီလဲ။ ခုတော့ သူ စေ့စပ်သွားပြီဆိုတာ သိရတော့ ရင်ထဲမှာ နည်းနည်းလေး ဝမ်းနည်းသွားတာကလွဲရင် ဒီရေ သူ့ကို ချစ်နေမိဆဲပါ။


○❤○



www.burmeseclassic.com

www.burmeseclassic.com








## ၁၃

ကူရှေသည် ဟိုတယ်အပေါ်ဆုံးထပ်ရုံးခန်း၏ ပြတင်းပေါက်နံရံတွေနားရပ်ကာ အောက်မှာဥဒဟိုသွားလာနေကြသော ကားများ၊ လူများကိုကြည့်ရင်း မိုဘိုင်းလ်ဖုန်းကိုလည်း ပြောနေသည်။

"ငါလာဖို့ မလိုပါဘူး။ အိမ်တစ်လုံးဆောက်တဲ့နေရာမှာ ဟိုနေရာကဟိုလို ဒီနေရာကဒီလိုဆိုပြီး ချေးလည်းမများတတ်ဘူး။ နင့်စိတ်ကြိုက်သာ ဆောက်ပါလို့ ငါပြောထားပြီးပြီပဲ၊ ကျောက်ပြားအရောင်ရွေးတာ နင့်ဘာသာပဲရွေးလိုက်ပါ သီရိရယ်"

"ငါ့ဘာသာပဲ အကုန်လုပ်ရမယ်မှန်း သိသားပဲ။ အခုဟာက ကျောက်ပြားသွားရွေးမယ့်ကုမ္ပဏီက ဖေဖေ့မိတ်ဆွေဖြစ်နေတယ်။ နင်နဲ့ ငါနေဖို့ အိမ်ဆောက်တဲ့နေရာမှာထည့်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပြားဆိုတာလည်း သိနေတယ်။ အဲဒါကို ငါတစ်ယောက်တည်းပဲ သွားရွေးလို့ ဘယ်ကောင်းမလဲ၊ နင်ပါမှ ကောင်းတာပေါ့"

သီရိစန္ဒာသူနဲ့ ကုဋေတို့ လက်ထပ်ပြီးလျှင်နေမည့် အိမ်ကို အခု စ,ဆောက်နေပြီ။ အိမ်က တစ်နှစ်လောက်ကြာကြာ ဆောက်ရမှာမို့ လက်ထပ်ပြီးရင်တော့ သီရိစန္ဒာသူတို့အိမ်မှာ ကုဋေ ခဏလိုက်နေရပါမည်။ ဆောက်နေသောအိမ်ကလည်း သီရိစန္ဒာသူ၏ ဖခင်နေထိုင်ရာ ခြံထဲတွင်ပင် မြေကိုသီးသန့်ခြမ်းပြီး တိုက်ဆောက်တာဖြစ်သည်။ သီရိစန္ဒာသူ၏မိဘနေထိုင်ရာ တိုက်က ရှေ့ဘက်ဖြစ်ပြီး သူတို့တိုက်က နောက်ဘက်မှာဆောက်တာဖြစ်ပါသည်။

မကြာခင်မှာ လက်ထပ်ကြတော့မှာပေမယ့် သီရိစန္ဒာသူနဲ့ ကုဋေတို့ဟာ အရင်က ချစ်ခဲ့ ကြိုက်ခဲ့ဖူးသလိုလို ဖြစ်ခဲ့တာတွေတောင် ဘယ်ရောက်နေမှန်း မသိအောင် တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ ချစ်ကြည့်လို့မရ ဖြစ်နေပါသည်။

သီရိစန္ဒာသူကတော့ ဘယ်နေရာသွားသွား နှစ်ယောက်အတူတူသွားပြီး ရွေးကြ၊ ပြုကြ၊ အပ်ကြ လုပ်ချင်စိတ်ရှိပြီး ကုဋေကတော့ အဲဒီလိုတွဲသွားရမှာ စိတ်မပါသလိုဖြစ်ကာ ရှောင်တိမ်းနေတတ်သူ ဖြစ်နေပါသည်။





"နင်နဲ့ငါ မကြာခင် လင်မယားတော်ရမှာပါ ကုဋေ။ ငါနဲ့ အတူမသွားချင်သလို မပြုနဲ့လို ရှောင်နေစရာမလိုပါဘူး။ အေး ... နင် အခု ရှောင်လို့ရရင်ရမယ်၊ လက်ထပ်ပြီးမှ ပွဲအတူတူမတက်ပါဘူး ဆိုတာမျိုးတော့ ဖြစ်မလာစေနဲ့ပေါ့။ ဘာကြောင့်ပဲယူယူ ငါဟာ နင့်ရဲ့ဂုဏ်သိက္ခာရှိသော ဇနီးမယားပါပဲ"

သီရိစန္ဒာသူက ခနဲ့သလိုပြောကာ ဖုန်းကိုချက်ချင်းဖြတ်ချသွားပါသည်။ ကုဋေလည်း သူ့ဘက်ကအမှားကိုတော့ သိပေမယ့် မပြင်နိုင်တာမို့ သက်ပြင်းချကာ ဖုန်းကိုအသာပိတ်ရင်း အောက်ဘိုင်းနေစဉ် အမှတ်မထင် မြင်ကွင်းထဲဝင်လာသော ကားတစ်စင်းကြောင့် ရင်ထဲ ဖျတ်ခနဲ ခုန်သွားမိ၏။

Earth အဘ်ကုမ္ပဏီ၏ကားကို ဟိုတယ်ဝန်းထဲဝင်လာတာ တွေ့လိုက်သဖြင့် ကုဋေသည် ချက်ချင်းပင် ရုံးခန်းထဲမှထွက်လိုက်ကာ ဓာတ်လှေကားဆီ အမြန်သွားလိုက်မိတော့သည်။ ဓာတ်လှေကားက အောက်သို့နိမ့်ဆင်းလာတိုင်း ကုဋေ့ရင်တွေလည်း ပိုပြီးသိမ့်သိမ့်ခုန်လာမိတော့သည်။

ဒီကုမ္ပဏီကားကို တွေ့တာနဲ့ ခင်ဒီရေ ပါလာမယ်လို့ အတိအကျ မပြောနိုင်ပေမယ့် ခင်ဒီရေများ ပါလာမလားဆိုသော မျှော်လင့်ချက်နဲ့ ဆင်းလာရတာကိုက ရင်ခုန်စရာဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးထပ်အရောက်မှာ ဓာတ်လှေကား တင်ခနဲ အသံမြည်ပြီး တံခါးပွင့်လျှင်ပွင့်ချင်းပဲ ရီဆက်ရှင်းကောင်တာကို အလောတကြီး လှမ်းကြည့်မိလိုက်ပါသည်။

ရင်ထဲမှာ ဝမ်းသာမှုကြောင့် နွေးသွားရပြန်သည်။ ခင်ဒီရေ့ကို တွေ့လိုက်ရပါပြီ။ ခင်ဒီရေက သူမ၏ဧည့်သည်တွေနှင့်အတူ ရီဆက်ရှင်းကောင်တာမှာ ရှိနေခဲ့သည်။ တွေ့နေကျ ပိုနီတေးလ်မြင့်မြင့်လေး စည်းထားသော ကြော့ရှင်းသည့်မျက်နှာလေးနဲ့ ခင်ဒီရေက ဒီတစ်ခါတော့ အဖြူလွှလွှရင်စေ့အင်္ကျီနှင့် အနက်ပေါ် အဖြူရောင်နေကြာပွင့် အကြီးကြီးတွေပါသော ချည်လုံချည်ကို ဝတ်ဆင်ထားသည်။

ကုဋေသည် မလှမ်းမကမ်းမှ လက်ပိုက်ရပ်ကြည့်ပြီး ခင်ဒီရေနှင့် သူမ၏ဧည့်သည်တစ်သိုက်တို့ ပြောကြ ဆိုကြတာပြီးတဲ့အထိ စောင့်နေလိုက်သည်။

ဧည့်သည်တွေရဲ့ ခရီးဆောင်သေတ္တာတွေ၊ အိတ်တွေကို စတင်ပြီး သယ်ဆောင်ပေးဖို့ ဟိုတယ်ဝန်ထမ်းတွေ ရောက်လာမှ ခင်ဒီရေလည်း ပြန်ဖို့ပြင်သည်။ ဘေးဘီဝဲယာကို တစ်ချက်ကြည့်တော့ မလှမ်းမကမ်းမှ လက်ပိုက်ရပ်ကြည့်နေသော ကုဋေ့ကို တွေ့ပါသည်။





ပြီးသွားသော နှုတ်ခမ်းလေးများက အသံမထွက်ဘဲ "ကိုကုဋေ"ဟု ခပ်တိုးတိုး ရေရွတ်လိုက်ကြောင်း ကုဋေ သတိထားမိပါသည်။

ကုဋေသည် ခင်ဒီရေ့ဆီ လျှောက်လာခဲ့တော့လေသည်။

"ဧည့်သည်တွေ ဒီတစ်ခါ တော်တော်များတာပဲ"

ကုဋေက ဧည့်သည်တစ်သိုက်ကို ဝေ့ကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်တယ်၊ ဒီအုပ်စုက အများဆုံးပဲ၊ ဆယ့်နှစ်ယောက်လာတာလေ။ အခုနောက်ပိုင်းလာတဲ့ ဧည့်သည်တွေက Golden Castle ကို ရွေးတာများလာတယ်။ ဒီရေ ဒီကိုပဲ လာပို့ရတာ ဒီလထဲမှာ နှစ်ခါတောင်"

"ဟုတ်လား ... အရင်တစ်ခါ လာသေးလား"

"လာသေးတယ်၊ ကိုကုဋေနဲ့ မဆုံလိုက်လို့"

"ဒီအုပ်စုက ဘယ်တွေသွားကြမှာလဲ"

"တောင်ကြီး၊ အင်းလေး၊ ကလောပေါ့"

"မနက်ဖြန် ခရီးစထွက်ရမှာလား"

"မနက်ဖြန်က ရန်ကုန်မြို့အနှံ့ ပို့ရမှာ၊ သန်ဘက်ခါ သွားမယ်၊ သူတို့က ဒီမှာ တစ်ပတ်လည်မယ့်အုပ်စုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဒီရေ ကုမ္ပဏီကို ပြန်ရဦးမှာလား"

"အိမ်ပဲပြန်တော့မှာပါ၊ ဦးကျော်ကြီး လိုက်ပို့ပေးမှာမို့ စောင့်ပေးနေတယ်"

"ကျွန်တော် ..."

ကုဋေသည် ဒီရေနဲ့အတူ စကားလက်ဆုံကျချင်သည်။ ဒီရေ့မျက်နှာလေးကိုကြည့်ပြီး စကားပြောရတာကို စွဲမက်နေမိသည်။ ဒါကြောင့် အရဲစွန့်ပြီး ဒီရေ့ကို ...

"ကျွန်တော်နဲ့အတူတူ ကော်ဖီလေး ဘာလေး သောက်ဖို့ ဖိတ်ချင်လို့ပါ၊ သိပ်ဝေးဝေးလံလံလည်း မဟုတ်ပါဘူး။ ဒီဟိုတယ်မှာဖွင့်ထားတဲ့ စားသောက်ဆိုင်မှာပါ။ ဒီရေ့ကုမ္ပဏီကားကို ပြန်လွှတ်လိုက်လို့ ရမလား"

"ဒီရေ အိမ်ပြန်နောက်ကျရင် ဒီနားတစ်ဝိုက်မှာ ထွက်ပြီး ကားငှားရမှာ အဆင်မပြေဘူး ကိုကုဋေ"

"ကျွန်တော် လိုက်ပို့မှာပေါ့"

"ဖြစ်ရဲ့လား ကိုကုဋေ"

"ဖြစ်ပါတယ်၊ ဘာလို့မဖြစ်ရမှာလဲ"

ဒီရေသည် စိတ်ထဲမှာတော့ ရှင့်မှာ စေ့စပ်ထားတဲ့သူ ရှိတယ် ကိုကုဋေရယ်၊ ဘာလို့ဆုံနေစရာလိုတော့လဲ ဆိုသော မေးခွန်းကို အခါခါ မေးနေမိသည်။





သို့သော် ဒီမေးခွန်းကို ဖွင့်ပြောပြီးတော့ မေးဖို့လည်း မမေးချင်ပြန်။

"ခဏလောက် အချိန်ပေးမယ် မဟုတ်လား"

"ကိုကုဋေ့သဘောပါပဲ"

ဒီရေသည် ဦးကျော်ကြီးကို အကျိုးအကြောင်းပြောပြီး ပြန်လို့ရပြီဖြစ်ကြောင်း အသိပေးလျှင် ...

"သမီး ဖြစ်ရဲ့လား၊ ငါ့တာဝန်ချိန်က မကုန်သေးပါဘူး။ စောင့်ပေးလို့ရတယ်၊ ကော်ဖီသောက်မှာဆို သောက်လေ"

"ရပါတယ် ဦးကျော်ကြီး၊ ဒီရေ့မိတ်ဆွေက လိုက်ပို့ပေးမယ်တဲ့"

ဦးကျော်ကြီးကတော့ ဒီရေ့မိတ်ဆွေဟု ညွှန်ပြသူကို အသာအကဲခတ်ရင်း ခေါင်းအသာညိတ်ပါသည်။ နောက်တော့ ကားကို ညင်သာစွာ မောင်းထွက်သွားပေမယ့် ဒီရေ့ကို စိတ်မချသလိုတော့ လှည့်ကြည့်သွားသေးသည်။

ဒါကို ကုဋေက သတိထားမိပြီး ...

"ဒရိုင်ဘာကြီးက ဒီရေ့ကို တော်တော်သံယောဇဉ်ကြီးတာပဲ။ စိတ်မချနိုင်ဘဲ လှည့်ကြည့် လှည့်ကြည့်နဲ့ ပြန်ထွက်သွားတာတွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်ကြီးနဲ့ ဒီရေက အမြဲလိုလို ခရီးတွေလည်းထွက်ဖြစ်တယ်လေ။ လမ်းခရီးတွေမှာဆိုလည်း ဒီရေ့ကို တူမလို သမီးလို ပူပန်ပြီး စောင့်ရှောက်ပေးနေကျလေ။ ဦးကျော်ကြီးရဲ့သမီးတစ်ယောက်နဲ့ ဒီရေက အထက်တန်းကျောင်းမှာ တူခဲ့ဖူးတယ်ဆိုတဲ့ စိတ်ကလည်း ဒီရေ့ကို သူပိုပြီးစောင့်ရှောက်ဖြစ်နေတာလည်း ပါမှာပေါ့"

"ဒီရေ့အတွက် အဲဒီလို စိတ်ချရတဲ့ စောင့်ရှောက်ပေးမယ့်လူရှိတာ ကောင်းတာပေါ့။ သူက အခု ကျွန်တော့်ကို ဘာစိတ်မချဘူးလဲ မသိဘူးနော်။ ကျွန်တော်နဲ့ ထားခဲ့ရမှာကို စိတ်မချသလိုပဲ"

ရှင်တို့က သိပ်ကိုချမ်းသာတဲ့သူဌေးတွေ ဆိုတော့ ပိုပြီး စိတ်မချရတဲ့သူတွေပဲပေါ့။ ဒီရေသည် ထိုစကားကို စိတ်ထဲမှာပြောရင်း ကုဋေ့ကို တော်တော်လည်း ပယောဂဲဖြစ်လေသည်။ သူ့မှာ စေ့စပ်ထားတဲ့သူလည်း ရှိရက်နဲ့ အခုမှ ဒီရေ့ကိုဘာကြောင့် အရာဝင်ချင်ရသလဲ။ ခေါ်ပြောနှုတ်ဆက်ရုံထက် မပိုလည်းရရဲ့နဲ့ ဘာကြောင့် ကော်ဖီအတူသောက်ချင်ပါတယ်။ စကားပြောချင်ပါတယ်။ အချိန်လေးဝေးပါဦးတွေ ဖြစ်လာရသလဲ။ ရှင့်မှာ ကိုလွှင်မင်းလို စိတ်ခတ်များ ရှိနေသလား ကိုကုဋေရယ်။





Golden Castle ဟိုတယ်၏ မြေညီထပ်မှာ တစ်ခြမ်းခြမ်းဖွင့်ထားသော စားသောက်ဆိုင်ထဲ အတူဝင်လာသောအခါ ဆိုင်ဝန်ထမ်းတွေက ပျာပျာသလဲ ပြေးလာကြသည်။ ဆိုင်မှာ Bar ဘားသီးသန့်လည်းထားကာ ထို Bar ရှေ့မှာ ခုံတွေစီချထားပြီး အရက်၊ ဘီယာ၊ ဝိုင် သောက်လိုသူတွေ ထိုင်သောက်လို့ရသည်။ မွေးနေ့ပါတီများ၊ ညစာခံပွဲများ၊ မင်္ဂလာပွဲများ ကျင်းပလို့ရသော ခန်းမကျယ်လည်းရှိသလို နှစ်ယောက်သီးသန့်၊ သုံးလေးငါးယောက်သီးသန့် သူ့အကန့်နဲ့သူ စားပွဲဝိုင်းတွေ စီစဉ်ထားတဲ့ စားသောက်ခန်းမလည်း ရှိပါသည်။

"ဆရာ ဘာအလိုရှိပါသလဲ"

"မလိုဘူး၊ ငါ့မိတ်ဆွေနဲ့ ကော်ဖီလာသောက်တာပါ"

"ဆရာသောက်နေကျ mocha မိုခါးကော်ဖီပဲ လုပ်လိုက်ရမလား"

"အေး ..."

"မုန့်ရော"

"ဒီရေ ... ဘာသောက်မလဲ၊ ဘာစားမလဲ"

"ဒီရေ အအေးပဲ သောက်ပါ့မယ်၊ မုန့်တော့မစားတော့ပါဘူး"

"အအေးဆိုရင် ဘာအအေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"Coke ပဲသောက်တော့မယ်"

ဝိတ်တာကို ကုဋေက ခေါင်းညိတ်ပြလိုက်တော့ ထွက်သွားပါသည်။ ညနေပိုင်းမို့ စားသောက်ခန်းမထဲမှာ စားသောက်သူ၊ အရက်ဘားမှာ ထိုင်သောက်နေသူတွေ ရှိနေပါသည်။ အားလုံးက ဒီဟိုတယ်မှာတည်းသူတွေသာဖြစ်ရာ နိုင်ငံခြားသားများပါသည်။ သူတို့ဘာသာစကားတွေဖြင့် စကားပြောနေသံတွေ သဲ့သဲ့ကြားနေရသည်။ ဒီရေ့ရဲ့ဧည့်သည်တွေတော့ မတွေ့သေး။ သူတို့ ခုမှရောက်သည်မို့ ရေမိုးချိုး ခဏနားနေတာဖြစ်မည်။

"ဟိုဘက်က ကိုရီးယားအုပ်စုပေါ့၊ သူတို့ဘေးမှာက စပန်းနစ်ရှ်တွေလို့ထင်တယ်။ အရက်ဘားမှာ ထိုင်နေတဲ့စုံတွဲက ဂျာမန်တွေလေ။ ဒီနားက အုပ်စုကတော့ ဟောင်ကောင်က လာတာပေါ့။ လူမျိုးပေါင်းစုံပဲ"

ကုဋေက ပြောစရာစကားလည်း များများစားစား မရှိ၍ ဘာစ,ပြောရမှန်းမသိလေရာ စားသောက်ခန်းမထဲရှိနေသော ဟိုတယ်မှာတည်းသူတွေ အကြောင်းကိုသာ စပြောလိုက်သည်။ ဒီရေကိုယ်တိုင်လည်း ကုဋေ ဖိတ်ခေါ်၍သာ ပါလာရသည်။ ဘာပြောရမှန်း စဉ်းစားလို့ရမည်မထင်။ သူတို့ကြားမှာ ဘယ်တုန်းကမှလဲ ရင်းနှီးမှုမရှိလေရာ တစ်ယောက်နဲ့တစ်ယောက် မဝံ့မရဲတော့ ဖြစ်နေလေသည်။





"ဒါဆို ကိုကုဋေ့ဝန်ထမ်းတွေဟာ အင်္ဂလိပ်ရှ် တော်တော်လေးကောင်းမှ ဖြစ်မှာပေါ့နော်၊ ဒီဟိုတယ်က နိုင်ငံခြားသားအများစု တည်းတာဆိုတော့လေ"

"နည်းနည်းကောင်းတဲ့လူ ပိုကောင်းလာအောင်၊ ကောင်းပြီးသားလူလည်း ပို၍ ပို၍ကောင်းလာအောင် နေ့တိုင်း မနက်တစ်ချိန်၊ ညနေတစ်ချိန် အင်္ဂလိပ်ရှ်စပီကင်းသင်တန်း ပေးပါတယ်။ ဝန်ထမ်းတိုင်း မတက်မနေရပုံစံပေါ့။ ဒီဟိုတယ်မှာပဲ ဆရာငှားပြီးသင်တာ၊ ကျွန်တော့်ရုံးခန်းက အပေါ်ဆုံးထပ်က တစ်ခန်းကိုယူပြီး ရုံးခန်းလုပ်သလို သင်တန်းခန်းမကိုလည်း အပေါ်ဆုံးထပ်မှာ တစ်ခန်းသီးသန့်ထားပြီး သင်ပေးလိုက်တယ်"

"ဒီရေ မကြာခဏ ရောက်ဖူးပေမယ့် ဟိုတယ်ရီဆက်ရှင်းမှာပဲ ဧည့်သည်ထားပြီး ပြန်ရတော့ ဟိုတယ်ထဲက ပုံစံဘယ်လိုမှန်းတောင် မသိဘူး။ ဟိုတယ်က ငါးထပ်တောင်နော်၊ အပေါ်ဆုံးထပ်ပြီးတဲ့ ခေါင်မိုးမှာလည်း စားသောက်ဆိုင် ဖွင့်ထားတယ်လို့ ကြားဖူးတယ်၊ ပြီးတော့ မြေညီထပ်ပြီးရင် Under ground အန်ဒါဂရောင်းကားပါကင်သီးသန့်လည်း ရှိတယ်နော်။ ရေကူးကန်ရော ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ရေကူးကန်က ပထမထပ်မှာ၊ ဒီရေ လျှောက်ကြည့်ချင်ရင် လိုက်ပြမယ်လေ"

ဒီရေ တစ်ချက်တွေ့သွားပါသည်။ ဒီလောက်ထိ အရောမဝင်သင့်ဘူး ထင်တယ်။ အရင်တုန်းက အခြေအနေနဲ့ဆို သူတို့လည်း ကိုယ့်ဘက်ကတိုးဖို့ ဝန်မလေးပါဘူး။ ဒါပေမဲ့ ခုတော့ သူက စေ့စပ်ထားတဲ့သူ ရှိနေပြီ။

"သိပ်တော့မကြာပါဘူး၊ ခေတ်လေ့ကားနဲ့ တက်ရဆင်းရမှာပဲ"

"ရပါတယ်၊ ဒီရေ မကြည့်တော့ပါဘူး၊ ဘယ်ဟိုတယ်မဆို ပုံစံကတော့ အတူတူပဲ ဖြစ်မှာပါ၊ ဒီရေလည်း ခရီးတွေ ထွက်နေရတော့ ကုမ္ပဏီက စီစဉ်ပေးလို့ ကောင်းတဲ့ဟိုတယ်၊ သင့်တဲ့ဟိုတယ်၊ ညံ့တဲ့ဟိုတယ် အကုန်တည်းဖူးပါတယ်"

"မတူတာ တစ်ခုတော့ရှိမယ်၊ ကျွန်တော့်ဟိုတယ်ထဲမှာ မီနီသီရေတာရှမ်းရှိတယ်လေ။ တစ်နေ့လေးပွဲပြတယ်"

"ဟယ် ... ဟုတ်လား"

ရုပ်ရှင်ရုံအသေးလေးဆိုတာနဲ့ ဒီရေ လှိုက်လှိုက်လှဲလှဲ ပြန်မေးမိ၏။





"ရုပ်ရှင်ကြည့်ချင်လား"

"ရှင် ... အဲ ... မကြည့်ပါဘူး၊ ရုပ်ရှင်ရုံလေးဆိုလို့ အံ့သြသွားတာပါ"

"ဒီရေ ရုပ်ရှင်ကြိုက်လား"

"ကြိုက်တယ်၊ ရုပ်ရှင်ရုံမှာတော့ သွားမကြည့်ဖြစ်ပါဘူး။ အိမ်မှာပဲ ဝယ်ကြည့်တယ်"

"ဘယ်လိုကားတွေကြိုက်လဲ"

"ကြည့်တာတော့ အကုန်ကြည့်ပါတယ်၊ ကုလား၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အင်္ဂလိပ်ကားအကုန်ပဲ။ ဒါပေမဲ့ အင်္ဂလိပ်ကားတော့ ပိုကြည့်ဖြစ်တယ်။ Romantic Comedy ရီမန့်တစ်ကော်မစ်ဒီ ပုံစံမျိုး၊ Drama ဒရမ်မာပုံစံမျိုး ကားတွေတော့ ပိုကြိုက်တယ်"

"သီချင်းရော ကြိုက်လား"

"ကြိုက်ပါတယ်"

"ဘယ်အဆိုတော်ကြိုက်လဲ"

"တစ်ယောက်တည်း သီးသန့်ကြီးကြိုက်တာမျိုးတော့ မရှိပါဘူး။ အကုန်နားထောင်ပါတယ်။ ဒါပေမဲ့ ဒီရေက သီချင်းထက် ရုပ်ရှင်ကိုပိုကြိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သီချင်းပိုကြိုက်တယ်၊ အဟား ဟား ... ကျွန်တော်တို့စကားဝိုင်းကလည်း အင်တာဗျူးပုံစံ ပေါက်ပြီနော်"

ကုငှေက သူ့ဘာသာရယ်မောရင်း ဝေဖန်မိလေသည်။ ပြောစရာအကြောင်းအရာလည်း သိပ်မရှိတာမို့ စကားတွေ ဟိုရောက် ဒီရောက် ဖြစ်နေသလိုပင်။ ကုငှေလည်း သူ့ကိုယ်သူ နားမလည်နိုင်တော့။ ဘာတွေလုပ်နေမိမှန်းပင် မသိတော့။ ဒီရေနဲ့စကားတွေ အရေမရ၊ အဖတ်မရ ပြောရတာကို နှစ်ခြိုက်နေမိပါသည်။ အခုတွေ့ရပြီးရင် နောက်နေ့တွေမှာ မတွေ့ရတော့မှာမို့ ဘယ်လိုနည်းနဲ့ ဆုံအောင်လုပ်ရင် ကောင်းမလဲလို့ ခေါင်းထဲမှာလည်း တွေးနေမိသည်။

"အအေးလည်းကုန်ပြီ၊ ဒီရေ ပြန်မှထင်တယ်၊ သိပ်နောက်ကျနေရင် မေမေ စိတ်ပူမှာစိုးလို့"

"ဩော် ... ဟုတ်သားပဲ၊ ဆောရီး ... ခုနစ်နာရီခွဲနေပြီ"

"ဒီရေ့ဇည့်သည်တွေကို ညနေဖလိုက်ထိနဲ့ ကြိုပေးရမှန်းတော့ သိပါတယ်။ ဒါပေမဲ့ ဒီရေ နောက်ကျမယ်လို့ ကြိုမမှာခဲ့တော့ မေမေက စိတ်ပူနေမှာစိုးလို့။ တခြားတော့ စိတ်ပူတာ မဟုတ်ပါဘူး။ လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်လား ဘာလားနဲ့ မေမေက ကြံဖန်ပူတတ်တယ်"





"အမေဆိုတာက ဒီလိုပါပဲ၊ ကျွန်တော့်အမေလည်း စိတ်ပူတတ်တာပဲလေ။ ကျွန်တော်အားရင် အားသလို သူ့ဆီတစ်ချက်လောက် ဖုန်းဆက်နေမှကြိုက်တယ်။ ဒီရေတို့ကတော့ အမေနဲ့သမီးပဲရှိတာဆိုတော့ ပိုဂရုစိုက်တာပေါ့"

ဒီရေ့မှာ အမေပဲရှိတာ ဒီရေ မပြောပြဖူးပဲ ကုငှေ သိနေသဖြင့် ဒီရေ အံ့ဩမိသလိုတော့ ဖြစ်ပေမယ့် သိပ်ကြီးအံ့ဩတာမျိုးတော့ မဖြစ်ပါ။ သူက ကိုလွင်မင်းနဲ့ အဆက်အသွယ်ရှိလေရာ ဒါတွေ ကိုလွင်မင်း ပြန်ပြောထားတာလည်း ဖြစ်နိုင်တယ်လို့ ဒီရေ တွေးကြည့်လို့ ရလေသည်။ ရှင်တို့တွေက ဘယ်လိုတွေလဲ ကိုကုငှေရယ်။ ရှင်တို့ကြားမှာ ဒီရေ့အကြောင်း ဘာတွေပြောကြသလဲ။

"ကိုကုငှေ ... ဒီရေ့ကိုလိုက်ပို့လို့ ဖြစ်ရဲ့လား၊ မဖြစ်ရင် ရတယ်နော်၊ ဒီရေ့ကို တက္ကစီပေါ်သာ တင်ပေးလိုက်"

"ဟာ ... ဘာလို့မဖြစ်ရမှာလဲ၊ ဒီရေက ဘာကိုဖြစ်ရဲ့လား ဖြစ်ရဲ့လားနဲ့ မေးနေတာလဲ။ ကျွန်တော့်မှာ ဘယ်သူမှ တားဆီးပိတ်ပင်မယ့်သူမှ မရှိတာ။ ကျွန်တော့်ဆုံးဖြတ်ချက်နဲ့ကျွန်တော် လုပ်ချင်တာလုပ်လို့ ရပါတယ် ဒီရေရဲ့။ အမေ့ဆီ ခွင့်တောင်းနေ့ရသေးတယ် ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com


ဒီရေ သူ့ကို အကြည့်တစ်မျိုးလေးကြည့်သဖြင့် ကုဋေ ဇဝေဇဝါ ဖြစ်သွားပါသည်။ သူနဲ့ပတ်သက်တာတွေ ဒီရေ ဘာကိုသိထားသလဲ။ ဘာမှတော့ ဖုံးကွယ်ချင်စရာမရှိပါဘူးလေ။ စေ့စပ်ထားတဲ့သူရှိနေပြီ ဆိုတာဟာ ကန့်သတ်ချက်တစ်ခုမှ မဟုတ်တာ။ သူ စေ့စပ်ထားတာကို ဒီရေ သိရင်လည်း သိနေနိုင်တာပဲ။ "မြတ်ဘုန်းခေါင်"မိသားစုဝင် တစ်ယောက်နဲ့ ဦးရဲကျော်သူရဲ့သမီး စေ့စပ်တာဟာ လူမသိ၊ သူ့မသိ စေ့စပ်တာမှ မဟုတ်တာ။ ဟိုတယ်ကြီးမှာတောင် ဒင်နာကျွေးပြီး စေ့စပ်ပွဲ လုပ်ထားခဲ့တာ ဆိုတော့လည်း ...။ ဒါပေမဲ့ ကုဋေ့စိတ်ထဲမှာတော့ ဒီရေ သူ့မဘာသာသိရင်သိပစေ။ ပြောပြမနေချင်တော့ဘူး ဟူသော ခံစားချက်က ရှိနေလေသည်။

"ဟာ ... ကုဋေ"

ကားပါကင်မှာရှိသော ကုဋေ့ကားကို သွားထုတ်ယူပေးနေသော ဝန်ထမ်းကို ဟိုတယ်ပေါ်တီကိုရှေ့မှာ ရပ်စောင့်နေစဉ် ကားတစ်စီး ထိုးရပ်လိုက်ပြီးပြီးချင်း အလျှင်စလိုဆင်းလာကာ ခေါ်လိုက်သော ကိုလွင်မင်းကို ဆုံလိုက်ရပါသည်။

ကိုလွင်မင်း၏ မျက်လုံးတွေက အတူယှဉ်ရပ်နေသော သူတို့နှစ်ဦးကို အပြေးအလွှား အကဲခတ်နေပါသည်။

"ဒီရေလည်း ဒီရောက်နေတာကိုး"

အမ်ပွာယ်တစ်မျိုးမျိုးပါနေသော ပြောဟန်ကြောင့် ဒီရေ ဆတ်ခနဲ ပြန်စိုက်ကြည့်လိုက်ပေမယ့် ဒီလူ့ကို အရေးလုပ်ပြီး ရှင်းပြနေစရာ မလိုဘူးဟု သဘောထားကာ ဒီရေ တည်တည်ငြိမ်ငြိမ်ပဲ ရပ်နေလိုက်သည်၊

ကုဋေကတော့ လူမိသွားသလို ခံစားချက်ဖြင့် အိုးတိုးအမ်းတမ်းဖြစ်ကာ ...

"ဒီရေ ဧည့်သည်တွေကို ဒီမှာလာပို့ရင်းနဲ့ ဆုံကြတာ"

ဟု အရေးတယူ ရှင်းနေလေသည်။

"ကျွန်တော် ခင်ဗျားဖုန်းကို ခေါ်သေးတယ် စက်ပိတ်ထားလို့၊ ရုံးခန်းဖုန်းခေါ်တော့ စက္ကတေရီကလည်း ဘယ်ထွက်သွားမှန်းမသိဘူး ပြောတယ်၊ ကားတော့ ပါကင်မှာရှိသေးတယ်ဆိုတော့ ဒီဟိုတယ်ထဲမှာပဲ ဖြစ်မှာပါဆိုလို့ ထွက်လာလိုက်တာ"

"အရေးကြီးတဲ့ကိစ္စ ရှိလို့လား"

"ရှုံးရှမ်းကိစ္စ ပြောချင်လို့ပါ၊ ဒီနေ့ နေ့လယ်က မီးဆင်ရင်းဝါယာရှော့(ခ်)ဖြစ်တော့ အလုပ်သမားတစ်ယောက် နည်းနည်းလေး ထိခိုက်သွားတယ် သတင်းကြားတယ်။ အဲဒီကိစ္စလေး ဆွေးနွေးချင်တာနဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား ခဏစောင့်ရင် စောင့်နေခဲ့လေ၊ ကျွန်တော် သူ့ကို လိုက်ပို့ပေးလိုက်ဦးမယ်"

"ဩော် ... ဩော်"

ကိုလွင်မင်းက ဒီရေ့ကို လှောင်သလိုလိုကြည့်ရင်း "ဩော် ... ဩော်"ဆိုသော အသံဖြင့် တုံ့ပြန်သဖြင့် ဒီရေ ဒေါသဖြစ်သွားသည်။

မြတ်ဘုန်းခေါင်ကုဋေမို့လို့ မင်းက အကပ်ခံတာပေါ့ဆိုသော ပုံစံမျိုးဖြစ်နေလေသည်။

"ဒီရေ ... ကိုယ့်ဘာသာပဲပြန် ..."

"မပြန်ရဘူး ဒီရေ။ ကျွန်တော် လိုက်ပို့မယ် ပြောထားပြီးပြီ"

ဒီရေ့စကားမဆုံးခင် ကုဋေက ဖြတ်ပြောလိုက်ကာ သူ့ရှေ့ရပ်လာသော ငွေမင်ရောင်ပြောင်လက်နေသည့် ပရာဒိုသော့ကို ဝန်ထမ်းဆီမှ လှမ်းယူလိုက်သည်။

"တက် ... ဒီရေ"

ဒီရေ သူ့စကားနာခံကာ နောက်ခန်းတံခါးကို ဆွဲဖွင့်လျှင် ...

"ရှေ့မှာပဲ ထိုင်ပါလား"



ဟု ထပ်ပြောနေသဖြင့် ဒီရေ ကားခေါင်းဘက်မှ ပတ်လျှောက်ပြီး ရှေ့ခန်း Passenger seat ပက်ဆင်ဂျာဆိုထိုင်ဘက်က တံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်ရတော့လေသည်။

ကိုလွင်မင်းကတော့ အဖြစ်အပျက်ကို မကျေနပ်၊ လက်မခံနိုင်သလို မျက်လုံးတွေဖြင့် ကျန်ရစ်ခဲ့ပါသည်။

○❤○


www.burmeseclassic.com

www.burmeseclassic.com

## ၁၄

"အဲဒီလူကို သတိထားပြီးရှောင်ပါ ဒီရေ"

"ရှင်"

ကားကို အတော်ကြာမောင်းလာပြီးသည့်အထိ ဘာတွေမကျေနပ်နေမှန်းမသိ မျက်မှောင်ကြီးကုတ်နေခဲ့သော ကုဋေ့ထံမှ အရင်ဆုံးစ,ကြားရသောစကားကို ဒီရေ ဘယ်လိုတုံ့ပြန်ရမှန်းပင်မသိ။ ဒီရေနဲ့ ဘာမှပတ်သက်မှုမရှိပါဘဲ ဒီလူ့ကိုရှောင်ပါ ပြောလာသော စကားကြောင့် ဒီရေ စိတ်လည်းဆိုးမိလေသည်။

"သူက စတွေ့ကတည်းက ဒီရေ့ကို စိတ်ဝင်စားတယ်၊ ဒါပေမဲ့ သူ့စိတ်ဝင်စားမှုက မဖြူစင်ဘူး၊ လူပျိုလူလွတ်ယောကျာ်းတစ်ယောက်က မိန်းမပျိုလေးတစ်ယောက်ကို ချစ်ခင်မြတ်နိုးလို့ စိတ်ဝင်စားတာမျိုး မဟုတ်ဘူး ဒီရေ။ သူ့ကို သိပ်အဆက်အဆံ မလုပ်နဲ့နော်"





"ဒီရေနဲ့သူ ဘာမှပတ်သက်မှု မရှိတာ ရှောင်စရာလည်း မလိုဘူး၊ အဆက်အဆံလုပ်စရာလည်း မလိုဘူး ကိုကုဋေ။ ဒီရေ အနေမှန်ပါတယ်၊ ဒီရေ တွေ့တဲ့ယောကျာ်းတိုင်းကို အလွယ်တကူ အရောဝင်တဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး"

"ကျွန်တော်က ဒီရေ့ကို အထင်သေးလို့ပြောတာ မဟုတ်ပါဘူး။ ဒီရေ့ဘက်က မခံချင်လို့ ပြောမိတာပါ။ အဲဒီလူက ဒီရေနဲ့ပတ်သက်ပြီး ပြောထားတာတွေ ကျွန်တော် သိထားလို့ပါ"

ကုဋေက ဒီရေ့မျက်နှာ မှုန်မှုန်လေးကို ငဲ့ကာကြည့်ရင်း ရှင်းပြမိသည်။ ဒီမိန်းကလေးကို ကာကွယ်စောင့်ရှောက်ခွင့်ရတဲ့သူဖြစ်ရင် ဘယ်လောက်ကောင်းမလဲ။ ရုတ်တရက်အတွေးဝင်လာသောအခါ ကုဋေ သူ့ကိုယ်သူ အံ့ဩသွားပါသည်။ ငါ ဘာတွေဖြစ်နေပါလိမ့်။ တစ်သက်လုံး စိတ်ကူးထဲတောင်မထည့်ခဲ့ဖူးတဲ့ အခြေအနေထဲက မိန်းကလေးကို ဘာကြောင့် အရေးတယူဖြစ်နေမိတာလဲ။

"ဒီရေ့အကြောင်း ပြောရအောင် ဒီရေက ပိုက်ဆံချမ်းသာတဲ့ ယောကျာ်းတွေ စိတ်ဝင်စားလာအောင် သူတို့ကိုလိုက်အရောဝင်နေတဲ့လူလည်း မဟုတ်ဘူး။ သူတို့ရှိတဲ့နေရာမှာလိုက်ပြီး ကျက်စားပြနေတဲ့ လူလည်း မဟုတ်ဘူး။ ဒီရေ့



www.burmeseclassic.com

www.burmeseclassic.com

ဘာသာ အေးအေးဆေးဆေး ကိုယ့်အလုပ် ကိုယ်လုပ်နေတာပါ၊ အဲဒါကို ဘာကြောင့်များ အနှောင့်အယှက်ပေးချင်ကြရတာလဲ”

ဒီရေ စိတ်မကောင်းသလို ခပ်ညည်းညည်းလေးပြောသောအခါ ကုဋေ့ရင်ထဲ ဘယ်လိုမှမကောင်းနိုင်ပါ။ သူ့ကိုယ်သူလည်း အပြစ်ရှိသလို ခံစားရသည်။ သူကိုယ်တိုင်လည်း ဒီရေ့ကို ကိုလွင်မင်း စတင်စိတ်ဝင်စားစဉ်က အားပေးအားမြှောက်လုပ်သလိုလိုတောင် ပြောခဲ့မိသေးသည်။ ပိုက်ဆံမချမ်းသာသော မိန်းကလေးတွေဆို ဘယ်လိုမှ လေးစားမှုပေးလို့မရဘဲ ငွေနဲ့များရှင် ပါလာတတ်ကြတာချည်းပဲလို့တောင် ထင်မိသေးသည်လေ။

“ကား ရပ်ပေးပါ ကိုကုဋေ၊ ဒီရေ ဆင်းတော့မယ်။ ဒီမှတ်တိုင်ကနေ ဘတ်(စ)ကားတက်စီးပြီးပြန်ရင် ရတယ်”

“ဘာဖြစ်လို့လဲ၊ ကျွန်တော် အိမ်အထိ လိုက်ပို့ပေးမယ်လေ”

“ဒီရေ ဆင်းမှဖြစ်မယ်”

ဒီရေက ကားတံခါးကိုပင် ဖွင့်တော့မလိုလုပ်နေတာကြောင့် ကုဋေမှာ ကားတံခါးဖွင့်လို့ မရအောင် Central lock စင်ထရယ်လော့(ခ်)ခလုတ်ကို နှိပ်ချလိုက်ရတော့သည်။

“ကိုကုဋေ ... ကားရပ်ပေးပါ။ တံခါးလည်း ဖွင့်ပေးပါ။ ဒီရေ့ ဆင်းပါရစေ”





“ဘာဖြစ်တာလဲ ဒီရေ။ ကျွန်တော် လိုက်ပို့မယ်ပြောပြီးပြီပဲ။ ဘာလို့ ခုမှ အလျင်စလို ဆင်းချင်ရတာလဲ”

“ဒီရေ ရှင်တို့ကို ကြောက်လာလို့ပါ”

“ခင်ဗျာ”

“ပိုက်ဆံချမ်းသာတဲ့ ယောကျ်ားတွေကို ကြောက်လာလို့ပါ ကိုကုဋေ။ ဒီရေ အနေမှန်မှန်နဲ့ နေတာတောင် အထင်သေးခံနေရပြီမို့ ဒီရေ အခုလို ကိုကုဋေ့ကားနဲ့ လိုက်လာတာက ပိုပြီးအထင်သေးစရာ ဖြစ်လာတော့မယ်လေ၊ ဒီရေ အားလုံးကို ပုံမှန်ဆက်ဆံမှ ဖြစ်တော့မယ်လို့ တွေးမိလာတယ်”

ကုဋေ စိတ်မကောင်းဖြစ်ပြီး ခေါင်းအသာယမ်းမိသည်။ ဒီရေ စိတ်ထိခိုက်သွားပြီ။ ဒီရေ့ကို စိတ်ပူပြီး သတိပေးလိုက်ချင်တဲ့ ‘စိတ်ဆန္ဒစောသွားတာလား။ စကားအပြောအဆိုမတတ်လို့ပဲလား။ ခုတော့ ဒီရေ သူ့ကိုတောင် အထင်လွဲသွားပြီ။

“ဆောရီး ဒီရေ၊ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် စကားမှားသွားတာလည်း ရှိရင်ရှိမယ်။ ကျွန်တော်က ဒီရေ့အတွက် စိတ်ပူလို့ သတိပေးချင်ခဲ့တာနဲ့ ...”

“သတိပေးတယ် ဆိုကတည်းက ဒီရေ့အပေါ် အထင်သေးမှုပါနေတာပဲလေ။ ဒီရေက အလွယ်တကူဆွဲဆောင်လို့ရမယ့် မိန်းကလေးလို့ထင်ပြီး ကိုကုဋေ ပြောလိုက်တာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်ရပါဘူး ဒီရေရယ်။ အဲဒီလို မဟုတ်ပါဘူး။ ဒီရေ့ကို အထင်မသေးပါဘူး။ ဒီရေ့ကို ကျွန်တော် တန်ဖိုးထားပါတယ်"

ဒီရေ ဘာမှအငြင်းအခုံ လုပ်မနေတော့ဘဲ တည်တည်ငြိမ်ငြိမ်လေးဖြစ်ကာ တိတ်ဆိတ်စွာ ပါလာခဲ့သည်။

"လမ်းထိပ်မှာပဲ ရပ်ပေးပါ ကိုကုဋေ"

"အိမ်ရှေ့ထိ လိုက်ပို့ပေးမယ်လေ"

"ဒီရေ့အိမ်က လမ်းထိပ်နားမှာပါ ရပါတယ်။ လိုက်ပို့တာ ကျေးဇူးပါပဲ"

ဒီရေ အိမ်အထိ လိုက်မပို့စေချင်ဘူး ထင်တယ်လို့ စဉ်းစားမိတာကြောင့် ကုဋေ ဘာမှဆက်မပြောတော့ဘဲ ဒီရေညွှန်ပြသော လမ်းထိပ်တစ်နေရာတွင်သာ ကားကိုအသာရပ်ပေးလိုက်ပါသည်။

ဒီရေ ကားတံခါးကို ဖွင့်ဆင်းပြီးသောအခါ ...

"ကျေးဇူးပဲ ကိုကုဋေ"

ဟု ထပ်ပြောပြီး ကျောခိုင်းထွက်သွားပါသည်။ ကုဋေကတော့ ဘာကြောင့်ရယ်မသိ ဒီရေ့ကို ငေးပြီးကြည့်ကာ ကျန်ရစ်ခဲ့လေသည်။





ဟိုတယ်ကို ပြန်ရောက်သောအခါမှာတော့ အသင့်စောင့်နေသော ကိုလွင်မင်းနဲ့ ရင်ဆိုင်ရပြန်သည်။

"ဘယ်လိုလဲ ကိုကုဋေ။ ဒီရေက ကိုကုဋေ့ဆီမှာ ကပ်နေပါလား"

ရောက်ရောက်ချင်း၊ တွေ့တွေ့ချင်း ပြောလိုက်သော စကားကြောင့် ကုဋေ ဒေါသထွက်သွားပေမယ့် ထိန်းချုပ်ထားနိုင်ခဲ့ပါသည်။

"သူ့ညည်သည်တွေ ဒီမှာလာပို့ရင်းဆုံလို့ ကော်ဖီသောက်ဖို့ ကျွန်တော် ဖိတ်တာပါ"

"ကိုကုဋေနဲ့ယှဉ်ရင် ကျွန်တော်ပဲ ရှုံးမှာပါဗျာ။ ကျွန်တော် ရှောင်မှထင်တယ်၊ ဒီရေက အရင်တည်းက ကိုကုဋေ့ကိုပဲ သေသေချာချာ ဂရုတစိုက် ကြည့်ကြည့်နေတာဗျ။ မြတ်ဘုန်းခေါင်မိသားစုထဲကဆိုတာ သိကိုသိနေပြီးသားဖြစ်လို့ သူ ခင်ဗျားကို စိတ်ဝင်စားနေတာ။ အခုတော့ ခင်ဗျားကပါ သူ့ကို အရေးတယူ ရှိလာပြီဆိုတော့ ကျွန်တော် အနောက် ရောက်သွားပါပြီဗျာ"

"ကျွန်တော် အဲဒါတွေမပြောချင်ဘူး ကိုလွင်မင်း။ အလုပ်ကိစ္စနဲ့ပတ်သက်တာ ပြောမယ်ဆိုရင် ပြောကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စ ပြောတာလည်း ပြောတာပေါ့။ ခင်ဗျား သူ့ကို စိတ်ဝင်စားသွားတဲ့ကိစ္စကတော့ တော်တော်အရေးပါနေလို့ မေးချင်တယ်။ ခင်ဗျား ဒီလိုလုပ်တာကို သီရိစန္ဒာသူ သိရင် ဘယ်လိုနေမယ် ထင်လဲ"

"ဘာကို ဆိုလိုတာလဲ ကိုလွင်မင်း။ ကျွန်တော်နဲ့ ဒီရေ သာမန်မိတ်ဆွေတွေလို ဆုံတာပါ။ ဘာမှပတ်သက်မှုမရှိဘူး။ သီရိက သတ်သတ်၊ ဒီရေက သတ်သတ်၊ ကျွန်တော်က သတ်သတ်ပဲ ဘာမှမရောပါဘူး။ ရောစရာလည်း မရှိဘူး"

"ခင်ဗျား သူ့ကို ဘယ်လိုသဘောထားလဲ"

ကုဋေ မဖြေတော့ဘဲ သူ့စားပွဲမှ အလုပ်နဲ့ပတ်သက်သော စာရွက်စာတမ်းတွေကိုသာ လှန်လှောရှာဖွေနေလိုက်သည်။

"ကျွန်တော် အရင်စိတ်ဝင်စားတာပါ၊ ဒါပေမဲ့ ခင်ဗျား ဘယ်တုန်းက စိတ်ဝင်စားသွားတာလဲဆိုတာ သိချင်နေတယ်"

"ကိုလွင်မင်း"

ကုဋေ တည်တည်ငြိမ်ငြိမ်ပဲ ခေါ်လိုက်ပါသည်။ ကိုလွင်မင်းက ဒီရေ့ကို သူ ကမ်းလို့မရဘဲ ကုဋေကတော့ ရသည်ဟု ထင်ဟန် မနာလိုနေသော မျက်လုံးတွေဖြင့်ကြည့်လျှင် ...





"အဲဒီကိစ္စကို ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာလို့ သတ်မှတ်တဲ့အတွက် မပြောချင်ဘူးလို့ပဲ မှတ်လိုက်ပါ"

ဆိုသော အဓိပ္ပာယ်မျိုးစုံပါဝင်နေသည့် စကားတချို့ကို ကုဋေ ပြောလိုက်တော့လေသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com


## ၁၅

အိမ်ထဲဝင်လိုက်တာနဲ့ ဦးရဲကျော်သူသည် ဧည့်ခန်းတစ်ဖက်ရှိ ထောင့်ချိုးလိုဖြစ်နေသော အခန်းထဲမှ ထွက်လာလေသည်။ ထိုအခန်းက ဦးရဲကျော်သူ၏ အလုပ်ခန်းလည်းဖြစ်သလို အခါများစွာတွေထဲမှာ တစ်ဦးတည်း တီဗီကြည့်နေတတ်တာကို တွေ့ရသော အခန်းလည်းဖြစ်သည်။

"သြော် ... မောင်ကုဋေ ရောက်ပြီလား၊ သမီးကတော့ မင်းကိုစောင့်ရတာ စိတ်မရှည်လို့တဲ့ သူ့ဘာသာ ဟိုအိမ်ဘက်သွားနှင့်ပြီ"

ဟိုအိမ် ဆိုသည်မှာ ဒီအိမ်၏အနောက်ဘက်မြေကွက်တွင် ဆောက်နေဆဲဖြစ်သော ကုဋေနဲ့ သီရိစန္ဒာသူ လက်ထပ်ပြီးရင် နေမယ့်အိမ်ကို ဆိုလိုခြင်းဖြစ်ကြောင်း ကုဋေ သိပါသည်။

"ဒါဖြင့် ကျွန်တော် လိုက်သွားလိုက်မယ် အန်ကယ်လ်"

"သွားလိုက် ... သွားလိုက်၊ အိမ်စဆောက်ကတည်းက မင်း တစ်ခါလာပဲ လာကြည့်သေးတော့ သမီးက ဒါကို မကျေမနပ် ဖြစ်နေတယ်။ သူ့ခြေ သူ့လက် လုပ်ခိုင်းထားတယ်၊ ပိုက်ဆံကို ကုန်သလောက် ထုတ်ပေးမယ် ဆိုတိုင်းလည်း တာဝန်ကျေတာမျိုး မဟုတ်ဘူး မောင်ကုဋေ။ အဲဒါလေးတစ်ခုတော့ သိထားသင့်တယ်"

ကုဋေ့ကို သတိပေးသလိုလို မကျေနပ်သလိုလို ပြောတာကို အသာနားထောင်ပြီး လှည့်ထွက်လာခဲ့ရလေသည်။ ယောက္ခမနေရာထားပြီး တော်စပ်ရမှာမို့ ကုဋေ့ဘက်က ဘာမှ ပြန်ပြောခွင့် မရပေမယ့် ရင်ထဲမှာတော့ မကျေမနပ် ဖြစ်သွားပါသည်။ ဆိုင်တောင်မဆိုင်၊ ပိုင်တောင်မပိုင်သေးဘဲ ဆိုဆုံးမခံရသလို ဖြစ်နေသည်ဟု ထင်သည်။

စိတ်ထဲမှာ ခုထိ သူ့ကိုယ်သူ သီရိစန္ဒာသူနှင့် သက်ဆိုင်သည်လို့ကို ယူဆလို့မရ ဖြစ်နေသည်။ ချက်ချင်းတောင် လှည့်ပြန်မိချင်ပေမယ့် အဲဒီလောက်လည်း မရိုင်းတတ်တာမို့ စိတ်မပါသော ခြေလှမ်းတွေဖြင့် ဆောက်နေလက်စတိုက်အိမ်ဆီ လျှောက်လာလိုက်ပါသည်။

သီရိစန္ဒာသူက အိမ်အပေါက်ဝမှာရပ်ရင်း မိုဘိုင်းလ်ဖုန်း ပြောနေရာမှ ကုဋေ့ကိုကြည့်နေသည်။ ကုဋေ အနားရောက်



www.burmeseclassic.com

www.burmeseclassic.com


သွားတော့ ဖုန်းပြောတာ လက်စသတ်လိုက်ပြီး ဖုန်းကိုသိမ်းလိုက်သည်။

"လာမှလာပါ့မလားလို့"

"ငါလာမယ် ကတိပေးရင် လာပါတယ်"

"အိမ်အတွင်းပိုင်းက ပြီးသလောက် ဖြစ်နေလို့ ခေါ်ပြတာပါ"

"မြန်လှချည်လား"

"ဘာဖြစ်လို့လဲ"

"မြန်မြန်ကြီးဆောက်တော့ ကောင်းပါ့မလား"

"မကောင်းရင် သီရိတို့က ဘယ်တုန်းက လက်ခံဖူးလို့လဲ၊ ကောင်းပေ့ ညွှန့်ပေ့မှ ရွေးတာနော်၊ ဟင်း ဟင်း ... ယူမယ့်ယောကျ်ားတောင် အကောင်းဆုံးထင်လို့ ရွေးယူထားတာ"

အိမ်အတွင်းပိုင်း ဝင်ကြည့်တော့ တကယ့်အကောင်းတွေချည်း ထည့်ထားသော အိမ်တစ်လုံးမှန်း သိသာပါသည်။ နံရံကပ်ကြွေပြားများ၊ မီးဖိုခန်းထဲမှာ နိုင်ငံခြားစတိုင်လ်ထည့်သွင်းပြင်ဆင်ထားသော အပြင်အဆင် အသုံးအဆောင်များ၊ ရေချိုးခန်းထဲရှိ ရေပူရေအေး spa ထည့်ထားသော ရေချိုးဇလုံကြီးနှင့် ရေပန်းများ၊ မျက်နှာကြက်ရှိ အလှမီးပန်းဆိုင်းများ စသဖြင့် ဘယ်နေရာကြည့်ကြည့် အိမ်အရောင်းပြခန်းကတ်တလောက်ထဲက အိမ်ကို ကြည့်နေရသလိုပုံစံ ဖြစ်နေပါသည်။

"ကြမ်းခင်းက အကြမ်းထည် အင်္ဂတေပဲ ကိုင်ထားသေးတယ်။ အပေါ်က သစ်သားကြမ်းခင်းပေါ့။ Laminate timber လာမိနိတ်တင်ဘားနဲ့ ခင်းမှာလေ။ နံရံတွေဆေးသုတ်ပြီးမှ ခင်းမှာမို့ ဒီတိုင်းထားတာ၊ နံရံကို ဘာဆေးသုတ်ရင် ကောင်းမလဲ"

ကုဋေ ဖြေတောင်မဖြေလိုက်ရ။ သီရိစန္ဒာသူက၊ ဟက်ခနဲ တစ်ချက်ရယ်ကာ ကြိုပြောပါသည်။

"နင့်သဘောပဲ နင်ကြိုက်တာရွေးလို့ ပြောမှာပဲ မဟုတ်လား ... ဟင်း ဟင်း။ နင် ပါးစပ်မဟရသေးခင် ကြိုသိပါတယ် ကုဋေရယ်"

"ဒါဆိုလည်း မေးနေသေးလား"

"တစ်ခါတလေများ နင့်စိတ်ကူးကို ကြားရမလားလို့ပါ ကုဋေရယ်။ ငါကတော့အရောင်ဖျော့တွေ မသုံးဘူး၊ အရောင်ရင့်တွေသုံးမှာ။ အရောင်ရင့်တွေက ချက်ချင်းမမှိန်သွားဘူး၊ ကြာကြာခံတယ်။ ဈေးလည်းကြီးတယ်"

အရာရာကို သူမကပဲ ဦးဆောင်ကာ တစ်ခုပြောလိုက် တစ်ခု အတည်ပြုလိုက် လုပ်တတ်တာလည်း သီရိစန္ဒာသူ၏



www.burmeseclassic.com

www.burmeseclassic.com



အကျင့်မို့ ကုဒ္ဓေအတွက် မဆန်းတော့ပါ။ ဒီလိုပုံစံကိုမကြိုက်လို့လည်း ရည်းစားဘဝမှာ အဆင်မပြေဖြစ်ပြီး လမ်းခွဲခဲ့ကြပေမယ့် အခုတော့ သူတို့ဟာ မိဘတွေစီစဉ်မှုနဲ့ စေ့စောင်စေ့စပ်ပြီးကြပြီတဲ့။ တွေးရင်းနဲ့ ကုဒ္ဓေမှာ သူ့ကိုယ်သူ ရှားနေသလို ခံစားရသည်။ ငါ ဘာကြောင့် ဒါကိုအလွယ်တကူ လက်ခံပြီး ဒီအခြေအနေထိ ရောက်အောင် လျှောက်လှမ်းလာမိပါလိမ့်။

သီရိစန္ဒာသူနှင့် ခင်ဒီရေ ...။ ကုဒ္ဓေ့မျက်လုံးထဲမှာ ရော ဦးနှောက်ထဲမှာပါ ဖျတ်ခနဲ နှစ်ယောက်ယှဉ်မိလိုက်သလို ဖြစ်သွားသောအခါ သူ့ကိုယ်သူပင် အံ့ဩသွားသည်။ ဘာလို့ ဒီအတွေး ဝင်လာသလဲ။

ဘယ်ဘက်ကယှဉ်ယှဉ် သီရိစန္ဒာသူက အဆတစ်ရာ လောက်သာပါတယ်၊ ဘာကြောင့် ခင်ဒီရေကို သတိတရ ယှဉ်ကြည့်ချင်ရသလဲ။ ဘုရားရေ ... ဒီမိန်းကလေးကို သူ စိတ်ဝင်စားမိပြီလား။ နှလုံးသားမှာ နေရာပေးမိပြီလား။

"ကုဒ္ဓေ ... ကုဒ္ဓေ ... ဟဲ့ ... အမယ်လေး၊ လူကတော့ ဒီရောက်နေပြီး စိတ်က ဘယ်များရောက်နေတာပါလဲ"

"တခြားရောက်နေတယ်လေ"

ကုဒ္ဓေက ရွှံ့ပြီးဖြေလိုက်သည်။ သီရိစန္ဒာသူက ဂရု မစိုက်ဟန်ဖြင့် တဟင်းဟင်း ရယ်လေသည်။





"ဒီမှာ ဘာလဲ"

သီရိစန္ဒာသူက ရုတ်တရက် အရယ်ရပ်လိုက်ပြီး သူမ၏ဘယ်လက်ကို ထောင်ပြလေသည်။ ပြီးတော့ လက်သူကြွယ်ကိုပါ ထောက်ပြသေးလေသည်။ လက်သူကြွယ်မှာတော့ အရည် ကောင်းပြီး တဖျပ်ဖျပ်လက်နေသော စိန်တစ်လုံးကို ဘေးကစိန် လုံးလေးတွေ စီထားသော စေ့စပ်လက်စွပ် ရှိနေပါသည်။

"မဖြေချင်ဘူးလား"

"နင် ဘာကို ပြောချင်တာလဲ သီရိ"

"နင်နဲ့ငါ စေ့စပ်ပြီးသားလို့ သတိပေးချင်တာလေ"

"သတိပေးစရာ မလိုပါဘူး"

"သတင်းသဲ့သဲ့ ကြားသလားလို့"

"ဘာရယ်"

"အဲဒီသတင်းကို မယုံပါဘူးလေ။ ကုဒ္ဓေဆိုတဲ့လူကလည်း ကောင်းပေ့ ညွန့်ပေ့ကိုမှ ရွေးတတ်တဲ့လူစားမျိုး မဟုတ်လား။ ပြီးတော့ ယောက်ျားတွေရဲ့အကျင့်က တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်လေးတွေရှိပြီး သူ ဒါလုပ်ရင် ငါလည်း ဒါလုပ်မယ်ဆိုတဲ့ စိတ်လေးကရှိတော့ ဒီလိုဖြစ်တတ်ပါတယ်လို့ပဲ တွေးထားပါတယ်လေ"

"ဘာတွေ ပြောနေတာလဲ သီရိ"



www.burmeseclassic.com

www.burmeseclassic.com



သီရိစန္ဒာသူက စကားကိုဖြတ်ချပြီး သူ့နားက ဖျတ်ခနဲ ထွက်သွားပါသည်။ ကုဋ္ဌေကတော့ ရင်ထဲမှာ ကိုးလိုးခုလု မခံချိမခံသာဖြစ်ကာ ကျန်ခဲ့သည်။ မရမက လိုက်မေးရအောင်လည်း ယောက်ျားတန်မဲ့ မိန်းမဆန်သလိုမျိုး ဖြစ်နေသဖြင့် မမေးတော့ဘဲ သီရိစန္ဒာသူနောက် လိုက်သွားရကောင်းနိုးနိုးဖြင့် ကျန်ခဲ့ရသည်။

ဒီသတင်းကို ဘယ်ကရပါလိမ့်၊ ဘယ်လိုလုပ် သိနေပါလိမ့်ဆိုသော မေးခွန်းတွေလည်း ညံနေသည်။ ဒီသတင်းလို့ ပြောရလောက်အောင်လည်း ကုဋ္ဌေနဲ့ ခင်နဒီ ဆိုတာဟာ သတင်းတစ်ခု ဖြစ်လောက်အောင်ထိ တွဲသွားတွဲလာ ရှိနေတာလည်း မဟုတ်။ ဒီအကြောင်းအရာကို သိသူဆိုလို့ ဟိုတယ်က ဝန်ထမ်းတချို့ရယ်၊ ကိုလွင်မင်းရယ်လောက်သာ သိထားကြပါသည်။

ကုဋ္ဌေလည်း သီရိ ရှောင်ထွက်သွားတာကို မသိကျိုးကျွင်ပြုကာ နောက်က လိုက်သွားပါသည်။ ကုဋ္ဌေ ရောက်သွားတော့ သီရိက ဘာမှမဖြစ်ခဲ့သလို သူမ ဘာမှမပြောခဲ့သလို ပုံစံဖြင့် ကုဋ္ဌေ့လက်မောင်းကို လှမ်းချိတ်လိုက်ကာ ...

"ငါ ဗိုက်ဆာလာပြီ၊ တစ်ခုခု စားကြရအောင်"

ဟု ပြောလိုက်တော့လေသည်။





သူတို့အတူတူ တွဲထွက်လာသောအခါ သီရိစန္ဒာသူကတော့ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောလျက် ပါလာခဲ့သည်။ သူမ ပြောသောအကြောင်းအရာတွေကတော့ မင်္ဂလာပွဲအကြောင်း၊ သူမရဲ့လုပ်ငန်းတွေအကြောင်း၊ မင်္ဂလာပွဲပြီးလျှင် ဟန်းနီးမွန်းအဖြစ်အလည်သွားမယ့် ဥရောပခရီးစဉ်အကြောင်းတွေသာ တစ်ခုပြီးတစ်ခု မရိုးနိုင်အောင်ပြောလျက် စကားအမျှင်မပြတ်တော့ပေ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

မေမေ့ရဲ့မေးခွန်းကြောင့် ဒီရေ အဖြေရခက်သွားပါသည်။

"မြတ်ဘုန်းခေါင်ကုဋေမှာ စေ့စပ်ထားတဲ့သူ ရှိတယ်ဆိုတာ သမီး သိရက်နဲ့ ဘာကြောင့်တွဲလဲ"

မေမေက ဆက်မေးပြန်သည်။

"တွဲတာမဟုတ်ပါဘူး မေမေ"

"ကိုလွင်မင်း ပြောတော့ တော်တော်ရင်းနှီးတဲ့ အနေအထားမျိုးတဲ့"

"ရိုးရိုးခင်မင်ရင်းနှီးတာပါ"

"မေမေတော့ မထင်ဘူး"

"သူ့မှာ စေ့စပ်ထားတဲ့သူ ရှိထားတယ်ဆိုတာ ဒီရေ သိပြီးသားပါ မေမေ။ ဒီရေ သူ့ကိုခင်မင်ရုံကလွဲရင် မပိုအောင် ဆင်ခြင်ထားပါတယ်"





"နေပါဦး … နေစမ်းပါဦး၊ ဒီရေက သူ့ကို သဘောများကျနေလို့လား"

ဒီရေ မဖြေပါ။ ဘယ်ယောက်ျားလေးနဲ့မှ သတင်းမကြားရတဲ့ ဒီရေဟာ မြတ်ဘုန်းခေါင်ကုဋေနဲ့မှ သတင်းကြားရတာမို့ စဉ်းစားရင်း အလိုလို အဖြေပေါ်လာပုံရသည်။

"အမယ်လေး … ဘယ်လိုလုပ်ပြီးတော့များ သဘောကျသွားရတာလဲ၊ တွေ့တာဖြင့် မကြာသေးဘူး။ ပြီးတော့ သူ့ကို မေမေ တွေ့ဖူးပါတယ်၊ ကိုလွင်မင်းကမှ သူ့ထက်တောင် ပိုချောသေးတယ်၊ မြတ်ဘုန်းခေါင်ကုဋေက မျက်နှာအနေအထားတင်းပြီး ကြည့်လိုက်တာနဲ့ အရှိန်အဝါတစ်မျိုးရှိနေတဲ့ပုံစံ ထူးခြားနေတာကလွဲရင် သိပ်အချောအလှကြီးမဟုတ်ပါဘူး"

"သူက ကိုလွင်မင်းလို မဟုတ်ပါဘူး မေမေ၊ ဒီရေ့ကို တလေးတစား ဆက်ဆံတယ်၊ ကိုလွင်မင်းကတော့ တွေ့လိုက်ကတည်းက ဒီရေ့ကို လွယ်လွယ်ရမယ့် မိန်းကလေးလို့ကိုထင်ပြီး အရောဝင်တာပါ။ အဲဒါ ခြားနားပါတယ်"

"သူ့ဘာသာ တလေးတစားပဲ ဆက်ဆံ ဆက်ဆံ။ နေရာပဲပေးပေး။ သူ့သမီးကိုတော့ သူ့ရဲ့မိဖုရားနေရာပေးဖို့ စိတ်မကူးပါဘူး ဒီရေရယ်။ သူလည်း အပြင်ပန်းကသာ



www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်ပေမယ့် သူ့အတွင်းစိတ်ကို ဒီရေ မြင်နိုင်လို့လား၊ ဒီတော့ သတိသာထားပါ ဒီရေ။ အဲဒီလူထက်စာရင် ကိုလွင်မင်းကမှ ဘာအနှောင်အဖွဲ့မှ မရှိသေးတဲ့လူ။ သူ့ကို ကိုယ်က ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်နိုင်ရင် သူ့ရဲ့မဟေသီ မိဖုရားတောင်ဖြစ်ဖို့ သေချာသေးတယ်"

"ဒီရေ ... ဘာမှမလိုချင်ဘူး မေမေ။ ဘယ်သူ့ကိုမှလဲ လက်မခံနိုင်ဘူး"

"ဘယ်သူ့ကိုမှ လက်မခံဘူး စဉ်းစားရင် မြတ်ဘုန်းခေါင် ကုဋေနဲ့လည်း တွဲမနေနဲ့"

မကြာခဏ တွဲတာလည်း မဟုတ်ပါဘဲ သတိပေးခံရသဖြင့် ဒီရေ စိတ်မကောင်း ဖြစ်မိသည်။ မေမေ ဆိုတာက ဒီရေ့ကို ဘယ်တုန်းကမှလဲ မချုပ်ချယ်ဘူးသည်ဖြစ်ရာ ဒီတစ်ခါ ချုပ်ကိုင်ခြင်းမှာ ဒီရေ့အတွက် စိုးရိမ်တာကြောင့်လည်း ပါမည်။ ပြီးတော့ မေမေ ရွေးစေချင်သော ကိုလွင်မင်းကို ဒီရေ စိတ်ဝင်တစား မရှိတာကြောင့်လည်း ပါမည်။ မေမေကသာ မျှော်လင့်နေပေမယ့် ကိုလွင်မင်းကတော့ မေမေ မျှော်လင့်သလိုမျိုး ဒီရေ့ကို မိဖုရားနေရာ မပေးနိုင်ဘူးဆိုတာ ဒီရေ ရိပ်မိပါသည်။

တစ်ရက်တော့ ဒီရေ ကုမ္ပဏီရုံးခန်းမှာ ရှိနေစဉ် ဧည့်သည်တစ်ယောက် ရောက်လာသည်။ ဒီရေက "ဧည့်သည်"





ဟု ကြားလိုက်တာနဲ့ ကုဋေ့ကို မျှော်လင့်မိပေမယ့် တကယ်တော့ ကုဋေ မဟုတ်ဘဲ ကိုလွင်မင်း ဖြစ်နေသည်။

ဒီရေ စိတ်အနှောင့်အယှက် ဖြစ်သွားသဖြင့် မရယ်မပြုံးမျက်နှာနဲ့သာ ရင်ဆိုင်လိုက်ပါသည်။

"ခဏ အပြင်မှာ ကော်ဖီသောက်ရင်း စကားပြောလို့ရမလား ဒီရေ"

"ဒီမှာပြောလည်း ရပါတယ်"

"ဒီရေ့ ကိုယ်ရေးကိုယ်တာတွေ သူများကြားမှာ မစိုးရိမ်ဘူးလား"

ကိုလွင်မင်းက အသံကိုနှိမ့်ပြီး ပြောလေသည်။ ရှိဆက်ရှင်းကတော့ ဧည့်သည်တွေ့ဆုံရာ နေရာနှင့် နီးသဖြင့် ခပ်တိုးတိုးပြောရင်တော့ မကြားရ။ သို့သော် ပြောရင်းဆိုရင်း သတိလက်လွတ်ဖြစ်ပြီး အသံကျယ်သွားတာမျိုး ဖြစ်ရင်တော့ ကြားနိုင်သည်။ ကိုလွင်မင်း ဘာတွေပြောမှာမို့လဲဟု တွေးပြီး ဒီရေ့ရင်ထဲ စိုးရိမ်မှုတော့ ရှိပါသည်။

သူ့ကို စကားမပြောနိုင်ပါဘူး၊ မတွေ့နိုင်ပါဘူး ပြောပြီး ငြင်းရလောက်အောင်လည်း ဘာမှပြဿနာလဲ ကြီးကြီးမားမား မရှိပါဘဲ အသားလွတ်ကြီး ကြောက်ပြီးရှောင်တဲ့အဖြစ်မျိုးလည်း မလုပ်ချင်ပါ။ ဒီရေ ရင်ဆိုင်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီရေ့ကို ခြိမ်းခြောက်သလိုမျိုးပုံစံနဲ့တော့ မခေါ်ထုတ်ပါနဲ့။ ဒီရေ ဘာမှလူသိမခံရဲစရာ ကိုယ်ရေးကိုယ်တာ မရှိပါဘူး"

"ဒါဆိုလည်း ဒီရေ့သဘောပါ၊ ဒီမှာထိုင်စကားပြောဆိုလည်း ပြောပါတယ်"

ကိုလွင်မင်းက ပြောပြောဆိုဆို ဆက်တီတစ်လုံးမှာ ခပ်အေးအေး ဝင်ထိုင်လိုက်ပါသည်။ ဒီရေမှာ အမှန်တော့ ဒီမှာ မထိုင်ချင်ပေမယ့် ကိုလွင်မင်းနဲ့အတူ တွဲပြီးတော့လည်း မထွက်လိုတာမို့ ဒီမှာပဲ ထိုင်လိုက်ရပါသည်။

"ဒီရေ့ကို ကျွန်တော် လက်ထပ်ချင်တယ်၊ လက်ထပ်ခွင့်ပြုပါ"

"ရှင် ... ဘာ ... ဘာရယ်"

ရုတ်တရက်ကြီး ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်တာကြောင့် ဒီရေ အံ့အားတသင့်နဲ့ ပြန်တောင်ထ,ရပ်မိတော့မလိုဖြစ်သွားပါသည်။

"ဒီမှာ ... ဒီရေ့အတွက်"

ကိုလွင်မင်းက သူ့ကုတ်အင်္ကျီထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။ အနီရောင်ကတ္တီပါဘူးလေးကို တွေ့လိုက်တာနဲ့ အထဲမှာ လက်စွပ်ဖြစ်ဖြစ် တစ်မျိုးတော့ပါမည်ဟု သိလိုက်သည်။





"ဒီရေ့ဘဝကို လုံခြုံအောင် စောင့်ရှောက်ပေးချင်တယ်။ ဒီရေ့ကို ချစ်လည်းချစ်တယ်။ ဒီတော့ ကုဋေရဲ့ထောင်ချောက်ထဲ မရောက်ခင် ကိုယ်က ကြိုတင်ကာကွယ်ထားတဲ့အနေနဲ့ ဒီရေ့ကို တစ်ခါတည်း လက်ထပ်ခွင့်ကိုပါ တောင်းတာပါ"

"ဘယ်လို ... ဘယ်လို ... ဘာထောင်ချောက်ကို ပြောတာလဲ"

ကိုလွင်မင်းက ခပ်သဲ့သဲ့ရယ်သည်။

"အပြင်မှာ သွားစကားပြောကြရအောင်ပါ၊ ဒီရေရယ် ... ဒီမှာပြောရတာ မလွတ်လပ်လို့ပါ"

"ကောင်းပြီလေ"

ဒီတစ်ခါတော့ ဒီရေ ချက်ချင်းပဲ ထလိုက်လာမိပါသည်။ ကုဋေကလည်း ကိုလွင်မင်းကို သတိထားပါဟု သတိပေးသည်။ အခုတစ်ခါ ကိုလွင်မင်းကလည်း ကုဋေ့ရဲ့ထောင်ချောက်ဟု ပြောလာပြန်သည်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် စွပ်စွဲနေကြသလိုမျိုး ဖြစ်နေသည်။

အမှန်တကယ် ဝန်ခံရလျှင် ဒီရေ ဘယ်သူ့ကိုမှမယုံပါ။ ကုဋေ့ကိုလည်း ကိုယ့်ဘက်ကသာ တိတ်တခိုးစွဲလမ်းချစ်ခင်


www.burmeseclassic.com

www.burmeseclassic.com

မိန်းမနေမယ့် သိပ်ကြီးယုံတာတော့မဟုတ်။ သူ့မှာ စေ့စပ်ထားတဲ့သူ (သူတို့ကိုယ်တိုင်လည်း ချစ်သူရည်းစားဟောင်းတွေမို့ သူလည်း သံယောဇဉ်ရှိမည်ဟု ထင်သည်။)ရှိရက်နဲ့ ဒီရေ့ကို အခုမှပိုရင်းနှီး ချင်လာသလို ဆက်ဆံမှုကို ဒီရေ သံသယဖြစ်စွာနဲ့ လက်ခံနေရတာ ဖြစ်သည်။ ကိုလွင်မင်းဆိုတဲ့ သူကတော့ စတွေ့ကတည်းကပင် သူ့အမူအရာ၊'အပြောအဆိုတွေကို တစ်ချက်မှ ကြည့်မရခဲ့တာမို့ ဘယ်တော့မှလဲ ယုံကြည်စိတ်ချမှာ မဟုတ်ပါ။

အနီးတစ်ဝိုက်တွင်ရှိသော ဆိုင်ကိုပဲရွေးရာ အရင် တစ်ခါက ကုဋေနဲ့ ထိုင်ခဲ့ဖူးသော ဆိုင်လေးကိုသာ ရွေးလိုက်ရ သည်။ ဒီနားမှာ သီးသန့်ပုံစံဖြစ်နေသော ဆိုင်ဆိုလို့ ဒီဆိုင်မျိုးပဲ ရှိရာ ကုဋေနဲ့တုန်းကလည်း ဒီဆိုင်ကိုသာ ရွေးဖြစ်သလို ကိုလွင် မင်းနဲ့လည်း ဒီဆိုင်မှာပင်ထိုင်ဖို့ ဖန်လာတော့သည်။

"ဒီရေ့ကို ကျွန်တော် အပျော်ကြံတာမဟုတ်ဘူး။ တကယ် လက်ထပ်ယူမှာ။ အဲဒါကို ဒီရေ မယုံမှာစိုးလို့ လက်စွပ်နဲ့ တကွ လက်ထပ်ခွင့်တောင်းတာပါ"

"ဒီရေ ခုလောလောဆယ် အဲဒီအကြောင်း မပြောချင်သေး ဘူး။ ဒီရေ ကိုလွင်မင်းနဲ့အတူ လိုက်လာတာဟာ ကိုလွင် မင်း ပြောတဲ့ ထောင်ချောက်ဆိုတာကို သိချင်လို့ပါ"





"ဪ ... ဒီရေက ကုဋေ့ကို တော်တော်ယုံခဲ့တာကိုး။ ကျွန်တော် ထောင်ချောက်လို့ ပြောလိုက်တာနဲ့ ဒီရေ လှုပ် လှုပ်ရှားရှားကို ဖြစ်သွားတော့တာပဲ"

"ဒီရေ ဘယ်သူ့ကိုမှ မယုံခဲ့ဘူး"

"ဒီရေလည်း ဦးနှောက်နဲ့ တွေးတတ်တဲ့ မိန်းကလေးပဲလေ၊ စဉ်းစားကြည့်ပေါ့။ ကုဋေဟာ သူကိုယ်တိုင် သဘောကျလို့ လက်ခံထားတယ်၊ စေ့စပ်ထားတယ်လေ။ သူ့လိုလူဟာ ဘာကြောင့် ဒီရေ့ကို စိတ်ဝင်စားစရာရှိလဲ။ ဘာသဘောနဲ့ အခုမှ ဒီရေ့ကို အရောတဝင် လုပ်သလဲ"

ဒီရေ မဖြေပါ။ အဲဒီသံသယကို ဒီရေကိုယ်တိုင်လည်း ရှိထားတာပဲလေ။ ဒါပေမဲ့ ဒီရေ မရှောင်ခဲ့ပါ။ ဒီရေကိုယ်တိုင် လည်း သူ့ကို တိတ်တခိုးချစ်ထားခဲ့ရသူဖြစ်ရာ သူ့အနားမှာနေ ရရင် ဒီရေ စိတ်ချမ်းသာနေခဲ့တာပဲမို့ ဒီရေ မရှောင်နိုင်ခဲ့တာ ပါ။

"ဒီရေ သူ့ကိုမယုံပါနဲ့၊ သူဟာဘယ်တော့မှ စိတ်ကူးယဉ်မယ့် သူ မဟုတ်ဘူး။ ပြီးတော့ သူတို့မိသားစုတွေဟာ သူတို့ရဲ့ ဘာမဟုတ်တဲ့ မျိုးရိုးနာမည်၊ မျိုးရိုးဂုဏ်ဆိုတာကြီးကို သိပ်မက်မော ဂုဏ်ယူကြတယ်။ သူတို့နဲ့ လက်ထပ်မယ့် သူဟာလည်း တကယ့်ကို ဂုဏ်မြင့် မျိုးရိုးသန့်တဲ့သူမှ


www.burmeseclassic.com

www.burmeseclassic.com

'စ'ဝင်တယ်လို့ထင်တယ်။ သီရိစန္ဒာသူကို သူ တကယ် မက်မောလို့ကို လက်ခံခဲ့တာ၊ မိဘသဘောတူလို့ သူယူတာ မဟုတ်ဘူး။ အရင်တည်းကိုက ရည်းစားဖြစ်ခဲ့ဖူးတဲ့သူ တွေပါ။ တစ်ယောက်နဲ့တစ်ယောက် ခဏစိတ်ကောက်နေကြတဲ့အချိန်မှာ လူကြီးတွေ စေ့စပ်ပေးလို့ ပြန်အဆင်ပြေသွားတဲ့ အခြေအနေမျိုးပဲ"

"ဒီရေ ဘယ်သူ့ကိုမှ မယုံဘူးလို့ ပြောထားတယ်လေ"

"မယုံပေမယ့် ဒီရေ့ပုံစံက သူ့ကို တိမ်းညွတ်နေသလိုပဲ။ ဒါကြောင့် ကျွန်တော် ဒီရေ့ကို မြန်မြန်ပဲ ဖွင့်ပြောပြီး လက်ထပ်ဖို့အထိ ရှေ့တိုးတာပါ။ ဒီရေ စိတ်ကူးယဉ်ပြီး တိမ်းညွတ်တာကို ကာငြေ အခွင့်အရေးရသွားမှာ စိုးရိမ်တယ်။ ဒီရေ့ကို ကာကွယ်ပေးမှဖြစ်တော့မယ်"

ပြောပြောဆိုဆိုပဲ ကိုလွင်မင်းက လက်စွပ်ဘူးကို ထုတ်ယူလိုက်ကာ အဖုံးဖွင့်ပြပါသည်။ အရည်ကောင်းသော စိန်လက်စွပ်လေးတစ်ကွင်းကို တွေ့ရသည်၊ ဒီရေ့ရှေ့ကို အသာထိုးပေးပြီး ...

"ဒီရေနဲ့ လိုက်လိမ့်မယ်၊ ဒီရေ့ လက်ချောင်းလေးတွေက ဖောင်းဖောင်းပြည့်ပြည့်လေးတွေနဲ့ လှတယ်။ လက်စွပ်လေးတစ်ကွင်းသာ ဝတ်ထားလိုက်ရင် အရမ်းလှမှာပဲ"





"ဒီရေ့မှာ လက်စွပ်တွေ ရှိပါတယ်၊ မဝတ်ထားချင်လို့ချွတ်ထားတာပါ။ ဒီရေ ကိုလွင်မင်းရဲ့လက်စွပ်ကိုလည်း လက်မခံနိုင်ပါဘူး"

"ကျွန်တော့်ကို အဖြေပေးစရာ မလိုပါသေးပါဘူး၊ လက်စွပ်ကတော့ ဒီနေ့အတွက် ရည်ရွယ်ထားတာမို့ လက်ခံစေချင်တယ်"

"ဒီရေ ... ဘာမှကို လက်မခံဘူး"

"ဒီရေ ကျွန်တော့်ကို မယုံဘူးလား၊ ကျွန်တော် ဒီရေ့အမေကိုလည်း ခွင့်တောင်းပါ့မယ်။ ဒီရေ့အဖေကိုလည်း လှမ်းဆက်သွယ်ပြီး ခွင့်တောင်းပါ့မယ်"

"ဒီရေ ဘာမှမစဉ်းစားချင်သေးဘူး"

"ဒီရေ့သဘောပါပဲ၊ ကျွန်တော် အတင်းအကျပ်လည်း မပြောပါဘူးလေ။ ဒီရေ ကျွန်တော့်ကို အချိန်ယူစဉ်းစားပေးမယ်ဆိုရင် ကျေနပ်ပါတယ်"

"ဒီရေ စဉ်းစားပါဦးမယ်"

ဒီရေ မယုတ်မလွန် ဖြေလိုက်ပါသည်။ တစ်ထိုင်တည်းငြင်းလည်း မရနိုင်တာမို့ အဆင်ပြေသလို ဖြေလိုက်ရခြင်းလည်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ဒီရေ ကျွန်တော် သတိပေးထားတာတွေ မမေ့နဲ့နော်၊ ကုဋေ့ကို မယုံမိပါစေနဲ့"

ကိုလွင်မင်းက ပြန်ခါနီးမှာ ဖြစ်အောင် ထပ်မှာသွားပြန်သည်။

○❤○





## ၁၇

"ကျွန်တော် ဒီရေ့ကို လက်ထပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်"

ကုဋေ ရုတ်တရက် နှလုံးခုန်ရပ်တော့မလို ခံစားလိုက်ရပါသည်။ စကားအဆက်အစပ်မရှိ ပြောချလိုက်ပေမယ့် ဒါဟာ ဘာကိုရည်ရွယ်သလဲဆိုတာ ကုဋေ သိလိုက်သည်။ သူနဲ့ ဒီရေကို စုံတွဲတွေ့ရပြီး နောက်ပိုင်း မကြာမီမှာ ဒီစကားကိုပြောသဖြင့် ဒါဟာ သူ့ကို ဟန့်တားခြင်းပဲလို့ ကုဋေ [illegible]ိသည်။

"ကျွန်တော် သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တာ။ ကျွန်တော့်လိုအရွယ်ဟာ အိမ်ထောင်တစ်ခုကို အတည်တကျ ထူထောင်ထားသင့်ပြီလေ။ ကျွန်တော် ရှာထားတဲ့ စီးပွားဥစ္စာတွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် ဇနီးမယားတော့ လိုပြီလို့ စဉ်းစားမိတဲ့အချိန်မှာ ကျွန်တော် ဒီရေ့ကို



www.burmeseclassic.com

www.burmeseclassic.com

မြင်ယောင်သွားတယ်။ ဒီရေဟာ ကျွန်တော်တွေ့ဖူးသမျှ မိန်းကလေးထဲမှာ ထူးခြားပြီး အကျင့်သိက္ခာလည်းကောင်းနေတဲ့ မိန်းကလေးမို့ သူ့ကိုပဲ ရွေးလိုက်တယ်ဗျာ"

"ခင်ဗျား အစကတော့ ..."

ကုဋ္ဌေ ဆက်ပြောချင်သေမယ့် ဒီစကားကို မပြောချင်သလို ဖြစ်နေသောကြောင့် တစ်ပိုင်းတစ်စ ရပ်တန့်သွားပါသည်။

"အစကတော့ စိတ်ကူးက တစ်မျိုးကိုး။ သူနဲ့ သေသေချာချာ ဆုံတွေ့ဆက်ဆံကြည့်လာမိမှ သူ့ရဲ့အကျင့်သိက္ခာတွေ၊ စိတ်နေစိတ်ထားတွေကို တဖြည်းဖြည်း ပိုသဘောကျလာတော့ ကျွန်တော့်ရဲ့မိဖုရားနေရာကို သူ့ပဲပေးလိုက်ချင်တယ်ဗျာ။ မိဖုရားက မိဖုရားသီးသန့်၊ မောင်းမမိဿံကတော့ မောင်းမမိဿံ သီးသန့်ပေါ့"

"သူက လက်ခံလို့လား"

"ကျွန်တော် ဖွင့်ပြောပြီးပြီ၊ စဉ်းစားဦးမယ်လို့ အကြောင်းပြန်ထားတယ်။ သူ့အမေကိုလည်း ကျွန်တော်ခွင့်တောင်းပြီးပြီ၊ အမေကလည်း သဘောတူတယ်။ ကဲ ... ဘာလိုသေးလဲ"

"ခင်ဗျား သူ့ကို တကယ်ရော ချစ်လို့လား"

"ချစ်လို့လည်း ဒီလောက်ထိ နေရာပေးလိုက်တာပေါ့"





ကုဋ္ဌေ့ရင်ထဲ တော်တော့်ကို မကျေမနပ် ဖြစ်သွားပါသည်။ ကိုလွင်မင်းရဲ့အခြေအနေဟာ ဒီရေ့ကို အတိအလင်း လက်ထပ်ယူပြီး ဇနီးမယားနေရာပေးချင်ရင် ပေးလို့ရသောအခြေအနေမျိုး။ ကုဋ္ဌေ့အခြေအနေကတော့ ဒီရေ့ကို ဘယ်လိုမှ ပတ်သက်လို့မရသည့် အခြေအနေမျိုးလို ကွာခြားနေသည်။

"ကျွန်တော်တို့က သာမန်မျိုးရိုးတွေပါဗျာ၊ ပြီးတော့ ကျွန်တော့်မှာ မိဘလည်းမရှိဘူး။ ကျွန်တော့်ကို ဟိုလူနဲ့ယူ၊ ဒီလူနဲ့ယူဆိုပြီး ထိန်းချုပ်မယ့်လူလည်း မရှိဘူး။ ဒီတော့ ဒီရေ့ကို ကျွန်တော့်ဆုံးဖြတ်ချက်နဲ့ကျွန်တော် ရွေးချယ်လို့ရတယ်"

"ကျွန်တော်လည်း သီရိကို လက်ခံတာဟာ ကျွန်တော့်ဆုံးဖြတ်ချက်နဲ့ ကျွန်တော်ပါပဲ၊ မိဘက မထိန်းချုပ်ပါဘူး"

"ဒါပေမဲ့ သီရိစန္ဒာသူလောက် အရည်အချင်းမျိုးမမီရင် သူတို့ဆီ ခေါ်မလာနဲ့ဆိုတော့ စကားနဲ့ ခင်ဗျားကို ချုပ်ကိုင်လိုက်နိုင်တယ် မဟုတ်လား"

"ခင်ဗျားရဲ့အိမ်ထောင်ရေးကို ပြောနေရင်း ဘာကြောင့် ကျွန်တော့်အိမ်ထောင်ရေးကို စိတ်ဝင်တစား ဆွေးနွေးရတာလဲ"


www.burmeseclassic.com

www.burmeseclassic.com

"ခြော် ... အဟား ဟား ... စိတ်မရှိပါနဲ့ဗျာ၊ ခင်ဗျားက ကျွန်တော့်အတွက်ဆိုရင် အားကျစရာ ငေးကြည့်နေချင်စရာ Hero ဟီးရိုးလိုမျိုး ဖြစ်နေတော့ အခုအချိန်မှာ ကျွန်တော့်ရဲ့ အဖြစ်နဲ့ ခင်ဗျားရဲ့အဖြစ်ကို နှိုင်းယှဉ်ကြည့်မိတဲ့ သဘောပါ"

တကယ်တော့ ကိုလွင်မင်း စိတ်ထဲမှာ ကုဋေ့ကို အလဲအကွဲ ခံစားရစေချင်လို့ ဒီစကားတွေ တမင်ရွေးပြောနေတာ ဖြစ်ကြောင်း ကုဋေ ရိပ်မိသည်။

ကုဋေသည် ကိုလွင်မင်း ပြန်သွားသည်အထိ ဒီတိုင်း ငြိမ်နေနိုင်ခဲ့ပေမယ့် စိတ်ထဲမှာတော့ ဒီရေ့ကို သွားတွေ့မယ်၊ မေးမယ်ဆိုသော အသံတွေ ဆူညံနေခဲ့ပါသည်။

ကုမ္ပဏီရုံးခန်းမှာ ဒီရေ ရှိ,မရှိ ဖုန်းဆက်စုံစမ်း ကြည့်ပါသည်။

"ခင်ဒီရေ သူ့ညှိသည်တွေကို သွားကြိုနေပါတယ်"

ဟူသော အဖြေကို ကြားရသည်။

"လေဆိပ်မှာ အခုရှိနေဦးမလား"

"ရှိနေမယ် ထင်တယ်၊ ဖလိုက်ထ်က နောက်နာရီဝက်ကြာမှ ဆိုက်မယ်လို့ ဖုန်းပြန်ဆက်ထားတယ်။ ဖလိုက်ထ်ဒီလေး (flight delay)ဖြစ်မယ်ဆိုတာ လေဆိပ်ရောက်မှ သိရတယ်တဲ့"





ကုဋေ ချက်ချင်းပဲ လေဆိပ်ကို ဦးတည်မောင်းသွားပြီး ဖြစ်နေပါသည်။ ကုဋေ့ဟိုတယ်ရဲ့ အားသာချက်က လေဆိပ်ကိုသွားသောလမ်းမပေါ်တွင် ရှိနေပြီး မနီးမဝေးနေရာမှာမို့ လေဆိပ်ကို သိပ်ကြာကြာသွားစရာမလိုပါ။ အပြည်ပြည်ဆိုင်ရာလေဆိပ်ထဲရောက်တာနဲ့ ကုဋေ့နှလုံးသားမှာ ဆူညံစွာ ခုန်ပေါက်သွားပါသည်။ ဒီရေ့ကိုတွေ့ရတော့မယ်ဆိုသော အသိက ရင်ခုန်ခြင်းကို ဖြစ်ထွန်းစေလေသည်။

လေဆိပ်ထဲမှာတော့ လူတွေအများကြီးကြားမှာပေမယ့် ဒီရေ့ကို ထင်းခနဲတွေ့ရသည်။ စတော်ဘယ်ရီရောင် မြန်မာအင်္ကျီနှင့် ချည်သားချိတ်လုံချည်တို့ကို ဝတ်ဆင်ထားကာ မြင်တွေ့နေကျအတိုင်း ပိုနီတေးလ်ဆံပင်မြင့်မြင့်ကို စည်းထားသော ဒီရေကလည်း လေဆိပ်ထဲဝင်လာသော ကုဋေ့ကို မြင်ပြီးနေသည်။ အသေအချာပင် လှမ်းကြည့်နေသည်။ သူတို့မျက်လုံးချင်း ဆုံလိုက်တော့ နှစ်ယောက်သား ပြိုင်တူပြုံးပြမိပြီးသား ဖြစ်နေပါသည်။

ကုဋေ ဒီရေ့ထံ လျှောက်သွားလိုက်ပါသည်။

"ကိုကုဋေ ... ဘယ်သူ့လာကြိုတာလဲ"

ဒီရေ့နား ရောက်ရောက်ချင်း မေးလိုက်သောကြောင့် ကုဋေ မလိမ်မညာပဲ ...



www.burmeseclassic.com

www.burmeseclassic.com

"ဒီရေ့ဆီ လိုက်လာတာ"

"ရှင်"

"ကုမ္ပဏီကို ဖုန်းဆက်မေးတော့ ညှော်သည်တွေ လေဆိပ်မှာ သွားကြိုတယ်ဆိုလို့ တွေ့ချင်တာနဲ့ လိုက်လာတာ"

"ကိစ္စရှိလို့လား ကိုကုဋေ"

"ဒီရေနဲ့ အေးအေးဆေးဆေး ခဏစကားပြောချင်တယ်"

"ဒီရေ အလုပ်နဲ့ ဒီကိုလာတာပါ ကိုကုဋေ"

"ဒီရေ အလုပ်ပြီးတဲ့အထိ စောင့်ပါ့မယ်"

"ဘာကိစ္စ အရေးတကြီးရှိလာလို့လဲ"

"အေးအေးဆေးဆေးမှ ပြောကြမယ်လေ"

ဒီရေ စိတ်ရှုပ်သလိုဖြင့် မျက်မှောင်လေးကြုတ်နေသည်။ မျက်မှောင်ကြုတ် လက်ပိုက်လျက်သားလေး ရပ်လျက် ဒီရေ အဝေးကို ခပ်ငေးငေးကြည့်လျက် အသံတိတ်နေသည်။

"ဒီရေ စိတ်အနှောင့်အယှက်ဖြစ်နေပုံပဲ"

"ကိုကုဋေက ဘာတွေအရေးကြီးနေမှန်းမသိတော့ ဒီရေလည်း ခေါင်းရှုပ်လာတာပေါ့"

"ဘာမှ အရေးကြီးတာမဟုတ်ပါဘူး၊ ဒီရေကို အေးအေးဆေးဆေးတွေ့ချင်လို့ပါ၊ ခေါင်းလည်းမရှုပ်ပါနဲ့ ဒီရေ"





"ဒီရေ့ညှော်သည်တွေလာရင် ဒီရေက ကုမ္ပဏီကားနဲ့ခေါ်သွားပြီး ဟိုတယ်လ်ကို လိုက်ပို့ပေးရမှာ၊ ကိုကုဋေ အဲဒီထိလိုက်မလို့လား"

"လိုက်မှာပေါ့"

"ဘယ်အချိန်ပြီးမယ်ဆိုတာ အတိအကျပြောလို့ မရဘူး"

"သိပါတယ်၊ ကျွန်တော် စောင့်မယ်လို့ ဆုံးဖြတ်ပြီးသားပါ"

"နောက်နေ့ကျမှ ..."

"နောက်နေ့ဆိုတာကို စောင့်ကိုမစောင့်ချင်ဘူး၊ ဒါကြောင့် ..."

ဒီရေသည် သူမနှင့်ယှဉ်တွဲရပ်လျက် မခွဲမခွာတော့စတမ်းရှိနေသော ကုဋေကြောင့် ရင်ထဲမှာကြည်နူးခြင်းနှင့် ကြေကွဲခြင်းတွေ တစ်ပြိုင်တည်း ခံစားနေရသည်။ သူ ကိုယ့်အနား မှာရှိနေလို့ ကြည်နူးရတာတစ်မျိုး၊ တကယ်တော့ သူဟာ ကိုယ်နဲ့ ဘယ်လိုမှ လက်တွဲလာမည့်သူတစ်ဦးမဟုတ်ဘူးရယ်လို့ အသိစိတ်က သတိပေးနေတာကြောင့် ကြေကွဲရတာကတစ်မျိုး။

မကြာခင် လေယာဉ်ဆိုက်လာပြီဖြစ်သဖြင့် ဒီနေ့လည်း ပခုံးလွယ်သားရေအိတ်ထဲမှာ အသင့်ပါလာသော Name Card(နိမ်း(မ်)ကတ်ဒ်)ကို ထုတ်ကိုင်လိုက်ပါသည်။ ဒီတစ်ခါတော့



www.burmeseclassic.com

www.burmeseclassic.com

သောအုပ်စုက ရှစ်ယောက်အုပ်စုဖြစ်ပါသည်။ လူလတ်ပိုင်းအရွယ် ပြင်သစ်လူမျိုးအုပ်စုနှင့် ဒီရေတို့ အပြန်အလှန်နှုတ်ဆက်စကား ပြောနေစဉ် ကုဋေကတော့ အလိုက်တသိ နောက်နားမှာ အသာ ရပ်စောင့်နေခဲ့ပါသည်။

ဒီရေ ရပ်ရည်လေးနှင့် ဝတ်ပုံစားပုံ ယဉ်ကျေးပုံက လေးနှင့် သွက်လက်စွာပြောဆိုနေသော ပြင်သစ်စကားသံတို့က အင်မတန်မှ အားကျငေးမောစရာကောင်းလှတာမို့ လူတော်တော် များများ သတိထားကြည့်မိကြသည်။ ကုဋေကိုယ်တိုင်ပင် မိန်းက လေးတစ်ယောက်အပေါ် ပထမဦးဆုံး အထင်ကြီးသောစိတ်မျိုး ဖြစ်ကာ ငေးကြည့်နေရင်း ...

"ကိုလွင်မင်းလည်း ဒါကြောင့် စိတ်ကူးပြောင်းပြီး ဒီရေ့ကို လက်ထပ်မယ် ဖြစ်သွားတာထင်တယ်"

ဟူ၍ ဖျတ်ခနဲ တွေးမိသည်။

ဒီရေနှင့် ညည့်သည်တစ်သိုက်တို့ သူတို့ကုမ္ပဏီပိုင် ကားဖြင့် ရှေ့ကထွက်သွားလျှင် ကုဋေလည်း သူ့ကားဖြင့် နောက်ကလိုက်သွားမိပါသည်။ ခုချိန်မှာ သူ့စိတ်ထဲတွင် ဘာမှ ရှိမနေ။ ဘာမှလဲ မစဉ်းစားလို။ သူ စိတ်ချမ်းသာတာကိုသာ လုပ်ချင်သောစိတ်က ကြီးစိုးနေတော့လေသည်။





ဒီရေက ဧည့်သည်တွေကို နာမည်ကြီးဟိုတယ် တစ်ခုကို လိုက်ပို့ပေးရသည်။ ကုဋေကလည်း ဟိုတယ်ရှေ့ကား ပါကင်တွင် စိတ်ရှည်လက်ရှည် စောင့်ပါသည်။ စောင့်နေရသော အချိန်တွေကို စောင့်နေသည်ဟု မထင်မိသလိုဖြစ်နေသည်။

ညရှစ်နာရီလောက်ကျမှ ဒီရေ ဟိုတယ်ထဲက ပြန် ထွက်လာတာတွေ့ရသည်။ ဒီရေ ော ကုဋေ့ကားရှိရာဆီ လှမ်းကြည့် ပြီးလျှင် ကုမ္ပဏီကားကို တစ်စုံတစ်ရာ ပြောလိုက်တော့သည်။ အဲဒီတော့မှ ကုမ္ပဏီကား ပြန်မောင်းထွက်သွားပါသည်။

ဒီရေက ကုဋေ ကားရပ်ထားရာဆီသို့ ပုံမှန်ခြေ လှမ်းတွေဖြင့် လျှောက်လာပါသည်။ ကုဋေက ကားထဲက အသင့် ထွက်ကြိုလိုက်သည်။

"အချိန်တော့ သိပ်မရှိတော့ဘူး ကိုကုဋေ၊ ဒီရေ မေမေ့ကို ကိုးနာရီလောက် ပြန်လာဖြစ်မယ်လို့ ပြောထားခဲ့တယ်"

"ကိုးနာရီအမီ ပြန်ရောက်အောင်ပို့ပေးမယ်"

"ကိုကုဋေ ဘယ်မှာစကားပြောချင်တာလဲ"

"အင်းလျားကန်ပေါင်မှာ ထိုင်ကြမလား၊ ဒီအချိန် လူလည်း မပြတ်သေးဘူး၊ ထိုင်လို့လည်း ကောင်းတယ်"

"ကိုကုဋေ့သဘောပါပဲ"


www.burmeseclassic.com

www.burmeseclassic.com


ကုဋ္ဌေတို့ရောက်နေသောနေရာက အင်းလျားကန်နဲ့ လည်းနီးသဖြင့် ကုဋ္ဌေက ထိုနေရာကိုသာ ရွေးလိုက်ပါသည်။ ဒီရေ ကားပေါ်ပါလာမှ သတိရကာ ...

"ဩော် ... ကျွန်တော်က မေ့ပြီး ဒီရေ့ကို ဘာမှမကျွေးဘဲ ကန်ပေါင်ပေါ်မှာထိုင်ဖို့ ပြောမိတယ်၊ ဒီရေ ညနေတည်းက ဧည့်သည်စောင့်နေရတာ ဗိုက်ဆာရောပေါ့၊ ဘာစားဦးမလဲ"

"ရပါတယ် ဒီရေ မဆာပါဘူး"

"တစ်ခုခုစားပါ ဒီရေရဲ့"

"ဒီရေ ဘာမှမစားချင်ဘူး"

"သေချာလား"

"သေချာပါတယ်၊ ဒီရေ နေ့လယ်က ကော်ဖီနဲ့မုန့်စားထားပါတယ်"

"နောက်တစ်ခါ နောက်တစ်ခါကျ ဒီရေနဲ့ နေ့လယ်စာဖြစ်ဖြစ်၊ ညစာဖြစ်ဖြစ် အေးအေးဆေးဆေး စားကြရအောင်"

"နောက်တစ်ခါဆိုတာတွေကို ဘာလို့ ကိုကုဋ္ဌေ ကြိုတွေးထားတာလဲ"

"ဘယ်လို ... ဘယ်လို ... ဒီရေ ဘာကိုဆိုလိုချင်တာလဲ"

"ဘာလို့ နောက်တစ်ခါ ထပ်တွေ့ဖို့ ရှိသေးတာလဲ"



ကုဋ္ဌေ မဖြေပါ။ ကားကိုသာ ညင်သာစွာ မောင်းရင်း အင်းလျားကန်ပေါင်ရှိရာဆီ ချိုးကွေ့ဝင်သွားလိုက်ပါသည်။ ညအချိန်ပေမယ့် ကန်ပေါင်ပေါ်မှာတော့ လူသွားလူလာမပြတ်စည်ကားနေသည်။ နွေရာသီဖြစ်တာကြောင့်လည်း လူတော်တော်များများ လေညင်းခံလမ်းလျှောက်နေကြသည်။

ကုဋ္ဌေနဲ့ ဒီရေလည်း အတူယှဉ်လျှောက်ကာ ခုံတန်းလွတ်တစ်ခုကို ရှာလိုက်ပါသည်။ နှစ်ဦးစလုံး ကိုယ့်စိတ်ကူးနဲ့ကိုယ်မို့ စကားမစဖြစ်ကြသေးဘဲ အင်းလျားရေပြင်ကိုသာ ခပ်ကြာကြာငေးကြည့်နေမိကြသည်။ နေ့ခင်းဘက်က ပူထားတဲ့အရှိန်ကြောင့် လေပူတချို့ ဖြတ်တိုက်သွားတာကို ခံစားနေရသည်။

"ပူတာပဲနော်၊ ကြာကြာထိုင်လို့ မကောင်းတော့ဘူး"

ကုဋ္ဌေက စ,ပြောလိုက်သည်။

"လေပူတွေတိုက်နေတော့ ပူတာပေါ့"

"ဒီရေ အခုရောက်လာတဲ့ ဧည့်သည်တွေကို ဘယ်ပို့ရမလဲ"

"သူတို့ ပုဂံဘက်သွားကြမှာ၊ မနက်ဖြန်တော့ ရန်ကုန်ထဲ အနှံ့လိုက်ပြရမယ်၊ မနက်ရှစ်နာရီချိန်းထားတယ်"

"ဒီအချိန် ပုဂံသွားရတော့ ပူတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"ဘုရားတွေထဲက အေးပါတယ်၊ ပြီးတော့ တစ်နေရာနဲ့တစ်နေရာလည်း Air Con Bus အဲကွန်းဘတ်စ်နဲ့ ပို့တာဆိုတော့ ..."

"ဒီရေကို ကျွန်တော် မေးစရာရှိတယ်"

ကုဋေက ချက်ချင်းပဲ စကားလမ်းကြောင်းပြောင်းလိုက်ပါသည်။

"ဒီရေ့ကို ကိုလွင်မင်း လက်ထပ်ခွင့်တောင်းတယ်ဆိုတာ ဟုတ်လား"

"ကိုလွင်မင်း ပြောပြီးပြီမို့ ကိုကုဋေ သိလာတယ်ဆိုရင် ဒီရေ့ကို မေးစရာမလိုတော့ဘူးထင်တယ်"

"ကျွန်တော် မယုံလို့"

"ဟင်း ဟင်း ... အင်းပေါ့လေ၊ ဘယ်ယုံစရာရှိမလဲ၊ ဒီရေက ပိုက်ဆံချမ်းသာတဲ့ သူဌေးတစ်ယောက်ရဲ့ အမြတ်တနိုးလက်ထပ်ခွင့်တောင်းရလောက်အောင် အရည်အချင်းရှိတဲ့ မိန်းကလေးမှ မဟုတ်တာ"

ဒီရေကရယ်သံဖြင့် ခပ်အက်အက်ပြန်ဖြေသောအခါ ကုဋေ ချက်ချင်းပဲ ဒီရေ့လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိတော့လေသည်။





"မဟုတ်ဘူး ဒီရေ၊ ကျွန်တော် အဲဒီသဘောနဲ့ပြောတာမဟုတ်ဘူး၊ ကျွန်တော် မယုံလို့မေးတာတော့အမှန်ပဲ၊ မယုံဘူးဆိုတဲ့အချက်က ဒီရေ ပြောသလို အချက်တွေကြောင့်မဟုတ်ဘူး၊ ကိုလွင်မင်းကို မယုံတာ၊ ကျွန်တော့်ကို တမင်လိမ်ပြောတယ်လို့ ထင်တာပါ၊ ကျွန်တော့်ကို ခံစားရစေချင်လို့ ပြောတယ်လို့လည်း ထင်တယ်"

ရုတ်တရက် ကုဋေ့စကားတွေ လွန်သလိုဖြစ်သွားပေမယ့် သူ့စကားကို ပြန်ရုပ်သိမ်းဖို့လည်း စိတ်မကူးတော့ပါ။

"ကျွန်တော် ဒီရေ့အပေါ် သံသယဖြစ်ရှိနေတာကို ကိုလွင်မင်း သိတယ် ဒီရေ၊ ဒီတော့ သူ ဒီရေ့ကို တကယ်မချစ်ဘဲနဲ့ ကျွန်တော့်ကို အနိုင်ရချင်လို့ လက်ထပ်မယ်လို့ ဆုံးဖြတ်တာလည်း ဖြစ်ရင်ဖြစ်လိမ့်မယ်၊ အဲဒါကို ဒီရေ မယုံပါနဲ့"

ကုဋေ ပြောလိုက်သောအခါ ဒီရေက မဲ့တဲ့တဲ့လေးပြုံးလျက် မျက်ခုံးအသာပင့်ကာ ကုဋေ့ကို ကြည့်လေသည်။

"ဒီရေက သူ့ကို လက်ခံမယ်ဆိုရင်ရော"

"ဘာ ..."

ကုဋေ ရုတ်တရက် အော်လိုက်မိလေသည်။ ဒီရေ့လက်တွေကိုလည်း ပိုပြီး ဖျစ်ညှစ်ပစ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"လက်မခံရဘူး ဒီရေ၊ လုံးဝ လက်မခံရဘူး၊ ကျွန်တော် ခွင့်မပြုဘူး"

"ဒီရေနဲ့ ကိုကုဋေ ဘာမှမဆိုင်ပါဘူး၊ ကိုကုဋေ ဒီရေ့ စိတ်ကိုမပိုင်ဘူး၊ ဒီရေ လုပ်ချင်တာလုပ်မယ်"

"ဒီရေ ... ဒီရေ ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ မင်းကို ကိုယ်ချစ်တယ် ဒီရေ၊ မင်းကို ဘယ်သူနဲ့မှ တွဲမမြင်ချင်ဘူး၊ မင်းကို ဘယ်သူမှ မပိုင်ဆိုင်စေရဘူး"

ဒီရေ ဆတ်ခနဲ သူမ၏လက်တွေကို ဆောင့်ရုန်းလိုက်သည်။

"ကိုကုဋေ ဒီရေ့ကို အဲဒီလို ပြောခွင့်မရှိတော့ဘူး ဆိုတာရော သတိရရဲ့လား"

"ဘာကြောင့် ပြောခွင့်မရှိရမှာလဲ"

"ကိုကုဋေ့မှာ စေ့စပ်ထားတဲ့သူရှိတယ်၊ မကြာခင်ပဲ လက်ထပ်တော့မှာလေ"

"ကိုယ် သူ့ကို တကယ်မချစ်ခဲ့ဘူး"

"အိုး ဟိုး ဟိုး ... ယုံအောင်လည်းပြောပါ ကိုကုဋေရယ်၊ ကိုကုဋေက ကိုလွင်မင်းကို မယုံဖို့ပဲပြောနေတယ်၊ တကယ့်တကယ်မှာတော့ ကိုလွင်မင်းထက်စာရင် ကိုကုဋေကသာ ပိုမယုံစရာကောင်းတဲ့အခြေအနေမှာရှိနေတာပါ၊ ကိုကုဋေ





တို့မျိုးရိုးရဲ့ စင်တော်ကောက်ခံထိုက်သူဖြစ်သော သီရိစန္ဒာသူကိုတော့ မိဖုရားမြှောက်မယ်၊ ဒီရေ့ကိုတော့ မထင်မရှားမောင်းမမိဿံဘဝမှာထားမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိတဲ့သူဖြစ်နေပြီလေ"

"မဟုတ်ဘူး ဒီရေ။ မဟုတ်ဘူး ကိုယ့်ကို အဲဒီလို မစွပ်စွဲပါနဲ့၊ ကိုယ် အဲဒီလောက် အောက်တန်းကျတဲ့စိတ်ဓာတ်မျိုးမရှိဘူး၊ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ အဲဒီလိုမလုပ်ဘူး"

"ဒါဖြင့် ကိုကုဋေပြောတဲ့ ချစ်စကားဟာ ပေါ့ပေါ့တန်တန်ပြောခဲ့တာမဟုတ်ဘူး၊ လေးလေးနက်နက်ပြောပါတယ်လို့ ကျိန်ရဲလား"

"ကျိန်ရဲပါတယ် ဒီရေ၊ ကိုယ့်အသက်နဲ့ထပ်ပြီးတောင်ကျိန်ရဲတယ်၊ ကိုယ် ဒီရေ့ကို တကယ်ချစ်တယ်"

ဒီရေ့ရင်ထဲမှာတော့ ရွှန်းနေအောင် ခံစားနေရသည်။ ဒီရေ မမျှော်လင့်ခဲ့ဘူးသော အချစ်ကို ကြားရလို့ ဒီရေ ကျေနပ်ပါသည်။

သို့သော် ဒီအချစ်ကို ကြားခွင့်သာရှိပြီး ဒီရေ ဘယ်တော့မှ ခံစားခွင့်ရမှာမဟုတ်။ ပိုင်ဆိုင်ခွင့်ရမှာမဟုတ်တာကိုလည်း သိနေလေရာ ရင်ထဲမှာ ရွှန်းအောင့်ကာ နာမျက်နေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒီရေကတော့ ချက်ချင်း ပြန်ဖြေလို့ရတယ်၊ ဒီရေ ကိုကုဋ္ဌေ ကို မချစ်ဘူး"

"ကိုယ် မယုံပါဘူး"

"လက်ထပ်ခါနီးယောကျ်ားတစ်ယောက်ကို ချစ်ရလောက်အောင်ထိ ဒီရေ မရူးဘူး"

"ကိုယ် လက်ထပ်တော့မှာကို မေ့ထားပြီး ဒီရေ ဖြေခဲ့ရင် အဲဒီအဖြေမဟုတ်ဘူးလို့ ကိုယ် ယုံကြည်တယ်"

"ဒီရေ ပြန်ချင်ပြီ၊ ဒီရေ့ကို ပြန်ပို့ပါတော့"

ကုဋ္ဌေ အသာထရပ်ကာ ဒီရေ့နောက်က ခပ်မှန်မှန်ခြေလှမ်းတွေဖြင့် ပါလာခဲ့ပါသည်။ ကားပေါ်ရောက်သောအခါမှ...

"ဒီရေ့ကို ကိုယ်ချစ်တယ်၊ ဒီရေနဲ့ပဲ အတူတူနေချင်တယ်၊ ဒီတော့ ကိုယ် တစ်ခုခုကို စွန့်စားရလိမ့်မယ် ဒီရေ"

ဟူသော စကားတချို့ကို ပြောခဲ့လေသည်။

○❤○





၁၈

"မေမေ ကျွန်တော် ဆွေးနွေးစရာလေး တစ်ခုရှိလို့ အချိန်ပေးနိုင်မလား"

ကုဋ္ဌေ မေမေ့ကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ကာ တစ်ရက်မှာတော့ စကားပြောဖို့ ခွင့်တောင်းလိုက်ပါသည်။

"ထူးထူးဆန်းဆန်းပါလား၊ အေး ... ကဲ ... လာပါဦး၊ ထိုင်ပါဦး၊ ဘာတွေများ ဆွေးနွေးစရာ ရှိနေလို့လဲ"

ကုဋ္ဌေ မေမေ ထိုင်နေရာ စာကြည့်ခန်းထဲ ဝင်ထိုင်လိုက်ပါသည်။ မေမေက အင်္ဂလိပ်စာအုပ်တွေဆိုရင် မူရင်းကိုပင် ဖတ်နိုင်သည်အထိ အင်္ဂလိပ်စာမှာ တော်ပါသည်။ မေမေ ဆယ်တန်းအောင်စဉ်က မြန်မာတစ်ပြည်လုံး၌ အင်္ဂလိပ်စာအမှတ်အများဆုံးကျောင်းသား ဖြစ်ခဲ့ဖူးသလို တက္ကသိုလ်မှာလည်း အင်္ဂလိပ်စာအဓိကကို ဘွဲ့လွန်ထိ ပြီးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စာကြည့်ခန်းထဲမှာဆို စာအုပ်ပေါင်း စုံလှသလို ဖေဖေကိုယ်တိုင်လည်း စိတ်ဝင်တစား ဖတ်နေလေ့ရှိသည်။ ကုဋ္ဌေ တောင် ဖေဖေ့လောက် အင်္ဂလိပ်စာမတော်။ နိုင်ငံခြားမှာ ပညာသင်ခဲ့ပေမယ့် အင်္ဂလိပ်စာမှာတော့ အတော်ကြီးမဟုတ်ချေ။

"ဖေဖေ့စိတ်ထဲမှာ ကျွန်တော်နဲ့ သီရိတို့ လက်ထပ်ဖို့ကိစ္စကို နည်းနည်းအချိန်ပိုဆွဲရင် မကောင်းဘူးလားလို့ တစ်ခါတလေ တွေးမိတာများရှိလား"

"ဘာရယ် ... ဘာရယ် ... အထူးအဆန်းပါလားဟေ့၊ ဒါကပဲ မင်းတို့ကိစ္စကို အချိန်ဆွဲဖို့ ဟုတ်လား"

"တစ်ယောက်နဲ့တစ်ယောက်ကြားမှာ နားလည်မှုရှိဖို့ပါ မလိုဘူးလားလို့ ကျွန်တော် တွေးမိလာတယ်၊ ကျွန်တော်တို့ စေ့စပ်ပြီး လက်ထပ်ဖို့ စီစဉ်တာလည်း သိပ်မြန်တယ်လို့ထင်တယ်၊ လက်ထပ်ပြီးမှ ကျွန်တော်တို့ချင်း ညှိမရတာတွေရှိလာရင် ဘယ်လိုဖြေရှင်းကြမလဲ"

"အဲဒီစကားကို မစေ့စပ်ခင်ကတည်းက မင်း ပြောဖို့ကောင်းတယ် ကုဋ္ဌေ"

ချစ်ရမယ့်သူ မတွေ့သေးဘူးဆိုသောစကားကို ပြောမထွက်။ ဖေဖေ့ရဲ့အရှိန်အဝါ၊ ဩဇာ၊ တည်ကြည်မှု။ ဖခင်ပီသမှုတွေက ကုဋ္ဌေ့ကို ချစ်ကြောက်ရိုသေစေလေသည်။ "အဲဒီအချိန်တုန်းက"ဆိုသော ကာလတွင် ကုဋ္ဌေကိုယ်တိုင်သည်း သီရိစန္ဒာသူနဲ့ လက်ထပ်ဖို့ကို ဘာမှငြင်းစရာမရှိ။ ဆွေဂုဏ်မျိုးဂုဏ် အလှဂုဏ်တွေမှာ ဘာမှ ပြောစရာမရှိသော မိန်းကလေးကို လက်ထပ်တာမမှား ဟုထင်သည်။





သူနဲ့မှ လက်မထပ်ရင် သူ့ထက်သာတာရှာလာခဲ့ ဆိုသော စကားကြောင့် ဖေဖေတို့စီစဉ်တာကို အလွယ်တကူ လက်ခံနိုင်သွားတာလည်းဖြစ်သည်။

အခု ဒီရေနဲ့ ဆုံရတော့ ဒီရေဟာ သီရိစန္ဒာသူကို ဘယ်လိုမှ မယှဉ်နိုင်မှန်းသိပေမယ့် ဖေဖေတို့ ဒီရေ့ကို လက်ခံလာသည်အထိ ကြိုးစားကြည့်ချင်စိတ်တွေ ဖြစ်လာပါသည်။

"အဲဒီအချိန်တုန်းက မြတ်ဘုန်းခေါင်ကုဋ္ဌေ ခုချိန်လည်း မြတ်ဘုန်းခေါင်ကုဋ္ဌေပဲ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ခြောက်လလောက်ကစိတ်နဲ့ အခုစိတ်ကတော့ မတူတော့ဘူးဆိုရင် ဒါဟာ တစ်ခုခုပဲ၊ မင်း ဘာဖြစ်နေသလဲ ကုဋ္ဌေ၊ ဘာတွေ ဇဝေဇဝါဖြစ်စရာ ရှိနေလဲ"

"ကျွန်တော် ..."

ကုဋ္ဌေ ဖေဖေ့ကို အမှန်အတိုင်းပြောရမှာ မဝံ့ရဲသဖြင့် နှုတ်ဆွံ့အသလိုဖြစ်နေမိသည်။

"ဘာအကြောင်းအရာက မင်းကို ဇဝေဇဝါဖြစ်စေလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သိရိုနဲ့ ... ဟို သိရိုနဲ့ စကားပြောတိုင်း အဆင်မပြေတာ များလာတော့ ..."

"အဆင်ပြေစရာရောရှိမလား၊ သူက ဟိုသွားမယ်၊ ဒီသွားမယ်၊ ဟိုကိုလိုက်ပေးပါ၊ ဒီကိုလိုက်ပေးပါခေါ်လည်း မင်းက ဘယ်နှခါများ လိုက်ဖူးလို့လဲ၊ မင်းတို့ စေ့စပ်ပြီးမှ နှစ်ယောက်အတူတွဲသွားတာ ဘယ်နှခါရှိဖူးလို့လဲ၊ မိန်းကလေးဘက်က လိုက်လိုက်လျောလျောရှိပေမယ့် သားက စိတ်မပါသလိုလိုလုပ်ပြနေတယ်၊ ဝတ်ကျေတမ်းကျေတောင် ဟန်ဆောင်တာမရှိတော့ မင်းတို့ ဘယ်လိုလုပ် အဆင်ပြေတော့မလဲ"

"သိရိုကိုယ်တိုင်ကလည်း သူ့ဘေးမှာ ကျွန်တော်မပါလည်း ဖြစ်တယ်၊ သူ ဦးဆောင်နိုင်တယ်၊ သူလုပ်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ် ပိုရှိတယ်လို့ထင်တယ်"

"နေစမ်းပါဦး၊ မင်း သူ့စိတ်ဓာတ်တွေသိပြီးသားပဲမဟုတ်လား၊ မင်းတို့ချင်း ရည်းစားတောင်ဖြစ်ခဲ့ဖူးတာပဲ၊ ဘာကြောင့် အခုမှ ဒါတွေကို ထောက်ပြပြီး အပြစ်ပြောနေရတာလဲ"

"ကျွန်တော် လက်ထပ်ဖို့ကိစ္စကို သိပ်မြန်မြန်ကြီး မစီစဉ်ချင်သေးတာပါ"





"လက်ထပ်ပြီးမှ ဒီအိမ်ထောင်ခိုင်မြဲဖို့ ညှိကြရင် ပိုကောင်းတာပေါ့၊ မိဘမျိုးရိုးဂုဏ်ကို ထိန်းတဲ့အနေနဲ့ မင်းတို့ တစ်ယောက်နဲ့တစ်ယောက် အလျှော့ပေးကြရင်း အဆင်ပြေလာနိုင်တာပဲ"

ကုဌေး နောက်ဆုံးတော့ မျက်စိမှိတ်ပြောလိုက်ရပါသည်။

"မဟုတ်ဘူး ဖေဖေ၊ အဓိကက ကျွန်တော် သူ့ကို မချစ်ဘူး"

"ဟား ဟွား ဟား ဟား ဟား ..."

ဦးမြတ်ဘုန်းခေါင်သီဟမှာ ထိုစကားကို အတော်ကြီးရယ်ရသော ဟာသတစ်ခုကို ကြားရဟန်ဖြင့် ရယ်မောမဆုံးဖြစ်နေတော့သည်။

"ဒါဖြင့် မင်းက ဘယ်သူ့ကို ချစ်လို့လဲ"

"ကျွန်တော် မိန်းကလေးတစ်ယောက်ကို အခုမှ ချစ်သွားတယ် ဖေဖေ"

"ဒါက မင်းရဲ့ခံစားချက်နဲ့မင်းပဲ၊ ဖေဖေ ဘာမှမတားဘူး၊ ဘာမှလဲ အကြံမပေးဘူး၊ မင်းလည်း အရွယ်ရောက်နေပြီ၊ မိသားစုအမွေအနှစ်တွေကိုထိန်းပြီး ကိုယ့်လုပ်ငန်းကိုယ်ဦးစီးနေနိုင်ပြီ၊ ဒီတော့ ဘာမှ ထင်မြင်ချက်ပေးစရာ


www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမရှိတော့ဘူး၊ တစ်ခုခုကို ဆုံးဖြတ်မယ်ဆိုရင် ဖေဖေ ပြောထားတဲ့စကားကိုပဲ ခေါင်းထဲထည့်ထားပါ၊ သိရိစန္ဒာသူထက်သာတဲ့မိန်းကလေးဖြစ်မှ ငါ့ဆီခေါ်လာခဲ့၊ အဲဒီမိန်းကလေးမျိုးကိုပဲ ငါ လက်ခံမယ်၊ အဲဒီမိန်းကလေးမျိုးနဲ့ကျမှပဲ မင်းလည်း မြတ်ဘုန်းခေါင်မိသားစုထဲမှာ ဆက်ရှိမယ်၊ သိရိစန္ဒာသူထက်မသာရင်တော့ လုံးဝမတွေ့ချင်ဘူး၊ မင်းလည်း အဲဒီမိန်းကလေးကို လက်တွဲမယ်ဆိုရင် မြတ်ဘုန်းခေါင်မိသားစုဝင်အဖြစ် ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး၊ ကဲ … ဒါပဲ၊ ဘာမှ ပြောစရာမရှိတော့ဘူး"

ကုဋေ့မှာ ဘာမှ ပြောစရာလဲမရှိတော့သဖြင့် စိတ်ပျက်လက်ပျက် ထရပ်လိုက်ရပါသည်။ သူ လုံးဝ မစွန့်စားရဲချေ။ ဒီမိသားစုဒီအသိုင်းအဝိုင်းထဲက ထာဝရထွက်သွားပြီး ရပ်တည်ဖို့ဆိုတာကို သူ တစ်ခါမှ စိတ်မကူးခဲ့ဖူးပါ။

"မင်းပြောတဲ့အချစ်ဆိုတာက လူနှစ်ယောက်ပေါင်းဖက်ဖို့ကြားမှာ သိပ်အရေးကြီးနေရင်တော့ မင်း ကြိုက်သလိုလုပ်နိုင်တယ် သား၊ နေစမ်းပါဦး အဲဒီမိန်းကလေးက တော်တော်လှလို့လား"

"ဖေဖေ မေးမနေပါနဲ့၊ ဒီတစ်ရက်နှစ်ရက်အတွင်း သူ ဘယ်သူဘယ်ဝါဆိုတာ ဖေဖေ သိတော့မှာပဲ"





ကုဋေ အဲဒီတစ်ခွန်းသာ တုံ့ပြန်ပြီး ထွက်လာခဲ့သည်။ ဒီတစ်ရက်နှစ်ရက်အတွင်း ဖေဖေဟာ သူ့တပည့်တပန်းများကို စေလွှတ်ကာ ကုဋေ့အကြောင်း စုံစမ်းနှောက်ယှက်ခံလိုက်ရခိုင်းတော့မှာကို ရည်ရွယ်ပြီး ကုဋေ ပြောခဲ့ခြင်းဖြစ်ပါသည်။

ဒီရေ့ကို တွေ့ချင်ပေမယ့် ဒီရေက ဒီရက်ပိုင်းအတွင်း ပုဂံသွားနေရသဖြင့် မတွေ့ရပါ။ ဒီရေ့ကိုတွေ့ရင် ပြောစရာတွေရှိသည်။ တကယ်လို့ ဒီရေ့ကိုသာ ရွေးခဲ့ရင် မြတ်ဘုန်းခေါင်ကုဋေဟာ "မြတ်ဘုန်းခေါင်"ဆိုသော မိသားစုနာမည်သာ ပိုင်ဆိုင်ပြီး မိဘအမွေအနှစ်ဆိုလို့ တစ်ပြားတစ်ချပ်မှမရဘဲ လက်ဗလာနဲ့လူတစ်ယောက်သာ ဖြစ်သွားမယ့်အကြောင်း ဒီရေ့ကို ရှင်းပြချင်သည်။

ဒီရေ ပြန်မရောက်ခင်မှာပင် ဖေဖေကတော့ ဒီရေ့အကြောင်းကို စုံစမ်းပြီးဖြစ်နေခဲ့သည်။ ဖေဖေက သူ သိကြောင်း ကုဋေ့ကိုမပြောပေမယ့် မေမေ့ကိုပြောသဖြင့် မေမေကတစ်ဆင့် ကုဋေ ပြန်ကြားရလေသည်။

"သား စဉ်းစဉ်းစားစားလုပ်ပါ၊ သိရသလောက်ကတော့ ကောင်မလေးအခြေအနေက သိပ်မဟုတ်လှပါဘူး၊ မိဘကလည်း အိမ်ထောင်ကွဲတွေ၊ အမေကလည်း ပွဲစားယောင်ယောင်၊ ဘာယောင်ယောင်နဲ့ ဖဲဝိုင်းတကာမှာ တွေ့ရမယ်ဆိုတဲ့ အချက်ဟာ တော်တော်မကောင်းတဲ့အချက်ပါ၊ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာကလည်း နာမည်သာရှိတာ ဘယ်ရောက်ဘယ်ပေါက် မှန်းတောင်မသိကြဘူးဆိုပဲ၊ မန္တလေးဘက်မှာလိုလို၊ ဖားကန့်မှာပဲ ကျောက်တူးနေသလိုလို၊ ရန်ကုန်ထဲမှာပဲ ကားပွဲစားလုပ်နေသလိုလိုနဲ့ အမေနဲ့ညီမဆီတောင် အရောက်အပေါက်နည်းတဲ့အထိ ဖြစ်ပျက်နေတာ၊ ကြားရတဲ့သတင်းက တစ်ခုမှကို အကောင်းမရှိဘူး"

"သူကတော့ ကိုယ့်ဘဝကိုယ် တိုးတက်အောင်လုပ်ရင်း ရိုးရိုးသားသား ကြိုးစားနေတဲ့သူပါ၊ မေမေ သူ့ကိုမြင်ရင် သဘောကျမှာပါ"

"အို … ဘာကိစ္စသဘောကျရမှာလဲ၊ သဘောမကျနိုင်ပါဘူး၊ သီရိလောက် ဘယ်သူ့ကိုမှ သဘောမကျလို့ သီရိကိုပဲ ရွေးခဲ့တာလေ၊ ပြီးတော့ သားကိုလည်း အဆုံးရှုံးမခံနိုင်ဘူး၊ မင်းဖေဖေက တစ်ချက်လွှတ်အမိန့်နဲ့ သူ့စကားကို နားမထောင်ရင် "'မြတ်ဘုန်းခေါင်"မိသားစုထဲက အပြီးထွက်သွားလို့ သံယောဇဉ်ပြတ်ပြောနိုင်ပေမယ့် မေမေကတော့ သံယောဇဉ်မပြတ်နိုင်ဘူး၊ မင်းဖေဖေကိုလည်း မေမေ မဆန့်ကျင်နိုင်ဘူး၊ ဒီတော့ သားကို မဆုံးရှုံးရအောင် ဒီမိန်းကလေးနဲ့သား ရှေ့မဆက်မိစေဖို့ မေမေကတော့ တားရမှာပဲ"





မေမေ့မေတ္တာကို နားလည်သဖြင့် ကုဋေ မေမေ့ကို အတိုက်အခံမပြောတော့ဘဲ ငြိမ်နေလိုက်သည်။

"တစ်သက်လုံး စည်းစိမ်ဥစ္စာအပြည့်နဲ့ နေလာပြီးမှ မိန်းမတစ်ယောက်ကြောင့် အားလုံးကို စွန့်လွှတ်ပြီး သာမန်လူလို ရုန်းကန်ပြီး မင်း နေနိုင်မလား၊ ကိုယ်ပိုင်ကားအမျိုးမျိုးကို လက်တင်ပြီး မောင်းလာပြီးမှ ဘတ်(စ)ကားတိုးစီးပြီး သွားနိုင်မလား၊ သူများကို လက်ညှိုးညွှန်ခိုင်းခဲ့တဲ့သူက သူ့များက ကိုယ့်ကို ပြန်ညွှန်ကြားစေခိုင်းတာကို နာခံနိုင်မလား၊ အဲဒါတွေလည်း စဉ်းစားပါ သား၊ စွန့်လွှတ်နိုင်တယ်လို့ပြောတာက လွယ်တယ်နော်၊ လက်တွေ့က ခက်ခဲပါတယ်"

ကုဋေသည် မေမေ ပြောမှပဲ သူ့ကိုယ်သူ ဘတ်(စ)ကားတိုးစီးသောပုံစံကို မြင်ယောင်မိကာ နည်းနည်းတော့ ရှက်သလိုလို၊ စိုးရိမ်သလိုလိုတော့ ဖြစ်သွားမိသေးလေသည်။


www.burmeseclassic.com

www.burmeseclassic.com



## ၁၉

ဒီရေသည် ကုမ္ပဏီရုံးခန်းထဲမှ ထွက်လိုက်လျှင် ထွက်လိုက်ချင်းပဲ ကုဋေ့ကားကို တွေ့လိုက်ရသဖြင့် အနည်းငယ် စိတ်လှုပ်ရှားသွားမိသည်။ ကားမှန်တစ်ဝက်ချကာ ကားထဲမှာ ထိုင်နေသော ကုဋေကလည်း ဒီရေထွက်လာတာမြင်သဖြင့် ကားတံခါးကို ဖွင့်ဆင်းလိုက်သည်။

"ဒီရေ ဒီနေ့မနက်စောစောပဲ ပုဂံကပြန်ရောက်တယ်ဆိုတာ သိထယ်၊ နေ့လယ်မှ ရုံးကိုလာမယ်ဆိုလို့ လာစောင့်နေတာ"

"ကိုကုဋေ ဒီရေ့ကို လာမတွေ့ပါနဲ့လား"

"ကိုယ် ဒီရေ့ကို လွမ်းနေတာ"

"ဒီရေနဲ့ ကိုကုဋေဟာ ဘာမှပတ်သက်တဲ့လူတွေမဟုတ်ပါဘူး၊ ဒီရေတို့ကြားမှာ လွမ်းတာ သတိရတာတွေ မရှိသင့်ဘူးလို့ထင်တယ်"





"ကိုယ် အားလုံးကို စွန့်လွှတ်ပြီး ထွက်လာခဲ့ရင် ဒီရေ ကိုယ့်ကို လက်ခံနိုင်မလား"

"အားလုံးကို စွန့်လွှတ်ရမယ် ဟုတ်လား"

"ဖေဖေတို့က အစတည်းက ပြောထားတယ်၊ သီရိစန္ဒာသူ ထက်သာတဲ့မိန်းကလေးဖြစ်မှ သူတို့ဆီခေါ်လာခဲ့၊ သူတို့ အဲဒီလိုမိန်းကလေးကိုမှ လက်ခံမယ်တဲ့၊ အဲဒီလိုမိန်းကလေး မှမဟုတ်ရင် အသိအမှတ်မပြုဘူး၊ ကိုယ့်ကိုလည်း မြတ်ဘုန်း ခေါင်မိသားစုရဲ့အမွေအနှစ်တွေနဲ့ ဘာမှမပတ်သက်ရဘူးတဲ့၊ ဒါတွေ ခုမှ ဒီရေ့ကို ကိုယ် ပြောပြတာပါ"

"ကိုကုဋေ စိတ်ကူးမယဉ်ပါနဲ့ ကိုကုဋေတို့လို လူမျိုးတွေက ဒီရေ့တို့ နိစ္စဓူဝ ရင်ဆိုင်နေရတာတွေကို ရင်ဆိုင်နိုင်စွမ်းမရှိပါဘူးလေ၊ ကဲ ... ဒီရေ သွားတော့မယ်"

"ကိုယ်လိုက်ပို့မယ် ဒီရေ"

ဒီရေ တုံ့ခနဲ ရပ်လိုက်ပြီးမှ ...

"ဒီရေ ဘတ်(စ)ကားစီးတဲ့အကျင့်ကို မဖျောက်ချင်ဘူး၊ ကိုယ်ပိုင်ကားစီးရတဲ့အရသာကို မမက်မောချင်ဘူး"

ဟု လှည့်ပြောလိုက်ကာ ကုဋေ့နားက သွက်လက်သောခြေလှမ်းတွေဖြင့် ထွက်သွားပါသည်။ ကုဋေ ဘာဆက်လုပ်ရမှန်းမသိဖြစ်ကာ ကားသော့ကို ရီမုဒ်ခလုတ်ဖြင့် လှမ်းပိတ်ပြီး ဒီရေ့နောက်ကို ပြေးလိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီရေ ..."

"... ..."

"ဒီရေ ..."

"......"

"ကျွတ် ... ဒီရေ၊ ဘာဖြစ်နေတာလဲ ကွာ၊ စကားပြောပါ"

"ဘာပြောရမှာလဲ"

"ခုန ကိုယ်ပြောထားတဲ့အားလုံးကို စွန့်လွှတ်ပြီးထွက်လာခဲ့ရင်ဆိုတဲ့အကြောင်းကို ဒီရေ ဘာမှပြောစရာမရှိဘူးလား"

"ကိုကုဋေကရော တကယ်စွန့်လွှတ်နိုင်လို့လား"

"ဒီရေ ကိုယ့်ကိုချစ်ရင် ကိုယ် ဘာမဆို စွန့်လွှတ်ရဲတယ်"

"ဒါဖြင့် အခု ဒီရေနဲ့ ဘတ်(စ)ကားတိုးစီးရဲလား၊ ဒီရေ့အိမ်အထိ ဘတ်(စ)ကားကို စီးရမယ်လေ"

"စီးရဲတာပေါ့၊ ဘာမစီးရဲစရာရှိလဲ"

"ဟုတ်ပြီ၊ ပထမအဆင့် စမ်းသပ်တဲ့အနေနဲ့ ဘတ်(စ)ကားစီးကြည့်တာပေါ့"

ဒီရေ ဘတ်(စ)ကားမှတ်တိုင်မှာရပ်လိုက်တော့ ကုဋေပါ လိုက်ရပ်လိုက်သည်။ ရုံးဆင်းချိန် အများစုဟာ ဒီလိုအချိန်မျိုးဖြစ်သဖြင့် ကားမှတ်တိုင်မှာတော့ လူတွေပြုံနေသည်။ ပူအိုက်သောရာသီမို့ ကတ္တရာလမ်းရဲ့အပူရှိန်ကို တလှပ်လှပ်ခံစားနေရသည်။





ညနေပိုင်းပေမယ့် နေ့ခင်းပူထားခဲ့ရသော အပူရှိန်တို့ကို စုပ်ယူထားသော ကတ္တရာလမ်းတွေဟာ အပူရှိန်ကို ပြန်လွှတ်ထုတ်နေသလားထင်ရလေသည်။ လေကလည်း လေပူတွေတိုက်၊ စုပုံပြည့်ကျပ်နေသော ကားလမ်းမပေါ်ရှိ ကားတွေဆီမှ အိပ်ဇောငွေ့၊ အပူငွေ့တွေကလည်း ပတ်ဝန်းကျင်မှာ ပြည့်နေသဖြင့် ပိုပူသလား ထင်ရသည်။ အမြဲတမ်း Air Con လေအေးစက်အပြည့်နှင့် အေးစိမ့်နေသောကားနဲ့သာ သွားလာနေသူ၊ လမ်းပေါ်လည်း သိပ်လျှောက်သွားလေ့မရှိသူဖြစ်လေရာ ကုဋေ့အတွက် ရာသီဥတု ပူလောင်ခြင်းဆိုတာကို အခုမှ သိသိသာသာ သတိပြုမိပြီး ခံစားရသလိုဖြစ်နေသည်။

ရှပ်လက်တိုနှင့် ဂျင်းသားဖြင့်ချုပ်ထားသော ခပ်ပွပွဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားသော ကုဋေမှာ ချွေးစေးတွေပြည့်လာကာ နေရတာ ငြီးစီစီကြီး ဖြစ်လာသည်။

"ရော့ ..."

"ဟင် ... ဘာလဲ"

"နဖူးမှာ ချွေးတွေထွက်နေပြီ"

ဒီရေ ကမ်းပေးလာသော Facial Tissue မျက်နှာသုတ်တစ်ရှူးထုပ်လေးကို ခပ်ရှက်ရှက် လှမ်းယူလိုက်ရသည်။ သူ ချွေးထွက်ပြီး ဒုက္ခရောက်နေတာကို ဒီရေ သတိပြုမိသွားပြီ။ ကုဋေ ချွေးတွေကို တို့သုတ်လိုက်စဉ် ...


www.burmeseclassic.com

www.burmeseclassic.com

"ဟော ... ကားလာပြီ၊ ဒီရေ သွားတော့မယ် ကိုကုဋေ၊ မလိုက်နိုင်ရင် နေခဲ့ပါ"

ဟု ပြောလည်းပြော ခြေလှမ်းတွေလည်း မြန်ဆန်လှစွာ ဒီရေ ပြေးထွက်သွားသည်။

"ကား ဒီလောက်ကျပ်တာ"

လို့ ကုဋေ ပြန်ပြောပေမယ့် ဒီရေ မကြားတော့။ ကုဋေလည်း ဒီရေ့နောက်ပြေးလိုက်တာ ဒီရေ တက်သွားပြီဖြစ်သော ကျပ်သိပ်နေသည့်ကားပေါ် တက်လိုက်လာမိတော့သည်။

"ဒီရေ ..."

"ဟင် ... ကိုကုဋေ"

ဒီရေမှာ သူမအနားလာရပ်လိုက်သော ကုဋေ့ကို မယုံနိုင်သလို ပြန်မော့ကြည့်လေသည်။ လိုက်မလာတော့ဘူးထင်ထားတာ။ ဘတ်(စ)ကားမှတ်တိုင်မှာ ဆယ့်ငါးမိနစ်လောက်လေး ကားရပ်စောင့်ရတာတောင် ရပ်ပျက်ဆင်းပျက် ချွေးတွေထွက်ပြီး ဒုက္ခအကြီးအကျယ်ရောက်နေတဲ့သူက ဘတ်(စ)ကားပေါ် တက်လိုက်လာသတဲ့။

"နှစ်ယောက်နော်"

ကားစပယ်ယာကို နှစ်ယောက်စာ ဒီရေပေးလိုက်ပါသည်။ ကုဋေကတော့ လူရှုတွေ ဒီလောက်ကျပ်တဲ့ကားကို ဒီရေ





အမြဲစီးပြီး အိမ်ပြန်ရတဲ့နေ့တွေမရှိတာ ကံကောင်းတယ်ဟု တွေးနေသည်။ ဒီရေက အခါများစွာတွေမှာ ချည့်သည်တွေကို ကုမ္ပဏီကားနဲ့လိုက်ပို့နေရတာမို့ အသွားအပြန်တွေမှာ ကုမ္ပဏီကားကိုသုံးခွင့်ရှိမှန်း ကုဋေ သိထားပါသည်။

ဒီရေသာ နေ့စဉ် ဒီလိုဘတ်(စ)ကားနဲ့ သွားလာနေရမယ်ဆိုရင် ဘယ်လောက် ခက်ခဲပင်ပန်းလိုက်မလဲ။

ဒီရေ့ကို တခြားယောကျ်ားတွေ တိုးမှာစိုးသဖြင့် သူ့ရင်ဘတ်နဲ့ကာထားပေးမိသည်။ ဒီရေကတော့ ပခုံးလွယ်အိတ်ကို ရင်ဘတ်ရှေ့ဆွဲယူဖိကိုင်ထားကာ ...

"ကိုကုဋေ့မှာ ဝေါလ်လက်(ထ်)တွေဘာတွေပါလား၊ ပါရင် သတိထားနော်၊ ခါးပိုက်နှိုက်ခံရမယ်"

ဟု သတိပေးသလို ပြောလိုက်သည်။

"ဝေါလ်လက်ထ်က ကားထဲကျန်ခဲ့တယ်၊ ဖုန်းလည်း ကျန်ခဲ့တယ်"

"ဟင် ... ဒါဖြင့် ဒီရေ့အိမ်ကနေ ကားပြန်စီးရင် ဘာနဲ့ပြန်မလဲ၊ ပိုက်ဆံလည်းမပါဘဲနဲ့"

"ဒီရေ့ဆီက ပိုက်ဆံပြန်ချေးရမယ် ထင်တယ်"

ကုဋေ ပြောပြောဆိုဆို ရယ်မိတော့ ဒီရေပါ လိုက်ရယ်မိသည်။ အင်း ... ဒီလိုဆိုတော့လည်း လောကကြီးဟာ စိတ်ချမ်း


www.burmeseclassic.com

www.burmeseclassic.com

သာစရာကောင်းသွားပဲ။ ဘယ်လောက်ပဲ ပူလောင်မွန်းကျပ်နေနေ၊ လူနံ့ချွေးနံ့တွေလှောင်နေနေ ကိုယ်ချစ်ရတဲ့သူနဲ့ ဆိုတော့လည်း အားလုံးကို လွယ်ကူစွာမေ့လို့ရသွားတာပဲ။ ကုဋေရင်ထဲ ငြိမ်းချမ်းသွားပြီး ဒီရေ့ကို ငုံ့ကာငုံ့ကာ မကြာခဏကြည့်မိ၏။

မွှေးရနံ့တစ်မျိုး ခပ်သင်းသင်းလေးရှိသော ဒီရေ့ဆံစလေးတွေဆီက ရနံ့ကို ရှူနေရလျှင် ဒီရေ့ကို ဘယ်တော့မှ မခွဲနိုင်အောင် ချစ်မိသလိုခံစားရသည်။ ကားထဲမှာ လူတွေ ကျပ်သိပ်နေသဖြင့် စကားသိပ်မပြောဖြစ်ကြပေမယ့် ဒီရေက မသိမသာလေး မော့ကြည့်လိုက်၊ ကုဋေက ခဏခဏ ငုံ့ကြည့်လိုက်နှင့် မျက်လုံးချင်းဆုံကာ စကားလုံးပေါင်းများစွာပြောဖြစ်သလို ဖြစ်နေပါသည်။

"ဆင်းရတော့မယ်သိလား၊ ကြိုပြီးတိုးထွက်ထားရမယ်"

ကားစပယ်ယာက မှတ်တိုင်ပါလားမေးသံကို ဒီရေ လှမ်းဖြေရင်း ကုဋေ့ကို သူမကပဲ ဦးဆောင်ကာ ရှေ့ကနေ တိုးထွက်သွားပါသည်။ ကုဋေ့မှာတော့ ဒီရေ ရှေ့က လမ်းရှင်းပေးတာတောင် မနည်းလိုက်ထွက်ရလျက် ခက်ခက်ခဲခဲပါလာရသည်။

ဘတ်(စ)ကားပေါ်က အဆင်းမှာပဲ ပြင်ပလေကို တစ်ဝကြီးရှူမိတော့သည်။ ဒီရေက ကုဋေ့ကိုကြည့်ပြီး ပြုံးလေသည်။





"ဘဝမှာ ပထမဦးဆုံး အတွေ့အကြုံထင်တယ်"

"ကိုယ် မညာပါဘူး၊ ဟုတ်တယ် ဒါ ပထမဆုံးပဲ"

"တော်တော်စိတ်ညစ်သွားလား"

"စိတ်တော့ညစ်တာပေါ့၊ ဒါပေမဲ့ ဘတ်(စ)ကားကျပ်တာလေးလောက်နဲ့ အလွယ်တကူ အရှုံးပေးစိတ်ပျက်သွားရလောက်အောင်ထိ ကိုယ် မပျော့ညံ့ပါဘူး"

"ကိုကုဋေ ပြန်ရင်ပြန်ပေါ့လေ၊ ဘတ်(စ)ကားပဲ ပြန်စီးရမယ်လို့တော့ ဒီရေ မခိုင်းပါဘူးနော်၊ ကိုကုဋေ့ကားဆီပြန်ဖို့ တက္ကစီနဲ့ပြန်ရင်ပြန်ပါ၊ ဒီလမ်းထိပ်က ငှားသွားရင်ရတယ်၊ ဒီရေ ပိုက်ဆံချေးလိုက်ပါ့မယ်"

ဒီရေသည် သူမစီစဉ်ပေးတာကို ဟန်ဆောင်ပြီးတော့ တောင်မငြင်းဘဲ အငှားကားတစ်စီးကို ရွေးချယ်ပြီး ငှားလိုက်သော ကုဋေ့ကို အသာအယာငေးကြည့်နေခဲ့သည်။

"အမှန်တော့ ဒီရေ့ဆီကပိုက်ဆံ ချေးဖို့မလိုပါဘူး၊ ကိုယ့်ကားဆီပြန်ရောက်ရင် ကားထဲမှာ ပိုက်ဆံအိတ်ရှိပါတယ်၊ အဲဒီကယူပေးလို့ရတယ်၊ ဒါပေမဲ့ ကိုယ် ဒီရေ့ပိုက်ဆံကိုပဲ ချေးသွားချင်တယ်၊ ဒါမှ ပိုက်ဆံပြန်ဆပ်ဖို့ဆိုတဲ့အကြောင်းပြချက်နဲ့ ထပ်လာလို့ရမှာလေ"


www.burmeseclassic.com

www.burmeseclassic.com

"ဒီရေ မနက်ဖြန်မနက်ရှစ်နာရီကနေ ညရှစ်နာရီထိ မအားဘူး၊ ဧည့်သည်တွေ သွားချင်တဲ့နေရာတွေ လိုက်ပို့ပေးရမယ်၊ သူတို့ ညနေလေးနာရီထိလည်မယ်၊ ငါးနာရီကျမှ ဟိုတယ်ပြန်မယ်၊ ခုနစ်နာရီမှာ လေဆိပ်ကိုပြန်ပို့ပေးရမယ်၊ သူတို့ မနက်ဖြန်ပြန်မှာ"

"ဒီရေ့ကို လေဆိပ်မှာ ကိုယ်လာစောင့်နေမယ်"

"မလာပါနဲ့ ကိုကုဋေ"

ဒီရေ တားပေမယ့် သူလာကိုလာမယ်မှန်း ဒီရေ သိပါသည်။ အငှားကားပေါ်တက်သွားပြီး လက်ပြနှုတ်ဆက်သွားသော ကုဋေ့ကို ဒီရေ ငေးကြည့်မနေရစ်တော့ပါ။ ရင်ထဲမှာ မရေရာသော အတွေးတွေနဲ့ အိမ်ပြန်ခဲ့ရပါသည်။

သူ ကိုယ့်ကို တကယ်ချစ်သလား၊ မချစ်သလားဆိုတာ ဒီရေ မခန့်မှန်းတတ်ပေမယ့် ဒီရေ့ကတော့ သူ့ကို တစ်ခါမြင်ရလေ တစ်ခါပိုပြီးချစ်ရလေ ဖြစ်နေတော့လေပြီ။





## ၂၀

"ကိုယ်နဲ့အတူ ညစာစားပါနော်"

လေဆိပ်မှာလာစောင့်နေခဲ့ပြီး ဒီရေနဲ့အတူပြန်ရန်ပြင်သောအခါ ကုဋေ ထိုသို့ပြောလာတော့ ဒီရေ စဉ်းစားရပြန်သည်။ အသိစိတ်ထဲမှာ သူနဲ့ သိပ်အတူတူတွဲသွားဖို့ မသင့်ဘူးဟု သတိပေးတားမြစ်နေသည်။ ခုတောင် ဒီရေ့ကို ကုမ္ပဏီကားနဲ့ ပြန်ပို့နေကျဖြစ်သော ဦးကျော်ကြီးပင် ဒီရေ့ကို တော်တော်သံသယဖြစ်နေဟန် မျက်လုံးတွေနဲ့ ကြည့်သွားတာ။

သုံးလေးခါလောက် ဒီသူဌေးက လာစောင့်ခေါ်ပြီး ဒီသူဌေးရဲ့ကားနဲ့ ပါပါသွားတာ ဒီရေ့ကို နှမြောသလိုလို၊ စိတ်မကောင်းဖြစ်သလိုလို၊ မကျေမနပ်သလိုလို ကြည့်လာတတ်သော ဦးကျော်ကြီးကို ဒီရေ ရှက်မိသည်။ ဦးကျော်ကြီးထင်သလိုမျိုး မဟုတ်ပါဘူးလို့ ဒီရေ ရှင်းပြချင်သည်။ သို့သော် ဒီရေ့မှာ ရှင်း


www.burmeseclassic.com

www.burmeseclassic.com

ပြလောက်စရာ အထောက်အထားလည်း မရှိသေး။ ကုဋေဟာ တစ်ဖက်မှာ အသေအချာ စေ့စပ်ထားပြီးသူရှိရက်နဲ့ ဒီရေ့နား ပိုပိုရောက်လာတဲ့အဖြစ်ဟာ ယုံရမလိုလို မယုံရမလိုလို။

ဒီရေ သူ့ကိုချစ်ပေမယ့် မယုံရဲပါ။ သူကိုယ်တိုင်ကလည်း ဒီရေ့ကို ချစ်သာချစ်ပေမယ့် အရာအားလုံးကို စွန့်လွှတ်ပြီး ဒီရေ့ကိုပဲ လက်တွဲမယ်လို့ ဘယ်လိုမှ အတိအကျ အာမခံနိုင်ပါ။ ဒီတော့ ဒီရေ့အဖြစ်ဟာ ဘယ်လိုပုံစံမျိုးဖြစ်နေပြီလဲ။ သူဌေးတစ်ယောက်ရဲ့ တိတ်တိတ်ပုန်းဘဝပဲ ရောက်နေပြီလား။ စပွန်ဆာကောင်းကောင်းတစ်ယောက် ရထားသူဖြစ်နေပြီလား။

"ဘာတွေစဉ်းစားနေတာလဲ ဒီရေ၊ အိမ်ပြန်နောက်မကျပါဘူး၊ ကိုးနာရီဆို အလွန်ဆုံးပါပဲ"

"ဒီရေတို့ ခဏခဏ ဒီလိုလျှောက်တွဲနေလို့ ဖြစ်ပါ့မလားလို့ စဉ်းစားတာပါ"

"ဘာလို့ မဖြစ်ရမှာလဲ"

"ကိုကုဋေက စေ့စပ်ထားပြီးတဲ့မိန်းကလေးရှိပြီးသားနော်"

"သူ့ကို ကိုယ် လက်ထပ်ဖြစ်မှာ မဟုတ်တော့ဘူး၊ ကိုယ်သူ့ကို ဘယ်လိုမှ မချစ်ဘူး"

"ဒီရေ့ကို လက်ထပ်ရင် ကိုကုဋေပဲ အားလုံးကို စွန့်လွှတ်ပြီး ထွက်လာခဲ့ရမယ်ဆို ထွက်လာနိုင်ပါ့မလား"





"ထွက်လာနိုင်တယ် ဒီရေ၊ ကိုယ့်မှာ ဘာမှ ပါလာမှာတော့ မဟုတ်ဘူး၊ အလုပ်လက်မဲ့ဘဝ၊ နေစရာအိမ်မရှိတဲ့ဘဝနဲ့ ဒီရေ့အမေအိမ်ပေါ် တက်လာရမှာ"

"စကားကို အကုန်မပြောပါနဲ့ ကိုကုဋေရယ်"

"ဒီရေ ဒါတွေ ဘာကြောင့် ကြိုဆွေးနွေးနေတာလဲ။ ဒီနေ့ညစာကို အေးအေးဆေးဆေး အတူစားမယ်၊ မနက်ဖြန်မှ ဆွေးနွေးကြမယ် ဆိုရင်လည်း ဖြစ်တာပဲ"

နောက်ဆုံးတော့လည်း ဒီရေ မလွန်ဆန်နိုင်ပါ။ ကိုကုဋေ့အလိုကျအတိုင်း ရက်စတော့ရင့်တစ်ခုမှာ ညစာကို အတူတူစားဖို့ လိုက်လျောမိပါသည်။ ဒီလိုမျိုး ချစ်သူနဲ့အတူတူစားခွင့်ရှိသော ညစာပေါင်းများစွာကို တကယ်ပဲ တမ်းတမက်မောချင်သွားပါသည်။

ကုဋေကတော့ ဒီရေ့မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ သူရင်ဆိုင်ရမှာတွေကို ခဏမေ့သွားသလိုဖြစ်နေသည်။

"ဒီရေ့မေမေကို ကိုယ်လာတွေ့ရတော့မလား"

ဒီရေ ရုတ်တရက်တော့ ကြောင်သွားပါသည်။

"ဘာ့အတွက်လဲ"

"ဒီရေ့ကို ကိုယ်နဲ့ သဘောတူပေးဖို့"

"ဒီရေ ဘာမှ အဖြေမပေးရသေးဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဒီရေ့ဆီမှာ အဖြေရှိပါတယ်၊ ကိုယ့်ကို မပြောလည်း ကိုယ်ကြားနေရတယ်"

"မဖြစ်နိုင်တာ"

"ဖြစ်နိုင်ပါတယ်၊ ကိုယ့်ကို ဒီရေလည်း ချစ်တယ်လို့ ပြန်ဖြေနေတယ်လေ"

"ဒီရေ မညာပါဘူး၊ ဒီရေ ကိုကုဋေ့ကို ကိုကုဋေမှန်းမသိခင်ကတည်းက သဘောကျပြီး ငေးကြည့်နေခဲ့ဖူးတယ်"

ဒီရေ ဝန်ခံလိုက်တော့ ကုဋေ အံ့သြသွားသည်။

"ဟုတ်လား ဘယ်တုန်းကလဲ"

"ကိုကုဋေ အဲဒီတုန်းက ကိုကုဋေအမေ့ကို လေဆိပ်မှာ လာကြိုတာ၊ ဒီရေကတော့ ညည့်သည်လာကြိုတာပေါ့"

"ဟုတ်လား၊ ဘယ်တုန်းကပါလိမ့်၊ မေမေက ခဏခဏ ဗန်ကောက် သွားလိုက် ပြန်လိုက် လုပ်တယ်၊ စင်ကာပူ မလေးရှားဘက်လည်း ပျင်းရင် သွားလည်တတ်သေးတယ် ဆိုတော့ လေဆိပ်သွားကြိုရတာ အကြိမ်ကမနည်းဘူး၊ ဘယ်တုန်းကလဲ မသိဘူး"

"လွန်ခဲ့တဲ့ တစ်နှစ်နီးပါးလောက်က ဖြစ်မယ်ထင်တယ်"

"ဒီရေက ကိုယ့်ကို သဘောကျပြီး ငေးကြည့်နေခဲ့တယ်လား၊ အဲဒီတုန်းက ဒီရေ့စိတ်ထဲမှာ ဘာတွေတွေးနေခဲ့လဲ"





"သိပ်ယောကျ်ားပီသပြီး ကြည့်ကောင်းတဲ့သူလို့ အမှတ်ပေးမိတယ်၊ ကိုကုဋေ့တို့ကတော့ ဘာမှ မဝတ်စားထားလဲ ဥပဓိရုပ်တွေက အရမ်းကောင်းပြီး ရုပ်သန့်လွန်းတော့ လူတွေကြားထဲမှာ အရောင်ထွက်နေတဲ့ပုံစံမျိုးပေါ့၊ သူဌေးတွေမှန်းကိုသိသာတဲ့ပုံစံမျိုးမို့ ဒီရေ သတိထားကြည့်မိတယ်၊ အရမ်းတည်ကြည်ပြီး အရှိန်အဝါတစ်မျိုးရှိနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ တင့်တယ်မှုကို ဒီရေ သဘောကျမိတယ်"

"အဟားဟားဟား ... ဒီရေပြောတာနဲ့ ဖံနေတောင်မနေတတ်တော့ဘူး"

ကုဋေက ဒီရေ့ရဲ့ ရိုးရိုးသားသားဝန်ခံမှုကို သဘောကျရင်း ရယ်မောမိသည်။ ဒီရေ့မှာ မလိုအပ်တာကို ဟန်မဆောင်တတ်တဲ့ မူယာမာယာတွေ မရှိချေ။

"ဒီရေ တစ်ခါမှတော့ ကိုကုဋေဟာ ဒီရေ့ချစ်သူဖြစ်လာမယ်လို့ စိတ်မကူးခဲ့ဖူးဘူး"

"အခုတော့ စိတ်ကူးပါ ဒီရေရယ်၊ ဒီရေ့ကို ကိုယ်တကယ်ချစ်တာပါ၊ ကိုယ့်ကို ဒီရေရဲ့ချစ်သူအဖြစ် လက်ခံပါ"

"ကိုကုဋေ့ကို ဒီရေ ချစ်တယ်၊ ဒါပေမဲ့ ဒီရေ ဘာမှကိုမျှော်လင့်မထားပါဘူး၊ ကိုကုဋေ ဒီရေ့အတွက် အားဖုံးကို



www.burmeseclassic.com

www.burmeseclassic.com


စွန့်လွှတ်ပြီး ထွက်လာခဲ့ပါလို့ မတိုက်တွန်းချင်ဘူး၊ တကယ်လို့ ကိုကုဋ္ဌေ အားလုံးကို စွန့်လွှတ်ပြီး ဒီရေ့ဆီရောက်လာရင်လည်း ဒီရေ ကျေနပ်တယ်၊ ဒီရေက ကိုကုဋ္ဌေ့ကိုပဲချစ်တာ၊ ကိုကုဋ္ဌေ ချမ်းသာတာကို ချစ်တာမဟုတ်ဘူး"

"ဒီရေရယ် ..."

ကုဋ္ဌေ့ရင်ထဲမှာ ကြည်နူးခြင်းများစွာတို့ဖြင့် ဒီရေ့လက်ချောင်းလေးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်မိပါသည်။ ထိုဆုပ်ကိုင်ထားသောလက်ကို မဖြုတ်တော့ဘဲ အတူလက်တွဲထွက်လာခဲ့မိပါသည်။

အဝင်ဝရောက်သောအခါ အပြင်ကနေ ဆိုင်ထဲကို ဝင်လာသော လူတစ်စုနှင့်ဆုံလျှင် ...

"ဩော် ... ကုဋ္ဌေပါလား"

ဟု တအံ့တဩ လှမ်းခေါ်လိုက်သော အသံတစ်သံကို ကြားလိုက်ရသည်။

သီရိစန္ဒာသူသည် အမျိုးသမီးတချို့ အမျိုးသားတချို့တို့နှင့် ဆိုင်ထဲကိုဝင်လာခဲ့တာဖြစ်လေသည်။ အဝင်အထွက်မှာ တိုက်ရိုက် တည့်တည့်ကြီး ဆုံလိုက်ကြသောအခါ သီရိစန္ဒာသူ၏ မယုံကြည်နိုင်သော မျက်ဝန်းတွေကို ကြုံရသည်။



ကုဋ္ဌေ လက်တွဲရက်သား ဖြစ်နေသော ဒီရေ့ကို အပြန်ပြန်အလှန်လှန် ခြေဆုံးခေါင်းဆုံး ကြည့်ကာ တိတ်ဆိတ်စွာ ရပ်နေသည်။ ဒီရေ ဝတ်ဆင်ထားသော ချည်ချိတ်ဝမ်းဆက်ဝတ်စုံနှင့် သီရိဝတ်ဆင်ထားသော တန်ဖိုးကြီးရယ်ဒီမိတ်ဝတ်စုံတို့ကပင် ကွာခြားမှုကိုပြနေသည်။

"မတွေ့တာတောင်ကြာပြီ ကုဋ္ဌေ၊ နင်နဲ့ငါ ဆွေးနွေးစရာလေးတွေရှိတယ်၊ မနက်ဖြန်ဆိုရင် အဆင်ပြေမလား"

"အဆင်ပြေပါတယ်၊ နင် ငါ့ရုံးခန်းကိုလာမလား၊ ငါ နင့်ဆီလာခဲ့ရမလား"

"ငါ့ဆီလာခဲ့ပေါ့၊ ငါက ဆွေးနွေးချင်တဲ့သူဆိုပေမယ့် နင်လာသင့်ပါတယ်၊ ဟုတ်တယ် မဟုတ်လား"

သီရိစန္ဒာသူက ခနဲ့သလိုလို စကားကိုပြောလျက် အနားကထွက်မသွားသေးဘဲ ...

"သူက ဘယ်သူလဲ ကုဋ္ဌေ"

ဟု ဖြောင့်ပင် ဖွင့်မေးလိုက်သည်။ သူမနဲ့ပါလာသူမိတ်ဆွေတစ်သိုက်ကတော့ အားနာသလိုအမူအရာတွေနှင့် ဒီနားမှာဆက်ရပ်မနေတော့ဘဲ ...

"သီရိ ကိုယ်တို့ ဝင်နှင့်မယ်"


www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ခပ်သွက်သွက်ပြောကာ ဆိုင်ထဲဝင်သွားကြပါသည်။

"သူက ခင်ဒီရေပါ"

"မြင်လိုက်တာနဲ့ ခင်ဒီရေမှန်းတော့ ရိပ်မိပါတယ်လေ၊ သေချာအောင် ထပ်မေးတာပါ၊ ငါ သတင်းကြားပါတယ်၊ ဒီလောက်ထိ ဖြစ်လာမယ်မထင်လို့"

"သီရိ ငါတို့ ဒါတွေ ဒီမှာရပ်မပြောကြရင်ကောင်းမယ်"

ဒီရေကတော့ သီရိစန္ဒာသူဟု သိလိုက်တာနဲ့ ကုရွှေ တွဲထားသောလက်တို့ကို ဆွဲဖြုတ်ဖို့ ကြိုးစားနေတော့လေသည်။ ကုရွှေက လွှတ်မပေးတော့ဘဲ ဒီရေ့လက်တွေကို ပြန်ဖျစ်ညှစ်အားပေးသလို ဆုပ်ကိုင်ထားလိုက်မိသည်။

"အေးပါ မပြောပါဘူး၊ ငါကလည်း နင်ဖြေရှင်းလာမယ့်နေ့ကို စောင့်နေတာပါ၊ မနက်ဖြန် ရှင်းလင်းကြတာပေါ့"

"အေး ကောင်းတယ် ရှင်းကြမယ်"

"ဘယ်လိုပဲရှင်းရှင်းပါ နင် ဘယ်တော့မှ မြတ်ဘုန်းခေါင်မိသားစုဝင်ထဲက ထွက်သွားရဲမယ်လို့ ငါ လုံးဝမထင်ဘူးဟင်း"





ဒီရေ့ကို အနိုင်ရနေသူ၏ မျက်လုံးတွေဖြင့် စိုက်ကြည့်ပြီးနောက် ဆိုင်အတွင်းတံခါးထဲ ဝင်သွားသောအခါ ဒီရေမှာ ကုရွှေ တွဲထားသောလက်ကို မရမက ဆွဲဖြုတ်လိုက်တော့လေသည်။

"ဒီရေ ..."

"ဒီရေ မှားသွားတယ် ကိုကုရွှေ၊ ဒီရေ စိတ်အလိုလိုက်မိလို့ ခုတော့ သူများအနိုင်ယူသလို ပြောတာဆိုတာ ကို ခံလိုက်ရပြီ"

"သူ ဘာမှ အနိုင်မရလိုက်ပါဘူး ဒီရေရယ်၊ သူ့အကျင့်က ဒီလိုပဲ၊ လူတစ်ယောက်ကို အထင်သေးသလိုလို၊ နှိမ်သလိုလိုပြောတတ် ကြည့်တတ်တဲ့အကျင့်ရှိတယ်၊ သူ ဒီရေ့ကို ဘာမှနိုင်လို့မရဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီရေ့ကိုပဲ ကိုယ်ချစ်တာလေ၊ သူ့ကိုချစ်တာမဟုတ်ဘူး၊ ဒါကို သူ မနာလိုဖြစ်နေတာ"

"သူ ပြောတာတွေ အမှန်တွေပါ ကိုကုရွှေရယ်၊ အဲဒါကို ကိုကုရွှေလည်း သိနေပါတယ်"

"ဒီရေ ကိုယ့်ကို မယုံဘူးလား၊ မယုံရင် ဒီရေ ဒီညပဲ ကိုယ်နဲ့လိုက်ခဲ့၊ ဒီရေ့ကို ကိုယ် ခိုးပြေးမယ် ကဲ"


www.burmeseclassic.com

www.burmeseclassic.com

ကုဋေ ရုတ်တရက် ပြောလိုက်ပြီး စကားအဆုံးမှာ "ကဲ"ဖြင့် အဆုံးသတ်လိုက်ကာ ကဲ … ဘယ်လိုလဲ လိုက်ရဲလား ဟု စိန်ခေါ်သလို မေးလိုက်ဟန်ကြောင့် ဒီရေ တွေဝေသွားသည်။ သူ တကယ်ပြောနေတာလား။ တကယ်ပဲလုပ်ရဲလား။ တကယ်ပဲ အရာအားလုံးကို စွန့်လွှတ်ရဲပြီလား။

"လိုက်ခဲ့ ဒီရေ၊ ကိုယ်တို့ တစ်နေရာရာကို ထွက်သွားကြမယ်နော်"

"ဒီရေ အဲဒီလို မဖြစ်ချင်ဘူး"

"ဒီရေ ကိုယ့်ကိုမချစ်ဘူးလား"

"ဒီရေ ဖြေစရာမလိုပါဘူး၊ ကိုကုဋေ သိနေသားပဲ"

"ချစ်ရင် ကိုယ်နဲ့အတူ ရင်ဆိုင်ရဲရမှာပေါ့"

"ဒီရေ ပြောတဲ့သဘောက ကိုကုဋေ အားလုံးကို စွန့်လွှတ်ပြီး ဒီရေ့အိမ်ကိုသာ လာခဲ့ပါ၊ ဘယ်မှထွက်ပြေးစရာလဲ မလိုဘူး၊ ဘယ်ကိုမှလဲ ခိုးရာလိုက်စရာ မလိုပါဘူး"

"ဒီရေက ကိုယ့်ကို မယုံတော့လို့ ကိုယ်လည်း အခုလို ပြောရတာပါ၊ တကယ်တော့ ကိုယ်လည်း ကိုယ်ချစ်တဲ့ မိန်းကလေးကို ခိုးရာလိုက်မှ ပေါင်းရတဲ့ဘဝမရောက်စေချင်ပါဘူး"





ဒီရေ့ကို တစ်ချက်နမ်းရင်း ခပ်တိုးတိုးဆက်ပြောခဲ့သောစကားတွေကို ဒီရေ အိပ်မက်ထဲတောင် ထည့်မက်ခဲ့ရသေးလေသည်။

"စိတ်ချပါ ဒီရေ့ကို ကိုယ် ဘယ်တော့မှ မထားရစ်ခဲ့ဘူး"

○❤○


www.burmeseclassic.com

www.burmeseclassic.com

## ၂၀

ကုဌေ၏စကားအဆုံးမှာ သီရိစန္ဒာသူက လျှို့ဝှက်စွာပြုံးရင်း ...

"ငါ ဘယ်လိုဆုံးဖြတ်မယ်ထင်လို့ နင် ပြောပြနေတာလဲ"

ဟု မေးလိုက်လေသည်။

"နင့်ကို မချစ်ပါဘူး တခြားတစ်ယောက်ကိုပဲချစ်ပါတယ် ပြောတဲ့ ယောကျ်ားတစ်ယောက်ကို နင် လက်ထပ်ချင်မယ် လို့တော့ မထင်ဘူး"

"ငါက စ,ငြင်းမယ် ထင်လို့လား"

"နင့်ကို မငြင်းခိုင်းပါဘူး"

"ငါကလည်း မငြင်းပါဘူး၊ ငါ ရပြီးသားနေရာကို ဘာဖြစ်လို့ ဖယ်ပေးရမှာလဲ"

"ဒါဆိုရင် ဘာဆွေးနွေးစရာ လိုတော့လဲ"





"နင်က အားလုံးကို စွန့်လွှတ်ပြီး ခင်ဒီရေကို ယူမယ်လို့ ဆုံးဖြတ်ရဲတယ်ပေါ့"

"အဲဒါ ငါ့ဆုံးဖြတ်ချက်ပါ"

"တစ်ခုတော့ အကောင်းဆုံးအကြံပေးမယ်၊ နင်လည်း မြတ်ဘုန်းခေါင်မိသားစုထဲက မထွက်ရအောင် နင်ချစ်တဲ့သူကိုလည်း ပေါင်းရအောင် ငါ့ကိုလည်း လက်ထပ်ဖြစ်အောင် စီစဉ်တဲ့နည်းတစ်ခုတော့ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ငါနဲ့လက်ထပ်ပြီးရင် နင် သူ့ကို တိတ်တိတ်ပုန်းယူချင် ရင်လည်း ယူလို့ရပါတယ်၊ ငါက အဲဒီလောက်ထိ ခွင့်ပြုတယ်"

"နင် အဲဒီလောက်ထိ မစော်ကားသင့်ဘူး"

ကုဌေ ဒေါသဖြင့် ထရပ်လိုက်သည်။ သီရိစန္ဒာသူက ခပ်ပြုံးပြုံး စောင့်ကြည့်နေလေသည်။

"ငါ နင့်ကို ဘာဖြစ်လို့ယူလဲသိလား ကုဌေ"

ကုဌေ မဖြေဘဲ အသာရပ်နားထောင်နေလိုက်ပါသည်။

"ငါကိုယ်တိုင် မြတ်ဘုန်းခေါင်မိသားစုဝင် ဖြစ်ချင်လို့ မက်မောလို့ ယူတာ၊ နင့်ကိုချစ်လို့တော့မထင်နဲ့"

"နင် တကယ်ချစ်တဲ့လူတွေ့လာရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

 www.burmeseclassic.com

"တွေ့စရာအကြောင်း မရှိတော့ဘူးလေ၊ ငါက မကြာခင် ရက်ပိုင်းအတွင်းမှာပဲ မြတ်ဘုန်းခေါင်ကုဋေနဲ့ လက်ထပ်ဖြစ်တော့မှာပဲ"

"သတို့သားမရှိတဲ့မင်္ဂလာပွဲကို ရင်ဆိုင်ရမှာ မကြောက်ဘူးလား"

"နင်ဟာ ငါ့ရဲ့သတို့သား ဖြစ်ကိုဖြစ်မှာပါ ကုဋေ၊ ငါ သိပါတယ်"

"စောင့်ကြည့်လိုက်လေ"

ကုဋေ ထိုတစ်ခွန်းသာပြောပြီး သီရိစန္ဒာသူ၏ ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့ပါသည်။

အခုချိန်မှာ ဘာလုပ်ချင်သလဲ ဆိုရင်တော့ ဒီရေ့ကို သွားတွေ့ချင်သည်။ ဒီရေ့နားမှာထိုင်ပြီး စကားပြောချင်သည်။ ဒီရေက လက်ဗလာနဲ့ သူမဆီထွက်လာခဲ့ပါဆိုပေမယ့် အမှန်တကယ်ဝန်ခံရသော် ကုဋေကိုယ်တိုင် ထွက်မလာရဲပေ။

ငယ်ငယ်တည်းက နေလာခဲ့တဲ့ဘဝကို စွန့်လွှတ်လိုက်ရတော့မလား။ ပိုင်ဆိုင်ခွင့်ရှိတဲ့ အမွေအနှစ်တွေကို စွန့်လွှတ်ပြီး ထားရစ်ခဲ့ရတော့မလားဟု တွေဝေနေမိသည်။ မိဘအမွေအနှစ်ကြောင့် ကုမ္ပဏီပိုင်ရှင်၊ ဟိုတယ်လုပ်ငန်းစုများပိုင်ရှင် သူဌေး





ကြီးဘဝ ချက်ချင်းရောက်ခဲ့ရပေမယ့် ကိုယ်ကိုယ်တိုင် ဘာအရင်းအနှီး၊ ဘာအမွေအနှစ်မှမရှိဘဲ ဘာအလုပ် စလုပ်ရမှန်းတောင် စဉ်းစားမရချေ။ ထိုသို့ စိုးရွံ့မှု၊ မရေရာမှုတွေနဲ့ ခုထိ ဘာမှမဆုံးဖြတ်ရသေးချေ။

ဒီရေ့ဆီရောက်တော့ ဒီရေ ရုံးမှာမရှိချေ။

"ဒီနေ့ နေ့တစ်ဝက်ခွင့်ယူပြီး ပြန်သွားတယ်"

ဘာများဖြစ်လို့ပါလိမ့်ဟု စိုးရိမ်ပြီး အိမ်လိုက်သွားဖို့ ချက်ချင်းဆုံးဖြတ်မိပါသည်။ ဒီရေတို့နေသော တိုက်ခန်းရှေ့အထိသာ လိုက်ပို့ဖူးပြီး ဘယ်အထပ်မှန်းမသိလေရာ မြေညီထပ်အခန်းမှ လူတစ်ယောက် အပြင်ထွက်လာတာနှင့်ကြုံသဖြင့် မေးကြည့်မိသည်။

"ခင်ဒီရေတို့အခန်းက ဘယ်အခန်းလဲ"

"တတိယထပ်ကအခန်းပဲ၊ ဒီဘက်ခြမ်းဗျ၊ အခုတော့ အိမ်မှာရှိပါ့မလားမသိဘူး"

"ဟုတ်လား ဘယ်သွားလို့လဲ"

"ဒေါ်ခင်ဒေဝီ အူအတက်ရောင်သလိုဖြစ်လို့ သူ့သမီးရုံးက ပြန်လာပြီး ချက်ချင်းပဲ ကားငှားပြီး ဆေးခန်းထွက်သွားကြတာ တွေ့လိုက်တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဟုတ်လား"

ကုဋေ့မှာ သူ မကူညီလိုက်နိုင်သည့်အတွက် စိတ်မကောင်းဖြစ်သွားသည်။

"ဘယ်ဆေးခန်းလဲ ဆိုတာတော့ မသိလိုက်တာမို့ မပြောနိုင်ဘူးခင်ဗျ"

"ရပါတယ် ကျေးဇူးပါပဲဗျာ"

ကုဋေ စိတ်ပျက်ပြီး လှည့်ပြန်လာခဲ့ရလေသည်။ ဟိုတယ်ပြန်ရောက်သောအခါ အလုပ်တွေဆက်လုပ်နေရပေမယ့် ဒီရေ့ဆီစိတ်ရောက်နေလေရာ အလုပ်ထဲစိတ်နှစ်လို့မရတော့ချေ။ ဒီရေက ဒီဖုန်းကို မခေါ်ပါနဲ့လို့ အတန်တန်မှာထားသဖြင့် မခေါ်ဖြစ်သော ဒီရေ့လက်ကိုင်ဖုန်း (တိုးကုမ္ပဏီကပေးကိုင်သောဖုန်း)ကို နောက်ဆုံးတော့ ခေါ်ကြည့်မိတော့သည်။

"ဟဲလို ..."

ဒီရေ့ဖုန်းဖြေသံကိုကြားရလျှင် ရင်ထဲမှာ နွေးသွားပါသည်။

"ဒီရေ ... ကိုယ်ပါ ကုဋေပါ"

"ဒီရေ အသံမှတ်မိပါတယ်"

"ဒီရေ့အမေ ဆေးခန်းသွားပို့တယ်ဆိုလို့ သတင်းမေးရအောင် ဆက်ကြည့်တာ"





"ဘယ်ကသိတာလဲ"

"ကိုယ် ဒီရေ့ကို တွေ့ချင်လို့ ရုံးကိုသွားတယ်၊ ရုံးကနေ နေ့တစ်ဝက်ခွင့်ယူပြီး ပြန်သွားတယ်ပြောလို့ ဘာများဖြစ်ပါလိမ့် လဲဆိုပြီး စိုးရိမ်တာနဲ့ ကိုယ် ဒီရေ့အိမ်ကို လိုက်သွားမိတယ်၊ အောက်ထပ်မှာရှိတဲ့ လူတစ်ယောက်ကို မေးတော့မှ အကြောင်းစုံ သိလိုက်ရတယ်"

"မေမေ အူအတက်ရောင်လို့ အရေးပေါ်ခွဲရမယ် ဆိုတာနဲ့ ဒီရေ ဆေးရုံကြီးကိုပဲ ဆက်ပို့လိုက်တယ်၊ အခု မေမေ ခွဲခန်းထဲမှာ ဒီရေက မေမေ့ကို စောင့်နေတာပါ"

"ကိုယ် လာခဲ့မယ် ဒီရေ"

"မလာပါနဲ့ ရပါတယ်"

"ဘယ်ဟုတ်မလဲ ဒီရေ အကူအညီလိုမှာပေါ့၊ ကိုယ် လာခဲ့မယ်၊ ဘယ်ဝဒ်မှာရှိမလဲ"

ဒီရေ ဝဒ်နံပါတ် ပြောလိုက်လေရာ ကုဋေလည်း ချက်ချင်း ထသွားဖို့ပြင်သည်။ ဒီရေတစ်ယောက်တည်း ဟိုပြေးဒီပြေးနဲ့ ပင်ပန်းရတာထက်စာရင် သူ အကူအညီပေးနိုင်သမျှပေးလိုက်တော့လည်း ဒီရေ့အတွက် နည်းနည်းတော့သက်သာတာပေါ့လို့ တွေးပြီး ဆေးရုံကို ချက်ချင်းထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ ဝဒ်ကိုစုံစမ်းပြီး ရောက်လာခဲ့သောအခါ ဒီရေနဲ့အတူရှိနေခဲ့သော ကိုလွင်မင်းကို တွေ့လိုက်ရလေသည်။ ကုဋေ့ရင်ထဲ ဒိန်းခနဲ ဒေါသတွေ ဆောင့်တက်သွားပါသည်။

"ဟော ... ကိုကုဋေ ရောက်လာတာကိုး"

ကိုလွင်မင်းက သူကိုယ်တိုင် လူနာရှင်ဖြစ်နေသည့်အလား ကုဋေရောက်လာခြင်းကို ကြိုဆိုလေသည်။ ကိုလွင်မင်း ကမ်းပေးသောလက်ကို ပြန်နှုတ်ဆက်လိုက်ရပေမယ့် စိတ်ထဲမှာ မကျေမနပ်တော့ဖြစ်နေလေသည်။

"ကိုကုဋေ ဖုန်းဆက်တယ် ရောက်လာလိမ့်မယ်ထင်တယ်လို့တော့ ဒီရေ ပြောပါတယ်၊ ဒါပေမဲ့ ကိုကုဋေက မင်္ဂလာကိစ္စတွေနဲ့ အလုပ်များနေတော့ ရောက်လာဖြစ်ပါ့မလားဆိုပြီး ကျွန်တော်တွေးနေတာ"

ဒီရေ့ရှေ့မှာ တမင်ပဲ မင်္ဂလာကိစ္စကို အစဖော်သလို ပြောလိုက်လျှင် ဒီရေ့မျက်နှာ တစ်ဖက်သို့ လှည့်သွားပါသည်။

"လာရမှာပေါ့ ဒီရေ့အတွက်ပဲ"

"ကျွန်တော်လည်း ရှိပါတယ်၊ ဒီရေ ဒီဆေးရုံစရောက်ကတည်းက ကျွန်တော်ပဲ တောက်လျှောက်ကူညီလာတာပါ"

"ကိုလွင်မင်းက ဘယ်လိုလုပ် သိတာလဲ"





"ဒီရေ့ဆီဖုန်းဆက်လိုက်တော့ အကျိုးအကြောင်းသိရတာပါ၊ ဒီရေ့မှာ အကူအညီလိုနေမှန်းသိတော့ ကျွန်တော် ချက်ချင်းပဲ ထွက်လာလိုက်တယ်"

"ဟော ... မေမေ ခွဲခန်းထဲက ထွက်လာပြီ"

မေ့ဆေးအရှိန်နဲ့ မိန်းမောနေဆဲဖြစ်သော ဒေါ်ခင်ဒေဝီအား သုံးယောက်စလုံး ဝိုင်းအုံသွားကြပါသည်။

"ညဘက်စောင့်ဖို့ နာ့(စ်)ငှားရဦးမယ်နော်"

ဒီရေက ဘယ်သူ့ကိုမှန်းမသိ ရေရွတ်သလို ပြောလိုက်ပါသည်။

"စိတ်မပူနဲ့ ဒီရေ၊ ကိုယ်ငှားပြီးပြီ၊ ခုနကတင် ပြောလိုက်ပြီ၊ ဒေးရော နိုက်ရော တစ်ယောက်စီပြောပြီးပြီ၊ အန်တီက နောက်တစ်ရက်နှစ်ရက်လောက်တော့ ဆက်နေရင်နေရမယ်ဆိုတော့ တစ်ခါတည်း ပြောထားလိုက်တာလေ"

"ကျေးဇူးပဲ ကိုလွင်မင်း"

"ပြောရမယ့်လူတွေမှ မဟုတ်တာ"

ကုဋေ့ထံတွင်တော့ ဘာပြောစရာစကားမှ မရှိသလိုဖြစ်နေသည်။ ကိုလွင်မင်းကပဲ လူနာရှင်ပမာ အလုပ်သမားခပေးလိုပေး၊ နာ့(စ)ငှားဖို့ကိစ္စ လုပ်လိုလုပ်မို့ ကုဋေကတော့ လူပိုကြီးလိုတောင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရေ အားလုံး ကိစ္စပြီးလို့ အိမ်ပြန်ရင် ကျွန်တော် ပြန်လိုက်ပို့ပေးမယ်နော်"

ကိုလွင်မင်းက ကုဠေ ဘာမှမပြောရသေးခင် ကြိုပြောလိုက်လျှင် ကုဠေ အတော်ပင် ကသိကအောက်ဖြစ်သွားပါသည်။

"ဒီရေ မေမေ့နားမှာပဲ စောင့်ရင်စောင့်မယ်၊ ဒီည ပြန်ချင်မှ ပြန်မှာပါ"

"နှာ့(စ)လာမယ်လေ"

"ဒီရေ မေမေ့ကို တစ်ရက်လောက် စောင့်ချင်လို့"

"ဒီရေ အရမ်းပင်ပန်းနေမှာ၊ ဆေးရုံမှာဆိုတော့ အိပ်ရမယ့်နေရာလည်း မရှိဘူးလေ"

"ရပါတယ်၊ ဒီရေ အဆင်ပြေပါတယ်"

ထိုအချိန်မှာပင် ဒီရေ့မိခင် အတန်ငယ် လူးလွန့်လာပြီး မျက်လုံးအသာဖွင့်ကြည့်လေသည်။

"ဟော ... အန်တီ နိုးလာပြီ"

"ကိုလွင်မင်း ရောက်နေတယ်"

ဒေါ်ခင်ဒေဝီက ကိုလွင်မင်းကိုသာ အသိအမှတ်ပြုသလို လှမ်းနှုတ်ဆက်ပြီး ကုဠေ့ကိုတော့ တစ်ချက်ဝေ့ကြည့်ပါသည်။

"ကိုကုဠေလည်း ရောက်နေတယ် မေမေ"





"ဪ ..."

ဒီရေက ကုဠေ့ကို မိခင်ဖြစ်သူနဲ့ မိတ်ဆက်ပေးသလို အသိပေးပေမယ့် ဒေါ်ခင်ဒေဝီကတော့ သိပ်ဟက်ဟက်ပက်ပက် မရှိလှပဲ အသာအယာပဲ ခေါင်းညိတ်ပါသည်။

"အန်တီ ဘယ်လိုနေသေးလဲ ခေါင်းမူးနေသေးလား"

ကုဠေ တစ်ခွန်းလှမ်းမေးလိုက်တော့ ...

"ဟုတ်တယ်၊ ခေါင်းမူးသေးတယ်"

ဟု ဖြေပါသည်။

"အန်တီလည်း နားချင်မှာပေါ့၊ ကိုယ်တို့ပြန်ကြရင် ကောင်းမယ်နော် ဒီရေ"

"ကိုကုဠေ့ သဘောပါ"

"ဒီရေ ဒီည ဆေးရုံမှာ နေမှာသေချာလား၊ မနေဖြစ်ရင် ကိုယ့်ကို ဖုန်းဆက်လိုက်၊ ကိုယ် လာခေါ်ပြီး အိမ်ပြန်ပို့ပေးမယ်"

ကုဠေ တမင်ပဲ ကိုလွင်မင်းရှေ့မှာ ပြောချလိုက်ပါသည်။ ကိုလွင်မင်းက သူတို့ကို အကဲခတ်ကြည့်နေပါသည်။

"ဒီရေ မေမေ့အနားမှာ နေမှာပါ"

"ဒါဆို ပြန်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကုဋ္ဌေ ကိုလွင်မင်းကို တမင်ပဲ ခေါ်ထုတ်လိုက်သည်။

"ဒီရေ ဘာလိုသေးလဲမသိဘူး၊ ကျွန်တော် စောင့်ပေးလိုက်ဦးမယ်"

ကိုလွင်မင်းကလည်း လွယ်လွယ်ကူကူ လက်မခံပါ။ မပြန်သေးချင်ကြောင်းပြောသည်။

"ဒီရေ ဘာမှ မလိုတော့ပါဘူး၊ ကျေးဇူးတင်ပါတယ် ကိုလွင်မင်း၊ အားလုံးအတွက် ကျေးဇူးတင်တယ်၊ ကိုလွင်မင်း ရောက်လာပြီး စီစဉ်ပေးတာတွေကြောင့်လည်း ဒီရေ မပင်ပန်းဘဲ အဆင်ပြေပြေနဲ့ မေမေ့ကိစ္စလုပ်နိုင်သွားတာပါ"

"ရပါတယ် ပြောရမယ့်သူတွေမှ မဟုတ်တာ"

အနည်းငယ် နှုတ်ဆက်စကားဆက်ပြောဆိုပြီးသော အခါမှ ဆေးရုံထဲက အတူထွက်လာကြသည်။ ကိုလွင်မင်းက ကုဋ္ဌေ့ကို အပြင်ရောက်ရောက်ချင်းပဲ ...

"ကိုကုဋ္ဌေ ခင်ဗျားကို ကျွန်တော် တစ်ခုမေတ္တာရပ်ခံတယ်ဗျာ၊ ဒီရေ့ကို အနှောင့်အယှက်မပေးပါနဲ့"

ဟု ပြောလိုက်လျှင် ကုဋ္ဌေ ထောင်းခနဲ ဒေါသဖြစ်သွားပါသည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ"





"ဒီရေ့ကို ကျွန်တော် စတွေ့ခါစက အထင်သေးပြီး တွေ့ကရာ ပြောချင်ရာပြောမိတာတွေ ရှိခဲ့ရင်ရှိခဲ့မယ်၊ ဒါပေမဲ့ ခုချိန်မှာတော့ ကျွန်တော်ဟာ ဒီရေ့ကို တကယ်တန်ဖိုးထားပြီး လက်ထပ်ဖို့တောင် ရည်ရွယ်ထားပြီး ဖြစ်နေပြီလေ၊ ဒီတော့ ကိုကုဋ္ဌေအနေနဲ့ ကျွန်တော်လက်ထပ်မယ့် မိန်းကလေးကို အနှောင့်အယှက်မပေးစေချင်ဘူး၊ ကိုကုဋ္ဌေလည်း မကြာခင် လက်ထပ်တော့မယ်သူဆိုတော့ ကိုကုဋ္ဌေဟာ ဘယ်လိုနည်းနဲ့မှ ဒီရေ့ကို ပတ်သက်ဖို့ မသင့်တော့ဘူး ထင်တယ်"

"ကျွန်တော် ဒီရေ့ကို ချစ်တယ်"

"ဟား ဟား ... ကိုကုဋ္ဌေမှာ လက်ထပ်မယ့်မိန်းမတစ်ယောက် အဆင်သင့်ရှိရက်နဲ့ ဒီရေ့ကို ချစ်တယ်လို့ ပြောသင့်ပါ့မလားဗျာ"

"ဘာကြောင့် မပြောသင့်ရမှာလဲ၊ ကျွန်တော် ဒီရေ့ကို လက်ထပ်မယ်"

"ဒါဆို ကိုကုဋ္ဌေ့မိဘတွေက အမွေဖြတ်မယ်ဆိုတဲ့အချက်ကို ကိုကုဋ္ဌေ ရင်ဆိုင်ရလိမ့်မယ်လေ"

"ကျွန်တော် အားလုံးကို စွန့်လွှတ်ပြီး ထွက်လာခဲ့မယ်လို့ ဆုံးဖြတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com


"သေချာရဲ့လားဗျာ"

"ဒါ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စပါဗျာ၊ ခင်ဗျား ဝင်မပါပါနဲ့၊ ဒီရေကလည်း ကျွန်တော့်ကိုချစ်တယ်၊ ကျွန်တော်လည်း ဒီရေ့ကိုချစ်တယ်၊ ကျွန်တော်တို့ကြားမှာ ဘာမှမလိုဘူး"

"ကျွန်တော်ကတော့ ချစ်တယ်တွေဘာတွေ ပါးစပ်ကအော် မနေပါဘူးဗျာ၊ ကျွန်တော် ချစ်တဲ့သူကို လက်ထပ်တဲ့အခါ သေသေချာချာ မင်္ဂလာဆောင်နှင်းပြီးလက်ထပ်မယ်၊ သူ့ကို အိမ်တစ်ဆောင် မီးတပြောင်နဲ့ထားမယ်၊ သူ ဘတ်(စ)ကား စီးနေရတဲ့ဘဝကနေ ကျွန်တော့်ကြောင့် ကိုယ်ပိုင်ကားစီး ရတဲ့သူအဖြစ် မြှင့်တင်ပေးမယ်၊ ဒါ ကျွန်တော့်ရဲ့အချစ်ပဲ၊ ကဲ ... ကိုကုဋေ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ကိုလွင်မင်း၏ အဓိပ္ပာယ်ပါပါပြောသွားသော စကားတွေက ကုဋေ့ရင်ထဲကို တိုက်ရိုက်လာထိသလို ဖြစ်သွားပါသည်။ ကုဋေကတော့ မိဘပိုင်ဆိုင်မှုတွေကို စွန့်ပြီး ဒီရေ့ဆီ ထွက်လာရမှာမို့ ဒီရေဟာ လက်ဗလာနဲ့ ရောက်လာမယ့် ချစ်သူကို ပိုင်ဆိုင်ပြီး လောကကြီးရဲ့အခက်အခဲတွေကို အတူရင်ဆိုင်ရတော့မယ်ဆိုတဲ့သဘော။ ကိုလွင်မင်းနဲ့သာ ဆိုရင်တော့ ဒီရေ့ဘဝဟာ ပိုမြင့်သွားပြီး တင့်တင့်တယ်တယ်ပိုဖြစ်သွားနိုင်တဲ့ အခြေအနေကိုရောက် ရမယ့်သဘောတွေပါသဖြင့် ကုဋေ့ကို စိန်ခေါ်သလိုဖြစ်သွားပါသည်။

ကုဋေသည် ခုထိတိုင် ဝေခွဲမရဖြစ်နေသေးသော သူ့ကိုယ်သူလည်း မုန်းသလို ကိုလွင်မင်းဆီက အကူအညီကို လက်ခံသော ဒီရေ့ကိုလည်း မကျေမနပ် ဖြစ်နေမိလေသည်။ တကယ်ဆို ဒီလူနဲ့ ကင်းကင်းရှင်းရှင်းနေရမှာ။ ဒီရေ့ကို ပြောပြီး ရှင်းချင်ပေမယ့် ဒီရေ့မှာလည်း အမေ့ကျန်းမာရေးကိစ္စနဲ့ စိတ်ရှုပ်နေရမှာမို့ ဘာမှ ဆက်ပြောမနေတော့ဘဲ လှည့်ပြန်ခဲ့ရတာလည်း ဖြစ်သည်။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com

## ၂၂

ရုတ်တရက် ကြားလိုက်ရသော အကြောင်းအရာကြောင့် ကုဋေ အံ့ဩသွားပါသည်။ တုန်လည်းတုန်လှုပ်သွားမိပါသည်။

"မင်းကသားအားလုံးကို စွန့်လွှတ်နိုင်ပေမယ့် မေမေကတော့ မင်းကို မစွန့်လွှတ်နိုင်ဘူး၊ အဆုံးရှုံးမခံနိုင်ဘူး၊ မင်းလုပ်ချင်ရာလုပ်သွားခဲ့ရင် မင်းအဖေကတော့ ပြတ်သားနိုင်ပေမယ့် မေမေ မပြတ်သားနိုင်ဘူး၊ ဒီတော့ ဒီကိစ္စကို မေမေပဲ ဆုံးဖြတ်ပြီး စီစဉ်တာပဲ၊ မင်း မေမေ့ကိုချစ်ရင် မေမေစိတ်ချမ်းသာတာကို လက်ခံပါ ကုဋေ"

ဒီနေ့ နေ့လယ်တစ်နာရီမှာ သီရိစန္ဒာသူနှင့် လက်မှတ်ထိုး လက်ထပ်ရတော့မည်ဟု ချက်ချင်း စီစဉ်လိုက်နိုင်သော မေမေ့ကို ကုဋေ လျှော့တွက်ခဲ့မိသည်။ အိမ်ထောင်သက်တစ်





လျှောက်လုံး ယောက်ျားဖြစ်သူရဲ့ ဩဇာကိုနာခံကာ အမြဲဖြည့်ဆည်းပေးခဲ့သော မေမေဟာ ဘယ်တုန်းကမှလဲ ဖေဖေစီစဉ်တာကို ကျော်လွန်လေ့မရှိသူ ဖြစ်ပါသည်။ အခုကျမှ မေမေ ချက်ချင်းထ, စီစဉ်လိုက်နိုင်တာကို အံ့ဩမဆုံး ဖြစ်နေခဲ့သည်။

"မင်္ဂလာပွဲကိုတော့ သတ်မှတ်ထားတဲ့ရက်မှာ ကျင်းပမယ်၊ လက်မှတ်ထိုးပွဲကိုသာ အခုလို အိမ်မှာ ချက်ချင်းစီစဉ်မယ်ဆိုတာ သီရိကလည်း နားလည်လက်ခံတာယ်ပေါ့ ဟုတ်လား မေမေ၊ သူက မင်္ဂလာပွဲအကြီးကြီး ငါးပွဲလောက်လုပ်ဖို့ မှန်းထားခဲ့တဲ့သူလေ"

"ငါးပွဲနဲ့ လေးပွဲက ဘာမှ မကွာပါဘူးတဲ့၊ သူ လက်ခံပါတယ်၊ ဒါပေမဲ့ သူများတွေလုပ်တဲ့ငါးပွဲထက် သူ့ရဲ့လေးပွဲက သာရမယ်လို့တော့ ပြောတယ်၊ သီရိက နားလည်မှုရှိတဲ့သူပါ၊ မေမေ ချက်ချင်း စီစဉ်တာကို ကျေနပ်ပါတယ်တဲ့"

"ဟား ဟား … ကျေနပ်မှာပေါ့၊ သူက ဒီမိသားစုဝင်ဖြစ်ဖို့ကို သိပ်လိုလား မက်မောနေတဲ့သူလေ၊ သူ သားကိုတကယ်မေတ္တာမရှိပါဘူး မေမေ၊ သူကိုယ်တိုင် ထုတ်ပြောတယ်၊ သူက မြတ်ဘုန်းခေါင်မိသားစုရဲ့ချွေးမတစ်ယောက်ဆိုတဲ့နာမည်ကို လိုချင်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှ ငြင်းမနေနဲ့ သားရယ်၊ သား သဘောကျတဲ့မိန်းကလေးကို မေမေ ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့ သီရိလောက်မှ မျိုးရိုးဂုဏ်မရှိ၊ ပညာအရည်အချင်းလည်း မယှဉ်နိုင်တဲ့ သူဆိုတော့ သားလိုလူနဲ့ ဘယ်လိုမှ မလိုက်ဖက်ပါဘူး၊ မေမေတို့ အသိုင်းအဝိုင်းမှာ ဘယ်လိုမှ မဝင်ဆန့်ပါဘူး"

"ကျွန်တော့်ကို စဉ်းစားခွင့်၊ ဆွေးနွေးခွင့်တောင် မပေးတော့ဘူးလား"

"မင်းစဉ်းစားနေလည်း တွေဝေတာနဲ့တင် အဖြေကထွက်လာမှာမဟုတ်ဘူး၊ တစ်နေ့ကျရင် မင်း အဲဒီလိုတွေဝေနေမှုကြောင့် သီရိရော မင်းချစ်တဲ့မိန်းကလေးရော စိတ်ဆင်းရဲရတဲ့အခြေအနေတွေ ရောက်သွားရနိုင်တယ်"

ကုဋ္ဌေမှာ ဘာဆက်လုပ်ရမှန်းမသိ ခေါင်းငိုက်စိုက်နေတော့သည်။ ဒီရေ့ဆီ ချက်ချင်းထထွက်ရမလားလို့ အကြိမ်ကြိမ် အခါခါ စဉ်းစားပေမယ့် အဖြေမရ။ ပါးစပ်ကသာ ခုချက်ချင်း အားလုံးကိုစွန့်လွှတ်ပြီး ထွက်လာခဲ့မယ် ပြောနေပေမယ့် တကယ်ထွက်လာဖို့ကျတော့ သူ သတ္တိမရှိပါ။ သူ တကယ်တော့ မစွန့်လွှတ်ရဲ၊ မွေးကတည်းက ရွှေလင်ပန်းနဲ့ အချင်းမဆေးရုံတမယ် ပြုစုစောင့်ရှောက်ခံပြီး သူများကို လက်ညှိုးထိုး စေခိုင်းခဲ့သူက ဒီအခွင့်အရေးတွေကို အဆုံးရှုံးခံနိုင်ဖို့ဆိုတာ တော်တော်ခဲယဉ်းပါသည်။





နောက်ဆုံးတော့ ဝေခွဲမရနေတာနဲ့ပဲ အခန်းထဲမှာ အောင်းမိကာ ထိုင်လိုက် ထလိုက်၊ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်ပြီး တစ်ယောက်တည်း စကားပြောလိုက် ဖြစ်နေပါသည်။

"ခေါက် ... ခေါက်"

"ဝင်ခဲ့ ရတယ်"

အပြင်ကလူ ဝင်မလာပါ။ ခေါင်းတစ်လုံး ဝင်လာပြီး ...

"ဦးကုဋ္ဌေ အဆင်သင့်ဖြစ်ရင် ဆင်းလာပါတဲ့"

အိမ်ဖော်မိန်းကလေးက လာပြောတာဖြစ်သည်။ ဒီရေ့အတွက် စွန့်စားဖို့ ဘာမှအဖြေမရှိသော သူ့ကိုယ်သူမုန်းတီးစွာ စိတ်ထဲမှာ ဆဲဆိုလိုက်မိပါသည်။ တကယ်ဆို မေမေက ဒီနေ့နေ့လယ် လက်မှတ်ထိုးရမယ်လို့ ပြောထားခဲ့ပေမယ့် သူ့ကိုချုပ်ချယ်ပိတ်လှောင်ထားခဲ့တာလည်း မဟုတ်။ သူ ထွက်သွားချင်ရင် ထွက်သွားနိုင်ခဲ့သားပဲ။

သူ တွေဝေလွန်းခဲ့တယ်။ ဒါကြောင့် မေမေက ဝေဖန်တာ။ စဉ်းစားတွေဝေနေတယ်တဲ့။

နောက်ဆုံးတော့ ကုဋ္ဌေဟာ သင့်တင့်ရုံ အဝတ်အစားတစ်စုံ ကောက်လဲပြီး အိမ်အောက်ထပ်ကို ဆင်းလာခဲ့ရပါသည်။


www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်ညှော်ခန်းကျယ်မှာတော့ ဦးရဲကျော်သူနှင့် သီရိစန္ဒာသူတို့ကို တွေ့ရသည်။ ဖေဖေနဲ့ မေမေလည်း ရှိနေသည်။ ဦးရဲကျော်သူတို့ဘက်က ပါလာသော ဆွေမျိုးထင်ရသည့် စုံတွဲတစ်တွဲလည်း ရှိနေသည်။ ကုဋေတို့ဘက်မှာတော့ ကုဋေ့အဒေါ်လင်မယား ရောက်လာတာကို ကုဋေ အောက်ဆင်းလာမှ တွေ့ရသည်။ သူတို့ အိမ်ထဲရောက်တဲ့အချိန်နဲ့ ကုဋေဆင်းလာချိန် အတူတူနီးပါး ဖြစ်သွားပါသည်။

ကုဋေလည်း ဖေဖေ၊ မေမေ့နား ဝင်ထိုင်လိုက်ရတော့သည်။

"တရားသူကြီးကို သွားကြိုနေပြီ၊ နောက်ငါးမိနစ်ကြာရင် ရောက်မယ်တဲ့"

ဖေဖေ၊ မေမေ့ကားကို မောင်းပေးနေကျ ဒရိုင်ဘာက တရားသူကြီး သွားပင့်နေပုံရသည်။ ဖေဖေ၊ မေမေစီးသောကားမှာ နောက်ဆုံးပေါ် မာစီဒီး(စ)ဖြစ်သဖြင့် တရားသူကြီးကို တင့်တင့်တယ်တယ်ဖြစ်စေဖို့ ဒီကားနဲ့ သွားကြိုခိုင်းတာလည်းဖြစ်မည်။ ဖေဖေ မေမေတို့က ကားမောင်းတတ်ပေမယ့် ဘယ်တော့မှမမောင်း။ ကားနောက်ခန်းမှာသာ အေးအေးဆေးဆေး လိုက်စီးသလို ကားကို အမြန်မောင်းတာလည်းမကြိုက်။ ညင်ညင်သာသာမောင်းမှ ကြိုက်သည်။





"သွားရတဲ့ခရီးကို သက်သောင့်သက်သာလေး ဖြစ်ချင်လို့ ဓိမ်ခံကားစီးတာပေါ့ကွာ၊ အဲဒါကို အလျင်စလိုမောင်းနေရင် ဘယ်လိုလုပ် စီးသင့်တော့မလဲ"

တစ်ခါကတော့ ကားကို ဘယ်တော့မှ ညင်ညင်သာသာ မောင်းလေ့မရှိဘဲ ဘာကိုအလျင်လိုမှန်းမသိ လိုနေသော ဒရိုင်ဘာတစ်ယောက်ကို အလုပ်ဖြုတ်ဖူးလေသည်။

ခုလည်း ဖေဖေ၊ မေမေတို့အကြိုက် ရွေးခန့်ထားသော ဒရိုင်ဘာက ကားကို အေးဆေးညင်သာစွာမောင်းရင်း သွားခေါ်သဖြင့် တရားသူကြီး ရောက်မလာနိုင်သေးပုံရသည်။

ကုဋေကတော့ သီရိကိုပဲ ခပ်တည်တည် မျက်လုံးချင်းဆိုင်ကြည့်ပါသည်။ သီရိကလည်း စိန်ခေါ်သလို မျက်လုံးတွေနဲ့ပြုံးရင်း ပြန်ကြည့်သည်။ သားကကြည့်ရင်တော့ လက်မှတ်ထိုး လက်ထပ်ခါနီး တစ်ယောက်နဲ့တစ်ယောက် အပြုံးချင်း၊ အကြည့်ချင်း ဖလှယ်နေကြသည်ဟု ထင်ကြမှာပင်။ အတွင်းရေးအခြေအနေကို ကုဋေ့မိဘရယ်၊ သီရိတို့သားအဖရယ်သာ သိထားလေရာ နှစ်ဖက်ဦးလေးအဒေါ် စုံတွဲတွေကတော့ ဘာမှသိပုံမရ။

"ဒီနှစ်ယောက်က သိပ်ကိုလိုက်ဖက်ပါတယ်၊ နတ်ဖန်ဆင်းတဲ့စုံတွဲလို့ပဲ ပြောရမယ်နော်၊ နှစ်ဖက်စလုံး မျိုးရိုးကလည်းကောင်း၊ ရုပ်ရည်ကလည်း သန့်ပြန့်နေတာ။ သူတို့စုံတွဲကို

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမှ မယှဉ်နိုင်ဘူး၊ သူ့ရဲ့တင့်တယ်မှုကို ဘာနဲ့မှနှိုင်းလို့မရဘူး"

ဟု ချီးကျူးခန်း ဖွင့်နေသည်။

"မြတ်ဘုန်းခေါင်မိသားစုရဲ့ ဘီတွေ ဘင်တွေ ဝတ်စားခဲ့တဲ့ ဘုရင်ချီးမြှင့်ခဲ့တဲ့ ခြိုလ္ဘာနဲ့ ဘွဲ့ထူးဂုဏ်ထူး အဆောင်အယောင်တံဆိပ်တွေကို သားကုဋေကို ဆင်ပေး၊ သီရိကိုလည်း သူ့အမေဘက်က စော်ဘွားမင်းသမီးတွေဝတ်တဲ့ ဝတ်စုံဆင်ပေးပြီး ပန်းချီကားလှလှကြီးတစ်ချပ်ဆွဲရမယ်။ ဂန္ဓဝင်ပန်းချီကားပုံမျိုးပေါ့"

ဟူ၍ ပန်းချီကားတွေကို စိတ်ဝင်စားပြီး စုဆောင်းရတာ ဝါသနာပါသော ကုဋေ့အဒေါ်၏ယောကျ်ားက သူ့အကြံအစည်ကို ပြောပြနေသည်။

ထိုအချိန်တွင် တရားသူကြီး ရောက်လာပါသည်။ ဒရိုင်ဘာက ဟန်းဖုန်းဖြင့် ကြိုဆက်ထားသဖြင့် ဘယ်အချိန်ရောက်မယ်ဆိုတာ အတိအကျ သိနေတာကြောင့် အဆင်သင့် ကြိုနေနိုင်သည်။

"ကြွပါ ... ကြွပါ ... တရားသူကြီးမင်းကို အခုလို ဖူးမြင်စားကြီးပင့်ရ၊ အစီအစဉ်တွေလုပ်ရ ဆိုတော့ အားတောင်နာပါတယ်"





"ရပါတယ် ... ဒီလိုပဲပေါ့၊ မင်္ဂလာကိစ္စဆိုတာက စီစဉ်စရာတွေများတော့ အဆင်ပြေဆုံးတစ်ပွဲကို စီစဉ်ထားလိုက်တာလည်း ကောင်းတာပေါ့"

တရားသူကြီး သီးသန့်ထိုင်သောခုံကို နေရာချပေးပြီးသောအခါ ...

"ကဲ ... သတို့သား သတို့သမီးက တွဲရက်ထိုင်လိုက်ပါ"

ကုဋေဟာ အိမ်မက်ထဲမှာ လမ်းလျှောက်နေသူလိုပဲ ခြေလှမ်း လှမ်းမိနေသည်။

တရားသူကြီးကတော့ လုပ်ထုံးလုပ်နည်းအရ သူပြောသင့်သော ဥပဒေအကြောင်းအရာနှင့်ဆိုင်သည့် စကားတချို့ကို စပြောပါသည်။ ကုဋေ့စိတ်တွေကတော့ အဝေးကိုလွင့်နေသည်။ ဒီရေ့ သူ့အမေ ဆေးရုံကဆင်းခါစမို့ အိမ်မှာရှိနေမလား၊ ဒါမှမဟုတ် အလုပ်မသွားရင် မဖြစ်တာမို့ အလုပ်မှာရောက်နေပြီလား။ အခုပဲ ဒီရေ့ဆီ ထွက်သွားလိုက်ရင် ဘာတွေဖြစ်ကုန်မလဲ။ အခုထွက်သွားခဲ့ရင် တကယ့်ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်သွားရမှာ။ လက်ထဲမှာ ဘာမှမပါဘဲ ငါ ဘာလုပ်တတ်မလဲ။ ဘာကိုလုပ်ရဲမလဲ။ သီရိကို လက်မှတ်ထိုးပေးလိုက်ရင် သူ ငါ့ရဲ့တရားဝင်ဇနီးမယား ဖြစ်သွားပြီ။ ဒါတော့ ဒီရေ့ကို လက်ထပ်ချင်လို့ မရတော့ဘူး။


www.burmeseclassic.com

www.burmeseclassic.com

ခုချိန် ပြင်လို့ရသေးတယ်။ ဒီကိစ္စကို သဘောမတူပါဘူးလို့ ထပြောရင် ရသေးတယ်။ ကုဋေ ရင်တွေ တထိတ်ထိတ်ခုန်လာသည်။ တရားသူကြီး ကမ်းပေးသော လက်ထပ်စာချုပ်ကို ငုံ့ကြည့်ပြီး သူ လက်မှတ်ထိုးရမည့်နေရာမှာ မထိုးဘဲ အကြာကြီးကြည့်နေမိသည်။

"သား လက်မှတ်ထိုးလိုက်ပါ"

မေမေ့အသံက အမိန့်သံဆန်ဆန် ထွက်လာသည်။ ယောင်ပြီး ဘောလ်ပင်နဲ့ကို ကောက်ကိုင်လိုက်မိပါသည်။

"လက်မှတ်ထိုးလိုက်ပါ သားရယ်။ ဘာမှ တွေဝေစရာလဲ မရှိတော့ဘူး။ ဒါ သားတကယ်လျှောက်ရမယ့် လမ်းစစ်စစ်ပါ"

မေမေက ခပ်တိုးတိုးကပ်ပြောသည်။ ကုဋေ အကြာကြီး အချိန်ယူနေသဖြင့် သီရိစန္ဒာသူ မျက်စိမျက်နှာပျက်လာသည်။ ငိုတော့မလိုမျက်နှာနှင့် သူမ၏အဖေကို လှည့်ကြည့်သည်။

"ဘာမှစိတ်မပူနဲ့ သမီး။ သမီး ဖြစ်ချင်တာ ဖြစ်မှာပါ"

ဦးရဲကျော်သူက ခပ်တိုးတိုးအသံဖြင့် သူ့သမီးအနားကပ်ပြောပါသည်။ နှစ်ဖက်ဦးလေးအဒေါ် စုံတွဲတွေပင် အခြေအနေကို တအံ့တဩ ဖြစ်နေသဖြင့် တိတ်ဆိတ်ပြီး ကြည့်နေသည်။





တရားသူကြီးကတော့ ဘာဆိုဘာမှ ပြောမနေတော့ဘဲ အခြေအနေကို နားလည်စွာ စောင့်ဆိုင်းပေးပါသည်။ သူ့အတွက် ဒီလိုအခြေအနေမျိုးပေါင်း အနည်းနဲ့အများတော့ ကြုံဖူးခဲ့၍ဖြစ်မည်။ လက်မှတ်ထိုး လက်ထပ်လိုက်ခြင်းဆိုတဲ့ အရာမှာ တစ်ဦးနဲ့တစ်ဦး ချစ်လို့၊ ဒါမှမဟုတ် မချစ်ကြဘဲ မိဘသဘောတူစေခိုင်းလို့ စသဖြင့်တွေ ဖြစ်နိုင်ချေရှိတာမို့ သူကတော့ အခြေအနေကို စိတ်ရှည်ရှည်စောင့်ကြည့်ပေးပါသည်။

နောက်ဆုံးတော့ ကုဋေသည် တစ်စုံတစ်ရာကို စိတ်ဆုံးဖြတ်လို့ ရသွားဟန်ဖြင့် လက်မှတ်ကိုထိုးလိုက်တော့လေသည်။ ဒီတော့မှ တိတ်တဆိတ် သက်ပြင်းချသံသဲ့သဲ့တွေ ပြိုင်တူနီးပါး ထွက်လာကြတော့လေသည်။

သီရိစန္ဒာသူကလည်း ဝမ်းသာအားရပင် သူမ၏လက်မှတ်လှလှလေးကို ထိုးလိုက်ပါသည်။ မြတ်ဘုန်းခေါင်ကုဋေနှင့် သီရိစန္ဒာသူ ဟူသော အမည်နာမနှင့် လက်မှတ်တွေဟာ အကောင်းစားကတ္တီပါလက်ထပ်စာချုပ်ထဲတွင် ရောက်ရှိသွားပါသည်။

တရားသူကြီး၏ မှတ်ပုံတင်စာရင်းထဲတွင်လည်း ဝင်ရောက်သွားခဲ့လေပြီ။

"မစ္စစ်မြတ်ဘုန်းခေါင် ဖြစ်ချင်လို့ကို ငါ ဒီအစီအစဉ်ကို လက်ခံတာ ကုဋေ၊ ငါ့အတွက်တော့ ဒါဟာ ကောင်းတော်


www.burmeseclassic.com

www.burmeseclassic.com

ကြီးကို လျှော့ပေးလိုက်ရတာပဲ။ လက်မှတ်ထိုးပွဲကို အင်းလျားလိတ်မှာ တစ်ပွဲလုပ်ဖို့ အစီအစဉ်ဆွဲထားတာပါ။ အခုတော့ တစ်ပွဲလျှော့လိုက်ပြီပေါ့။ အဲဒါ နှင့်ကြောင့်ပဲ"

"အဲဒါ နှင့်ကြောင့်ပါ သီရိ။ နင် တမင် ဒီအစီအစဉ်ကို မေမေ့ကို အကြံပေးတာ မဟုတ်လား။ မေမေ့ဘာသာဆို ဒီလိုစိတ်ကူးပေါ်လာစရာ မရှိဘူး"

"ငါ ပြောပြီးသားလေ၊ ငါ နှင့်ကိုမရ,ရအောင်ယူမယ်လို့။ မစ္စစ်မြတ်ဘုန်းခေါင် ဖြစ်ချင်လို့ကို လုပ်တာ"

"အေး ... နင် ဘယ်တော့မှ နောင်တမရပါစေနဲ့"

ကုဋေ ဒေါသတကြီး ထွက်လာကာ ကားကိုမောင်းထွက်ပြီး ဒီရေ့ဆီ ဦးတည်လိုက်ပါသည်။

○❤○





## ၂၃

အိမ်တံခါးဘဲလ်တီးသံကြောင့် တံခါးကိုဖွင့်လိုက်သောအခါတွင် တွေ့လိုက်ရသူကြောင့် ဒီရေ ငေးကြောင်သွားပါသည်။

"ဒီရေ ကိုယ်ပါ၊ ကိုယ် ခဏဝင်ခဲ့ချင်တယ်"

"မေမေ အခုမှ ဆေးရုံက ဆင်းခါစမို့ သိပ်နေလို့မကောင်းဘူး ကိုကုဋေ၊ သူ့ စိတ်ဆင်းရဲရမှာမျိုးတွေတော့ မပြောပါနဲ့နော်"

"မပြောပါဘူး၊ ကိုယ် အရေးတကြီး ဆွေးနွေးစရာရှိလို့ပါ"

ဒီရေသည် ကုဋေ့ကို မရမက နှင်မလွှတ်ရက်တာမို့ အထဲဝင်ခွင့် ပေးလိုက်ပါသည်။

"ဘယ်ကဧည့်သည်လဲ သမီး"

အခန်းတွင်းမှ ဒီရေ့အမေအသံကို ကြားရသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကိုကုဋ္ဌေပါ မေမေ"

"ဩော်"

"အန်တီ့ကို သတင်းမေးလာတာပါ"

ကုဋ္ဌေကပါ အသံပြုရင်း ပြောလိုက်ပေမယ့် တုံ့ပြန်သံ မကြားရပါ။ ဒေါ်ခင်ဒေဝီက ကုဋ္ဌေ့ကို သဘောမကျတဲ့သူ ဖြစ်လေသည်။ ကိုဋ္ဌေ ရောက်လာတာကို ကျေနပ်မယ့်ပုံမရပါ။

ကုဋ္ဌေ အိမ်ထဲ အသာဝင်ထိုင်လိုက်ပြီး ...

"တကယ်တော့ ကိုယ် ဒီရေ့ကို ခဏအပြင်ခေါ်ထုတ်သွားချင်လို့ ရောက်လာတာ"

ဟု ခပ်တိုးတိုး ပြောလိုက်သည်။

"ဘာကိစ္စလဲ"

"ကိုယ် ဒီရေနဲ့ တရားရုံးမှာ လက်ထပ်ထားချင်လို့"

"မဖြစ်နိုင်တာ"

"ဖြစ်နိုင်ပါတယ်၊ ကိုယ် ဒီရေ့ကို လက်ထပ်မှဖြစ်တော့မယ်"

ဒီရေ စိတ်ရှုပ်သလိုဖြင့် ...

"ကိုကုဋ္ဌေ ဆုံးဖြတ်ပြီးပြီလား၊ အားလုံးကို စွန့်လွှတ်မယ်လို့ ဆုံးဖြတ်ပြီးလို့ ပြောတာလား"

ဟု ဆက်မေးပါသည်။





"ဒီရေ့မေမေ ကြားသွားလိမ့်မယ်၊ ကိုယ်တို့ ခဏအပြင်ထွက်ပြီး ဆွေးနွေးရအောင်"

ဒီရေ ချီတုံချတုံ ဖြစ်နေပါသည်။ မေမေ့ကိုလည်း ဒီအကြောင်းအရာတွေ မကြားစေချင်ပါ။ ဒီတော့ ကုဋ္ဌေ အကြံပေးသလို အပြင်ခဏထွက်လိုက်သွားပြီး မကားပြောကြရင် ကောင်းမလား။

နောက်ဆုံးတော့ ဒီရေတစ်ယောက် ကုဋ္ဌေ့ကားပေါ်ပါလာခဲ့ရပါသည်။ ကုဋ္ဌေမှာ သူ့ကိုယ်သူ ဘာတွေလုပ်လို့ လုပ်နေမှန်းမသိ။ ဒီရေ့ကို ခေါ်ထုတ်လာပြီး တရားရုံးမှာ လက်မှတ်ထိုးဖို့ တိုင်ပင်မည်။ ဒီရေ သဘောတူလျှင် လက်မှတ်ထိုးမည်။ ဒါဟာ တရားမျှတသလား။ မမျှတသလား မသိပေမယ့် ဒီရေ့ကို ပိုင်ဆိုင်ချင်တာ တစ်ခုတည်းနဲ့ လုပ်ချင်ရာလုပ်မိသလို ဖြစ်နေပါသည်။

"ကိုကုဋ္ဌေ ဘာကြောင့် အလောတကြီး ဒီနေ့ကျမှ လက်မှတ်ထိုး လက်ထပ်မယ်ဆိုပြီး ဒီရေ့ဆီ ရောက်လာရတာလဲ။ ဒီရေ မယုံဘူး။ ကိုကုဋ္ဌေ့မှာ လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိနေတယ် မဟုတ်လား"

"ကိုယ် တစ်ခုပဲမေးမယ်။ ဒီရေ ကိုယ့်ကို ချစ်လား"

"........"


www.burmeseclassic.com

www.burmeseclassic.com

"ရဲရဲသာဖြေလိုက်ပါ ဒီရေ။ ဘာမှတွေဝေမနေပါနဲ့"

"ဒီရေ မတွေဝေပါဘူး။ အဲဒီအဖြေအတွက် ဘယ်တုန်းကမှ မတွေဝေခဲ့ဘူး"

"ဒါဆို ကိုယ်ကြားချင်တယ်"

"ဒီရေ ... ကိုကုဋေကို ချစ်တယ်"

"ဟုတ်ပြီ၊ ကိုယ်လည်း ဒီရေ့ကိုချစ်တယ်၊ အဲဒီတော့ ဘာမှတွေဝေနေစရာ မလိုဘူး၊ နှစ်ခါထပ်စဉ်းစားနေရာ မလိုဘူး ကိုယ်တို့ လက်ထပ်ကြမယ်၊ ပြီးမှ အရာအားလုံးကို ရင်ဆိုင်ဖြေရှင်းမယ်"

"ကိုကုဋေ အားလုံးကို စွန့်လွှတ်ရုံပဲလေ၊ ဘာတွေကိုရင်ဆိုင်ရမှာမို့လဲ"

ဒီရေ့မေးခွန်းအတွက် အဖြေကို မပေးနိုင်ခင့်မှာပင် ကုဋေ့မိုဘိုင်းလ်ဖုန်းခေါ်သံ မြည်လာသည်။ ဖုန်းကို ယူကြည့်လိုက်တော့ သီရိစန္ဒာသူ ခေါ်တာဖြစ်ကြောင်းသိလျှင် ကုဋေ ဖုန်းကို မဖြေပါ။ ဒီတော့ ဖုန်းက ဆက်ကာ ဆက်ကာ အသံမြည်နေတော့လေသည်။

"ဘယ်သူ့ဖုန်းလဲ ဖြေလိုက်ပါလား ကိုကုဋေ"

"မဖြေဘူး ဒီရေ။ အဲဒီဖုန်းကို လုံးဝမဖြေချင်ဘူး"





"ဘယ်သူလဲ"

"ဒီရေ မသိချင်ပါနဲ့"

ထိုအချိန်တွင် ဒီရေ့ ဟန်းဘက်(ခ)အိတ်ထဲက မိုဘိုင်းလ်ဖုန်း အသံမြည်လာပါသည်။ ဒီရေ သိချင်စွာနဲ့ အိတ်ကို ဖွင့်ပြီး ဖုန်းကိုထုတ်ယူလိုက်လေရာ ဒီရေ တစ်ခါမှမမြင်ဖူးသော ဖုန်းနံပါတ်တစ်ခုကို တွေ့လေသည်။

"ဘယ်သူလဲ မသိဘူး၊ ဒီရေ့ဖုန်းကို ခေါ်တယ်"

"ခုချိန်မှာ ဘယ်ဖုန်းကိုမှ မဖြေတာ အကောင်းဆုံးပဲထင်တယ်"

"ဒီရေ ဖြေရလိမ့်မယ်၊ ခွဲစိတ်ပြီး ဆေးရုံကဆင်းခါစ မေမေ့ကို အိမ်မှာ တစ်ယောက်တည်း ထားခဲ့ရတာ။ ဒီရေ ဖြေမှဖြစ်မယ်၊ ဒါဟာ တစ်ယောက်ယောက်ဆီက အရေးကြီးလို့ ဆက်တဲ့ဖုန်းလည်း ဖြစ်နိုင်တာပဲ။ ဒီရေ ဒီဖုန်းကို ဖြေမယ်"

ဒီရေ ဖုန်းကိုဖြေလိုက်ပါသည်။

"ဟဲလို"

"ခင်ဒီရေလားဟင်"

"ဟုတ်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

"တို့က ကုဋ္ဌေ့ဟန်းဖုန်းကို ခေါ်နေတာ သူကမကိုင်လို့ ခင်ဒီရေ့ဖုန်းကို ဆက်လိုက်တာပါ။ ခင်ဒီရေ့ဖုန်းကို ဘယ်လိုလုပ် သိနေလဲလို့တော့ မမေးပါနဲ့။ တို့က ကုဋ္ဌေနဲ့ပတ်သက်သမျှ အကုန်စုံစမ်းပြီးသားမို့ ခင်ဒီရေ့ကို ကုဋ္ဌေက ပေးသုံးထားတဲ့ ဖုန်းနံပါတ်ကို သိနေတာ မဆန်းဘူးပေါ့နော်"

ဒီရေသည် ဖုန်းပြောနေသူမှာ သူ့ကိုယ်သူ ဘယ်သူဘယ်ဝါပါရယ်လို့ မပြောသေးပေမယ့် ဘယ်သူဖြစ်မလဲ ဆိုတာကို မှန်းဆ၍ ရသလိုလို ဖြစ်နေသည်။

"တို့ ဘယ်သူလဲဆိုတာ ပြောဖို့လိုမယ်ထင်တယ်။ တို့ သီရိစန္ဒာသူပါ။ ကုဋ္ဌေ့ရဲ့တရားဝင်လက်ထပ်ထားသော ဇနီးမယားပါ"

"ဟင် ... တကယ်လား"

ဒီရေမှ ထိုစကားကြောင့် ကုဋ္ဌေ့ကို ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

"တို့နဲ့ လွှန်ခဲ့တဲ့ နာရီပိုင်းအတွင်းကမှ တရားဝင်လက်မှတ်ထိုး လက်ထပ်သွားတာပါ။ သူ ခင်ဒီရေ့ဆီ ဘာစိတ်ကူးနဲ့ ထွက်သွားမှန်း မသိပေမယ့် တစ်စုံတစ်ခု ဆက်မဖြစ်ရအောင် မိန်းကလေးချင်း ကိုယ်ချင်းစာပြီး သတိပေးချင်တာပါ"





ဒီရေမှာ အံ့သြပြီး ကြောက်ခွဲရလွန်းလို့ ယူကျုံးမရဖြစ်ကာ ပြန်ပြောစရာစကား ကင်းမဲ့သလို ဖြစ်နေသည်။ ကိုယ်ချစ်တဲ့သူက ကိုယ့်အပေါ် ဒီလိုပုံစံမျိုးနဲ့ နစ်မွန်းစေတော့မှာပါလားလို့ တွေးကာ မျက်ရည်တွေ အလိုလိုကျလာသည်။ ရင်ထဲမှာနာပြီး ဆို့တက်လာကာ အသက်ရှူရတာတောင် မဝတော့သလို ဖြစ်လာသည်။

"ခင်ဒီရေ့ကို ရှောင်ပေးပါလို့ တောင်းဆိုတာမဟုတ်ဘူးနော်။ ခင်ဒီရေ ကျေနပ်ရင် ကုဋ္ဌေပေးတဲ့နေရာကို ဝင်ယူနိုင်တယ်၊ တို့က နံပါတ်တစ်နေရာကို ရပြီးပြီဆိုတော့"

"သိတယ် ... သိပါတယ်၊ ဒီရေ ဘာလုပ်ရမလဲဆိုတာကို သိပါတယ် မသီရိစန္ဒာသူ"

ဒီရေ ဖုန်းပြောရင်း နာမည်ကိုပါ ထည့်ပြောလိုက်လေရာ ကုဋ္ဌေ အံ့သြတုန်လှုပ်သွားသည်။

"သီရိ ... သီရိ ဟုတ်လား"

ဒီရေ ဖုန်းကို အသာပိတ်ချလိုက်ပြီး ...

"ကိုကုဋ္ဌေ ... လုပ်ရက်လိုက်တာ ကိုကုဋ္ဌေရယ်၊ ဒီရေ့ကို အဲဒီလောက်တောင် အထင်သေးလှချည်လား။ ဒီရေ့ကို နင် ဒီလိုနေရာနဲ့ပဲ တန်တယ်ဆိုတဲ့ သဘောနဲ့ ပို့ဖို့ကြိုးစားတာလား။ တကယ်တော့ ကိုလွင်မင်းထက်စာရင် ကိုကုဋ္ဌေကတောင် ပိုကြောက်စရာကောင်းတဲ့သူပါလား"


www.burmeseclassic.com

www.burmeseclassic.com

"သိရိ ... တောက်၊ သူ ဝင်နှောင့်ယှက်တာပေါ့လေ။ ဒီရေ့ကို ဖုန်းဆက်ပြီး ပြောတာပေါ့၊ ဟုတ်လား"

"သူ့ကို ဒီရေ ကျေးဇူးတောင်တင်တယ်"

"ကိုယ် သူ့ကို မလွဲသာမရှောင်သာလို့ လက်ထပ်ခဲ့တယ် ဒီရေ။ ဒါပေမဲ့ ဒီရေ့ကိုပဲ ကိုယ်ချစ်တယ်၊ ဒီရေသာ ကိုယ့်ရဲ့တရားဝင်ချစ်သူ၊ တရားဝင်ဇနီးမယား ဖြစ်ရမယ်"

"အဓိပ္ပာယ်မရှိတာတွေ ပြောမနေပါနဲ့ ကိုကုဋေ၊ ဒါ စိတ်ကူးယဉ်စရာ မဟုတ်ဘူး။ စိတ်ကူးယဉ်ပြီး လျှောက်လုပ်စရာ မဟုတ်ဘူး။ ဒီရေ လက်မခံဘူး"

"လက်မခံလို့ မရဘူး ဒီရေ။ ကိုယ် ဒီလိုမှမလုပ်ရင် ကိုယ်တို့ ဘယ်တော့မှ ပေါင်းရမှာ မဟုတ်ဘူး"

"မုန်းတယ် ... မုန်းတယ် ... ကိုကုဋေ့ကို မုန်းတယ်၊ ဒီရေ့ဘဝထဲကို ဝင်လာခဲ့တဲ့အတွက် မုန်းတယ်။ ဒီရေ အသက်သာ အသေခံမယ် ဘယ်တော့မှ သူများအမြှောင် မယားတော့ အဖြစ်မခံဘူး"

ဒီရေသည် ပြောပြောဆိုဆိုပင် အရှိန်ဖြင့်မောင်းနေသော ကား၏တံခါးကို ဖျတ်ခနဲဖွင့်ကာ ခုန်ဆင်းဖို့ ပြင်လိုက်တော့လေသည်။ ကုဋေမှာ ရုတ်တရက်မို့ အံ့သြပြီး မျက်လုံးတွေပြာသွားကာ ဒီရေ့ကို အလျင်အမြန် လှမ်းဆွဲလိုက်တော့သည်။



ထိုအခါ အရှိန်ဖြင့် မောင်းနေသောကားမှာ စတီယာရင် ဟန်ချက်ပျက်သွားပြီး ယိမ်းထိုးသွားပါတော့သည်။ ကားမှာ လူးကာလွန့်ကာဖြင့် တစ်ရှိန်ထိုးပင် လမ်းဘေးဘက်သို့ ဦးတည်သွားပါသည်။

ကုဋေမှာ ဒီရေ့လက်မောင်းကို မရမက ဖမ်းဆွဲထားရင်း ကားကို ရအောင်ထိန်းပေမယ့် ဒီရေ အတင်းရုန်းနေတာရော၊ ကားက မညီမညာသောလမ်းဘေးကို တစ်ဟုန်ထိုးပင် ထိုးကျသွားတာကြောင့်ရော ဘယ်လိုမှ ထိန်းလို့မရတော့ချေ။

"ဝုန်း ... ဒုန်း"

ဆိုသော အသံကျယ်ကြီးကို နောက်ဆုံးကြားလိုက်ပြီးသောအခါ ကုဋေသည် အမှောင်ထုတစ်ခုလုံး မဖုံးအုပ်သွားနိုင်ခင်မှာ ဒီရေ့ကို တင်းကျပ်စွာပင် ပွေ့ဖက်ထားနိုင်ခဲ့လေသည်။

"ဟာ ... ဟိုမှာ ကားတစ်စီး လမ်းဘေးထိုးကျသွားပြီ"

"ဟ ... ဟ ... သစ်ပင်ကြီးကို ဝင်တိုက်မိသွားပြီကွ"

"အရှိန်က နည်းတာမဟုတ်ဘူး"

"ဘရိတ်ပေါက်သွားတာများလားဟယ်"

"ကားခေါင်းတစ်ခုလုံး ရစရာမရှိဘူး ကြေမွသွားတာပဲ၊ ရှေ့ခန်းကလူတော့ ဘယ်လိုနေမယ် မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



လူတစ်အုပ်ကြီး ကားအနီးသို့ပြေးလာကာ အကူအညီပေးဖို့၊ ကားထဲမှာရှိနေသည့် သွေးခြင်းခြင်းနီနေသော လူနှစ်ဦးကို ကယ်ထုတ်ဖို့ ကြိုးစားရင်း တစ်ယောက်တစ်ပေါက် ပြောသံများ ဆူညံနေတော့လေသည်။

ဒီရေမှာတော့ သူမကိုယ်သူမ ဘာဖြစ်သွားမှန်းမသိပေမယ့် ကားထဲက အလျင်အမြန် ထွက်သွားနိုင်ခဲ့ခြင်းကြောင့် ပေါ့ပါးလွတ်လပ်သလို ဖြစ်သွားပါသည်။ ကြောက်အားလန့်အားဖြင့် ပြေးထွက်သွားပြီးမှ ကုဋေ့ကို သတိရကာ ...

"ကုဋေ ... ကိုကုဋေ ... ကိုကုဋေ ..."

ဟု အော်ခေါ်မိပြီး လူအုပ်ကြီးရှိရာဆီ ပြန်ပြေးလာမိသည်။

ထိုအခါ လူအုပ်ကြီးအနီးမှာ ရပ်နေသော ကုဋေ့ကို တွေ့လိုက်ရပါသည်။ ကုဋေမှာ ဒီရေ့ကို မတွေ့သေးဘဲ လူအုပ်ကြီး အံ့ကြည့်နေသော တစ်စုံတစ်ရာကို ငေးရီရီ ကြည့်နေဆဲ။

"ကိုကုဋေ"

"ဟင် ... ဒီရေ"

"ကိုကုဋေ ဘာမှမဖြစ်ဘူးနော်"

"အင်း ... မဖြစ်ပါဘူး"

"ဒီရေလည်း ဘာမှ ... မဖြစ် ... ဟင် ..."





ဒီရေ့စကားမဆုံးခင်မှာပင် တွေ့လိုက်ရသောမြင်ကွင်းကြောင့် ဒီရေမှာ ယူကျုံးမရဖြစ်စွာပင် မျက်ရည်တွေ ဒလဟော ကျလာရတော့လေသည်။

"ဒီရေ"

ကုဋေက ဒီရေ့ကို နှစ်သိမ့်သလို ထွေးပွေ့ထားလိုက်ပါသည်။ ဒီရေမှာ မျက်ရည်တွေတွေကျရင်း ...

"ကိုကုဋေနဲ့ ဒီရေ အခုလိုမျိုး အဆုံးသတ်သွားရတာ အကောင်းဆုံးနည်းလမ်းပဲလား"

ဟု မချိတင်ကဲ ရေရွတ်ညည်းတွားနေလေသည် ကုဋေလည်း အံကြိတ်ထားရင်းမှ မျက်ရည်ကျမိသလို ဒီရေ့ငိုသံထွက် ငိုညည်းသံကလည်း ဝေဝဲပျံ့လွင့်လို့ နေခဲ့သည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC .com

သီရိစန္ဒာသူသည် အမည်နာမကိုယ်စီဖြင့် အတူတူယှဉ်တွဲကာ စိုက်ထူထားသော အမှတ်တရ ကျောက်တိုင်နှစ်ခုရှေ့မှာရပ်လိုက်ရင်း တစ်ခုစီကို အသေအချာ စိုက်ကြည့်လိုက်၊ လက်ထဲမှာပါလာသော ပန်းခြင်းတစ်လုံးကို ချလိုက်နှင့် အေးဆေးညင်သာစွာ ပြုလုပ်နေပါသည်။

"မြတ်ဘုန်းခေါင်ကုဋေ"ဟု အမည်နာမထွင်းထားသော ကျောက်တိုင်၏အတွင်းမြေသားထဲမှာတော့ အရိုးပြာအဖြစ်သာ ကျန်ရှိတော့သည့်သူကို ...

"စိတ်မကောင်းပါဘူး ကုဋေရယ်၊ ငါ နင့်ကို အဲဒီလိုမဖြစ်စေချင်ပါဘူး၊ နင့်ကို ငါ တစ်ယောက်တည်းပဲ ချစ်ချင်တယ်၊ ပိုင်ဆိုင်ချင်ခဲ့တယ်။ ဒါပေမဲ့ အဲဒါဟာ မဖြစ်လာခဲ့ဘူး၊ ဘယ်တော့မှ မဖြစ်လာခဲ့တော့ဘူးနော်။ နင်ကတော့ နင်ချစ်တဲ့သူနဲ့ အတူတူထွက်သွားရလို့ ကျေနပ်နေတယ် မဟုတ်လား"

ဟု ခပ်တိုးတိုး ရေရွတ်ပြောဆိုလိုက်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com

"ခင်ဒီရေ" ဟု အမည်နာမ ထွင်းထားသော ကျောက်တိုင်၏ မြေသားအတွင်းမှာလည်း အရိုးပြာအဖြစ်သာ ကျန်ရစ်သူကိုတော့ ...

"ခင်ဒီရေ ... ရှင့်ကို ကျွန်မ မမုန်းပါဘူး၊ ကျွန်မချစ်တဲ့ ကုဋ္ဌေကိုသာ ရှင့်လက်ထဲ အပ်မခံနိုင်တာပါ။ ဒါပေမဲ့ ခုတော့ ကုဋ္ဌေဟာ ရှင်နဲ့အတူတူ အမြဲရှိနေပါပြီ။ ရှင်ပျော်နိုင်ပါပြီ။ ရှင်တို့ အမြဲအတူတူ နေရစေဖို့ အတူတူယှဉ်ပြီး ထားထားပေးပါတယ်"

သီရိစန္ဒာသူ ရေရွတ်ပြောဆိုပြီးသောအခါ ထိုကျောက်တိုင်လေးနှစ်ခုကို အသာကျောခိုင်းထွက်လာခဲ့တော့သည်။

သူမ ကျောခိုင်းထွက်လာရာ အရပ်ဆီမှာတော့ ရယ်မောသံသဲ့သဲ့လိုလို၊ ငိုရှိုက်သံသဲ့သဲ့လိုလို အသံနှစ်သံတို့က လေပြည်ညင်းနဲ့ အတူတူ ရောကာ တိုးတိုးညင်သာစွာ ... ...။



ရှင်မိုး
(ဆေးတက္ကသိုလ်)
20th November
Sunday
2011.

www.burmeseclassic.com